ရွှေပဒေသာစာပေ

# မယ်နိုင်

## ပေါက်ပန်းပမာ

(အချစ်ကျိုးနှင်းဝတ္ထု(သစ်))



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မယ်ခိုင်

# ပေါက်ပန်းပမာ

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၄၉၈၀၅၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၇၃၉၀၇၁၀ |
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ်၊<br>၂၀၁၀၊ စက်တင်ဘာလ။ |
| ထုတ်ဝေသူ | - ဦးအေးလွင် (၀၄၁၅၂)<br>ရွှေဥစာပေတိုက်<br>တိုက် ၄၊ အခန်း ၁၀၊<br>ပြည်တော်သစ်ရိပ်သာ၊<br>ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | - ဦးအေးလွင် (၀၈၂၁၀)<br>ရွှေပဒေသာအော့ဖ်ဆက်<br>အမှတ်၃၁/၃၃၊ ၅၃လမ်း<br>ဗိုလ်တထောင်မြို့နယ်၊<br>ရန်ကုန်။ |
| ဖြန့်ချေး | - ၂၀၀၀ ကျပ် |
| အုပ်ရေ | - ၅၀၀ အုပ် |

၈၉၅. ၈၃

မယ်ခိုင်

ပေါက်ပန်းပမာ / မယ်ခိုင်။ - ရန်ကုန် ၊

ရွှေဥစာပေ ၊ ၂၀၁၀ ။

၃၃၈ စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ

(၁) ပေါက်ပန်းပမာ






တစ်ခါတစ်ရံမှာ ငှက်တစ်ကောင်

ဖြစ်ချင်တယ်။

တစ်ခါတစ်ရံမှာ ကေသရာဇာခြင်္သေ့မင်း

တစ်ခါတစ်ရံမှာ ယုန်ငယ်တစ်ကောင်

တစ်ခါတစ်ရံတော့ တီကောင်တစ်ကောင်

တစ်ခါတစ်ရံတော့လည်း ခွေးတစ်ကောင်

ဖြစ်ချင်တယ်။

ဒါပေမဲ့

ငါ ဘယ်တော့မှ

ဒိုင်နိုဆောသတ္တဝါ

မဖြစ်ချင်ဘူး။

# ပေါက်ပန်းပမာ ( ၁ )

## အခန်း ( ၁ )

တိုးဝင်လာသောခြေလှမ်းအစုံတို့က နှင်းဝေဟာယဲမှာ ဒယိမ်းဒယိုင်နှင့်။ သူမ၏မျက်နှာမှာ ဝေဒနာတစ်ရပ်ကို ပြင်းထန်စွာခံစားနေရပုံပေါ်သည်။ သွေးဆုတ်ဖြူရော်နေသောနှုတ်ခမ်းအစုံမှာ အေးစိမ့်လှတဲ့ရာသီဥတုဒဏ်ကို ကျိတ်မှိတ်ကာ အံတုရင်ဆိုင်နေရပုံပါ။

သစ်ပင်အုံ့ဆိုင်းဆိုင်းများမှ လေတိုးသံက တရှိုးရှိုးနှင့် ပတ်ဝန်းကျင်အမှောင်ထုကြီးက ကြောက်မက်ဖွယ်တိတ်ဆိတ်နေလေသည်။

နှင်းတွေလည်း ဒီနေ့မှခဲအုံကာ သည်းထန်နေတာကြောင့် သူမရဲ့ခံစားချက်ကိုပို၍ တွန်းအားပေးနေသယောင်ပင်။ တရွေ့ရွေ့လျှောက်လှမ်းနေသောသူမရဲ့ခြေလှမ်းတွေက အဘယ်ဆီသို့ ဦးတည်နေသလဲဆိုတာ သူမကိုယ်တိုင်သိနိုင်လိမ့်မည်မဟုတ်။

"အွဲ. . . အွဲ"

သူမလက်ထဲမှ မွေးကင်းစကလေးငယ်၏ငိုသံက စည်ဝေစွာပတ်

ဝန်းကျင်လေထုထဲသို့ ပျံ့နှံ့လာပါသေးသည်။ အေးစိမ့်လှတဲ့ရာသီဥတုဒဏ်ကို ကလေးငယ်က ခံနိုင်ရည်ရှိပုံမပေါ်ပါ။

ကလေးငယ်မှာ ငိုရလွန်း၍ အသံတို့ပင် သိမ်ဝင်အက်ရှနေခဲ့ပါပြီ။ ကလေးပင်မကသေး၊ ထိုကလေးငယ်ကိုချီထားသော အမျိုးသမီးရဲ့ပါးပြင်မှာလည်း မျက်ရည်များနှင့်စိုရွှဲနေခဲ့ပါသည်။

သူမက သူမခြုံထားသောခြုံပဝါကို ရုတ်တရက်ဆွဲဖယ်လိုက်သည်တွင် အေးစိမ့်သောလေထုက အသားထဲစိမ့်ဝင်လာရ၍ ကြက်သီးမွေးညင်းထကာ တုန်ယင်သွားရပေမယ့် ရင်ထဲက အပူမီး၏အရှိန်အဟုန်က ပြင်းထန်လွန်းလှပါသည်။

သူမ၏ခြုံပဝါကို ကလေးငယ်ပေါ်လွှမ်းတင်ပေးလိုက်ကာ ကလေးငယ်ကိုနွေးထွေးစေလိုက်မှ ကလေးငယ်၏ငိုသံက စဲစပြုလာခဲ့ပါသည်။

သူမရဲ့နှုတ်ခမ်းအစုံမှလည်း လှုပ်ရှလှုပ်ရှနှင့် ဘာတွေပြောဆိုနေသည်မသိ။ ကလေးငယ်၏ပါးပြင်ပေါ်သို့ သူမ၏မျက်ရည်ဥကြီးများက အလုံးလိုက်အရင်းလိုက် စီးကျနေရပါသည်။ ကလေးငယ်၏ငိုသံများက ထိုမျက်ရည်ပူများကြောင့်ထင်သည်၊ ရုတ်ချည်းတိတ်ဆိတ်သွားပြီး သူမကို ပြူးတူးပြဲတဲလေးကြည့်လာပါသည်။

''ကလေး မြင်ရပြီလားဟင်။ ကလေးမျက်စိမြင်ပြီလား ကလေးရယ်။ မင်းကောင်းကောင်းကြီးပြင်းလာရမယ်နော်။ ကလေး. . . နော်''

ကလေးငယ်ကို တင်းကြပ်စွာဖက်တွယ်ထားပြီး အားရအောင်ငိုရှိုက်ပစ်လိုက်ပါသည်။ အချိန်အတန်ကြာငိုကြွေးပြီးမှ ဖိနပ်ကိုချွတ်ကာ မြေကြီးပေါ် ခြေဗလာနှင့်ရပ်လိုက်ပြီး ကလေးငယ်ကို တင်းကြပ်စွာဖက်တွယ်ကာ နှင်းတောထဲသို့ပြေးဝင်သွားမိတော့သည်။

သူမက အင်အားချိနဲ့လွန်းနေသူမို့ ဒူးတွေတစ်ချက်တစ်ချက်မှာ ညွတ်ခွေသွားပါသော်လည်း ခြေလှမ်းတွေကို မရပ်တန့်မိ၊ ဆက်လက်၍ပြေးနေဆဲ။ သို့သော် မှောင်မိုက်နေသော အနက်ရောင်အဆောက်အဦးကြီးရှေ့မှာတော့ သူမက ခြေစုံရပ်မိပြီးလျက်သား ဖြစ်သွားရပါသည်။





သူမက မောဟိုက်နေသည့်ကြားက မျက်ရည်တွေကိုပုတ်ခတ်ပစ်ပြီး ပင့်သက်ကို ဝဝရှူကာ အဆောက်အဦးကြီးထဲသို့ တစ်လှမ်းချင်းဝင်လာခဲ့ပါသည်။

မှုန်ပြပြအလင်းရောင်က ခပ်မှိန်မှိန်လေး ထင်ဟပ်နေတာကြောင့် စီရရီရှိနေကြသောခုံတန်းများကို တည်ငြိမ်စွာဖြတ်ကျော်လာခဲ့ပါသည်။

အဆောက်အဦးကြီးမှာ ကျယ်ပြန့်လွန်းသည့်အလျောက် တိတ်ဆိတ် ခြောက်သွေ့နေရပါသည်။

အပြစ်ကင်းစင်စွာ အိပ်မောကျနေပြီဖြစ်သော ကလေးငယ်ကို လက်ထဲမှတစ်ဆင့် ခုံတစ်လုံးပေါ်တင်လိုက်ပြီး လည်ပင်းမှာ ရစ်ပတ်ထားတဲ့ ဇာပဝါဖြူလွှလွှကိုဆွဲဖြုတ်ကာ ဦးခေါင်းပေါ်သို့ နောက်နားကျကျတစ်ခြမ်းစောင်းလေး လွှမ်းတင်လိုက်ပြီး အိပ်မောကျနေသောကလေးငယ်ကို ဖျတ်ခနဲကြည့်ကာ မျက်ဝန်းကိုပိတ်ချပစ်လိုက်သည်။

ပြီးနောက် ကြမ်းခင်းပေါ်ရှိ ခုံထူထူလေးပေါ်တွင် ဒူးထောက်ထိုင်ချလိုက်ပြီး ညာဘက်လက်အစုကို နဖူးအလယ်ခေါင်တည့်တည့် ထိရုံစာင်လိုက်သည်။

ပြီးနောက် ရင်ညွှန့်ဆီသို့၊ ပြီးနောက် ဘယ်ဘက်ရင်အုံဆီသို့၊ ပြီးနောက် ညာဘက်ရင်အုံဆီသို့၊ ပြီးနောက် ညာလက်ကို ရင်ညွှန့်နားမှာ ရပ်လိုက်ပြီး ညာဘက်လက်နှင့်ဘယ်ဘက်လက်ကို မျက်နှာချင်းဆိုင်လိုက်ကာ မျက်ဝန်းအစုံကို ပိတ်ချပစ်လိုက်သည်။ သည်တွင် မျက်ရည်များက ပူခနဲစီးကျလာခဲ့ရပြန်ပါသည်။

''အိပ်မက်တစ်ခုရှိခဲ့ဖူးပါသည်။ နှစ်သက်သောအမျိုးသားနဲ့ ထာဝရအတူနေပြီး သားသမီးတွေနဲ့ ပျော်ရွှင်စွာ ဘဝကိုအပူအပင်ကင်းမဲ့စွာ ဖြတ်သန်းဖို့ပါ။ ဖြစ်ချင်ရာတွေဖြစ်ခွင့်မရဘဲ မဖြစ်ချင်တာတွေချည်းသာ ဆက်တိုက်ဖြစ်တည်နေရတဲ့ဘဝမှာမို့ ကလေးငယ်ကို ဘုရားသခင်က စောင့်ရှောက်ပေးပါ။ ဖြစ်တည်မှုတိုင်းဟာ ဘုရားရှင်ရဲ့အလိုတော်ကျအတိုင်းဖြစ်လာရတာမို့ အပြစ်ရှိသောလူသားတိုင်းကို ခွင့်လွှတ်တော်မူ

သောဘုရားသခင်။ အပြစ်မဲ့သေးသောကလေးငယ်ကိုစောင့်ရှောက်တော်မူပါ။ မယ်တော်၏ရင်ငွေ့တော်တို့နှင့် ကလေးငယ်၏ဘဝကို ဖေးမကူညီပေးတော်မူပါ''

စကားသံများက ရုတ်ချည်းတိတ်ဆိတ်သွားရခြင်းနှင့်အတူ ပင့်သက်ရှိုက်သံ၊ သက်ပြင်းချသံနှင့် ရှိုက်သံတို့က ရုတ်ချည်းထွက်ပေါ်လာရပါသည်။

''ကလေးရယ်. . . ကလေးကို ဘယ်လိုနှလုံးသားမျိုးနဲ့ ချန်ထားခဲ့ရမှာလဲ။ ရင်ထဲမှာ နှလုံးသားတွေ ပျောက်ဆုံးကုန်ရပါပြီ၊ ကလေးရယ် ခွင့်လွှတ်ပါ။ ရင်သွေးရဲ့ဘဝတစ်ခုလုံးကို တာဝန်မယူနိုင်တဲ့အမျိုးသမီးက အမေ မဖြစ်သင့်ပါဘူး။ ဒါကြောင့် အမေဆိုတဲ့အသုံးအနှုန်းကို မသုံးဝံ့ပါဘူး၊ အခုချိန်မှာ ဘာကိုအကြောက်ဆုံးလဲသိလား၊ နေမင်းကိုမမြင်ရတော့မှာလည်းမဟုတ်ဘူး၊ လမင်းကြီးပျောက်ကွယ်သွားမှာကိုလည်းမဟုတ်ဘူး။ ကလေးကောင်းကောင်းအသက်ရှင်နေပေးပါ။ ဒီကမ္ဘာပေါ်မှာ ကလေး အသက်ရှင်နေပါလားဆိုတဲ့အသိလေးနဲ့ပဲ အပြစ်ကြီးတဲ့လူ့မိန်းမအဖြစ် ဆက်လက်ရပ်တည်သွားပါရစေ။ ခွင့်လွှတ်ပါလို့ အကြိမ်ကြိမ်ပြောမိနေပေမယ့်လည်း ခွင့်လွှတ်ခြင်းနဲ့မထိုက်တန်ဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ ကလေးသိထားပါ။ ဒီရင်ဘတ်ထဲက နှလုံးသားတစ်ခုလုံးကို ဒီနေရာမှာတင်ပဲ ကလေးနဲ့အတူထားခဲ့ပြီ''

တုန်ယင်နေသောလက်အစုံတို့နှင့် ကလေးငယ်၏နဖူးစပ်ကို တို့ထိရုံလေး ပွတ်သပ်လိုက်သည်။

ထိုစဉ် လိုက်ကာစ၏နောက်ကွယ်မှ အသက်ရှူသံမှန်မှန်ကို မထင်မှတ်ပါဘဲ ကြားလိုက်ရပါသည်။

''ဖာရိသာ ရှိနေတာလားဟင်''

''လောကီလူသားတိုင်းဟာ သောကကိုယ်စီနဲ့ ဘဝတိုက်ပွဲကို ဆင်နွှဲနေကြတာပါ။ လူသားတိုင်းဟာ အပြစ်ဆိုတာ အနည်းနဲ့အများတော့ ရှိကြစမြဲပါပဲ။ ဘုရားသခင်က မေတ္တာတော်တို့နဲ့ လူသားတိုင်း





ကို ငြိမ်းချမ်းစေတတ်ပါတယ်။ ဒါကြောင့် ဘုရားသခင်က အပြစ်ရှိလူသားကို ခွင့်လွှတ်မှာပါ''

''ကျွန်မရဲ့ဘဝလမ်းတွေက ခက်ခဲ ကောက်ကွေ့လွန်းပါတယ်။ ပိန်းပိတ်နေတဲ့နှင်းမှုန်တွေမှာတောင် လမ်းက ဝိုးတဝါးပေါ်နေပါသေးတယ်။ အမှောင်ထုထဲကို ကလေးငယ်ကို ယှဉ်တွဲမခေါ်ရက်တော့ပါဘူး ဖာရိသာ။ ကျွန်မဘယ်လိုလုပ်ရမလဲဆိုတာ မဆုံးဖြတ်အောင်ပါဘဲ''

''ဖြစ်တည်မှုတိုင်းဟာ. . . ဘုရားသခင်ရဲ့ အလိုတော်ကျအတိုင်းမို့ ဖာရိသာ မပြောလိုပါ''

''ဖာရိသာကိုနှောင့်ယှက်မိတဲ့အတွက် တောင်းပန်ပါတယ်ရှင်။ ဒါပေမဲ့ ဖာရိသာကိုပဲ ထပ်ပြီးအကူအညီတောင်းပါရစေ''

သူမရဲ့စကားအဆုံးမှာတော့ လိုက်ကာနောက်ကွယ်မှ ဖာရိသာက တိတ်ဆိတ်နေခဲ့ပါသည်။

သူမက မျက်ရည်တွေ သွင်သွင်ကျနေသည့်ကြားမှ အသံတုန်တုန်ကို အတတ်နိုင်ဆုံးထိန်းချုပ်ကာ. . .

''အသည်းနှလုံးတွေ ကြေမွကုန်တဲ့ဝေဒနာ၊ စာဖတ်ချင်သောမျက်မမြင်လူသား၊ အချိုသာဆုံးအသံတို့ကိုတောင့်တတဲ့ နားမကြားသောလူ၊ ချစ်သူဆီသွားချင်နေတဲ့ ဒုက္ခိတ၊ မျှော်လင့်ချက်တွေများစွာတို့နှင့် ကျရှုံးသူ၊ ရင်ဖြစ်တဲ့သားကိုစွန့်ပြီး မိထွေးလုပ်ရမယ့်အမျိုးသမီး၊ ဒီလူတွေဟာ လောကကို စိတ်အပျက်မိဆုံးသောလူသားတွေပါ။ ဒီအချိန်မှာ ကျွန်မဆန္ဒအရှိဆုံးက ဒီကလေး ကောင်းကောင်းအသက်ရှင်ကြီးပြင်းဖို့ပါပဲ၊ ဖာရိသာက ကူညီပေးပါ။ အပြစ်တွေများစွာရှိလာခဲ့မယ်ဆိုရင်လည်း မိမိပြုခဲ့သမျှ မိမိတစ်ယောက်တည်းသာ ခံယူသွားချင်ပါ၏။ ကလေးငယ်ရဲ့ဘဝကိုစောင့်ရှောက်ပါ ဖာရိသာ။ ချစ်သောသူနဲ့ကွေကွင်းရခြင်းဒုက္ခထက် မချစ်မနှစ်သက်သောသူနဲ့အတူနေရခြင်းဒုက္ခက ပိုပြီးခက်ခဲလှပါတယ်။ ဒီ့ထက်ခက်ခဲမှုရှိခဲ့မယ်ဆိုရင်တောင် တစ်ယောက်တည်းသာ အခက်အခဲကြား ရှင်သန်သွားပါရစေ။ စက္ကူဖြူတစ်ရွက်လို ဖြူစင် သိမ်

မွေ့နေသေးသောကလေးငယ်ရဲ့ဘဝကို ဖာရ်သာက ကယ်တင်ပေးပါ"

"လောကီလူသားတိုင်း ချမ်းသာပါစေ။ လူသားတို့အား ဘုရားရှင် စောင့်ရှောက်ပါ"

"ကျေးဇူးတင်ပါတယ် ဖာရ်သာ။ ကျေးဇူးတင်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်. . ."

ဝမ်းမြောက်သွားသောမျက်ဝန်းတွေထက်မှာ ကျေးဇူးအရည်ကြည်တို့က ပြည့်အိုင်လာရပြန်ပါသည်။

သူမရဲ့ဦးခေါင်းထက်မှ ပဝါဖြူကိုဆွဲယူလိုက်ပြီး အိပ်ပျော်နေသောကလေးငယ်၏ကိုယ်ပေါ်မှာ လွှမ်းတင်လိုက်ကာ ကလေးငယ်၏မျက်နှာကို တဝကြီးကြည့်ပြီး နဖူးပြင်ကျဉ်းကျဉ်းကို ဖွဖွနမ်းရှုံ့ကာ တရကြမ်းပြေးထွက်သွားပါတော့သည်။ ခြေသံတို့ ဆိတ်သုဉ်းသွားမှ လိုင်ကာစနောက်ကွယ်က ဖာရ်သာ ထွက်ပေါ်လာခဲ့သည်။

သက်ပြင်းငွေ့ငွေ့ကို ရှူရှိုက်လိုက်ပြီး အရိုးကွဲမတတ် ချမ်းအေးလှသောရာသီဥတုကိုအံတု၍ ဖိနပ်မပါ၊ ခြေဗလာ၊ အင်္ကျီလက်တိုလေးနှင့် မြေနီလမ်းအတိုင်း ပြေးထွက်သွားသော ထိုအမျိုးသမီးကို မြင်ကွင်းမှ ပျောက်ကွယ်သွားသည်ထိ ငေးကြည့်နေဖြစ်ပါသည်။

ထိုအမျိုးသမီး၏အရိပ်က နှင်းတောထဲမှာ ပျောက်ကွယ်သွားပြီးမှာ အိပ်ပျော်နေသောကလေးငယ်ကိုပွေ့ချီလိုက်ကာ နူးညံ့သိမ်မွေ့သောအကြည့်များနှင့် မျက်နှာနီရဲရဲကိုစေ့စေ့ကြည့်ပြီး ကလေးငယ်၏ဘဝကို ဘုရားသခင်ထံအပ်နှံကာ ဆုတောင်းလိုက်ပါသည်။

♣ ♣ ♣



## အခန်း (၂)

ဆိုင်ကယ်အနီကြီးပေါ်မှ လူတစ်ယောက်သည် စက်အရှိန်ကိုလျှော့ချလိုက်ပြီး အိတ်ကပ်ထဲမှတစ်ခုခုကို ထုတ်လိုက်ပါသည်။

"ဟလို. . . လေဆန်လား"

"ပြော"

"ငါအခု M2 ကိုရောက်နေပြီ"

"ငါးမိနစ်အတွင်းရောက်လာမယ်။ ပြိုင်ပွဲလား၊ အပျင်းပြေလား"

"ပလိမ်းကြီးတော့ အနစ်မဲ့ပါတယ်ကွာ"

"ဒါဆို မင်းမှာအစီအစဉ်ရှိလား"

"ငါ မင်းရဲ့ဟမ်းဆက်ကို ကြိုက်နေတယ်"

"အိုကေလေ, မင်းရှုံးသွားရင်ရော"

"ပလ္လင်မခံနဲ့၊ ကြိုက်တာဆို"

"အိုကေ, မင်း ခေါင်းတုံးနဲ့နေရမယ်"

"လောင်းကြေးက ပြင်းလှချည်လား. . . ဟား. . . ဟား"

ဖုန်းကိုပိတ်ပစ်လိုက်ပြီး တပ်ထားသောမျက်မှန်ကို ပင့်တင့်လိုက်ကာ ဆိုင်ကယ်ကိုဒေါက်ထောက်ပြီး ဆိုင်ကယ်ပေါ်မှ လွှားခနဲဆင်းလိုက်ပုံမှာ စမတ်တကျနှင့် သေသေသပ်သပ်ရှိလှပါသည်။ သူက Billards & Snooker ဟုရေးထားသော အဆောက်အဦးကြီးထဲ ဝင်ပစ်လိုက်သည်။ သည့်တွင် နောက်နားဆီဘက်မှ ဆိုင်ကယ်သံတစ်သံကို ဆူညံစွာ ကြားလိုက်ရပါသည်။

ထိုဆိုင်ကယ်သံက သူနှင့်ယှဉ်ပါးနေပြီမို့ သူ လည်ပြန်ကြည့်လိုက်စဉ် ဆိုင်ကယ်ပေါ်မှ လွှားခနဲခုန်ဆင်းလာသူက. . .

"မင်း ဒီတစ်ကြိမ်တော့ နေးကွေးသွားတယ်,ချွန်။ ငါ့ကိုရှုံးတော့မယ့်အတိတ်နိမိတ်ပဲထင်တယ်"

"အတိတ်နမိတ်ဆိုလည်း ယတြာချေလိုက်တဲ့သဘောပေါ့ကွာ။ လိုတာထက်ပိုမြန်နေတယ်ဆိုတော့"

"ဖုန်းပြောနေချိန်က ငါ လမ်းကွေ့နားရောက်နေပြီလေ။ ဒါပေမဲ့ အရှေ့က စော်လေးက လန်းနေတာနဲ့ ချိတ်မယ်လို့ကြံနေတာ"

"မချိတ်ဖြစ်လိုက်လို့ လေးမိနစ်စောရောက်လာတယ်ဆိုတဲ့သဘောပဲ"

"သွားနည်းနည်း ရှည်ထွက်နေတယ်၊ စကားပြောရင်လည်း အသံကျယ်ကြီးနဲ့။ အဲ့ဒါမျိုး ငါရင်မခုန်ဘူး"

ဟု လေဆန်ဆိုသောအမည်ရတဲ့လူငယ်က တည်ငြိမ်စွာ ပြောလိုက်တော့ ချွန်ဟုအမည်တွင်သောလူငယ်က ကြားနေကျစကားမို့ စိတ်မဝင်စားတော့သလိုပင် ရှေ့မှဦးတည်သွားလိုက်သည်။

ခန်းမ၏ထောင့်အကျဆုံးခုံကို ရွေးလိုက်ကြပြီး ကျူတံကို ကိုယ်စီကိုင်ကာ တစ်ဖက်တစ်ချက်စီ နေရာယူလိုက်ကြပြန်သည်။

"ငါကစပြီး စိန်ခေါ်သူဆိုတော့. . . မင်းကိုဦးစားပေးလိုက်မယ် လေဆန်"





"ကတုံးဆံတောက်နဲ့ မင်းမျက်နှာ ဝမ်းဆက်ဖြစ်ဦးမှာ သေချာတယ်"

"အဲ့ဒီလိုခြောက်လုံးတွေသုံးနေပေမယ့် မင်းအိတ်ထဲက ဟမ်းဆက်က ခုန်ထွက်ချင်နေပြီ။ ချွန်, ငါ့ကိုလာခေါ်ပါတော့တဲ့"

"ဘရိတ်ဓားကြိုက်သလား၊ သင်တုန်းဓားကြိုက်သလား တစ်ခါတည်းသာ စဉ်းစားထားတော့"

ဟုဆိုကာ အဖြူရောင်ကျူလုံးနှင့် တြိဂံပုံအိမ်လေးထဲမှ အနီရောင်ကျူလုံးများကို တိုက်ဖြိုပစ်လိုက်သည့်တွင် အနီရောင်ကျူတစ်လုံးက ကျင်းတစ်ခုတည်းကိုဝင်ကာ ပျောက်ကွယ်သွားရပါသည်။

"ဒူးဖက်ပြီးတောင်းပန်မယ်ဆိုရင်တော့ နည်းနည်းလျှော့ပေါ့စဉ်းစားပေးမယ်"

ဟူသော လေဆန်ရဲ့စကားကို ချွန်က နက်နဲသောအပြုံးတစ်ပွင့်နှင့် တုံ့ပြန်လိုက်ပါသည်။

ထိုအပြုံးက ပြိုင်ဖက်ကိုအလဲထိုးအနိုင်ယူတော့မည့်သူရဲ့ကောင်းကြီးတစ်ဦးနှယ်။

သို့ပါသော်လည်း လေဆန်က အနီရောင်နှင့်ရောင်စုံလုံးများကို တစ်လှည့်စီ ဆက်တိုက် ကျဉ်းဝတည့်တည့်ထည့်နိုင်ပေမယ့် ချွန် ထိုးလိုက်တဲ့အနီလုံးတွေကတော့ ရောင်စုံလုံးနဲ့ထိ၍ လက်ဆနည်းသွား၍ အကြောင်းအမျိုးမျိုးနှင့် လွဲချော်နေရပါသည်။ ဒါကို လေဆန်ကလည်း အသားယူကာ. . .

"လက်ရည် ညံ့လှချည်လား"

"အကြောပေးထားတာပါ"

"တပ်မက်မှုတွေ သိပ်ပြင်းပြနေရင်တော့ မိုင်းနပ်က များမှာပဲ"

"လေလုံးက သိပ်ထွားနေမှတော့ ဆက်သာကြိုးစားထားတော့ လေဆန်။ အနီလုံးတွေ များနေပါသေးတယ်။ အခန့်မသင့်လို့ ရှုံးသွားရင် လှလှပပအရှက်ကွဲမှာ"

''ညက အိပ်မက်တွေအရမ်းကောင်းထားတာ။ မျက်စိနှစ်လုံးပွင့်တာနဲ့ လက်ကီးက တည့်ပြီးသား''

''မင်းမျက်နှာက နည်းနည်းရှည်တော့ ကတုံးဆံတောက်၊ မျက်မှန်အနက်နဲ့ဆိုရင် နိုင်ငံခြားကားထဲက လူဆိုးဗိုလ်ရဲ့သားလောက်တော့ ပြည့်ပါတယ်''

''မင်းရဲ့ဟမ်းဆက်က မင်းသုံးတာ နှစ်ရက်ပဲ ရှိသေးတာနော်။ အချိန်ရှိတုန်း ဝအောင်ကြည့်ထားလိုက်ဦး''

ဟုဆိုကာ အနီလုံးတစ်လုံးကို စူးစိုက်စွာချိန်ရွယ်ပြီး ကျူတံနှင့်ထိုးချပစ်လိုက်သည်တွင် တစ်ဖက်မှကျင်းဝထဲသို့ အထိအခိုက်မရှိ တည့်တည့်ကြီးဝင်သွားခဲ့ပါသည်။

''ဒီတစ်ခါတော့ မင်းအလှည့်ကျတော့မှာမဟုတ်ဘူး လေဆန်''

''ကြက်ကန်းပါကွာ''

ဟု လေဆန်၏အပြောကို သူက လျှို့ဝှက်သောအပြုံးတစ်ခုနှင့်တုံ့ပြန်လိုက်ကာ အဝါရောင်ကျူလုံးတစ်လုံးကို စူးရဲစွာစိုက်ကြည့်ပြီး ကျူတံကိုချိန်ရွယ်ကာ ထိုးချပစ်လိုက်သည်တွင် ကံကောင်းထောက်မစွာပင် အတိုက်အခိုက်အလျဉ်းမရှိ ကျင်းဝတည့်တည့် ဝင်ရောက်ပျောက်ကွယ်သွားခဲ့ပြန်ပါသည်။

''လေဆန်. . . မင်းအိတ်ထဲက ဟမ်းဆက်ကို သေချာထိန်းသိမ်းထားနော်။ ငါ့ဆီ လာချင်နေပြီ''

''နှစ်ကြိမ်ထိ၊ တစ်ကြိမ်လွဲက အစဉ်အလာပါကွာ''

''မငိုကြေးနော်. . . ဟော့ကောင်''

ဟု အချင်းချင်း ထိရိနေကြစဉ် အပြင်ဘက်ဆီမှ ဒုန်းဆိုသောအသံကို ကျယ်လောင်စွာကြားလိုက်ရပါသည်။

ထိုအခါမှာတော့ နှစ်ယောက်သား မျက်လုံးချင်းဆုံသွားကြကာ ကျူတံတို့ကိုထောင်ထားပြီးလျက်သား ဖြစ်သွားရပါသည်။

''အက်ဆီးဒင့် ထင်တယ်''





ဟု ချွန်က ပြောလိုက်သည်တွင် ခန်းမတစ်ခုလုံးမှာရှိသော လူအများပါ ခေါင်းမော့လာကြသည်။

''အသံကြီးကတော့ ကြောက်စရာကြီးပဲ၊ သွားကြည့်ရအောင်''

ဟုဆိုကာ နှစ်ယောက်သား ပြေးထွက်ခဲ့ကြသည်တွင် လဲကျနေသောစက်ဘီးအနက်ရောင်နှင့် မျက်နှာချင်းဆိုင်ရပ်ထားသော ကားအဖြူရောင်ကို တွေ့လိုက်ရပါသည်။

ကားထဲက ခေါင်းပြူပြီးထွက်နေသာ အမျိုးသမီးရဲ့မျက်ဝန်းတွေက ကစဉ့်ကလျားဆောက်တည်ရာမဲ့နေရပေမယ့် လဲကျနေသောလူငယ်တစ်ယောက်က အသံပင်မထွက်နိုင်တော့။

''ဟင်! ချွန်, ဒီကောင် ပန်းချီတွေဆွဲနေတဲ့ကောင်မဟုတ်လား''

''ဟုတ်တယ်။ ငါတို့ ဂျော်ဘွန်မှာ တွေ့ဖူးတယ်''

''မလှုပ်ဘူး။ အသက်မှရှိသေးလား''

''ခေါင်းမှာ သွေးက အိုင်မနေပါဘူး။ ရှိမှာပါ''

ဟုပြောဆိုနေကြပြီး နှစ်ယောက်လုံး မတိုင်ပင်ထားကြပါဘဲ လဲကျနေသောလူငယ်နား ကပ်သွားကြပြီး တွဲထူလိုက်ကြသည်။

''သတိမေ့နေတာကွ''

ဟု ချွန်ကဆိုကာ လူငယ်ကို လှုပ်ခါလိုက်၊ အသက်ရှူနှုန်းတွေကိုစမ်းသပ်လိုက်နှင့် အမျိုးမျိုးလှုပ်ရှားမှုပြုစေပြီးတော့လည်း လူရွယ်က သတိရမလာပါ။ ထိုလူကိုပွေ့ထားသောချွန်က လေဆန်ကို မျက်လုံးပြူးကြီးနှင့် စိုးရိမ်မကင်းကြည့်လိုက်စဉ်မှာ လေဆန်က ရုတ်တရက်ထရပ်ကာ ကားအဖြူလေးနားသွားပြီ. . .

''တာဝန်မဲ့လှချည်လား။ မင်းဖင်နဲ့ ကူရှင် ဆင်ကော်နဲ့ကပ်ထားတာတော့မဟုတ်ပါဘူးနော်''

''ဟို. . . ဟို''

''ဘာမှ ဟိုမနေနဲ့၊ မင်းကားကို ဘက်ပြန်ဆုတ်လိုက်။ သေသွားနိုင်တယ်။ ဆေးရုံအမြန်ဆုံးပို့မှဖြစ်မယ်''

"ဟုတ်"

ဟုဆိုကာ သူမက ကားသော့ကိုကိုင်လိုက်သည်တွင် တဆတ်ဆတ် တုန်ယင်နေသောလက်အစုံကြောင့် စတီယာရင်ကို ဆက်မထိန်းရဲတော့ ဘဲ ကြောက်နေရပါ၏။

"ဘာလုပ်နေရတာလဲ"

"ဟို. . . ဟို. . . မမောင်းရဲ"

"ဆင်း. . . မြန်မြန်ဆင်း"

ဟုဆိုကာ ကောင်မလေးကိုဆွဲချလုမတတ်ပြောလိုက်ပြီး မောင်း သူနေရာမှာ သူကိုယ်တိုင်ဝင်ထိုင်ပြီး တစ်ဆက်တည်းမှာ. . .

"ချွန်. . . မ,ခဲ့တော့"

ဟုအော်ပြောလိုက်ပါသည်။

သည်တော့မှ ချွန်က လဲကျနေသောလူငယ်ကိုပွေ့ချီလိုက်ကာ ခေါ်လာပါသည်။ ကြောက်လန့်နေသောမိန်းကလေးကတော့ လေဆန့် ဘေးမှာ ဆောက်တည်ရာမဲ့စွာ. . .

"သူ. . . သေသွားပြီလား"

"မသေသေးဘူး။ ကြမ္မာငင်လာရင်တော့ မင်းမချောင်ဘူး"

"ဖျို့ကိုကူညီပါရှင်။ အမှန်တကယ်တော့ ဖျို တကယ်လမ်းမမှား ပါဘူး။ သူက ရုတ်တရက်ကြီးပေါ်လာပြီး. . ."

"အက်ဆီးဒင့်ဖြစ်ကြသူတိုင်း ပြောနေကျစကားပါ။ သိပ်တော့ မဆန်းပါဘူး။ အဆုံးအဖြတ်က ဒီလူရဲ့အသက်ရှူနှုန်းပေါ်မှာပဲ မူတည် တယ်"

"ရှင်တို့နှစ်ယောက် ဖျို့ကိုလျှော့ပေါ့စဉ်းစားပေးပါလို့ပြောပါရစေ"

"ငါတို့က လူနာရှင်တွေမှမဟုတ်တာ"

"ဟင်. . . ရှင်တို့သူငယ်ချင်းမဟုတ်ဘူးလား"

"နှစ်ကြိမ်ပဲတွေ့ဖူးတယ်။ သူ ငါတို့ကိုမသိဘူး"

ဟု လေဆန်က ဖြေလိုက်စဉ်မှာ ဆေးရုံထဲ ကားက ကွေ့ဝင်နေ





ပါသည်။ မကြာခင်မှာပဲ ထရော်လီတွေ၊ ဆေးပုလင်းတွေနှင့် ဆရာဝန်တွေ ရှုပ်ထွေးသွားကြပါတော့သည်။

ထိုစဉ် ဂျူတီကုတ်နှင့် ခပ်သန့်သန့်ပုဂ္ဂိုလ်တစ်ယောက်က သူမ နား လာရပ်ပြီး. . .

"ဘယ်လိုဖြစ်တာလဲ"

"ဒယ်ဒီ. . . သူ့,စိုးရိမ်ရသလား"

သူမရဲ့အခေါ်အဝေါ်အဆုံးမှာတော့ သူတို့နှစ်ယောက်လုံး သူမကို မျက်လုံးပြူးကြီးနှင့် ကြည့်ပစ်လိုက်ကြသည်။

"တော်သေးတယ်။ ဒဏ်ရာကြီးကြီးမားမားမရသွားလို့"

"သူသတိရလာပြီလား"

"ပွန်းရှသွားရုံပါ။ လက်ကိုတော့ ကျောက်ပတ်တီးကိုင်ရမယ်"

"သူက ပန်းချီဆရာပဲ"

ဟု ချွန်ရဲ့စကားမှာတော့ ဆရာဝန်ကြီးက သူတို့နှစ်ယောက်ကို ကြည့်လာပါသည်။

"သိပ်လည်းမစိုးရိမ်ပါနဲ့။ မင်းတို့သူငယ်ချင်းအခြေအနေ မဆိုး နိုင်ပါဘူး။ ဆရာအတတ်နိုင်ဆုံးကြိုးစားမှာပါ"

"သူက လန့်သွားပြီး လဲကျသွားတာ။ ကားခေါင်းနဲ့ပွတ်မိတယ် ဆိုရုံလေးပါ။ ဘရိတ်ကိုဆောင့်နင်းပစ်လိုက်တယ်"

ဟု သူမက မျက်နှာငယ်လေးနှင့် ဖြေရှင်းရှာပါသည်။

"အိမ်သားတွေကို အကြောင်းကြားထားပြီးပြီလား။ ဆရာတို့ဘက် က အတတ်နိုင်ဆုံး လူနာရှင်တွေကျေနပ်အောင် လုပ်ပေးမှာပါ"

"သူသတိရလာမှာပဲ ဆက်ပြီးရှင်းလိုက်ပါ။ ကျွန်တော်တို့ ပြန် လိုက်ပါဦးမယ်"

ဟုဆိုကာ သူနှင့်ချွန်က ထရပ်လိုက်ကြတော့ ချွန်က. . .

"ဒီနေ့မှဝတ်လာတဲ့အင်္ကျီအဖြူတော့ ဘဝသည်းပါပြီကွာ"

ဟု ညည်းတွားလိုက်ပါသည်။

"ခဏ"

ဟု အနောက်နားဆီမှအော်သံကြောင့် သူနှင့်ချွန်က ရပ်မိပြီး လျက်သား ဖြစ်သွားရပါသည်။

"ပျို လိုက်ပို့ပါရစေ"

"ကောင်းတာပေ့ါ"

"ပျို့နာမည်က ဆည်းဆာပျိုပါ။ စောစောကဆရာဝန်က. . . ပျို့ ဒယ်ဒီ ဒေါက်တာမျိုးမင်းတဲ့။ ပျိုက ရန်ကုန်ကပါ၊ ဒီကိုခဏလာတာ၊ ရှင်တို့နာမည်ရော သိပါရစေ"

"ကိုယ်က လေဆန်၊ သူက ချွန်။ ရပြီနော်"

"ရှင်တို့နှစ်ယောက်ကို ကျေးဇူးတင်ပါတယ်"

ဟု သူမက လှိုက်လှိုက်လှဲလှဲကြီးပြောပစ်လိုက်ပါသည်။

"မင်း ကားဆက်မောင်းနိုင်သေးရဲ့လား"

"ရပါတယ်။ စောစောက ကြောက်သွားလို့ပါ"

ဟုဆိုကာ ကားအဖြူလေးကို ဘက်ထုတ်နေလိုက်သည်တွင်. . .

"ဟမ်းဆက်နဲ့ဝေးပြီကွာ"

"ကတုံးနဲ့မြင်ချင်တာကွာ။ တကယ့်မြွေပဲ"

ဟု နှစ်ယောက်သား ရယ်ကျဲကျဲလေး ပြောမိလိုက်ကြပါသည်။

♣ ♣ ♣



## အခန်း ( ၃ )

ဒီနေ့ရောဆိုလျှင် သူမ M2 လာစောင့်နေတာ ငါးရက်တင်းတင်း ရှိသွားပါပြီ။

သို့သော် ထိုကိုလူချောနှစ်ယောက်၏အရိပ်ကိုမျှ မတွေ့ခဲ့ရပါ။ သို့သော် သူမက ဇွဲကောင်းကောင်းနှင့်ပင် ကားကို သင့်တင့်သောနေရာမှာ ထိုးရပ်ကာ စောင့်နေမိပါသည်။ အကြောင်းမှာ သွေးစွန်းသွားသော အင်္ကျီကို အစားပြန်ပေးရန်နှင့် ကျေးဇူးတင်ကြောင်း ပြောဆိုဖို့ပဲဖြစ်ပါသည်။

လူနာကို အချိန်မီ ဆေးရုံပို့နိုင်သည့်အတွက် သူမကံကောင်းသွားရပါသည်။ သည်အတွက် ကျေးဇူးရှိသောလူမှာ ထိုပုဂ္ဂိုလ်လေးနှစ်ယောက်ပင်ဖြစ်ပါ၏။

အနည်းငယ်အပြောကြမ်းပေမယ့် စိတ်ကောင်းရှိပုံရသောလေဆန်ဆိုသော ကိုလူချောကိုလည်းကောင်း၊ စကားနည်းပြီး စိတ်ဆတ်ပုံရသော

ချွန်ဆိုသည့် ကိုလူချောကိုလည်းကောင်း သူမ အထူးပင် ကျေးဇူးတင်လှပါသည်။

ကားထဲမှာ မပျင်းမရိထိုင်စောင့်နေခဲ့သော သူမရဲ့မျက်ဝန်းက လင်းလက်ကာ နှုတ်ခမ်းတို့မှာ အပြုံးပွင့်လေးများ တွဲခိုလာရပါသည်။ အကြောင်းမှာ ဘေးချင်းယှဉ်လျက် မောင်းလာသော ခပ်လှမ်းလှမ်းမှ ဖိုက်တာဆိုင်ကယ်အနီရောင်နှင့် အနက်ရောင်ကြောင့်ဖြစ်ပါသည်။

သူမက ကားတံခါးဖွင့်ကာ ဆင်းလိုက်ပြီး လမ်းမပေါ်တည့်တည့် ကြီးရပ်ပစ်လိုက်ကာ နေကာမျက်မှန်အနက်ကို ဟန်ပါပါချွတ်လိုက်ပါသည်။ ပြီးနောက် သူတို့နှစ်ယောက်မြင်သာအောင် လက်ယမ်းပြလိုက်၏။

သည်တွင် သူမကို ထိုနှစ်ယောက်က မြင်သွားပုံပေါ်သည်။ ဆိုင်ကယ်၏စက်ရှိန်ကိုလျှော့ကာ သူမနား ထိုးရပ်လိုက်ကြ၏။

"အက်ဆီးဒင့် ထပ်ဖြစ်တာတော့ မဟုတ်လောက်ပါဘူးနော်"

"လေဆန်ရေ, ဒီတစ်ခါတော့ သွေးစွန်းနေရင် မင်းပဲပွေ့တော့။ ထပ်ပြီး အကျီရှုံးမခံနိုင်တော့ဘူး"

"ဟင်းဟင်း. . . ရှင်တို့က နောက်တတ်သားပဲ"

"ဆို, ဘာကိစ္စလဲ"

"ပျိုက စိုးရိမ်နေတာ။ ရှင်တို့ ပျို့ကိုမှ မှတ်မိပါ့မလားလို့"

"မင်းက သွားနည်းနည်းရှည်ပြီး မျက်ဝန်းအိမ် နည်းနည်းကျယ်ရုံကလွဲလို့ မိန်းမလှစာရင်းထဲပါ,ပါတယ်။ ငါတို့က မိန်းမလှတွေကိုဆို မှတ်ထားတတ်ကြတယ်လေ"

"ရှင်တို့ကို ပျိုက တစ်ခုခုလိုက်ကျွေးချင်တယ်။ ရလား"

"အတော်ပဲ ဝမ်းနှုတ်ထားတာနဲ့"

"ငါလည်း မနက်စာစားဖို့မေ့နေတာ"

"အင်း. . . (၁၁း၀၀) ထိုးတော့မှာဆိုတော့ ရွှေတောင်ဂါးဒင်းကိုပဲ ရွေးချယ်လိုက်မယ်နော်။ အဆင်ပြေလား"





"ငါတော့ လက်ခုပ်တီးတယ်။ ဘယ်လိုလဲ,ချွန်"

"ဗိုက် ခွေးနမ်းတာပေါ့ကွာ"

ဟုဆိုကာ ဆိုင်ကယ်စက်ကို ပြိုင်တူနှိုးကာ ရုတ်တရက်မောင်းထွက်သွားကြတော့ သူမနှုတ်ခမ်းက ပြုံးမယောင်လေး ကွေးညွတ်လာခဲ့ပါသည်။

မှန်ပါသည်။ ဤမျှမျက်နှာကြောတင်းလှသည့် ထိုလူချောနှစ်ယောက်က ပွင့်ပွင့်လင်းလင်းရှိ၍ဖြစ်ပါသည်။ ဆိုင်ကယ်နှစ်စီးနှင့် ကားတစ်စီးတို့က ရှေ့ဆင့်နောက်ဆင့်ထိုးဆိုက်လိုက်ကြပြီး လူချောနှစ်ယောက်နှင့် သာမန်ရုပ်ရည်မျှသာရှိပြီး တောက်ပြောင်ခေတ်မီစွာဝတ်စားဆင်ယင်ထားသောမိန်းကလေးတို့က ထောင့်ခပ်ကျကျစားပွဲမှာ နေရာယူလိုက်ကြပါသည်။

သူမက ကြိုက်တာမှာလို့မပြောသေးခင်မှာပင် သူတို့နှစ်ယောက်က စုံလင်စွာမှာယူပြီးဖြစ်နေရပါ၏။ သူမက လက်ထဲမှပါလာသော အထုပ်ကို ချွန့်,ရှေ့သို့ လှမ်းတင်လိုက်ပြီး. . .

"ဘယ်လိုမှသဘောမထားပါနဲ့။ အဲ့ဒါ ပျို့ကြောင့်ဖြစ်ရတာမို့ပါ"

"ဘာလဲ"

"အကျီအဖြူပါ။ တံဆိပ်ချင်းတော့ တူချင်မှတူမယ်။ ဒါပေမဲ့ ဒီဇိုင်းချင်းတူအောင်တော့ ပျို့အတတ်နိုင်ဆုံးကြိုးစားထားပါတယ်"

ဟု သူမ ရိုကျိုးစွာပြောလိုက်သည်တွင် မျက်နှာကြောတင်းတင်းနှင့်ထိုလူငယ်က အထုပ်ထဲမှပစ္စည်းကိုဆွဲယူကာ ဖြန့်ကြည့်လိုက်သည်။

မယူချင်ပါဘူးဟုဒေါသဖြစ်ဖြစ်ပစ်ပေးခဲ့လေမည်လားဟု ဆည်းဆာပျိုမှာ ရင်တမမနှင့်။ သို့သော်. . .

"ငါက မယူချင်ဘူးလို့ ပဲများပြီး ပြောပြန်ရင်လည်း ငါ့အတွက်လည်း အကျိုးယုတ်သလို၊ မင်းအတွက်လည်း ငွေကုန်တယ်။ ဒီအကျီကို ငါလက်ခံသင့်တယ်ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒါက ရိုးရိုးပြောရရင် လျှော်ကြေးမို့ပဲ။ ဒါပေမဲ့ မင်းတစ်ခုတော့ သိထား, ဆည်းဆာ

ပျို။ ဒီအကျီရဲ့နောက်ဆက်တွဲမှာ ဘာအကန့်မှမရှိဘူး။ ဟုတ်တယ်နော်"

"ကျေးဇူးတင်ပါတယ်။ ပျိုက ချွန်,မယူမှာကိုဘဲ စိုးရိမ်နေတာပါ"

"တစ်ခါတစ်ရံမှာ တိုက်ဆိုင်မှုတွေက အံ့သြစရာပဲနော်။ ငါတို့ ဒီကိုမလာတာ တစ်ပတ်နီးနီးရှိတော့မယ်။ လာမှလာတော့လည်း မင်းနဲ့ ပက်ပင်းတိုးတာပဲ"

"တကယ်တော့ ပျို, အဲဒီ့မှာ ရှင်တို့နှစ်ယောက်ကိုစောင့်နေတာ ငါးရက်ရှိသွားပြီ။ ဒီနေ့ ခြောက်ရက်မြောက်ပဲ"

"ဘာကိစ္စလဲ"

"အဓိက,ကတော့ ကျေးဇူးတင်ကြောင်း ပြောချင်လို့ပါ"

"အလကား အချိန်ကုန်ခံလို့။ အဲ့ဒီစကားမကြားရလည်း ဘာမှ မဖြစ်ဘူး"

"ပြီးတော့ မိုင်ဆောင် သတိရနေပြီ"

"ဘယ်က. . . မိုင်ဆောင်လဲ။ ကိုယ်တို့အသိထဲမှာ ဒီနာမည်မျိုး မရှိပါဘူး"

"ဆောရီး, လောသွားတယ်။ ဟိုနေ့က ဆေးရုံပေါ် လိုက်တင်ပေးတဲ့တစ်ယောက်လေ"

"သြော်. . . ပန်းချီဆရာ"

"အဲဒါ သူက ရှင်တို့ကိုတွေ့ချင်လို့တဲ့"

"ကျေးဇူးတင်စကားပြောမလို့လား။ ရပါတယ်"

"သူ့လက်နဲ့ ခြေထောက်တစ်ဖက်ကို ကျောက်ပတ်တီး ကိုင်ထားရတယ်။ အဲ့ဒါ ပျို့ကြောင့်ဖြစ်ရတာလေ။ ပျို အတတ်နိုင်ဆုံး ကူညီချင်တယ်"

"သူက ငါတို့ကိုတွေ့ချင်နေတာ။ အဲ့လိုပြောတာလား"

"ရှင်တို့မအားဘဲ သူ့ဆီ တကူးတကလာရမှာမို့၊ အဲ့လိုမပြောပေမယ့်လည်း သူက ရှင်တို့ကို အမှန်တကယ်တွေ့ချင်နေပုံရလို့ပါ"

ဟု သူမက နူးညံ့သိမ်မွေ့စွာ ပြောလိုက်သည်တွင် သူတို့တစ်





ယောက်ကိုတစ်ယောက် ကြည့်မိလိုက်ကြပါသည်။ သေချာပါသည်။ သူတို့နှစ်ယောက် ဒီနေ့ ဆေးရုံသို့လိုက်ဖြစ်ကြပြန်တော့မည်။

သူတို့ ဆေးရုံသို့ရောက်သွားတော့ သူမခေါ်ဆောင်ရာ သီးသန့်ခန်းလေးထဲသို့ လိုက်ဝင်လိုက်ပါသည်။ မျက်နှာကြက်ကိုကြည့်ပြီး တစ်ခုခုကိုစဉ်းစားနေပုံရသောလူငယ်ကို အဆင်သင့်တွေ့လိုက်ရပါသည်။

လူငယ်က သူတို့ကိုမြင်တော့ အနည်းငယ်လှုပ်ရှားလာပါသည်။

"သြော်. . . မဆည်းဆာပျို, ထိုင်ပါ"

"ရတယ်။ နေသာသလိုပဲနေပါ"

ဟု သူမက ပြောလိုက်တော့မှ ထိုပုဂ္ဂိုလ်လေးရဲ့မျက်ဝန်းက သူတို့နှစ်ယောက်ထံ ရောက်ရှိလာခဲ့သည်။ ထိုပုဂ္ဂိုလ်လေး၏အကြည့်များက နူးညံ့သိမ်မွေ့ခြင်းပါဝါအပြည့်ရှိနေသည်မို့ သူတို့နှစ်ယောက်ပါ အလိုလိုနူးညံ့သွားမိသလိုလိုပင်။

"ရှယ်တူတွေဖြစ်မယ်ထင်ပါတယ်။ ပျို့ကိုရင်းရင်းနှီးနှီးပဲခေါ်ပါ။ အဲ့ဒီ မ,ကြီးထည့်လိုက်ရင် စိမ်းနေသလိုခံစားရတယ်။ လေဆန်နဲ့ ချွန်, ထိုင်လေ"

ဟုဆိုကာ သူမက ရင်းရင်းနှီးနှီးပင် ခုံနှစ်လုံးထံ ညွှန်ပြပေးလိုက်ပါသည်။

ထိုအခါမှ ထိုပုဂ္ဂိုလ်လေးရဲ့မျက်ဝန်းတွေက သူတို့နှစ်ယောက်ထံ ရောက်ရှိလာပြီး နူးညံ့သိမ်မွေ့ခြင်းတွေမှာ ကျေးဇူးတင်သောရောင်ခြည်တွေ ယှက်ဖြာသွားရပါသည်။

"သူက လေဆန်တဲ့၊ သူက, ချွန်"

"ဟုတ်ကဲ့, ကျေးဇူးတင်ပါတယ်ဗျာ။ သူငယ်ချင်းတို့နာမည်ကိုတော့ ရင်းနှီးနေပါတယ်။ လူကိုတော့ အခုမှပဲမြင်ဖူးရတာပါ။ ကျွန်တော်က. . . မိုင်ဆောင်ပါ"

"ခြေထောက်တွေက နေလို့ကောင်းသွားပြီလား"

"နာနာကျင်ကျင်ကြီးတော့ မရှိပါဘူး"

"လက်ကရော"

"အဆင်ပြေမှာပါ"

"ငါတို့နှစ်ယောက်က စိတ်မကောင်းကြဘူး။ မင်းလက်တစ်ခုခုဖြစ်သွားမှာကိုပဲ စိုးရိမ်နေတာ။ မင်းရဲ့ပန်းချီကားတွေကို ငါတို့သိပ်ကြိုက်တယ်"

"သူငယ်ချင်းတို့က ကျွန်တော့်ကိုသိတယ်"

"ဂျော်ဘွန်မှာပါ။ လေသာဆောင်ထိပ်မှာ မင်း ပန်းချီဆွဲနေတာ တွေ့ခဲ့ဖူးတယ်။ ငါတို့တောင် ခဏလေး အနောက်ကကြည့်ခဲ့သေးတယ်။ မင်းဆက်မဆွဲဘဲ ရပ်နေတာနဲ့ ငါတို့နှစ်ကောင် အလိုက်တသိနဲ့ပြန်ခဲ့ရတာ"

"အားနာလိုက်တာ။ အဲ့ဒါ ကျွန်တော့်အကျင့်ဖြစ်နေလို့ပါ"

ဟုမျက်နှာနီနီလေးနဲ့ အသံခပ်ဝဲဝဲလေးကို ပီပီသသပြောလာပါသည်။

"ကျွန်တော်က ..... ဘုရားကျောင်းမှာ နေပါတယ်။ နာမည်က... မိုင်ဆောင်ပါ။ အလျဉ်းသင့်ရင် ကျွန်တော့်ဆီအလည်လာဖို့ ဖိတ်ပါတယ်"

"ငါတို့အလျဉ်းသင့်သလို သွားတတ်တာက ကျူခုံကာလပ်။ မိန်းမလှလှလေးတွေကို ငမ်းချင်တိုင်းငမ်းလို့ရတဲ့တက္ကသိုလ်ကျောင်းတွေပဲ"

ဟုချွန်က ပွင့်ပွင့်လင်းလင်းပြောလိုက်သည်တွင် အားလုံးက ပြုံးမိလိုက်ကြပါသည်။

"အဲ့ဒီဘုရားကျောင်းကို ငါတို့ နှစ်ခါလောက် ရောက်ဖူးတယ်။ ဒါပေမဲ့ မင်းကိုတော့မတွေ့ဘူး။ ဟဲဟဲ... ဒါပေမဲ့ နတ်သမီးလေးတစ်ပါးကိုတော့ တွေ့ဖူးတယ်။ သူက ပီယာနိုတီးနေတယ်လေ။ ဣန္ဒြေရပြီး တော်တော်လှတာ"

"ဪ, အဲ့ဒါ ဆရီပဲဖြစ်မယ်"

"ဆရီ"





"ဆရီရောင်အိုင်တဲ့။ သူက ပီယာနိုကိုကျွမ်းကျင်တယ်"

"ဆရီရောင်အိုင်, နာမည်လေးက ချစ်စရာလေးပဲ"

"လူလည်း ချစ်စရာလေးပါ။ ငါတို့ အဲ့ဒီမှာ သွားသွားငမ်းရတာနဲ့ပဲ ငါတို့လည်း မကြာခင် ဗုဒ်ခရစ်တွေဖြစ်ကုန်ကြရတော့မယ်"

"ချွန်... ငါတို့လမ်းစတော့ ပွင့်သွားပြီကွ။ နတ်စုတ် နတ်ပြတ်က မ,လိုက်ပြီထင်တယ်"

"မိုင်ဆောင်... မင်းကိုကြည့်ရတာတော့ ခင်တတ်ပုံရပါတယ်။ ဒါပေမဲ့ သူ့မျက်နှာကတော့ အေးစက်စက်နဲ့။ စကားပြောရသူက အရှုံးကျနေတာပဲ"

"ဆရီက ဘုရားကျောင်းကိုရောက်လာတာ သိပ်မကြာသေးဘူး။ သူက မြန်မာစကားကိုသိပ်ပြောလေ့မရှိဘူး။ လူတွေနဲ့သိပ်စကားမပြောပေမယ့် သူက သဘောလှပါတယ်"

"ဪ, ဒီလိုလား"

"လေဆန်, ငါတို့တော့ သော့တစ်ချောင်းတွေ့သွားပြီ။ ဖွင့်လို့ အလွယ်လေးပဲ"

"မထင်နဲ့,ချွန်။ မျက်နှာကြောက သိပ်တင်းတာနော်"

အချင်းချင်းပွင့်ပွင့်လင်းလင်းပြောနေကြသော လူငယ်နှစ်ဦးမှာ သဘောထားပြည့်ဝပုံရ၍ မိုင်ဆောင်က ပြုံး၍ပင်နေလိုက်ပါသည်။ ထိုစဉ် ချွန်က နာရီကိုတစ်ချက်ကြည့်ကာ...

"ကဲ... ငါတို့သွားဦးမယ်။ မင်း အေးဆေးနားပါ"

"မိုင်ဆောင်... ငါတို့ဘုရားကျောင်းကိုလာရင် မသိချင်ယောင်မဆောင်နဲ့နော်"

"ကျွန်တော်က သူငယ်ချင်းတို့ရောက်မလာမှာဘဲ စိုးရိမ်တာပါ"

"လာလွန်းလို့ ချောင်းပေါက်သွားရင် စိတ်မဆိုးကြေး"

"ချောင်းပေါက်သွားလည်း ကျွန်တော်, လှေထွင်ထားပါ့မယ်"

"ဟား... ဟား... ဟား"

သဘောကျကျနှင့်ထွက်သွားကြသော လေဆန်နှင့် ချွန်ကို မိုင်ဆောင်က ပြုံးပြုံးကြီးငေးနေခဲ့ပါသည်။

"ရှင်တို့သုံးယောက် စကားကောင်းနေတာနဲ့ပဲ ပျိုက အလိုလိုနေရင်း ဘေးရောက်သွားရော"

"ဆောရီး. . . ဆည်းဆာပျို"

"ရှင်တို့သုံးယောက်က အခုမှသိတဲ့လူတွေနဲ့မတူဘူး၊ သိလား။ ငယ်ငယ်တည်းက သူငယ်ချင်းတွေကျနေတာပဲ"

"ကျွန်တော့်အသက်က အခုဆိုနှစ်ဆယ့်တစ်နှစ်ရှိပါပြီ။ ဒါပေမဲ့ ကျွန်တော့်ဘဝမှာ သူငယ်ချင်းဆိုလို့ ဆရီတစ်ယောက်တည်းပဲ ရှိဖူးတာ။ ဆည်းဆာပျိုကိုကျေးဇူးတင်ပါတယ်။ ဆည်းဆာပျိုကြောင့်မဟုတ်ရင် သူတို့လို ပွင့်လင်းပြီး ခင်ဖို့ကောင်းတဲ့လူတွေနဲ့ ကျွန်တော်ဆုံရမှာမဟုတ်ဘူး"

"ရှင်က သိပ်ထူးဆန်းတာပဲ။ ကိုယ့်ကိုကားနဲ့တိုက်တဲ့လူကိုမှ ကျေးဇူးတင်ရတယ်လို့။ ဟင်းဟင်း. . ."

ထိုစဉ် ခြေသံတစ်ခုနှင့်အတူ အခန်းထဲသို့ ဆရီရောင်အိုင်ဆိုသောမိန်းကလေးနှင့် ဖာရိသာတို့ ဝင်လာကြပါသည်။

"ဟင်. . . ဖာရိသာ၊ ဩော်. . . ဆရီလည်း ပါလာတာကိုး"

ဟု သူကပြောကာ တရိုတသေလေး ငုံ့လျှိုးလျှိုးပြောလိုက်တော့ ဖာရိသာအနောက်မှမိန်းကလေးကို သူမ ကြည့်မိလိုက်ပါသည်။

ချွန်နဲ့လေဆန်က စာဖွဲ့ပြီးပြောရလောက်အောင်ပင် လှပလွန်းလှသော ဂါဝန်ဖားဖားလေးနှင့် ကော်ပတ်ရုပ်လေးနှယ် ကော့ညွတ်ရှင်းသန့်နေသည်ကို ရိုးရှင်းစွာတွေ့လိုက်ရသည်။

သူမပင်လျှင် ငေးခနဲဖြစ်သွားရပါသည်။ သို့သော် ရင်ထဲမှာတော့ မတင်တကျရယ်ပါ။ ဖာရိသာနှင့်သူမကိုမိတ်ဆက်ပေးပြီး ကချင်ဘာသာဖြင့်သာ ဆက်ပြီးစကားပြောနေကြ၍ သူမက အားလုံးကိုနှုတ်ဆက်ပြီး အလိုက်တသိနှင့်ထွက်လာခဲ့ရပေမယ့် သူမရဲ့မျက်ဝန်းတွေက ညှိုးမှိုင်





၍ နေခဲ့ပါသည်။

မိုင်ဆောင်က သူမကို ဖာရိသာနှင့်သာ မိတ်ဆက်ပေးပြီး ထိုမိန်းကလေးနှင့် ဘာကြောင့်များ မိတ်ဆက်မပေးရသလဲဆိုတဲ့အကြောင်းရင်းကို သူမ တွေးတောဆင်ခြင်နေမိပါသည်။ ပြီးတော့ သူမကို အရေးမစိုက်သလို စိတ်မဝင်စားသည့် ထိုမျက်ဝန်းလှလှကို သူမ မနှစ်မြို့မိပါ။

လူတိုင်းရဲ့အရေးပေးခြင်းကိုခံခဲ့ရသောသူမက ဒီဘာမဟုတ်တဲ့ ဘုရားကျောင်းမှာကပ်နေတဲ့မိန်းကလေးတစ်ယောက်ကြောင့် နည်းနည်းစိတ်အနှောင့်အယှက်ဖြစ်ရ၍ မကျေမချမ်းလေးဖြစ်နေရတာက ဝိုးတဝါး။

♣ ♣ ♣



## အခန်း ( ၄ )

ရက်အတော်ကြာ ငြိမ်သက်နေခဲ့ရသောထိုလက်ကို သူက ဦးစားပေးကာ လေ့ကျင့်ခန်းလုပ်နေစဉ် ဆရီရောင်အိုင် ရောက်လာခဲ့ပါသည်။

''ဟင်! ဆရီ၊ ဘယ်ကပြန်လာတာလဲ''

မနက်စောစော ဝေလီဝေလင်းကြီးမို့ သူစိတ်ဝင်တစားနှင့် မေးလိုက်ခြင်းဖြစ်ပါသည်။

''ဂျော်ဘွန်က ပြန်လာတာ''

''ဂျော်ဘွန်''

သူ အမှန်တကယ်ပင် အံ့ဩသွားရတာပါ။ အေးအေးချမ်းချမ်း အခုလိုဆောင်းမနက်ခင်းကြီးမှာ အင်္ကျီလက်တိုနှင့် ဆရီရောင်အိုင်က သူနှင့်ခပ်လှမ်းလှမ်း သစ်ငုတ်တစ်ခုမှာ ကျုံ့ကျုံ့လေး ထိုင်လိုက်ပါသည်။

''နင် ချမ်းနေပြီထင်တယ်''

ဆရီက ပြန်မဖြေပါ။ ဘေးနားမှ တုတ်ချောင်းတစ်ခုကို လှမ်းဆွဲ

ပြီး မြေပြင်မှာ ဘာတွေရေးခြစ်နေမှန်းမသိ။

သူက ဆရီရောင်အိုင်ရဲ့အကြောင်းကို နောကျေနေပြီမို့ အပေါ်ဝတ်ဂျာကင်ကိုချွတ်လိုက်ပြီး ဆရီရောင်အိုင်ရဲ့ကိုယ်ပေါ်သို့ လွှမ်းတင်ပေးလိုက်ပါသည်။ ဆရီရောင်အိုင်က ပို၍လုံခြုံသွားအောင် အင်္ကျီကိုဆွဲခြုံလိုက်ကာ. . .

“နင်ရော မအေးဘူးလား”

“ငါ လေ့ကျင့်ခန်းလုပ်နေတယ်လေ”

“နင့်လက်က အဆင်ပြေရဲ့လား”

“ပြေပါတယ်”

“သွားတာလာတာ သတိထားပေါ့။ အခုက ဆိုင်ကယ်တွေက အရင်နဲ့မတူဘူး။ သိပ်ပေါတာ။ ကားမောင်းနေရတဲ့လူတွေကလည်း ငါက ကားနဲ့ပဲဆိုတဲ့မာနက မချချင်ကြဘူး။ အဲ့ဒီမာနက သူတို့ရဲ့အမြင်အာရုံ အကြားအာရုံအားလုံးကို ဖုံးလွှမ်းသွားပါရော”

“တိုက်ဆိုင်မှုရှိလို့ ဖြစ်သွားကြတာပေါ့။ နို့မဟုတ်ရင် အက်ဆီးဒင့်ဆိုတဲ့စကားလုံးက ပေါ်လာစရာမှမရှိတော့ဘဲ”

“နင်နဲ့မို့ပေါ့။ နို့မဟုတ်ရင် သူ တရားရုံးရောက်ပြီ။ မျက်နှာတွေကိုသဘောမကျပါဘူး။ နင့်သာ ပန်းချီထပ်မဆွဲနိုင်လို့ကတော့ သေပြီသာမှတ်”

“ဆည်းဆာပျိုက ကောင်းတဲ့လူပါ။ အရာအားလုံးကိုတာဝန်ကျေတယ်။ တာဝန်ထက် စေတနာပါတယ်”

“ဘာလဲ၊ ငွေကြေးနဲ့ ဖုံးလွှမ်းပစ်လိုက်တာကိုလား”

“ဆရီ. . . နင် လူအများကို အဲ့ဒီလိုကြီးမြင်တာ ငါမကြိုက်ပါဘူး။ ကောင်းတဲ့ရှုထောင့်က ကြည့်ပေးရင် လူသားအားလုံး အပြစ်ကင်းတယ်။ ဘုရားသခင်ကတောင် လူတွေအများကြီးကို ခွင့်လွှတ်နိုင်သေးတာပဲ။ ငါတို့က နည်းနည်းလေးကိုပဲ ခွင့်လွှတ်ပေးရတာပါ”

“ဟုတ်ပါတယ် ဟုတ်ပါတယ်။ လောကမှာ နင်သာလျှင် အကောင်း





ဆုံးလူ၊ ခွင့်အလွှတ်နိုင်ဆုံးလူ၊ အအေးချမ်းဆုံးလူ၊ ဟုတ်ပြီလား။ ငါကတော့ အယုတ်ညံ့ဆုံးလူ၊ စိတ်အပုပ်ဆုံးလူ။ အဲ့တော့ နင့်လိုမြင့်မြင့်သူနားမှာ မနေတော့ဘူး။ ဘုရားသခင်က အပြစ်ပေးမယ်။ အပြစ်မသင့်သေးခင် ငါ၊ နင့်ကိုမပေါင်းတော့ဘူး”

ဟု သူမက ရွဲ့ပြီးပြောဆိုကာ ဝေါက်ခနဲထရပ်လိုက်တော့ မိုင်ဆောင်က သူမပခုံးကိုပြန်လည်နှိမ့်ချကာ မူလနေရာမှာ ပြန်ထိုင်စေလိုက်သည်။

“စိတ်မဆိုးပါနဲ့၊ အဲ့ဒီအတိုင်းကြီး သွားလိုက်ရင်. . . ငါက အပြစ်မကင်းသလို ခံစားရတယ်”

“ရပါတယ်၊ အပြစ်ကင်းပါတယ်။ လောကမှာ နင်သာလျှင် အပြစ်အကင်းဆုံး။ ခွင့်အလွှတ်နိုင်ဆုံး”

“အဲ့လိုပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”

ဟု ရုတ်တရက်ဆိုသလို တည်ငြိမ်စွာပြောလာပါသည်။ မိုင်ဆောင်က တစ်ခုခုကို လေးလေးနက်နက်တွေးမိဟန်နှင့် သက်ပြင်းကိုရှိုက်လိုက်ပြီး. . .

“ငါက လူသားအားလုံးရဲ့သောကတွေကို မျှဝေခံစားပြီး ဖေးမပေးချင်တယ်။ လူသားတွေအပေါ် မေတ္တာတွေပဲပေးချင်တယ်။ လူတွေကို ချစ်ပဲချစ်ချင်တယ်။ မမုန်းချင်ဘူး။ ငါ တစ်နေ့တော့ ဖာရီသာလုပ်မယ်. . . ဆရီ”

“ဟင်!”

ပုံမှန်နှုန်းနဲ့လျှောက်လှမ်းနေသူတစ်ယောက်ကို အရှိန်အဟုန်နှင့် တွန်းလွှတ်ပစ်သလိုခံစားလိုက်ပါသည်။ မိုင်ဆောင်က သူမကိုနောက်နေတာလားဟု သင်္ကာမကင်းနှင့် မိုင်ဆောင်ရဲ့မျက်ဝန်းမှာ အဖြေရှာကြည့်ပေမယ့်လည်း အချည်းနှီးပင်။

“မိုင်ဆောင်. . . နင်”

မျက်ဝန်းမှာ မျက်ရည်ကြည်ဥတို့ တွဲခိုလာရပါသည်။ မိုင်ဆောင်

က ထိုသို့ပြောဆိုလာချိန်တိုင်း ရင်နဲ့မဆန့်အောင်ခံစားရသူက သူမရယ်ပါ။

အဲ့ဒီလိုကြီး မကျီစားပါနဲ့လို့ ပြောပစ်ချင်မိတဲ့ စကားသံတွေက ဝမ်းနည်းခြင်းတွေနှင့်အတူ လည်ချောင်းဝမှာ ပိတ်ဆို့နေရပါ၏။ ကလေးငယ်တစ်ယောက်လိုကြည်စင်ပြီး အပြင်ကင်းစင် နူးညံ့သိမ်မွေ့နေသော ထိုမျက်ဝန်းရှင်းရှင်းများကြောင့် မိုင်ဆောင်ရဲ့စကားတွေဟာ ကျီစယ်နေတာမဟုတ်ပါလားဆိုတာ သူမက ခန့်မှန်းမိလာလေ၊ ရင်နာရလေပါပဲ။ ရိုးရှင်းစွာ အဖြူရောင်သက်သက်မျက်ဝန်းများနှင့် သူမကိုစိုက်ကြည့်နေသော မိုင်ဆောင်၏ရင်အစုံကိုသာ တဘုန်းဘုန်းထုရိုက်ပစ်ချင်မိပါတော့သည်။

သို့သော်လည်း မိုင်ဆောင်ကိုနာကျင်စေခြင်းတို့ မပေးကမ်းနိုင်သည့်သူမကိုယ်သူမပဲ အပြစ်တင်ရပါလိမ့်မည်။

"ဆရီ"

"မိုင်ဆောင် . . . နင် ဘာဖြစ်လို့ ဖာရိသာလုပ်ချင်ရတာလဲ"

"ဆရီ . . . နင့်အကြောင်းကို ငါပြည့်ပြည့်စုံစုံမသိရသေးပေမယ့် ငါသိသလောက်တော့ နင် အနည်းဆုံး မိဘနှစ်ပါးကိုမြင်ဖူးပါသေးတယ်။ ဘဝဟာ ဘယ်လောက်ပဲကြမ်းတမ်းပါစေ၊ မေတ္တာတစ်ခုက ကူညီထောက်ပံ့ပေးထားရင် မခက်ခဲပါဘူး။ ငါက မေတ္တာငတ်မွတ်ခဲ့သူပါ။ ငါ လူသားတိုင်းကို မေတ္တာပေးချင်တယ်။ ကလေးငယ်တိုင်းဟာ မိဘရဲ့မေတ္တာကိုတောင့်တကြတာချည်းပဲ၊ ငါလည်း ကလေးငယ်တစ်ယောက်ဖြစ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ ငါ ရောင့်ရဲခြင်းနှင့် ယှဉ်တွဲနေထိုင်လာခဲ့တာ အခုချိန်ထိပဲ"

"မိုင်ဆောင် . . . နင်တကယ်ဆုံးဖြတ်ပြီးပြီလား"

မိုင်ဆောင်က ပြန်မဖြေပါ။ ဒါပေမဲ့ . . . တည်ကြည်လေးနက်ပြီး စူးရှနေတဲ့မျက်ဝန်းအစုံက ခိုင်မာနေသယောင်။

"လူသားတိုင်းဟာ ချစ်ခြင်းနဲ့မကင်းကြဘူး။ နင့်ကိုချစ်နေသူ





တစ်ယောက် လောကမှာရှိနေခဲ့မယ်ဆိုရင်ရော"

သူမ အရဲစွန့်ကာ ပြောလိုက်ပြီးကာမှ မိုင်ဆောင့်ရှေ့မှာ ထပ်မနေရဲတော့၍ ရုတ်ချည်းပင် ထရပ်ကာ ပြေးထွက်ခဲ့တော့၏။

မိုင်ဆောင်မှာသာ နားမလည်နိုင်ခြင်းများစွာတို့ကြား ကြောင်စီစီနှင့် မှန်းဆရခက် ကျန်ရစ်နေရပါသည်။

♣ ♣ ♣



## အခန်း ( ၅ )

"ဒါက ဘယ်ကပြန်လာတာလဲ"

"အဲ့ဒီလေသံမျိုးနဲ့ ချွန်ကို ခင်ဗျားပြောပိုင်ခွင့်မရှိဘူး"

"မင်း တစ်နေ့ထက်တစ်နေ့ ပိုရိုင်းလာပါလား,ချွန်"

"ချွန်ရဲ့လိမ္မာခြင်း၊ ရိုင်းစိုင်းခြင်းတို့က ခင်ဗျားနဲ့များ ဘယ်လို ပတ်သက်နေပါသလဲ"

"မင်း ငါ့အရိပ်မှာနေ. . ."

"ခဏ. . . ခဏ"

ဟု မခံမရပ်နိုင်ပုံနှင့် ထိုအမျိုးသမီးရဲ့မျက်နှာတည့်တည့် တစ်ကိုက်မျှအကွာတွင် လက်ဖဝါးကို ကားကျယ်သည်ထိ ဖြန့်ကျက်လိုက်ပြီး တံတွေးကိုမြိုချကာ. . .

"ခင်ဗျားအရိပ်လို့ နာမည်ကြီးတပ်ရလောက်အောင် ခင်ဗျားရဲ့ ပကာသနက ဘာလဲ။ မသိလို့ ရှင်းပါစမ်းပါဦး။ ဟား. . . ဟား. . . ဒီ

အိမ်လား၊ ခြံတွေလား၊ ပြောစမ်းပါဦး''

''ဒီမှာ.ချွန်။ မင်းဟာ ငါမွေးမယ်ဆိုရင် ငါ့သားအရွယ်ပဲရှိသေးတယ်။ မင်းကို ငါက သားတစ်ယောက်လိုသတ်မှတ်ပြီး အခုလိုဆုံးမနေတာ။ မင်းစကားတွေက ရင့်သည်းလှချည်လား၊ ငါက မင်းအဖေရဲ့မိန်းမ၊ မင်းအမေတော်တယ်ဆိုတာ သတိရဦး''

''အဲ့ဒီလိုပတ်သက်မှုမျိုးသာမရှိခဲ့ရင် ခင်ဗျားစကားတင်စီးပုံမျိုးနဲ့တော့ ခင်ဗျားမေးရိုးဟာ တစ်ခြမ်းလုံး ရစရာရှိတော့မှာမဟုတ်ဘူး။ ဘာမှမပြောတာကို အဟုတ်မှတ်ပြီး ချွန်ဆိုတဲ့ကောင်ကို အာဏာပြပြီးလာမရင့်နဲ့။ ချွန်ဆိုတဲ့ကောင်က ရိုင်းမိရင် အနားစခန်းမရှိဘူးဆိုတာ ခင်ဗျားကောင်းကောင်းသဘောပေါက်ပါ။ ဟုတ်ပြီလား''

ဟု မထိတရီ တဆတ်ဆတ်ပြောပစ်ပါသေးသည်။ ချွန်ရဲ့ ထိမထင် ရိုင်းစိုင်းသောစကားလုံးများကြောင့် ဒေါ်အိမ်နူး ဆတ်ဆတ်ခါနာသွားရကာ. . .

''မင်း ဒီလောက်ရိုင်းနေတာ။ ငါ မင်းအဖေနဲ့ပြောမှဖြစ်တော့မယ်''

''ဒီအိမ်ရဲ့ဂရမ်က ချွန်ဆိုတဲ့နာမည်နဲ့။ လုပ်ငန်း၊ ခြံအားလုံးဟာ အမျှော်အမြင်ကြီးမားတဲ့မေမေရဲ့ကျေးဇူးကြောင့် အားလုံး ချွန်တစ်လုံးတည်းပဲ၊ နောက်မိန်းမနဲ့ပျော်ပါးနေတဲ့ဖေဖေဆိုတဲ့ပုဂ္ဂိုလ်ကိုကြောက်နေရင် ချွန်ဆိုတာ လောကမှာဖြစ်လာမှာမဟုတ်ဘူး။ ခင်ဗျားက အဖေနဲ့ပတ်သက်နေလို့ ကျောတစ်ခင်းစာပေးထားတာကို ခင်ဗျားရောင့်မတက်ပါနဲ့။ အချိန်မရွေးဆွဲစိလို့ရတယ်။ အာဏာလာမပြနဲ့။ ချွန်ဆိုတဲ့ကောင်က သိပ်သည်းခံတတ်တာမဟုတ်ဘူး။ ချွန်ဆိုတဲ့ကောင်က ခင်ဗျားကို အချိန်မရွေးမောင်းချလို့ရတယ်ဆိုတာ ခင်ဗျားခေါင်းထဲထည့်ထားပါ။ တစ်ခါတည်းပြောထားရဦးမယ်။ မျက်စိထဲ ကန့်လန့်ဖြစ်အောင်မနေနဲ့။ သိပ်ကြည့်ရတာမဟုတ်ဘူး''

''ချွန်''





ကျယ်လောင်စွာ ထွက်ပေါ်လာတဲ့ နောက်ကျောဘက်မှအသံကြောင့် သူက ကိုယ်ကိုတစ်ခြမ်းစောင်းကာ ထိမထင်လှည့်ကြည့်လိုက်ရာ မျက်ဝန်းမှာ မီးဟုန်းဟုန်းတောက်နေသော သူ့ရဲ့မွေးသဖခင်ကြီးကို မာန်ဟုန်ပြင်းစွာ တွေ့လိုက်ရပါသည်။ သူကြည့်နေစဉ်မှာပင် မွေးသဖခင်ကြီးက ခြေလှမ်းသုံးကားမျှနှင့် သူ့အရှေ့နားရောက်လာကာ. . .

''ခွပ်! ခွပ်! ခွပ်! ''

ဘယ်ညာသုံးချက်ဆင့်ထိုးပစ်လိုက်တော့ သူ့ပါးစောင်းမှာလည်း ထုံကျင်သွားပြီး သူလည်း နောက်ပြန်လဲကျသွားရပါသည်။ ဘာထူးဆန်းလို့လဲ။ သိပ်ချစ်လှပါသော အချွဲကောင်းတဲ့မယားငယ်ကိုထိရင် တုံ့ပြန်တတ်တဲ့ ယောက်ျားတစ်ယောက်ရဲ့ဒေါသမျိုးပေါ့။

''မလုပ်ပါနဲ့. . . ကိုရယ်။ လွန်ကုန်ပါ့မယ်''

ထုံးစံအတိုင်း အချွဲကောင်းတဲ့မယားငယ်ကလည်း သဘောထားကြီးချင်ယောင်ဆောင်ပြီး သားအဖနှစ်ယောက်ကြား ဖျန်ဖြေပြန်ပြီပေါ့။

သူက လဲကျနေရာမှ ထလိုက်ပြီး သွေးစလေးစို့တက်လာသော နှုတ်ခမ်းပါးလေးကို လက်မလေးနှင့်ထိရုံတို့လိုက်ပြီ. . .

''ထိုးဦးမလား''

ဟု သွေးအေးအေးပင် မေးလိုက်ပါသည်။

''ဟေ့ကောင်! မင်း''

''မလုပ်ပါနဲ့,ကိုရယ်။ ကလေးပဲ၊ နူး,နားလည်ပါတယ်''

''ဒီကောင် သိပ်ရိုင်းလွန်းတယ်''

''ခင်ဗျား လွှတ်လိုက်ပါ။ ကျွန်တော်တို့သားအဖကြား ခင်ဗျားဝင်ပါစရာအကြောင်းမရှိဘူး''

''ဟေ့ကောင်. . .''

''တော်ပါပြီ,ကိုရယ်၊ ကလေးပဲ၊ ဖြည်းဖြည်းချင်းဆုံးမရင် ရပါတယ်။ နူးက အားလုံးကိုနားလည်တယ်။ နူး ပြောပြီးပြီပဲ၊ ကို့ရဲ့သားက နူးရဲ့သားပါပဲလို့။ နူးရဲ့မေတ္တာတွေကို သူသဘောပေါက်သွားရင် သူ

ယဥ်ကျေးလာမှာပါ။ စိတ်လျှော့ပါ.ကိုရယ်။ ကိုက ဒေါသဖြစ်ရင် ခေါင်းမူး တတ်တယ်။ အသက်အရွယ်က စကားပြောလာပြီလေ။ စိတ်လျှော့မှ ပေါ့''

သူအမုန်းဆုံးသော ထိုအသံတွေကို ကျိတ်မှိတ်နားထောင်လာရတာ နှစ်ပေါင်းမနည်းတော့ပါ။ သူ ထိုအသံတွေကို မုန်းတီးစက်ဆုတ်လှပါသည်။ နေရာတိုင်းမှာ စကားသံအမျိုးမျိုး၊ အမူအရာအမျိုးမျိုး၊ မျက်နှာပေးအမျိုးမျိုးနှင့် သရုပ်ဆောင်ပညာမှာ ကျွမ်းကျင်လွန်းလှသည့် ထိုအမျိုးသမီးကိုလည်း ရင်ထဲက ပျစ်ပျစ်နှစ်နှစ်ကြီးမုန်းမိပါသည်။

ငယ်ငယ်က ကျိတ်မှိတ်သည်းခံခဲ့ရသမျှအားလုံးကို အခုချိန်မှာတော့ ဖွင့်ဟသောင်းကျန်းပစ်ချင်လာပါသည်။

ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ပိုင်ဆိုင်မှုတွေကို သူသိနေရပြီပဲ။ သူဘာကိုကြောက်နေဖို့လိုသေးလို့လဲ။ သို့သော် ဖခင်ဆိုတဲ့ဂုဏ်ပုဒ်ကြီးရဲ့အောက်မှာ သူက သားငယ်တစ်ယောက်ဖြစ်လာရတာမို့ ကျိတ်မနိုင်ခဲမရ တောက်တစ်ချက်ကို ပြင်းပြင်းခေါက်ပစ်ရုံမှတစ်ပါး ဘာတတ်နိုင်ဦးမှာလဲ။

♣ ♣ ♣



## အခန်း ( ၆ )

''ကဲ. . . သား, မေမေ ဒီနေ့ အပြင်မှာ မိုးချုပ်လိမ့်မယ်''

''ညီလေးကရော''

''အဲ့ဒါပြောမလို့။ သားရဲ့ညီလေးကို သားပဲသွားကြိုပေးပါလား''

''ခါတိုင်းနေရာမှာပဲမဟုတ်လား''

''အင်း''

''အေးဆေးပါ မေမေ။ စိတ်ချလက်ချသွား''

ဆိုကာ ဆော့လက်စဂိမ်းကိုသာ သဲသဲမဲမဲဆော့နေလိုက်ပြန်ပါသည်။

''ဒီကလေးဟာလေ မကြီးမငယ်နဲ့''

''ဟာ. . . မေမေ မသိပါဘူး။ သားက အမြဲ ညီ့ကိုဆို ရှုံးနေလို့ ဒီကွာကျရတယ်။ အဲ့တော့ ရီဟာဇယ်ကျင့်နေတာ''

''ဟဲ့. . . ညီအစ်ကိုနှစ်ယောက် ဂိမ်းချည်းပဲ ဆော့မနေကြနဲ့ဦး။

ညီလေးက စာမေးပွဲနီးနေပြီ။ တက္ကသိုလ်ဝင်တန်းဆိုတာ သေချာဂရုစိုက်
တာတောင် တန်ကာကျတာမဟုတ်ဘူး''

''မပူပါနဲ့၊ အလကားသောကများတာယ်။ ညီလေးက သားထက်
အများကြီးဉာဏ်ကောင်းတယ်။ သားတောင် နှစ်ချင်းပေါက်သေးတာပဲ
အေးဆေးပါ။ ဟာ! မေမေ့ကိုပြောနေရတာနဲ့ပဲ မိုင်နပ်စ်က ပြနေပြီ''

''သား. . . ဒီနေ့အပြင်သွားဦးမှာလား''

''အစီအစဉ်မရှိပါဘူး။ ဒါပေမဲ့ ချွန်လာခေါ်ရင်တော့ သိပ်မသေ
ချာဘူး''

''ညီလေးက ကြောက်တတ်တာနဲ့ သားအပြင်မသွားပါနဲ့တော့
လား''

''ဟာ. . . မေမေကလည်း ဒေါ်သိုးရှိသားပဲ''

ဒေါ်သိုးဆိုသည်မှာ ထမင်းချက်၊ အိမ်သိမ်းအိမ်အကူဖြစ်သည်။

''ဒေါ်သိုးက တစ်နေကုန်ပင်ပန်းထားတာနဲ့ အိပ်ချင်မှာပေါ့။ ဒီ
နေ့တော့ သားစောင့်လိုက်ပါ''

''ချွန် မလာရင်တော့ စောင့်မယ်လေ''

''ချွန်လာခေါ်ရင် အပြင်သွားမယ်ပေါ့''

''ဘာမှမပူနဲ့။ ညီလေးကြောက်ရင် သား အပြင်ကိုတစ်ပါတည်း
ခေါ်သွားမယ်''

''ဟဲ့. . . ကလေးက စာမေးပွဲနီးနေပြီ''

''သုံးနာရီအတွင်းမှာ အလွန်ဆုံးရလှ နှစ်ပုဒ်ပေါ့။ မေမေက သူ
သားဆိုသိပ်သည်းတာပဲ။ သွားပါ၊ နောက်ကျနေတော့မယ်။ စိတ်ချလက်
ချသွား။ ကိုယ့်ညီကို ကိုယ်ကိုယ်တိုင်တော့ မရောင်းစားပါဘူး။ တရုတ်
ပြည်ဘက်မှာ လူလိုနေတာနဲ့တော့ အနည်းဆုံး ချွန်ရဲ့အဆက်အသွယ်
နဲ့ အကူအညီတောင်းရုံပဲ။ အဲ့ဒါဆို ကိုယ်ကိုယ်တိုင် ရောင်းစားရာမကျ
တော့ဘူး''

''ဒီကလေးဟာလေ, ပြောလိုက်ရင် နောက်တောက်တောက်နဲ့





ဟဲ့. . . ကိုးနာရီကြို့ရမှာနော်။ မေ့နေဦးမယ်''

''မေ့သွားရင်လည်း သူ့ဆရာအိမ်မှာ အိပ်လိမ့်မယ်။ စိတ်ချသွား''

''ပြောလာရင် စိတ်ဖြောင့်စရာကို တစ်ကွက်မှမရှိဘူး''

ဟုပွစိပွစိလေးပြောလိုက်ရပေမယ့် သူမ သိနေပါသည်။ သားက
သူ့ညီကို သေချာပေါက်တိတိကျကျကြို့မှာကိုပေါ့။

အိမ်ရှေ့မှထွက်သွားသော ကားသံကြားတော့မှ ဂိမ်းဆော့နေ
သောသူက ပြုံးစိစိနှင့် နာရီကိုကြည့်မိလိုက်ပါသည်။ ရှစ်နာရီခွဲပဲ ရှိပါ
သေးသည်။

ဒါကြောင့် သူက ဂိမ်းပဲဆက်နှိပ်ဖို့ရွေးချယ်ဆဲမှာပင် ကြားလိုက်
ရသော ဆူညံနေသည့်ဆိုင်ကယ်သံကြောင့် သူသိလိုက်ပါပြီ။ ချွန်ရောက်
လာပြီဆိုတာကိုပေါ့။

ချွန်က အိမ်ထဲကိုဝင်ဝင်လာချင်း ထိုအိမ်က သူနှင့်ရင်းနှီးပြီးသား
မို့ ရေခဲသေတ္တာထဲမှ အေးခဲနေသောရေဘူးကိုထုတ်ကာ ခွက်ထဲငှဲ့လိုက်
ပြီး နှစ်ကျိုက်ဆင့်မော့ချပစ်ပါသည်။

သွားကြားထဲမှာ ကျင်ခနဲဖြစ်သွားပြီး ရေအေးအေးက အချိုးမပြေ
စွာ လည်ချောင်းထဲ စီးဝင်သွားရပါသည်။ ချွန်ရဲ့အပြုအမူကြောင့် လေဆန်
သိလိုက်ပါပြီ။

ချွန်ရဲ့စိတ်တွေ ရှုပ်ထွေးနေချိန်တိုင်း ဒါက ပြုမူနေကျလေ။ ငယ်
ပေါင်းတွေပဲ သူကောင်းကောင်းဖတ်တတ်တာပေါ့။ လှည့်လာသော ချွန်
ရဲ့မျက်နှာမှာတော့ ထိုယူဆချက်က တည့်တည့်ကြီးမှန်သွားရပါသည်။

''မင်းမျက်နှာက လက်သီး ဘယ်နှချက်စာလဲ''

''သုံးချက်တည်းပါ။ အားပြင်းတော့ ငါလဲကျသွားသေးတယ်''

''အားပြင်းတယ်ဆိုတော့ ဒေါသကြီးနေလို့ပေါ့။ မင်းက ဘာပြော
လိုက်လို့လဲ''

''ထုံးစံအတိုင်း အမှန်တွေပြောလိုက်လို့ပေါ့''

''ရင့်ရင့်ပဲမဟုတ်လား''

''ငါ နုနုမပြောတတ်မှန်း မင်းသိနေတာပဲ၊ အလကား လေကုန်
လို့''

''အပြောကောင်းတဲ့လူဟာ စိတ်ထားရိုးရှင်းတတ်တယ်။ ဒါပေမဲ့
အပြောမတတ်ရင် ဆဲသလိုဆိုတဲ့ဆိုရိုးစကားကလည်း ရှိနေတာပဲ''

''မင်းကလည်း မိကျောင်းမင်း မဟုတ်သလို ငါကလည်း ရေပြင်
ကြီးမဟုတ်ဘူး။ ဘိန်းစားချင်းအတူ တစ်မူးပိုပြီးမရှုချင်စမ်းပါနဲ့။ ဘီယာ
ဆိုင်သွားမယ်ကွာ''

''ဒီနေ့ ငါ ကောင်လေးကိုသွားကြိုရဦးမှာ''

''ကိုးနာရီမဟုတ်လား။ နာရီဝက်လောက်တော့ အချိန်ဖြုန်းနိုင်
ပါတယ်။ မင်းကောင်လေး ဘီယာဆိုင်ခေါ်သွားမယ်''

''မင်းရှင်းမှာလား''

''ငြင်းချင်သေးလို့လား''

''ကောင်လေးတော့ ပျော်ဦးမှာ သေချာတယ်''

''အန်တီက ဘယ်သွားတာလဲ''

''ဒင်နာ''

''ငါ့အမေကို ဓာတ်ပုံထဲမှာပဲမြင်ဖူးတာဆိုတော့ ဘယ်လိုလူမျိုး
လည်း ငါမမှန်းဆတတ်ဘူး၊ သေချာပေါက်ပြောနိုင်တယ်။ လောကမှာ
ငါအထင်ကြီးဆုံးမိန်းမက နှစ်ယောက်ပဲရှိတယ်။ မိထွေးတော် ဂေါ်တမီနဲ့
မင်းအမေ ဒေါ်ထွေးထွေးလုံပဲ''

''ပြင်းထန်လှချည်လားကွ၊ ကိုယ့်ကိုယ်ကိုတောင် ငါ ဒေါ်ထွေးထွေး
လုံရဲ့သားကွလို့ ဂုဏ်ယူရတော့မလိုဖြစ်နေပြီ''

''ကိုးနာရီမဟုတ်လား''

''အင်း''

''ကောင်လေးရဲ့လည်ပင်းက နှစ်တောင်နဲ့တစ်မိုက်လောက် ရှည်
နေလောက်ပြီ၊ သွားမယ်''

ဟု ချွန်ကပြောလိုက်တော့မှ လေဆန်က နာရီကိုကြည့်မိသွား





ပြီး ထရပ်လိုက်ပါသည်။ သို့သော် အရှေ့ဘက်သို့မျက်နှာမမူဘဲ အနောက်
ဘက်သို့သွားလိုက်သောလေဆန်ကြောင့် ချွန်က ဟက်ခနဲရယ်ကာ. . .

''ဟေ့ကောင်. . . ထွက်ပေါက်က အရှေ့ဘက်မှာလေ''

''မသိဘဲနေမလားကွ''

''မသိပါဘူး။ အပျော်လွန်ပြီး အတိတ်ပါမေ့သွားပြီလားလို့ ထင်
နေတာ''

''ပေါက်တောပေ့, ပေါက်တော၊ သိပြီလား။ မကြာခင် ဘီယာနဲ့
ဝမ်းဗိုက် မိတ်ဆွေဖြစ်တော့မယ်ဆိုတော့ ကြိုထုတ်ထားမှရမယ်''

ဟုဆို၍ပြောကာ နောက်ခန်းထဲပြေးဝင်သွားသော လေဆန်ကို
ကြည့်၍ ချွန်မှာ ပြုံးလိုက်မိပါသေးသည်။ ချွန်နဲ့လေဆန်ဆိုတာ အဲ့ဒီ
လောက်ထိ ရင်းနှီးချစ်ခင်ကြသော အခင်ဆုံးသူငယ်ချင်းနှစ်ယောက်
ဖြစ်ပါသည်။

♣ ♣ ♣



## အခန်း ( ၇ )

သူနှင့်လေဆန် ကျူလုံးတွေကို အပြိုင်အဆိုင် အကြိတ်အနယ် ထိုးချနေကြစဉ်မှာ သူ့အိတ်ထဲမှဖုန်းသံက တတူတူနှင့် သံစုံမြည်လာခဲ့ပါသည်။

''အရေးထဲ''

ဟု သူက မြည်တမ်းကာ ဖုန်းကိုဖွင့်လိုက်ပါသည်။

''ပြော''

''မင်းအဖေ ရုတ်တရက်မူးလဲလို့ ဆေးရုံတင်ထားရတယ်''

ဟုအစမရှိအဆုံးမရှိပြောကာ တတူတူနှင့်ပြတ်တောက်သွားသော အသံကြောင့် သူ ဒေါသဖြစ်ဖြစ်နှင့် ကျူတံကို အဝေးသို့လွှင့်ပစ်လိုက်သည်။

''ဘာတွေဖြစ်ပြန်ပြီလဲ''

ဟူသောလေဆန်ရဲ့အမေးစကားကိုပင် သူပြန်မဖြေတော့ဘဲ ခုံ

ပေါ်သို့ စိတ်ပျက်လက်ပျက်ကြီး အရင်ဝင်ထိုင်ပစ်လိုက်သည်။ ချွန် တစ်ခုခုကို ပြင်းပြစွာခံစားနေရတာပဲဆိုတာ လေဆန်က သိလိုက်ပေမယ့်လည်း ထပ်ပြီးမမေးပါ။ ဘာကြောင့်လဲဆိုတော့ စပ်စုခြင်းဟာ တစ်ဖက်လူရဲ့ ခံစားချက်ကို ပိုပြီးတွန်းအားပေးတတ်လို့ပါ။

မမှိတ်မသုန် ငူငူကြီးထိုင်ကာ တစ်နေရာသို့သာ စူးစိုက်စွာကြည့်နေသောချွန်ကိုသာ တစ်ချက်မျှအကဲခတ်ပြီး အဖြူရောင်ကျူလုံးကို အစီအစဉ်မကျထိုးချပစ်လိုက်သည်။ အဖြူရောင်ကျူလုံးက ကျူခုံပေါ်မှာ ဟိုမှဒီသို့ဝေ့ဝဲသွားလာနေပြီး ရောင်စုံလုံးများကို ထိထိခိုက်ခိုက်နှင့် ဦးတည်ရာမဲ့နေပေသည်။ လေဆန်ကလည်း ကျူတံကို နံရံမှာဖြစ်သလို ထောင်လိုက်ပြီး ချွန်ရဲ့ပခုံးကိုပုတ်၍ ချွန်ရဲ့ဘေးနားခုံပေါ်မှာ ဝင်ထိုင်လိုက်ပြန်ပါသည်။

"ဘာတွေညာတွေ ထွေလီကာလီ စဉ်းစားမနေနဲ့။ စိတ်ထဲကဖြစ်ပေါ်လာတဲ့အတိုင်းသာ ဆန္ဒရှိသလောက်လုပ်လိုက်။ အဲ့ဒါဆို ဘယ်တော့မှ နောင်တဆိုတာမရှိနိုင်ဘူး"

"ငါ့အဖေ ဆေးရုံတင်ထားရတယ်တဲ့"

"အဲ့တော့ မင်းရဲ့ပင်ကိုဆန္ဒအရ ချက်ချင်းသွားချင်တယ်။ ဒါပေမဲ့ လူမှုရေးအကန့်တွေကြောင့် မသွားချင်ဘူး"

"ငါဘာလုပ်ရမလဲ"

"မင်းဟာ ချွန်,မဟုတ်တော့သလိုဘဲ"

"ငါစိုးရိမ်နေတယ်။ အဖေ့ကို ငါမမြင်လိုက်ရတော့ဘဲ လောကကြီးက ထွက်ခွာသွားမှာကို။ ဒါပေမဲ့ ငါသိနေတယ်။ သူမသေနိုင်သေးဘူးလို့။ ငါက သူ့အတွက် ဘာမှမဟုတ်တာ။ သူ့ဘေးမှာ သူ့ရဲ့စကီရှိနေပြီပဲ။ ငါက ဘာအကန့်မှမရှိဘူး။ ငါ့ကိုမြင်လိုက်လို့ သူ့အတွက် အားမဖြစ်နိုင်ပါဘူး။ အဲ့တော့ ပိုနေမြဲကျားနေမြဲပဲ ပိုကောင်းလိမ့်မယ်"

"မိထွေးတော်က မင်းကို ဖုန်းဆက်အကြောင်းကြားထားတယ်လေ"





"ဝတ္တုရားတွေပါကွာ။ အဲ့ဒီအကန့်တွေကို ငါအမုန်းဆုံးပဲ။ ငါက အမှန်ပဲလိုချင်တယ်။ တာဝန်တွေဝတ္တုရားတွေဆိုတာ ထိန်းချုပ်မှုအောက်က ဆေးဆိုးထားတဲ့အရောင်လှလှတွေပါကွာ"

"ဒါဆို ဘီယာဆိုင်သွားမလား။ ရှုန်ပိန်မော့မလား"

"ရှုန်ပိန်က ပိုပြင်းပါတယ်။ ခပ်ပြင်းပြင်းတွယ်ကြတာပေါ့"

"ဩော်, ခဏ။ ဘယ်နှနာရီရှိသွားပြီလဲမသိဘူး"

"ခေတ်မီသူတိုင်း နာရီမပတ်ဘူးလေကွာ"

"မင်းခေါင်းကို ရှမ်ပူနဲ့လျှော်လိုက်ဦး။ မင်းဆိုင်ကယ်မှာ နာရီပါတာမေ့သွားပြီလား"

"ဘာလုပ်ဖို့လဲ"

"ငါ့ညီကို ငါ ကျောင်းမှာ သွားကြိုရဦးမှာ"

"မင်းအမေရော"

"မနက်ကပဲ မန္တလေးဆင်းသွားတယ်။ ငါးရက်လောက်တော့ ကြာမယ်"

"ဒါဆို မင်း ဒီရက်ပိုင်း အိမ်စောင့်ဘီလူးပေါ့"

"ပြောရင် လွန်ရာကျမယ်။ ဒီဇင်ဘာကျောင်းပိတ်ပြီလေ။ နောက်သုံးရက်ကြာရင်ပဲ ခရစ္စမတ်ရောက်တော့မှာကို"

"ဆောရီး။ ဆိုး. . . ဆောရီး"

ဟု လက်ညှိုးလေးထောင်ပြီး ပြုံးဖြီးဖြီးလေးပြောလိုက်လျှင် သူငယ်ချင်းနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ရယ်ဖြစ်သွားကြပြန်ပါသည်။

ချွန့်ဘဝမှာ မိသားစုကြောင့် စိတ်ညစ်စရာကြုံရတိုင်း လေဆန်ကြောင့် ဖြေသာရပါသည်။ ဒါကြောင့် ချွန့်ဘဝမှာ လေဆန်သာလျှင် အခင်တွယ်ရဆုံးသော တစ်ဦးတည်းသောသူငယ်ချင်းပါပဲ။

ချွန့်အတွက်ဆို အရာအားလုံးထက် လေဆန်က ပထမဖြစ်ပါသည်။ ထို့အတူ လေဆန်ကလည်း ချွန်မှချွန် တမ်းတမ်းစွဲခင်မင်ပါ၏။

ခင်ကြလေမပေ့ါ။ သံယောဇဉ်သက်တမ်းကလည်း ကြာလာခဲ့ပြီကိုး။

မူကြိုတည်းက တတွဲတွဲ၊ မခွဲအစဉ်ရှိလာခဲ့ကြသည်ဆိုတော့ သံယောဇဉ်က ရင့်သန်နေရပါပြီ။ ချွန်ကသာ တစ်ဦးတည်းသောသား ဆိုပေမယ့် လေဆန်ကတော့ သိပ်ချစ်ရသော ညီလေးတစ်ယောက်ရှိပါသည်။ လေတံခွန်လို့အမည်တွင်တဲ့ ခပ်ချောချောလူရည်သန့်လေးပါပဲ။

လေတံခွန်ဆိုသော ချစ်ညီလေးကို ချစ်စနိုးနှင့် ကောင်လေးဟု လေဆန်က ခေါ်သလို ချွန်ကလည်း ကောင်လေးဟုခေါ်ရာမှ ကောင်လေး ဟုအမည်တွင်သွားရပါသည်။

ကောင်လေးက အမြဲပြုံးရွှင်ရွှင်မျက်နှာပေးနှင့်မို့ မြင်သူတိုင်းက ချစ်ခင်ကြပါသည်။ လေဆန်ရဲ့ညီဖြစ်သောကောင်လေးကို ချွန်ကလည်း ညီအရင်းတမျှ ချစ်ခင်တွယ်တာလှပါသည်။

သူတို့သုံးယောက် အတူတူအပြင်ထွက်သွားကြလျှင် ညီအစ်ကို တွေလား၊ သူငယ်ချင်းတွေလားဆိုတာ ခွဲမရနိုင်အောင်ပါဘဲ။ ထင်ကြ လေမပေ့ါ။ ကောင်လေးက အသက်နှင့်မမျှအောင် ထွားကြိုင်းသန်မာလှ တာကိုး။

အခုလည်းကြည့်လေ။ အဖြူအစိမ်း ကျောင်းဝတ်စုံလေးနှင့် ကျောင်းပေါက်ဝဆီသို့ အသီးသီးထွက်ပေါ်လာကြသော ကျောင်းသားများ အနက် ကောင်လေးဆိုသောလေတံခွန်က ထောင်ထောင်မောင်းမောင်း ဖြူဖြူဖွေးဖွေးကြီးမို့ ထင်းခနဲလင်းခနဲ။

ဒီလိုကြံ့ခိုင်တောင့်တင်းသော ကိုယ်ခန္ဓာကြီးနှင့်ကောင်လေးက သရဲကြောက်တတ်ပါတယ်လို့ပြောရင် ယုံရခက်ပေလိမ့်မည်။ ထိုလူငယ် လေးက ကြိုးသိုင်းလွယ်ရသော ကချင်လွယ်အိတ်လေးကို မလွယ်ထား ဘဲ လွယ်အိတ်ကြိုးတွေကို လက်နှင့်ရစ်ပစ်ကာ နောက်ပြန်ပိုးထားပါ သည်။

မျက်လုံးဝိုင်းဝိုင်း ညို့ညို့စိမ်းစိမ်းလေးများက ကျောင်းဝင်းအပြင် ဘက် ပလက်ဖောင်းတစ်ပိုက်တွင် တစ်ခုခုကို ဝေ့ဝဲရှာဖွေနေပြီး တစ်





နေရာအရောက်မှာတော့ ရပ်တန့်သွားကာ ကြည်ကြည်လင်လင်ကြီး ပြုံး လိုက်ပါသည်။ မှန်ပါသည်။ တစ်ဖက်လမ်းဘက်ဆီမှ လက်ယမ်းပြနေတဲ့ လူရည်သန့်အစ်ကိုနှစ်ယောက်ကြောင့်ဖြစ်ပါသည်။

အသက်အားဖြင့် ငယ်ရွယ်သေးတဲ့ကောင်လေးက လူကြီးဆန်ဆန် ပင် ပြုံးတုံးတုံးလေးလုပ်ကာ ခြေလှမ်းမှန်မှန်နှင့် လမ်းကို ဣန္ဒြေရရ ဖြတ်ကူးနေပုံမှာ မော်ဒယ်လ်မင်သားက စင်ပေါ်မှာ ဟန်ရေးပြနေသည့် နှယ် စတိုင်လ်ကျလှပါသည်။ ဒါကို ချွန်က ပြုံးတုံ့တုံ့လုပ်ကာ. . .

''လေဆန်, မင်းညီကတော့ မင်းနဲ့တခြားစီပဲ,ဟေ့ကောင်။ မင်း စတိတ်ကျောင်းသားဘဝတုန်းကဆို ကပိုကရိုနဲ့ညစ်ပတ်တယ်''

''မင်းကရော ဘာထူးလို့လဲ''

''ငါက အနည်းဆုံးတော့ ပုဆိုးကို မြဲအောင် ဝတ်တတ်ပါသေး တယ်ကွာ။ မင်းက အမြဲကျွတ်ကျလွန်းလို့ ပုဆိုးခါးပုံစကိုပွေ့ထားလျက်။ ဒီကြားထဲ ကျောပိုးအိတ်ကို တနင့်တစ်ပိုးလွယ်ထားသေး၊ ဒါတင်မက သေးဘူး၊ အပြင်ရေတွေကိုမသောက်တတ်တဲ့မင်းက ရေဘူးကြီး လည် ပင်းမှာဆွဲလို့။ ဟား. . . ဟား. . . ဓာတ်ပုံသာ ရိုက်ယူထားခဲ့မိရင်တော့ ဒီအချိန်မှာ ဈေးကောင်းပဲ''

''ယုတ်မာတဲ့အကျင့်ကတော့ မူကြိုတည်းကအတိုင်းပဲ''

သူတို့နှစ်ယောက်က ပြုံးတုံ့တုံ့လေးရယ်နေကြစဉ် သူတို့နားသို့ ကောင်လေးရောက်လာကာ. . .

''ဒီနေ့ ကျူရှင်မသွားချင်ဘူး,ဆန်''

''ငါ့ညီ စိတ်တိုင်းကျဖြစ်စေရမယ်။ ဒီနေ့ ချွန်က ငါ့ညီကိုပြုစုမယ် တဲ့''

''ဘယ်တုန်းကမှ ဒီစကားမပြောဖူးပါလား''

''ချွန်က ဘယ်တုန်းက ကပ်စေးနှဲသွားတာလဲ''

''ဟ. . . မင်းတို့ညီအစ်ကိုနှစ်ယောက်တော့ ငါ့ကို အပြတ်နိုင် ကွပ်တော့တာပဲ။ နောက်ဆို မင်းတို့နှစ်ယောက်ပေါင်းမိရင် ငါပြေးမှဖြစ်

တော့မယ်''

ဟု ဟန်ပါသော ရယ်ကျဲကျဲအသံနှင့်ပြောလိုက်ကာ တစ်ဆက်တည်း ဆံပင်တွေပေါ် ပင့်တင်ထားသော မျက်မှန်အနက်ကိုဆွဲချလိုက်သည်။ ဆိုင်ကယ်စက်သံနှစ်ခုက ဆူညံစွာ ထွက်ပေါ်လာသည်တွင် ကောင်လေးက လေဆန်၏ဆိုင်ကယ်ပေါ်သို့ လွှားခနဲတက်ပစ်လိုက်ပါသည်။

ထိုဖိုက်တာဆိုင်ကယ်နှစ်စီးသည် ရှကီဆိုင်ကောင်းကောင်းရှိရာလမ်းချိုးထဲသို့ ချိုးကွေ့ဝင်လိုက်စဉ်မှာ တစ်ဖက်မှပေါ်လာသော စက်ဘီးအစိမ်းရောင်လေးကြောင့် စက်သံတို့ပျော့ကျသွားရပါသည်။ ချွန်က သူ၏ဆိုင်ကယ်ကို လေဆန်၏ဆိုင်ကယ်နားသို့တိုးကပ်ကာ. . .

''လေဆန် ဘယ်လိုလုပ်မလဲ။ ငါ့နှလုံးသားက ကပ်ပါချင်နေပြီ''

''ဆရိုဟုတ်လား။ ဆရိုရောင်အိုင်''

''လိုက်မယ်ကွာ''

''ဖြစ်ပါ့မလား။ သူက မြန်မာစကားသိပ်ပြောလေ့မရှိဘူးဆိုတော့ မင်းရှိုးသမျှ နားလည်ပါ့မလား''

''ကချင်လိုရှိုးမှာပေါ့ကွ။ ပါးပါးလေးပါ''

''ကိုတို့ ဘယ်သူ့ကိုပြောနေတာလဲ''

''ခုနက ဂါဝန်နီညိုရောင်၊ စက်ဘီးအစိမ်းရောင်လေးနဲ့ မိန်းကလေးကိုပြောနေတာ''

''ဟော့ကောင် လိုက်မယ်ကွာ''

ဟု ချွန်က တိတိကျကျဆုံးဖြတ်ပြီးဟန်နှင့် ခိုင်ခိုင်မာမာပြောကာ ဆိုင်ကယ်ကိုကွေ့ချပစ်လိုက်သည်တွင် လေဆန်ပါ ဆိုင်ကယ်ကိုကွေ့ပြီးဖြစ်နေပါသည်။

ချွန်က ရှေ့သို့ဦးတည်နေသဖြင့် လေဆန်က တမင်ပင် နောက်ခပ်ကျကျမောင်းလိုက်ပါသည်။ သို့သော် ကံဆိုးချင်တော့ ကောင်မလေး၏ဘယ်ဘက်သို့ယှဉ်၍နေရာယူလိုက်သော ချွန်ရဲ့ဆိုင်ကယ်ကြောင့် စက်





ဘီးစီးသိပ်ကျွမ်းကျင်ပုံမရသော ကောင်မလေးမှာ ဆိုင်ကယ်စက်သံကျယ်ကြီးကြောင့် လန့်သွား၍ထင်သည်။ လက်ကိုင်ကိုမထိန်းနိုင်တော့ဘဲ ပလက်ဖောင်းပေါ် စက်ဘီးနှင့်လူ အပုံလိုက်လဲကျသွားရပါသည်။

ချွန်က အခုလိုဖြစ်မည်ဟုမထင်ထား၍ထင်သည်။ စက်ဘီးကိုကျော်သွားပြီးကာမှ ခပ်လှမ်းလှမ်းတွင် တုံ့ခနဲရပ်ပစ်လိုက်သည်။ ချွန်လှည့်ကြည့်လိုက်ချိန်မှာတော့ လေဆန်ရဲ့နောက်မှကောင်လေးက ဆိုင်ကယ်ပေါ်မှ လွှားခနဲခုန်ဆင်းပြီးနေပါပြီ။

ကောင်လေးက လဲကျနေသောမိန်းကလေးနားသို့ အပြေးလေးသွားကာ ဒူးထောက်ထိုင်ချလိုက်သည်။

''အစ်မ ဘယ်နား နာသွားလဲ''

ဟုပြောလည်းပြောကာ လဲကျနေသောစက်ဘီးအစိမ်းလေးကိုထူပေးလိုက်သည်။ သူမမှာ ဒူးခေါင်းကွေးနာသွား၍ထင်သည်။ မြေပြင်ပေါ်မှ မထနိုင်သေးပါ။

ကောင်လေးက စက်ဘီးကို ဒေါက်ကလေးနှင့်ထောက်ကာ ရပ်လိုက်ပြီး. . .

''အစ်မ ထနိုင်ရဲ့လား။ ကျွန်တော်ထူ. . .''

ကောင်လေးရဲ့စကားသံက ထပ်ပြီးထွက်မလာပါ။ အကြောင်းမှာမော့ကြည့်လာသည့် ထိုမိန်းကလေး၏မျက်ဝန်းများနှင့် ဆုံမိသွား၍ဖြစ်သည်။

ထိုမျက်ဝန်းကြောင့် ကောင်လေး၏ရင်ထဲမှာ ထိထိရှရှကြီးခံစားမိသွားပါ၏။ ထိုမျက်ဝန်းများကို သူရင်းနှီးနေမိသလို။ ထိုမျက်ဝန်းများကို တစ်နေရာရာမှာ ရင်းရင်းနှီးနှီးကြီးသိရှိခဲ့ဖူးသလိုလိုနှင့် ရင်ထဲမှာ တင်းတင်းကြပ်ကြပ်ကြီးခံစားနေရပါ၏။

သူကလည်း ထိုမိန်းကလေးကို ငံ့လင့်စွာငေးနေမိသလို ထိုမိန်းကလေးကလည်း သူ့ကိုငေးနေခဲ့ပါသည်။

''အစ်မ ထနိုင်ရဲ့လား''

ဟုထပ်မံဆိုကာ ရင်းရင်းနှီးနှီးပင် လက်မောင်းကိုဆုပ်ကိုင်ကာ တွဲထူပေးလိုက်ပါသည်။ ထိုအခါမှ ဆရီရောင်အိုင်က အားနှင့်ထရပ်ကာ ထော့နင်းထော့နင်းနှင့် စက်ဘီးနားတိုးကပ်သွားပြီး ထိုကောင်လေးဘက် လှည့်ကာ တစ်ခုခုပြောမည်ကြံပြီးမှ မပြောဖြစ်တော့ဘဲ လှည့်ထွက်သွား ပါသည်။

ထိုအခါမှ ချွန်က ခြေလှမ်းမြန်မြန်နှင့် သူမတို့နား ရောက်လာ ကာ. . .

"ဆောရီး. . . ဆရီရောင်အိုင်။ ကိုယ် အဲ့လိုမရည်ရွယ်ခဲ့ပါဘူး မင်းခြေထောက်,ထောက်နိုင်ရဲ့လား။ ကိုယ်လိုက်ပို့ပေးပါရစေ"

သူက အနူးအညွတ်ပြောလိုက်ပေမယ့် ဆရီရောင်အိုင်ဆိုတဲ့ သူမ ကတော့ လှည့်ပင်မကြည့်သွားတော့ဘဲ စက်ဘီးကိုသာ ဒယိမ်းဒယိုင် နင်း၍ လမ်းချိုးလေးထဲ ချိုးကွေ့သွားပါပြီ။

သူမ ချိုးကွေ့သွားရာလမ်းကလေးကို မှင်တက်စွာ ငေးမောနေ သော ချွန်ရဲ့ပခုံးကို လေဆန်က ပုတ်ကာ. . .

"ဘယ်လိုလဲ,ချွန်"

"ငါ့ရင်ဘတ်ကို စမ်းကြည့်စမ်းပါ လေဆန်။ ငါရင်ခုန်နေတယ်"

"ဟား. . . ဟား. . . မင်းတကယ်ငြိသွားတာကိုး"

"ငါယုံသွားပြီ။ ငါ တကယ်ပဲ ဆရီရောင်အိုင်အပေါ် နူးညံ့သွား မိတယ်။ ငါ အချစ်ကိုတွေ့နေပြီထင်တယ်"

"သိပ်ဘော့လွယ်မယ်မထင်ဘူး"

"အချစ်စစ်မှန်ရင် ခက်ခဲကြံစမြဲပဲ။ လွယ်ကူတာမျိုးကို ငါသိပ် မတပ်မက်ဘူး"

"ခဏလေးအတွင်းမှာ ရောဂါက အတော်ရင့်သွားပါလား"

"ဘယ်လိုလဲကောင်လေး. . . ငါ့ကောင်မလေးက ချောတယ် မဟုတ်လား"

"ဗျာ! "





ငူငူကြီးရပ်နေသောကောင်လေး၏ပခုံးကိုဖက်ကာ ချွန်က ပြော လိုက်လျှင်ကောင်လေးမှာ ကြောင်အမ်းအမ်းကြီးဖြစ်သွားရပါသည်။

"ကောင်လေး. . . မင်းဘာဖြစ်နေတာလဲ"

ဟုခပ်ငိုင်ငိုင်ဖြစ်နေသောညီကို လေဆန်ကမေးလိုက်လျှင်. . .

"ဘာမှမဖြစ်ပါဘူး"

ဟုဖြေလာသောကောင်လေးရဲ့မျက်ဝန်းက တစ်ခုခုကိုထိန်ချန် သိုဝှက်ထားသယောင်။

♣ ♣ ♣



## အခန်း ( ၈ )

သစ်ပင်အုံ့ဆိုင်းဆိုင်းကြီးအောက်မှထိုင်ကာ မြေပြင်ပေါ် တုတ်တစ်ချောင်းနှင့်ရေးခြစ်နေသော ဆရီနား, မိုင်ဆောင်က တိုးကပ်သွားကာ. . .

"ဆရီ. . . ဘာတွေရေးနေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး။ ပျင်းနေတာနဲ့ပဲ"

"စန္ဒရားမတီးဘူးလား"

"ငါ ဒီနေ့ စန္ဒရားတီးချင်စိတ်မရှိဘူး"

"အပြင်မှာ ဘာဖြစ်လာတာလဲ"

ဟုဆိုကာ ဆရီရောင်အိုင်နှင့်မျက်နှာချင်းဆိုင်ရပ်ပြီး သေသေချာချာကြည့်လိုက်စဉ်မှာ တံတောင်ဆစ်မှ အပွန်းအရှများကိုတွေ့လိုက်ရပါ သည်။

"ဟင်! ဘာဖြစ်လာတာလဲ"

"စက်ဘီးလဲလာတာ"

"ဒါကြောင့် နင့်ကိုပြောတာပေါ့။ ငါမပါဘဲနဲ့ စက်ဘီးကိုလျှောက်မစီးပါနဲ့လို့။ မှန်း. . . ငါကြည့်ပေးမယ်"

"ဆေးလူးပြီးပါပြီ"

"နောက်ဆို နင့်ဖာသာစက်ဘီးမစီးနဲ့တော့။ ဆိုင်ကယ်တွေနဲ့ချိတ်သွားမှဖြင့်"

ဟုဆိုကာ စိုးရိမ်တကြီးနှင့်ပြောလိုက်လျှင် ဆရီရောင်အိုင်ရဲ့မျက်နှာပေါ်မှာ အပြုံးပွင့်ကြီးက ပြည့်ဝင်းသွားရပါသည်။

"ဘာပြုံးတာလဲ"

"ငါ နင့်ကိုအရမ်းကျေးဇူးတင်ပါတယ်. . . မိုင်ဆောင်"

"ငါ နင့်ကိုဘာမှမလုပ်ပေးရသေးဘူး"

"ငါ ဒီကျောင်းကိုရောက်တာ ဒီနှစ်ဆိုရင် ဆယ့်နှစ်နှစ်ရှိသွားပြီ"

"ငါတော့ မှတ်မထားမိပါဘူး"

"ဒီမှာလေ မတွေ့ဘူးလား။ စံပယ်ပန်းတွေပွင့်နေပြီ"

ဟုဆိုကာ လက်ထဲမှစံပယ်ပွင့်များကို မိုင်ဆောင် မြင်သာအောင်ပြလိုက်ပါသည်။ ထိုအခါမှ မိုင်ဆောင်က သဘောကျသွားပြီးပြုံးလာကာ. . .

"နင် အဲ့ဒီစံပယ်ခြံဘက်ရောက်ခဲ့တာလား"

"ငါ ဒီကျောင်းကိုရောက်လာတဲ့နှစ်က စံပယ်ပန်းတွေ အများကြီးပွင့်တယ်။ ငါအမြဲငိုနေရင် နင်က ငါ့ကို စံပယ်ပန်းတွေခူးပေးနေကျလေ။ နင်က ငါ့ကိုအမြဲတမ်းအဖော်လုပ်ပေးတယ်။ ငါ နင့်ကြောင့် သိပ်ပြီးအထီးကျန်တယ်လို့ မခံစားခဲ့ရဘူး။ အခုချိန်မှာတော့ ငါသိပ်ကြောက်တယ်။ နင်က ငါ့ကိုဂရုမစိုက်တော့မှာကို။ ပြီးတော့ ငါ့ကို ဒီမှာထားသွားပြီး နင်က အဝေးဆုံးကိုထွက်သွားမှာ ငါသိပ်စိုးရိမ်တယ် မိုင်ဆောင်"

"ငါက နင့်ကိုထားပြီး ဘယ်သွားရမှာလဲ ဆရီရယ်။ ငါက ငါဟာ





ဘယ်လိုကောင်မှန်းတောင် သိတာမှမဟုတ်ဘဲ။ ဒီဘုရားကျောင်းကလွဲရင် ငါ့မှာ သွားစရာမြေမရှိဘူး"

"နင့်မှာ တခြားတွယ်တာစရာလူတွေပေါ်လာရင် ငါ့ကိုပစ်မသွားနဲ့နော်။ ငါ့ဘဝမှာ နင်ပဲရှိတော့လို့ပါ"

"မဖြစ်နိုင်တာတွေကို ကြံဖန်ပြီးမတွေးစမ်းပါနဲ့ ဆရီရယ်။ ငါ့ဘဝမှာ နင်ရယ်၊ ဖာရိသာရယ်၊ စစ္စတာတွေရယ်။ ပြီးတော့ စုတ်တံတွေရယ်၊ နောက်နောင် အသစ်အသစ်တွေရောက်လာမယ့် ငါတို့နဲ့ဘဝတူကလေးတွေရယ်ပဲရှိတယ်"

"ငါ့မွေးနေ့ရောက်ရင် နင် ဘာလက်ဆောင်ပေးမှာလဲ"

"ဒီနှစ်တော့ ငါ နင့်ကို စံပယ်ကုံးမပေးတော့ဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ"

"နင့်ပုံတူ ငါရေးထားတယ်"

"တကယ်"

"အင်း"

"ဟား. . . ပျော်လိုက်တာ"

ဟု စိတ်လွတ်ကိုယ်လွတ်ပြောပြီးကာမှ မျက်နှာကြီးအိုမင်းသွားရပြန်ပါသည်။

"ဘာဖြစ်လို့လဲ"

"ငါ, နင့်မွေးနေ့ကိုမသိရတော့"

"နှင်းမှုန်တွေကျနေရင် ငါ့မွေးနေ့ပဲပေါ့။ ဖာရိသာပြောတာ ငါရောက်လာတဲ့နေ့ကမှ နှင်းတွေအရမ်းကျတာဆိုပဲ"

"မိုင်ဆောင်ရယ်"

"နင်စိတ်မကောင်းဖြစ်သွားတာလား ဆရီ။ ဘာမှမဖြစ်ပါနဲ့။ ငါဆို ဘာမှမဖြစ်ဘူး။ ငါ့ကိုမလိုချင်လို့ စွန့်ပစ်သွားကြတာပဲ။ ဘာမှမဖြစ်ဘူး။ ငါက သူတို့အတွက် အနှောင့်အယှက်ဖြစ်နေလို့နေမှာပေါ့။ ဘာမှ ငါ့အတွက်နဲ့ မခံစားနဲ့။ ငါက နင့်အတွက်ပဲ ကြေကွဲပေးနေတာ"

"ငါ့အတွက်"

"ငါ့ကို လူတွေက မလိုအပ်ကြဘူးလေ။ နင်နဲ့ငါက မိဘမဲ့ချင်းတူနေပေမယ့် ငါက စွန့်ပစ်ခံရတာ။ နင်က ကံကြမ္မာကြောင့် ခွဲခွာသွားရတာ။ နင့်မှာက နင့်ကိုမျှော်နေမယ့် နင့်မောင်လေး ရှိနေသေးတာပဲ။ နင်က ဘဝကိုအများကြီးမွေးမြူသင့်တယ်"

ထိုအခါမှာတော့ ဆရီရောင်အိုင်ရဲ့မျက်ဝန်းမှာ မျက်ရည်စတို့တွဲခိုလာရပါသည်။ တဖြည်းဖြည်း ပြည့်အိုင်လာခဲ့သောမျက်ဝန်းအိမ်မှ အရည်ကြည်ဥများက အလုံးလိုက်အခဲလိုက်ထွက်ကျလာခဲ့ရသည်။

ထိုအခါ မိုင်ဆောင်က ဆရီရဲ့ကျောပြင်ကိုဖွဖွပုတ်ကာ အားပေးနှစ်သိမ့်ပေးလိုက်ပါသည်။

သူမ အာရုံထဲမှာတော့ သူမ သွားသမျှလိုက်၊ သူမစားသမျှကိုလိုက်စားနေသော ကလေးငယ်တစ်ယောက်ကိုသာ ညစ်နွမ်းနွမ်းလေး မြင်ယောင်နေမိပါသည်။

♣ ♣ ♣



## အခန်း ( ၉ )

ဖေဖေ့ဆီ လုံးဝမသွားပါဘူးဟု အထပ်ထပ်ဆုံးဖြတ်နေမိသည့်ကြားမှ ကယောက်ကယက်ဖြစ်နေသောစိတ်တို့ကြောင့် ချီတုံချတုံနှင့်ပင် ဆေးရုံဝင်းထဲသို့ ဦးတည်ဖြစ်နေပါသည်။

ဆိုင်ကယ်စတင်းမှာ ဆိုင်ကယ်ကိုထိုးဆိုက်လိုက်သည်ထိပင် သွားမည်မသွားဘူးဆိုတာ အခိုင်အမာမဆုံးဖြတ်ရသေး။ ဆိုင်ကယ်ပေါ်မှာသာ ငူငူကြီးထိုင်နေသေးသောသူ့ကို ဆိုင်ကယ်စတင်းမှ ဦးလေးကြီးက မမှိတ်မသုန်စိုက်ကြည့်နေခဲ့ပါသည်။

သူ တစ်ခုခုကိုခိုင်ခိုင်မာမာဆုံးဖြတ်ကာ ဆိုင်ကယ်ပေါ်မှ လွှားခနဲခုန်ဆင်းပစ်လိုက်သည်။ သည်တော့မှ ဦးလေးကြီးက သူ့အနားသို့ရောက်လာကာ တစ်လက်မပတ်လည်ကတ်ပြားလေးကို ကမ်းပေးလာသည်။ သူက ထိုကတ်ပြားလေးကိုယူကာ အင်္ကျီအိတ်ထဲထည့်လိုက်ပြီး ပိုက်ဆံနှစ်ရာတန်တစ်ရွက် ထုတ်ပေးလိုက်သည်။

"ကိုရယ် ကို့သားကလည်း နူးရဲ့သားပဲပေါ့။ နူးက သားကိုချစ်ပြီးသားပါ။ သားဘယ်လောက်ပြန်အော်အော် နူးက မိခင်စိတ်နဲ့မို့ ခွင့်လွှတ်ပြီးသား။ နူး့သိပ်ဝမ်းနည်းတယ်သိလား။ ကိုယ့်အဖေတစ်ယောက်လုံးက သေရေးရှင်ရေးသမ္မာဖြစ်နေတဲ့ဥစ္စာကို သူက သူငယ်ချင်းတွေနဲ့ပျော်နိုင်တုန်း။ နူး့ကို့အစား သိပ်ရင်နာတယ်"

"ကိုယ့်ဘဝပဲပေါ့,နူးရယ်။ သားသမီးရဲ့ဥပေက္ခာကိုခံစားရမယ့်အဖေတစ်ယောက်ဖြစ်လာခဲ့ပြီပဲ။ ကံကြမ္မာပဲပေါ့။ အခု ကိုယ့်နားမှာနူးရှိနေပြီပဲ။ ကိုယ် သိပ်အထီးမကျန်တော့ပါဘူး။ ကိုယ်ဝမ်းနည်းနေတဲ့အချိန်တိုင်း အားပေးခဲ့တဲ့နူးကို ကိုယ်ကျေးဇူးတင်ပါတယ်။ ကိုယ်ကိုယ့်သား ငရိုင်းတုံးကိုဆုံးမထားပါ့မယ်။ နူးကို ရိုရိုသေသေဆက်ဆံဖို့လေ"

"ကျေးဇူးတင်ပါတယ်ကိုရယ်။ ဒါကြောင့် ကို့ကို ချစ်နေရတာပေါ့"

ထိုစကားသံများကြောင့် အခန်းထဲသို့ဝင်လုလု သူ့ခြေထောက်များက အဆိပ်ပြင်းသောအကောင်တစ်ကောင်ကို တက်နင်းထားမိသည့်နှယ် တုန်ယင်၍ ဆောက်တည်ရာမဲ့သွားရပါသည်။

ခြေထောက်နှစ်ချောင်းကို နောက်သို့ပြန်လည်ရုပ်သိမ်းကာ စိတ်ဓာတ်ကျကျနှင့်ပင် နံရံကိုမှီတွယ်ထားလိုက်မိပါသည်။ သူ့ရင်ထဲမှာ သွေးလေတို့ခန်းခြောက်သွားသလို ကွဲအက် ခြောက်သွေ့စွာ ကူကယ်ရာမဲ့ခံစားနေမိပါသည်။

အချွဲကောင်းသော မိထွေးတော်ကိုလည်းကောင်း၊ မိုးမပြင်လေမပြင်ချစ်ပြနေသောဖခင်ကိုလည်းကောင်း စိတ်နာသွားမိပါသည်။ သူခေါင်းငိုက်စိုက်ကျပြန်လာမိရာ ခြေလှမ်းတွေကိုဆက်မလှမ်းချင်တော့၍တွေ့ကရာခုံပေါ်မှာ ဖြစ်သလိုထိုင်ချလိုက်မိပါသည်။

ရင်ဘတ်နှင့်ကပ်နေသောအတွင်းအိတ်ကိုနှိုက်လိုက်ရာ ပြားကပ်နေသော ခေါက်ချိုးအိတ်လေးက ပါလာခဲ့ပါသည်။ ထိုခေါက်ချိုးအိတ်





လေးကိုဖွင့်လိုက်တော့ သူ့ကိုပြုံးပြီးကြည့်နေခဲ့သော အမျိုးသမီးတစ်ယောက်ရဲ့ပုံက ဘွားခနဲပေါ်လာရသည်။

"အမေ"

တစ်လုံးတစ်ခဲကြီးခေါ်လိုက်တဲ့အသံက ပီပြင်မှုသိပ်မရှိ။ ထိုစဉ်သူ့နားသို့ ခြေထောက်လှလှတစ်စုံက ရောက်ရှိလာခဲ့ပါသည်။

"ချွန် ဟုတ်ပါတယ်နော်"

ရင်းနှီးဖူးသောအသံတစ်ခုကြောင့် သူမော့ကြည့်လိုက်ရာ. . .

"ဩော်. . . ဆည်းဆာပျို"

ခေါ်သံနှင့်အတူ ရစ်ဝဲစပြုနေသောမျက်ရည်ကြည်တို့ကို ပုတ်ထုတ်ဖယ်ရှားပစ်လိုက်သည်။ ဆည်းဆာပျိုက သူကိုင်ထားသောအရာကို မျက်စပစ်ကာ ကြည့်လိုက်ပြီး. . .

"ရှင့်မိန်းကလေးလား"

ဟုစကားအစပျိုးကာ သူ့ဘေးမှာ ဝင်ထိုင်လိုက်ပါသည်။

"အမေလို့ဆိုတာပဲ။ သိပ်တော့မမှတ်မိပါဘူး"

"ရှင့်အမေက သိပ်ခန့်တာပဲနော်။ ရှင်နဲ့တူတယ်"

"ကိုယ် မင်းကိုတစ်ခုခုလိုက်ကျွေးဖို့အကြွေးရှိတယ်လို့ မှတ်ထားလိုက်"

"ရှင်! "

"ကိုယ်က ကိုယ့်ကိုအမေနဲ့တူတယ်လို့ပြောရင် အရမ်းပျော်တာ။ အဲ့ဒီလူကို စွတ်ကောင်းတော့တာပဲ။ ဟင်းဟင်း. . . ရယ်ရတယ်နော်"

"ချွန်"

သူမရဲ့ခေါ်သံက ကရုဏာတို့ များစွာပျော်ဝင်နေခဲ့ပါသည်။

"ကိုယ်ကြားဖူးတာက သက်ညှာမှုမရှိတဲ့အသံစာစာနဲ့ မြင်ဖူးနေကျက ကြင်နာမှုမရှိတဲ့မျက်လုံးစိမ်းတစ်စုံပဲ။ တစ်ခါတစ်ရံမှာ အမေနဲ့တစ်ရက်လောက်ကလေး နေကြည့်ဖူးချင်တယ်"

"တစ်ရက်လောက်ပဲလား"

"ရပါပြီ။ ကိုယ် မိန်းမတွေကိုသိပ်အထင်မကြီးတတ်ဘူး။ ဪ ဆောရီး. . . မင်းအရှေ့မှာ ဒီလိုမပြောသင့်ဘူး"

"ပျို့က ရိုးသားပွင့်လင်းတာကိုသဘောကျပါတယ်"

သူမရဲ့ခွန်းတုံ့စကားနှင့်အတူ ချွန်ရဲ့မျက်လုံးတွေက တဖြည်းဖြည်းနှင့်အရောင်ပြောင်းလာခဲ့ပါသည်။ စောစောက ကလေးငယ်တစ်ယောက်လို ကူကယ်ရာမဲ့ရောက်တတ်ရာရာပြောနေသော ချွန်မှုဟုတ်ပါလေစ။

အခုတော့လည်း ဂျစ်ကန်ကန် မိုက်ရူးရဲပဟန်ပန်တို့နှင့် ပြည့်နှက်နေခဲ့ပါသည်။ ထိုထက် လောကကြီးကို ပြက်ရယ်ပြုနေသည့်အပြုံးတစ်ခုကိုလည်း ပန်ဆင်ထားလိုက်သေး။

ဒါတွေဟာ ဟန်ဆောင်နေတာပါလားဆိုတာကို သူမရိပ်မိလိုက်ချိန်မှာတော့ ချွန်အပေါ် သူမ နူးညံ့စွာတိမ်းညွတ်သွားပါတော့သည်။

"ဆည်းဆာပျို့. . . မပြန်သေးဘူးလား"

"ဪ, အင်း. . . မပြန်ဖြစ်သေးဘူး။ ဒယ်ဒီနဲ့နေဖြစ်ဦးမယ်။ ဒယ်ဒီနဲ့မတွေ့ဖြစ်တာ ကြာပြီလေ"

"ကိုယ် ဒီမှာထိုင်နေတာ ကြာသွားပြီ။ တစ်နေရာရာမှာ သိပ်ကြာကြာထိုင်လေ့မရှိဘူး။ ကိုယ် ဂိုးမယ်၊ မင်းရော"

သူမက မျက်လုံးလေးမှိတ်ကာ ခေါင်းညိတ်ပြပါလျှင် သူက ထိုနေရာမှ ဆတ်ခနဲထရပ်လိုက်ပါသည်။

သူမကိုထပ်နှုတ်မဆက်သွားတော့ဘဲ အရပ်မြင့်မြင့်ကြီးနှင့်လိုက်ဖက်ညီအောင် လွှားခနဲလွှားခနဲ လျှောက်သွားနေသောသူ့ကိုသာ သူမငေးနေမိပါတော့သည်။

ဖိုက်တာ ဆိုင်ကယ်ပေါ် လွှားခနဲခုန်တက်ပြီး ဘွန်းခနဲမောင်းထွက်သွားသော ချွန်ရဲ့ကျောပြင်က မြင်ကွင်းမှပျောက်ကွယ်သွားတော့မှ ချွန်ထွက်လာ ရာအခန်းဘက်သို့ သူမဦးတည်လိုက်မိသည်။ အကြောင်းမှာ သူမ၊ ချွန်ကိုစိတ်ဝင်စားသွားမိ၍ဖြစ်သည်။





အခန်းထဲမှာ ငယ်မူပြန်ကာ စကားတွတ်ထိုးနေကြသော အမျိုးသားကြီးနှင့်အမျိုးသမီးကြီးတစ်ယောက်ကိုတွေ့လျှင် ချွန်ရဲ့ဘဝကို သူမတစိုးတစေ့ သဘောပေါက်မိသွားသလိုတော့ရှိသား။

♣ ♣ ♣



## အခန်း ( ၁၀ )

"လေဆန်, ငါ အခု ကမ်းသာယာမှာ ရောက်နေတယ်"

ဟူသော ချွန်ရဲ့အသံခပ်ပြတ်ပြတ်ကြောင့် လေဆန်မှာ မဆိုင်းမတွပင်လျှင် သားရေဂျာကင်ကိုဆွဲဝတ်ကာ ဂိမ်းကွန်ထိုးကိုပစ်တင်ပြီး အနက်ရောင်ဆိုင်ကယ်ကြီးပေါ် လွှားခနဲခုန်တက်ကာ စက်နှိုးလိုက်၏။

မကြာခင်မှာပင် လမ်းမကျယ်ကြီးပေါ် ဆူညံစွာ ထိုးဖောက်ဝင်ရောက်လာခဲ့ပါသည်။ သူက ကားများ၊ ဆိုင်ကယ်များ၊ ဆိုက်ကားများ၊ စက်ဘီးများနှင့် ရှုပ်ထွေးပွေလီနေသောလမ်းမကျယ်ကြီးကို ဝင်ရောက်ဖြတ်ကျော်ပြီး လူအနည်းငယ်ရှင်းသောလမ်းကွေ့လေးထဲသို့ ဆိုင်ကယ်ကိုကွေ့ချလိုက်သည်တွင် စက်ဘီးအစိမ်းလေးကိုတွန်းကာ ယိမ်းနွဲ့နွဲ့လာနေသောပုံရိပ်လေးကို ဖျတ်ခနဲတွေ့လိုက်ရပါသည်။

သူက သေသေချာချာအာရုံစိုက်ကြည့်လိုက်တော့ သေချာလှပါသည်။ ဒါ ချွန်ရဲ့နှလုံးသားလေးပါပဲ။ ညနေခင်းဘက်သို့ ဆည်းဆာအလှ

နှင့် တင့်တယ်နေသော သူမရဲ့ဆံနွယ်လေးတွေက လေအဝှေ့မှာ မျ
နှာတစ်ခွင် ကျဲစယ်သွားပုံလေးက မြင်သူတကာ ပုရိသတို့အသည်း
မြှာကို အလယ်တည့်တည့်ပစ်ခွင်းလိုက်သော အဆိပ်ပြင်းမြားချက်တ
နယ်။ သူမရဲ့ဂန္ထဝင်ပုံရိပ်လေးကို စီးမျှောသွားမိသည်မှာ သူမကိုဖြ
ကျော်၍ ကျော်မိမှန်းပင် ကိုယ့်အရှိန်ကိုယ်မသိလိုက်နိုင်ပါ။

သူမကိုဖြတ်ကျော်သွားမိရင်း နှစ်ကိုက်မျှအကွာအဝေးရောက်
ဆိုင်ကယ်ကို ရုတ်တရက်ပြန်လည်ကွေ့ချပစ်လိုက်၏။ စိမ်းနုရောင်ဂါ
ဖားဖားလေးနှင့် သူမရဲ့နောက်ကျောအလှက သူ့ကိုလှောင်ပြောင်
သယောင်။ ကျောပြင်ပေါ် လိမ်ခွေခွေလေးများ ဝဲကျနေခဲ့သော သူ
ဆံနွယ်လေးများကို သူငေးကြည့်ချင်လှပါ၏။

သူရဲ့ဂန္ထဝင်ပုံရိပ်လေးက လမ်းချိုးတစ်ခုထဲ ကွေ့ဝင်ပျောက်ကွ
သွားတော့မှ သူက မချစဖူး သက်ပြင်းမောကို တမျှော်တခေါ်ကြီးချ
ပါတော့သည်။

တစ်အုံနွေးနွေးဖြစ်ကျန်ရစ်သေးသော ဘယ်ဘက်ရင်အုံကို ည
လက်နှင့်ဖွဖွစမ်းသပ်မိရင်း မျက်ခုံးကိုပင့်ကာ ပခုံးကိုတွန့်လိုက်မိသ

"မတတ်နိုင်ဘူး. . . ချွန်ရေ့ ဆောရီးကွာ။ ငါရင်ခုန်မိသွားတ
မင်းရဲ့နတ်သမီးက ငါ့ကို ငါးမိနစ်လောက် ဖမ်းစားသွားတယ်။ ဆော
သူငယ်ချင်း"

ဟု တီးတိုးရေရွတ်မိရင်း အင်္ကျီအိတ်ကပ်ထဲမှ ဖုန်းကိုထုတ်
နှိပ်လိုက်ပြီး. . .

"ချွန်. . . မင်းရဲ့နှလုံးသားလေးက ငါနဲ့ ကိုက်တစ်ရာအ
အဝေးမှာရှိတယ်။ ငါ ညဏ်မခိုင် ရှာန်ယိုင်လျှောချင်နေပြီ"

ဟု ရွတ်နောက်နောက်ပြောလိုက်လျှင်. . .

"ခွီးတဲ့မှ"

ဆိုတဲ့ဆဲရေးသံနှင့်အတူ ဖုန်းလိုင်းမှာ တတူတူနှင့်ပြတ်တော
သွားရပါသည်။ ထိုအခါမှ လေဆန်က ဖုန်းကိုပိတ်ပစ်လိုက်ပြီး အိတ်





ထဲပြန်ထည့်ကာ မချိပြုံးလေး လှစ်ခနဲပြုံးလိုက်ပြီး အင်္ကျီအိတ်ကပ်ထဲမှ
အဝါရောင်စီးကရက်ဘူးကိုထုတ်ကာ မီးခြစ်ကို ဖြတ်ခနဲခေါက်၊ မီးညှိလိုက်
ပြီးမှ ဆေးငွေ့ကိုရှိုက်သွင်းကာ ခေါင်းကိုမော့ပြီး မိုးခိုးငွေ့အလုံးကြီးကို
ကောင်းကင်ပေါ် မှုတ်ထုတ်ပစ်လွှတ်လိုက်ပါသည်။

အလုံးလိုက်တက်သွားသော မီးငွေ့လှိုင်းလုံးကြီးများနှင့်အတူ
ညစ်ထွေးနေသောစိတ်အစဉ်တို့က စီးမျောပြယ်လွှင့်သွားရပါသည်။ ဆေး
သိပ်တစ်လိပ်ပင် မကုန်လိုက်ပါ။ ဆူညံနေသောစက်သံနှင့်အတူ အနီ
ရောင်ဆိုင်ကယ်ကြီးက သူ့ရှေ့မှောက်သို့ ဘွားခနဲဆိုက်ရောက်လာခဲ့
ပါသည်။

"မင်းမလိမ်မှန်းတော့ ငါသိနေပါတယ်"

"ဟိုလမ်းချိုးထဲမှာ"

"ဟ. . . အဲ့ဒါဘုရားကျောင်းလမ်းကြီးပဲ"

"မင်းရဲ့အသံကိုနားထောင်လိုက်တာနဲ့ မင်းညစ်နေမှန်း ငါသိပါ
တယ်။ အဲ့ဒါကြောင့် မင်းကိုလှမ်းခေါ်လိုက်တာ"

"အဲ့တော့ ဘာမှနားမလည်တဲ့ဘာသာခြားတွေကြားမှာ ယောင်
လည်လည်နဲ့ လှည့်ပြန်ခဲ့ရမှာပေါ့။ သွားရှိုးလည်း အပိုပါပဲကွာ"

"မင်း ဘယ်အချိန်တုန်းက အတိတ်မေ့တတ်သွားတာလဲ"

"ဘာကိုလဲ"

"သော့တစ်ချောင်း ရှိနေတယ်။ မိုင်ဆောင်လေ"

"ဟား. . . ဟ, ဂွတ်ပဲ။ မင်းခေါင်းကို ရွှေချထားမယ်"

"ငါ့ခေါင်းက နည်းနည်းကြီးတော့ ရွှေချိန်ကို မင်းတတ်နိုင်ပါ့
လား"

"အိမ်သုတ်ဆေးတွေက ဆိုင်တိုင်းမှာ ရနေပါပြီကွာ။ ရွှေရောင်
ဆိုရင် ရှာရတာ မခဲယဉ်းပါဘူး။ တစ်ပုံးမလောက်ရင် နှစ်ပုံးကွာ"

"ယုတ်မာတာ"

ဟုပြောရင်း ရှိုက်ဖွာလက်စ စီးကရက်တိုကို မြေပြင်ပေါ်ပစ်ချကာ

နှင့် တင့်တယ်နေသော သူမရဲ့ဆံနွယ်လေးတွေက လေအဝှေ့မှာ မျက်နှာတစ်ခွင် ကျဲစယ်သွားပုံလေးက မြင်သူတကာ ပုရိသတို့အသည်းနှစ်မြွှာကို အလယ်တည့်တည့်ပစ်ခွင်းလိုက်သော အဆိပ်ပြင်းမြားချက်တစ်ခုနှယ်။ သူမရဲ့ဂန္ထဝင်ပုံရိပ်လေးကို စီးမျှောသွားမိသည်မှာ သူမကိုဖြတ်ကျော်၍ ကျော်မိမှန်းပင် ကိုယ့်အရှိန်ကိုယ်မသိလိုက်နိုင်ပါ။

သူမကိုဖြတ်ကျော်သွားမိရင်း နှစ်ကိုက်မျှအကွာအဝေးရောက်မှ ဆိုင်ကယ်ကို ရုတ်တရက်ပြန်လှည့်ကွေ့ချပစ်လိုက်၏။ စိမ်းနုရောင်ဂါဝန် ဖားဖားလေးနှင့် သူမရဲ့နောက်ကျောအလှက သူ့ကိုလှောင်ပြောင်နေ သယောင်။ ကျောပြင်ပေါ် လိမ်ခွေခွေလေးများ ဝဲကျနေခဲ့သော သူမရဲ့ ဆံနွယ်လေးများကို သူငေးကြည့်ချင်လှပါ၏။

သူရဲ့ဂန္ထဝင်ပုံရိပ်လေးက လမ်းချိုးတစ်ခုထဲ ကွေ့ဝင်ပျောက်ကွယ် သွားတော့မှ သူက မချစဖူး သက်ပြင်းမောကို တမျှော်တခေါ်ကြီးချပစ်မိ ပါတော့သည်။

တစ်အုံနွေးနွေးဖြစ်ကျန်ရစ်သေးသော ဘယ်ဘက်ရင်အုံကို ညာ လက်နှင့်ဖွဖွစမ်းသပ်မိရင်း မျက်ခုံးကိုပင့်ကာ ပခုံးကိုတွန့်လိုက်မိသည်။

''မတတ်နိုင်ဘူး. . . ချွန်ရေ့ ဆောရီးကွာ။ ငါရင်ခုန်မိသွားတယ် မင်းရဲ့နတ်သမီးက ငါ့ကို ငါးမိနစ်လောက် ဖမ်းစားသွားတယ်။ ဆော သူငယ်ချင်း''

ဟု တီးတိုးရေရွတ်မိရင်း အင်္ကျီအိတ်ကပ်ထဲမှ ဖုန်းကိုထုတ်က နှိပ်လိုက်ပြီး. . .

''ချွန်. . . မင်းရဲ့နှလုံးသားလေးက ငါနဲ့ ကိုက်တစ်ရာအကွာ အဝေးမှာရှိတယ်။ ငါ ဉာဏ်မခိုင် ရှာန်ယိုင်လျှောချင်နေပြီ''

ဟု ရွတ်နောက်နောက်ပြောလိုက်လျှင်. . .

''ခွီးတဲ့မှ''

ဆိုတဲ့ဆဲရေးသံနှင့်အတူ ဖုန်းလိုင်းမှာ တတူတူနှင့်ပြတ်တောက် သွားရပါသည်။ ထိုအခါမှ လေဆန်က ဖုန်းကိုပိတ်ပစ်လိုက်ပြီး အိတ်က





ထဲပြန်ထည့်ကာ မချိုပြုံးလေး လှစ်ခနဲပြုံးလိုက်ပြီး အင်္ကျီအိတ်ကပ်ထဲမှ အဝါရောင်စီးကရက်ဘူးကိုထုတ်ကာ မီးခြစ်ကို ဖြတ်ခနဲခေါက်၊ မီးညှိလိုက် ပြီးမှ ဆေးငွေ့ကိုရှိုက်သွင်းကာ ခေါင်းကိုမော့ပြီး မိုးခိုးငွေ့အလုံးကြီးကို ကောင်းကင်ပေါ် မှုတ်ထုတ်ပစ်လွှတ်လိုက်ပါသည်။

အလုံးလိုက်တက်သွားသော မီးငွေ့လှိုင်းလုံးကြီးများနှင့်အတူ ညစ်ထွေးနေသောစိတ်အစဉ်တို့က စီးမျောပြယ်လွင့်သွားရပါသည်။ ဆေး လိပ်တစ်လိပ်ပင် မကုန်လိုက်ပါ။ ဆူညံနေသောစက်သံနှင့်အတူ အနီ ရောင်ဆိုင်ကယ်ကြီးက သူ့ရှေ့မှောက်သို့ ဘွားခနဲဆိုက်ရောက်လာခဲ့ ပါသည်။

''မင်းမလိမ်မှန်းတော့ ငါသိနေပါတယ်''

''ဟိုလမ်းချိုးထဲမှာ''

''ဟ. . . အဲ့ဒါဘုရားကျောင်းလမ်းကြီးပဲ''

''မင်းရဲ့အသံကိုနားထောင်လိုက်တာနဲ့ မင်းညစ်နေမှန်း ငါသိပါ တယ်။ အဲ့ဒါကြောင့် မင်းကိုလှမ်းခေါ်လိုက်တာ''

''အဲ့တော့ ဘာမှနားမလည်တဲ့ဘာသာခြားတွေကြားမှာ ယောင် လည်လည်နဲ့ လှည့်ပြန်ခဲ့ရမှာပေါ့။ သွားရှိုးလည်း အပိုပါပဲကွာ''

''မင်း ဘယ်အချိန်တုန်းက အတိတ်မေ့တတ်သွားတာလဲ''

''ဘာကိုလဲ''

''သော့တစ်ချောင်း ရှိနေတယ်။ မိုင်ဆောင်လေ''

''ဟား. . . ဟ, ဂွတ်ပဲ။ မင်းခေါင်းကို ရွှေချထားမယ်''

''ငါ့ခေါင်းက နည်းနည်းကြီးတော့ ရွှေချိန်ကို မင်းတတ်နိုင်ပါ့ မလား''

''အိမ်သုတ်ဆေးတွေက ဆိုင်တိုင်းမှာ ရနေပါပြီကွာ။ ရွှေရောင် ဆိုရင် ရှာရတာ မခဲယဉ်းပါဘူး။ တစ်ပုံးမလောက်ရင် နှစ်ပုံးကွာ''

''ယုတ်မာတာ''

ဟုပြောရင်း ရှိုက်ဖွာလက်စ စီးကရက်တိုကို မြေပြင်ပေါ်ပစ်ချကာ

ခြေထောက်နှင့် နင်းချေပစ်လိုက်သည်။ ဆူညံနေသော ဆိုင်ကယ်စက်သံတွေက ကျယ်ဝန်းတိတ်ဆိတ်ပြီး သာယာသောဝင်းကျယ်ကြီးတစ်ခုထဲမှာ တိတ်ဆိတ်ရပ်တန့်သွားရပါသည်။

ဆိုင်ကယ်ပေါ်မှ ကိုယ်စီဆင်းလာကြသော သူတို့နှစ်ယောက်လုံးမှာ ကြောင်တောင်တောင်နှင့်။ တိတ်ဆိတ်ပြီး ကျယ်ဝန်းနေသော ထိုကျောင်းဝင်းထဲမှာပဲ ရောက်တတ်ရာရာနှင့် သစ်ရွက်ခြောက်တွေပဲ လိုက်ကောက်ရမလို၊ တံမြက်စည်းပဲ လှည်းကျင်းရမလို။ ခပ်တည်တည်နှင့် ဗိမာန်တော်ထဲပဲဝင်ကာ ကျမ်းစာပဲရွတ်ဖတ်ရတော့မလိုလိုနှင့် ရောက်တတ်ရာရာဖြစ်နေမိပါသည်။

ကျောင်းဝင်းတစ်ပိုက် မျက်လုံးဝေ့ကာ တောင်စဉ်မရေရာကြည့်ပြန်တော့လည်း မြင်ကွင်းတစ်ပိုက် ခွေးတစ်ကောင်၊ ကြောင်တစ်မြီးမှ မတွေ့ရ။ နှလုံးသားလေးရော၊ ရွှေသော့လေးပါ အပါအဝင်အားလုံး ဘယ်ပျောက်နေကြပါလိမ့်။

"အားလုံးကို ဘုရားသခင်ခေါ်သွားကုန်တာတော့ မဟုတ်လောက်ပါဘူးနော်"

"ရထားလက်မှတ်တွေ ကြပ်နေတယ်၊ အားလုံးဆို ဘယ်ရပ့်မလဲ"

"သူတို့စေတမန်က ခေါ်မှာပေါ့ကွ"

"သူလည်း အာဟာရပြတ်နေလို့ တစ်ခါကို တစ်ယောက်ပဲနိုင်မယ်။ အခုက အားလုံးကိုပျောက်နေတာ"

"ဒါကြောင့်ပြောတာပေါ့၊ ကချင်မလေးတွေကို မကြိုက်ပါနဲ့လို့၊ အခုတော့ကြည့်။ ကိုးရိုးကားရားနဲ့ ဘယ်ကစပြီး ဆင်ရမှန်းမသိတော့ဘူး။ ကိုယ့်အချင်းချင်းကြိုက်တော့ ဘုန်းကြီးကျောင်းထဲ ဝင်ပြေးရင်တောင် ဘုရားရှိခိုးသလိုနဲ့ လိုက်ပိုးလို့ရသေး. . . ဘယ်လောက်လွယ်သလဲ"

"ဒီရင်ဘတ်ကြီးက အကန့်အသတ်မရှိဘူး"

"ဒါကြောင့် မင်းက အတိုင်းထက်အလွန်ဖြစ်နေတာပေါ့လေ"





"နောနော်ရဲ့ညီ, ဆန်းဆန်ရှိရင် လုပ်စားလို့ကောင်းမှာ။ မဆိုးဘူးဘဲ"

"ဟ! ငါ အခုမှသတိရတယ်"

"ဘာလဲ"

"ခုနတုန်းက မင်းရဲ့နှလုံးသားမလေးရဲ့ စက်ဘီးခြင်းထဲမှာ နှင်းဆီပန်းတွေ တွေ့လိုက်တယ်"

"အဲ့တော့"

"ဗိမာန်တော်ထဲမှာ ရှိလောက်တယ်"

"ဘာကြောင့်လဲ"

"မနက်ဖြန် ဆန်းဒေးလေ။ ပန်းအလှ ထိုးချင်ထိုးနေမှာပေါ့ကွ"

"အဲ, အဲဒါဖြစ်လောက်တယ်"

ဟုဆိုကာ လက်ဖျောက်တီးပစ်စဉ်မှာ. . .

"ချွန်နဲ့လေဆန် ဟုတ်ပါတယ်နော်"

ဟူသောနှုတ်ခွန်းဆက်စကားကြောင့် သူတို့လှည့်ကြည့်လိုက်စဉ်မှာ ဣန္ဒြေရရ ခန့်ခန့်ညားညားလေးရပ်နေသော လူရည်သန့်လေးကို မမျှော်လင့်ဘဲ တွေ့လိုက်ရပါသည်။

"ဟာ. . . ကယ်တင်ရှင်ကြီး"

"တူပါတယ်လို့ကြည့်နေတာကြာပြီ၊ ကျွန်တော့်ဆီ အလည်လာကြ တာပေါ့"

"လမ်းကြုံရင်း လိပ်ဥတူးဖြစ်သွားတာပါ"

"ဟား. . . ဟား. . . လေဆန်က တကယ်နောက်တတ်တာပဲ"

"မင်းတို့ဘုရားကျောင်းဝင်းကြီးက အကျယ်ကြီးပဲနော်။ မင်းအပြင် တခြားလူတွေရော မရှိကြဘူးလား"

ချွန်က မေးလိုက်ခြင်းဖြစ်ပါသည်။ ဒါကို မိုင်ဆောင်က ရိုးရှင်းစွာပင်. . .

"အနောက်ဘက်မှာ ရှိကြပါတယ်။ စစ္စတာတွေက သန့်ရှင်း

ရေး လုပ်နေကြတယ်။ ဆရာကတော့ ပန်းအလှပြင်နေတယ်ထင်တယ်။ သူက မျက်စိပေါက်တယ်လေ''

''သူက အမြဲတမ်း ပန်းအလှပဲပြင်နေတာလား''

''ဆရာက တစ်ယောက်တည်းပဲ အမြဲတမ်း အေးဆေးနေတတ်တာ။ ပီယာနိုတီးရင် တီး၊ မတီးရင် ပန်းအလှပြင်။ ဒါမှမဟုတ်ရင် ယူကလစ်ပင်ကြီးအောက်မှာ သွားထိုင်နေတာပဲ''

''မင်းနဲ့ ဆရာရောင်အိုင်က အတော်ရင်းနှီးပုံရတယ်နော်''

''ဆရာက သိပ်မာနကြီးတာ။ ဒီကျောင်းကိုရောက်ခါစတုန်းက ကျွန်တော့်ကိုတောင် စကားမပြောဘူး''

''သူက ဣန္ဒြေရရလေးနဲ့လှတယ်''

''နာမည်ကိုက ဆရာရောင်အိုင်ကိုး။ ဖာရဲသာက အဲ့ဒီလိုနာမည်ပေးထားတယ်။ ဣန္ဒြေရှိတဲ့မိန်းမလှလေးပေါ့ဗျာ''

''ဒါဆို မိုင်ဆောင်ဆိုတာကရော''

''ဖာရဲသာပြောတာကတော့ ကျွန်တော်က အပြစ်တွေကြားက ရိုးသားဖြူစင်သူတဲ့။ စက္ကူလို့အဓိပ္ပာယ်ရတယ်။ စက္ကူဆိုတာ ဖြူစင်တယ်လေ''

''ဒါဆို ငါ့နာမည်က ဘာအဓိပ္ပာယ်လဲမသိဘူးနော်။ ချွန်တဲ့''

''သူ့အဓိပ္ပာယ်နဲ့သူတော့ ရှိမှာပါကွာ။ မင်းနားမလည်သေးတာနေမှာပေါ့။ ငါ့နာမည်ဆို လေဆန်။ မေမေကပြောပြတာတော့ လေဆန်ဆိုတာ အရာရာကို အံတုရင်ဆိုင်နိုင်ဖို့တဲ့။ ငါ့ညီနာမည်ဆိုရင် လေတံခွန်ကွာ။ အရာအားလုံးထက် လွတ်လပ်စွာမြင့်မားမှာပေါ့''

ချွန်ရင်ထဲ မဝင်ရောက်စဖူး ပင်ပန်းခြင်းတစ်မျိုးက တိုးဝှေ့ဝင်ရောက်လာခဲ့ပါသည်။ ဘာကိုမှဂရုစိုက်လေ့မရှိတဲ့ချွန်က အမည်နာမဆိုတာကိုလည်း အလေးမထားခဲ့ဖူး၍ပါ။ အခုတော့ သူက ထူးခြားစွာပင် သူ့ရဲ့အမည်နာမကို စိတ်ဝင်စားလာခဲ့ပါသည်။

ချွန်ဆိုသောထိုနာမည်ကို ဘယ်သူကစပြီး ခေါ်တွင်ခဲ့သလဲ။ ထို





နာမည်ကို ဘယ်သူက သတ်မှတ်ပေးသွားခဲ့သလဲ။ ဘာအဓိပ္ပာယ်လဲ။ အစရှိသဖြင့် သိချင်စိတ်တို့က အုံကြွလာခဲ့ရပါသည်။

သို့သော် ခပ်လှမ်းလှမ်းမှ ကြားလိုက်ရတဲ့ ပီယာနိုသံ ငြိမ့်ငြိမ့်ကြောင့် အားလုံးက မျက်လုံးချင်းဆုံသွားကြရပါသည်။

''ဆရာက ဗိမာန်တော်ထဲမှာပဲ''

''အတော်ပဲ။ ငါတို့လည်း ဂီတသံကြားချင်နေတာနဲ့''

''ဒါဆို ဗိမာန်တော်ထဲ သွားရအောင်လေ။ ဆရာရဲ့လက်သံက သိပ်အသက်ဝင်တာ။ နားထောင်ရတဲ့လူတိုင်းက စီးမျောသွားတတ်ကြတယ်''

ဟု အညွှန်းကောင်းသော မိုင်ဆောင်နောက် လိုက်ပါသွားကြပါသည်။ ကြီးမားကျယ်ဝန်းသောဗိမာန်တော်ထဲဝင်လိုက်သည်နှင့် တိတ်ဆိတ်အေးချမ်းမှုတို့က နှလုံးသားထဲ စိမ့်ဝင်လာရပါသည်။ သည့်ထက်အေးချမ်းစရာ မြင်ကွင်းတစ်ခုက စင်မြင့်ထက်မှာ စိမ်းနုရောင်ဂါဝန်ရှည်လေးနှင့် စမတ်တကျလေးထိုင်ကာ ပီယာနိုတီးနေသော ဆံနွယ်လိမ်ခွေခွေလေးများနှင့် မိန်းမလှလေးပါပဲ။ တင့်တယ်သောတေးသွားအေးအေးလေးနှင့်အတူ ဂန္ထဝင်ဆန်စွာ လှပသက်ဝင်နေပုံမှာ နာမည်ကျော်ပန်းချီကားလေးတစ်ချပ်နှယ်။

သူမရဲ့ဂန္ထဝင်ဆန်ဆန်အလှလေးက ငေးချင်တိုင်းငေးချင်ဖွယ်ဖြစ်နေရပါ၏။ ခပ်လှမ်းလှမ်းမှမြင်နေရတဲ့ သူမရဲ့လက်ချောင်းဖွေးဖွေးလေးတွေက ဟိုမှဒီသို့ပြေးလွှားလှုပ်ရှားနေပါသေးသည်။

နှုတ်ခမ်းလေးလှုပ်ရုံ တိုးတိုးလေး သီဆိုနေသေးသော သူမရဲ့နှင်းဆီငုံနှုတ်ခမ်းတစ်လွှာကလည်း ပိတ်လိုက်ဖွင့်လိုက်နှင့်။ ကြာငုံဖူးလေးနှယ် စူမို့မို့လေးလှပနေပါသေးသည်။ ဪ. . . ဆရာရောင်အိုင်ရယ်။

''ဖြောင်း. . . ဖြောင်း. . . ဖြောင်း''

တေးသွားလေး ဆုံးသွားသည်နှင့် လက်ခုပ်သံက ခန်းမတစ်ခု

လုံး ဟိန်းရှဲ့ည်းထွက်လာခဲ့ပါသည်။ ထိုအချိန်မှာ စူးနစ်စွာစိုက်ကြည့်ခဲ့တဲ့ သူမမျက်ဝန်းရှုရှုကြောင့် ပုရိသတို့ရဲ့ဘယ်ဘက်ရင်အုံမှာ တအုံနွေးနွေးလေး လှိုက်ဖိုသွားရသည်။

"ဆရီ"

လှမ်းခေါ်လိုက်တဲ့ မိုင်ဆောင်ရဲ့အသံဝါဝါကြောင့် အခြားတစ်ဖက်သို့ထွက်ခွာလုလု ဆရီရဲ့ခြေလှမ်းများမှာ တုံ့ခနဲရပ်ဆိုင်းသွားရပါသည်။

"ညှဲ့မနန်ဝါတဲ့ ရှုကျဲန်ယာန်နယော"

"ရွှန်စွန်"

ဟုသာ ခပ်ပြတ်ပြတ်ပြောကာ ဆက်သွားမည်အပြု. . .

"ဆရီ"

ဆိုသော မာန်ပါပါအသံက ထပ်မံဟိန်းထွက်လာခဲ့ပြန်သည်။ စင်မြင့်ထက်မှ ဆရီကို အားပြင်းလှသောအကြည့်တစ်မျိုးနှင့် မိုင်ဆောင်က တုံ့ပြန်နေသဖြင့် သူတို့မှာ အလိုလိုနေရင်း ပွဲကြည့်ပရိသတ်ဖြစ်သွားရပါ သည်။ ဆရီနှင့်မိုင်ဆောင်မှာ မျက်လုံးချင်း အကြိတ်အနယ်စကားပြောနေကြသယောင်။

"လေဆန်, သူတို့ဘာဖြစ်ကြတာလဲ"

"ငါတို့နဲ့ မိတ်ဆက်ပေးမယ်လို့ပြောတာ။ ဟိုက ငြင်းလိုက်လို့ထင်တယ်။ သူတင်းသွားတာ"

ဟု ချွန်ရဲ့တီးတိုးအမေးကို လေဆန်က တီးတိုးဖြေကြားလိုက်ပါသည်။ အချင်းချင်း အချိန်အနည်းငယ်မျှစိုက်ကြည့်ဖြစ်ကြပြီး နောက်ဆုံးမှာတော့ ဆရီရောင်အိုင်ကပဲ အလျှော့ပေးသည့်သဘောနှင့် စင်မြင့်ထက်မှ တစ်လှမ်းချင်းလျှောက်လှမ်းလာခဲ့သောကြောင့် ချွန်ရင်ထဲတစ်မျိုးတစ်မည်ကြီးခံစားလိုက်ရပါသည်။

ဒီလောက်ဆိုရင် ဆရီရောင်အိုင်အပေါ် မိုင်ဆောင်ရဲ့လွှမ်းမိုးမှုကို သူတို့သိသွားကြလို့ပါပဲ။ သို့ပါသော်လည်း နှလုံးသားနှင့်ရင်းနှီးခွင့်ရတော့မှာမို့ ရှာကြဲပျော်ရပါသေးသည်။





တစ်လှမ်းချင်းလျှောက်လှမ်းလာတဲ့သူမက သူတို့သုံးယောက်ရဲ့ရှေ့မှာ အသက်မဲ့စွာ ကျောက်ရုပ်တစ်ရုပ်လို ခံစားချက်မဲ့သောမျက်လုံးမျိုးနှင့် ဣန္ဒြေရစွာရပ်နေခဲ့ပါသည်။

မိုင်ဆောင်ကတော့ ထုံးစံအတိုင်း ကြည်လင်ရိုးစင်းသောအပြုံးမျိုးနှင့်. . .

"ဒါ ကျွန်တော့်သူငယ်ချင်း ဆရီရောင်အိုင်ပါ။ အားလုံးကတော့ ဆရီလို့ပဲခေါ်ကြတယ်။ ဆရီ. . . ဒါ ငါပြောဖူးတဲ့လူတွေလေ။ ချွန်နဲ့ လေဆန်ဆိုတာ"

ဆရီရောင်အိုင်က အပြုံးလေးတစ်ခုနှင့်ပင် တုံ့ပြန်ခြင်းမရှိဘဲ ဝတ်ကျေတန်းကျေပင် မျက်လုံးလေးဝင့်ကာကြည့်လိုက်ပေမယ့် လေဆန်ကတော့. . .

"သိရတာ ဝမ်းသာပါတယ်"

ဟု လက်ကမ်းပေးလိုက်သည်တွင် တုံ့ပြန်ခြင်းမရှိတဲ့ ဆရီရဲ့ပုံခပ်အေးအေးကြောင့် လေဆန်မှာ အရှက်ကွဲရလုလုအချိန်တွင် ဆရီရောင်အိုင်ရဲ့မျက်နှာလှလှကို တစ်ချိန်လုံးငေးကြည့်နေခဲ့တဲ့ချွန်က. . .

"နန်ဖဲ့ငိုင်မာမ်ရတ်ရ်အိုင်"

"မင်းကို ငါချစ်တယ်"

ဟုပင် ပေါ်တင်ကြီးပြောချပစ်တော့သည်။ ချွန်ရဲ့ အမှတ်တမဲ့စကားကြောင့် လေဆန်အပါအဝင် မိုင်ဆောင်ပါ အံ့ဩသွားရပါသည်။ သို့သော် ပွင့်လင်းရိုးရှင်းလွန်းတဲ့ချွန် ရရှိလိုက်တာကတော့ မလိုမာန်ထနေတဲ့ ဆရီရဲ့ခပ်ပြင်းပြင်းအကြည့်တစ်ချက်ပါပဲ။ ဖြတ်ကျော်သွားတဲ့ဆရီရဲ့ခြေလှမ်းမှန်မှန်နှင့်အတူ ချွန်ရဲ့ရင်ခုန်ခြင်းတို့က ကသောကမျောလိုက်ပါသွားရသည်။

"ဆရီက နည်းနည်းရှက်တတ်တယ်ဗျ။ သူငယ်ချင်းအားလုံးရှေ့မှာ အဲ့ဒီလိုကြီးပြောလိုက်တော့ သူရှက်သွားတာထင်တယ်"

"ရပါတယ် မိုင်ဆောင်, မဖာထေးပါနဲ့။ သူ့အကြည့်တွေကို ငါ

သဘောပေါက်ပါတယ်။ သူ ငါ့ကိုမုန်းသွားတာပါ။ ဒါပေမဲ့ ဘယ်လိုလုပ်ရမလဲ''

''ဘာဖြစ်လို့လဲ''

''ငါ အခုပဲ သူ့ကိုတအားချစ်မိသွားပြီ''

ဟု သူက အမှန်တကယ်ပင် ခံစားချက်အပြည့်နှင့်ပြောလိုက်တာဖြစ်ပေမယ့် မိုင်ဆောင်မှာ ရယ်ဟာဟာဖြစ်သွားသလို လေဆန်မှာလည်း အသံထွက်၍ပင် တဟားဟားနှင့်။

''ဆရီက. . . ကျွန်တော်ရယ် ဖာရ်သာရယ်ကလွဲရင် တခြားယောကျ်ားသားတွေနဲ့ စကားပြောဖူးတာ မဟုတ်ဘူးဗျ''

''သူ ဒေါသဖြစ်သွားပုံလေးက ချစ်စရာလေး။ နောက်ဆို သူဒေါသဖြစ်အောင် အမြဲစမှနဲ့တူတယ်''

''သူငယ်ချင်းတို့, နောက် ဆရီကိုတွေ့ဖို့ မဖြစ်နိုင်လောက်ဘူးထင်တယ်''

''ဘာကြောင့်လဲ''

''ဆရီက ကျွန်တော့်ကိုသိပ်ခင်လို့သာ။ နို့မဟုတ်ရင် သူ့ရှောင်ထွက်သွားပြီးတာကြာပြီ။ ဆရီက လူတစ်မျိုးပဲ။ သူ့ကိုချစ်တဲ့လူတွေကို သူက မုန်းတတ်တယ်''

''အထူးအဆန်းကြီးပါလား''

''ဒါဆို သူ့မှာအချစ်မရှိဘူးလား''

''ကျွန်တော် မပြောတတ်ဘူး။ တစ်ခါတစ်ရံမှာ ကျွန်တော်တောင် ဆရီကိုနားမလည်ဘူး''

''ငါ သူ့ကို ပိုစိတ်ဝင်စားသွားပြီ မိုင်ဆောင်။ ငါ မင်းကိုအများကြီးအားကိုးမယ်သူငယ်ချင်း။ ဖြစ်လား''

''ကျွန်တော်လည်း သူငယ်ချင်းတို့နှစ်ယောက်ကိုခင်ပါတယ်ဗျာ။ ကျွန်တော့်ဘဝမှာ ဆရီကလွဲရင် သူငယ်ချင်းတို့က ပထမဆုံးသူငယ်ချင်းပါပဲ''





''ငါတို့လည်း မင်းကိုခင်ပါတယ်။ တကယ်ပဲခင်မင်မိတာပါ။ အဲဒါ ဆရီရောင်အိုင်နဲ့နွယ်တဲ့အကန့်ထဲက မဟုတ်ဘူး။ အလိုလိုနေရင်းဒီအထဲက ဖြစ်ပေါ်လာတာ''

ဟုဆိုကာ ချွန်က သူ့ရဲ့ဘယ်ဘက်ရင်အုံကိုပုတ်ပြလျှင် လေဆန်က အင်္ကျီအိတ်ထဲနှိုက်ထားသော ညာဘက်လက်ကိုထုတ်ကာ မိုင်ဆောင်ထံ ကမ်းပေးလိုက်လျှင် မိုင်ဆောင်က အလိုလိုလက်ဖြန့်ပြီးဖြစ်သွားရပါသည်။

တစ်ယောက်လက်ကိုတစ်ယောက် မြဲမြံစွာဆွဲကိုင်ပြီး မိတ်ဖွဲ့လိုက်ကြသည်တွင် ချွန်က ညာဘက်လက်ကိုထုတ်လာကာ နှစ်ယောက်လုံးရဲ့လက်ပေါ်သို့တင်ကာ လွှမ်းမိုးချုပ်ကိုင်ပစ်တော့သည်။

ထိုအခါမှာတော့ သူတို့သုံးယောက်လုံးက ရင်နှစ်သည်းချာပမာ ရင်းနှီးချစ်ခင်သွားရတော့သည်။

♣ ♣ ♣



## အခန်း ( ၁၁ )

"မင်းက အဲ့လို ဘလိုင်းကြီးသွားပြောတော့ ဟိုက တွန့်သွားတာ ပေါ့ကွ။ ငါသာ ဆရီရောင်အိုင်ဆိုရင် ရှက်ရှက်နဲ့ပါးတီးလွှတ်တယ်"

"မင်းက ဆရီရောင်အိုင်ဆိုရင်လည်း ငါက လေဆန်ကိုပဲ ကြိုက်မှာပေါ့ကွ။ ဟား. . . ဟား"

"ဟော့ကောင်. . . ယောကျ်ားချင်းကြီး"

ဟုဆိုကာ အကြောက်အကန်ပုံနှင့် မိုင်ဆောင်က ခပ်ယို့ယို့လေး ရွှတ်နောက်နောက်ပြောလိုက်သည့်တွင် ချွန်က လက်ဝါးလေးဖြန့်ကာ ရိုက်မယောင်ရွယ်လိုက်ပါသည်။

"ဟဲဟဲ. . . ဒါနဲ့ မင်းတကယ်ပဲ အဲ့ဒီစော်လေးကို ကြည်သွားတာလား"

"ဘာလဲ။ ငါပြောင်နေတယ်ထင်လို့လား"

"မင်းဟာက မြန်ဆန်လွန်းတော့၊ ငါက"

''ဖူးစာဆိုတာ ဦးရာလူတဲ့။ ခံစားချက်ဆိုတာ အချိန်မလိုဘူး။ ရင်ဘတ်ထဲက သေချာနေပြီပဲ။ အချိန်ဆွဲနေလို့တော့ ငါ နောက်ကောက်ကျသွားမှာပေါ့။ နောင်တတွေနဲ့ပိပြီး မသေချင်ဘူး''

''အကယ်၍ သူ့မှာ ပိုင်ရှင်ရှိနေပြီဆိုပါစို့ကွာ''

''မရှိဘူးလေ။ မိုင်ဆောင်ကလွဲရင် အသိတောင် ဖိုသတ္တဝါဆို မင်းနဲ့ငါပဲရှိတာ''

''အကယ်၍နဲ့ ဆိုပါစို့လို့ ပလ္လင်ခံထားပြီးပြီလေ''

''အဲ့ဒါတွေ ငါမသိဘူး။ သိလည်းမသိချင်ဘူး။ သိဖို့လည်းမလိုအပ်ဘူး။ ငါချစ်တာက သူ့ကိုပဲ။ ပွားထွက်လာတဲ့အချက်အလက်တွေမဟုတ်ဘူး''

''သူက မင်းကိုမချစ်နိုင်ဘူးဆိုရင်ရော။ မင်းဘာလုပ်မလဲ,ချွန်''

''အဲ့ဒါက သူ့အပိုင်းပဲ။ ငါကတော့ သူ့ကို လုံးဝဥသုံချစ်တယ်ဒါပဲ''

''မင်းရဲ့အချစ်ကြီးကလည်း ပေါ့ပျက်ပျက်နိုင်လိုက်တာ''

''ဟဲ့! ဒီရင်ဘတ်ကြီးကိုခွဲကြည့်လိုက် သူငယ်ချင်း။ သွေးစက်တွေအစား ဆရီရောင်အိုင်ကိုချစ်တဲ့အချစ်တွေပဲ ထွက်လာလိမ့်မယ်''

''မင်းကတော့ ဝါပြီကွာ။ မင်းခန္ဓာကိုယ်ထဲမှာ သွေးတွေ ငါးလီတာအပြည့်ရှိတယ်။ ပလတ်စမာက ၆၀% နဲ့ သွေးဥက ၄၀% အတိပဲ။ ငါသိသလောက်တော့ မင်း ဆေးရုံကိုတစ်ခါမှမရောက်ဖူးဘူး။ အဲ့တော့ မင်းခန္ဓာကိုယ်ထဲမှာ သွေးပေါင်ချိန်အတိအကျနဲ့ ကျန်းကျန်းမာမာရှိနေတယ်။ ဘာအချစ်မှမနှောဘူး။ မင်း မဝါနဲ့''

''ပြဿနာပဲ၊ မချစ်စဖူးလေး ချစ်ပြဖူးပါတယ်။ ပိုမိတာကို ပြင်ဆင်နားထောင်ကွာ။ အရှိန်သေတယ်၊ အာရုံနောက်တယ်၊ တကယ်လေတယ်၊ ခံစားနေတာလေးတောင် ဘယ်ပျောက်ကုန်မှန်းမသိဘူး''

''နောက်မှခံစားစမ်းပါကွာ။ အချိန်ရှိတုန်း အမ်တူ (M2) သွားရအောင်။ လက်ရည်သေနေတာကြာပြီ''





''ဒီအချိန်မှာ ကျူတံမပြောနဲ့။ စိမ်းဝါရောင် ရှိမ်လာကိုတောင် ချွန်တို့က ရင်မခုန်တော့ဘူး။ ခဏလေးစောင့်ကြည့်။ ငါရင်ခုန်ရမယ့်လူက ဘွားခနဲပေါ်လာတော့မှာ''

''လာဦးမှာလားကွာ။ စောင့်နေတာကြာလှပြီ''

''လာမှာပါ။ မိုင်ဆောင်ပြောပုံအရဆို ဆရီရောင်အိုင်, လာကိုလာမှာ''

''တော်သေးတယ်. . . မိုင်ဆောင်နဲ့မိတ်ဆွေဖွဲ့ထားလို့သာ။ နို့မဟုတ်ရင် မလွယ်ဘူး''

''မဆိုင်ဘူး။ အဲ့ဒီအကန့်တွေမပါဘူး။ ငါ့နှလုံးသားထဲက အလိုလိုနေရင်း သူ့ကိုခင်တာပါ''

''ဟုတ်တယ်။ ငါလည်း အဲ့ဒီလိုပဲ။ သူ့မျက်နှာကိုကြည့်ရင်းနဲ့ ငါ့ရင်ထဲမှာ အလိုလိုရင်းနှီးနေတယ်။ သူ့မျက်နှာက အေးချမ်းတယ်၊ ရိုးသားတယ်၊ ကြည်စင်တယ်။ သူ့အပြုံးက တော်တော့်ကိုကြွေရတယ်''

''ဟော့ဟော့. . . ယောက်ျားချင်းကြီးနော်''

''ခွီးတဲ့မှ''

ဟုဆဲရေးလိုက်တဲ့လေဆန်ရဲ့အသံက ရယ်ကျဲကျဲနှင့်။

''အရာအားလုံးထဲမှာ ဆည်းဆာပျိုကိုကျေးဇူးတင်စရာပဲ''

''အဲ့. . . အခုမှသတိရတယ်။ အဲ့ဒီစော်လေးကိုမတွေ့တာ ကြာနေပြီ။ ပြန်သွားပြီးလားမသိဘူးနော်''

''မပြန်လောက်သေးပါဘူး။ လွန်ခဲ့တဲ့ငါးရက်လောက်ကပဲ ငါနဲ့တွေ့သေးတယ်''

''သွက်လှချည်လား,ချွန်ရဲ့။ ဟမ်း. . . မင်း ဘာသေးတွေဆောင်ထားသလဲ''

''သူက ရိုးရိုးပါပဲကွာ။ မင်းစိတ်ထဲ သိပ်ဆန်းမနေနဲ့။ ငါက ဆရီရောင်အိုင် ရှိနှင့်ပြီးသားကြီး''

''မဆိုးဘူးနော်။ အလန်းလေးပဲ''

"မင်းဟာမင်း လန်းပဲလန်းလန်း။ ရုတ်လို့ပဲ သိမ်းထားသိမ်းထား။ ငါတော့လစ်ပြီ"

ဟုဆိုကာ ဆိုင်ကယ်ကိုစက်နှိုးလိုက်တော့ လေဆန်မှာ ကြောင်တက်တက်နှင့်။

"ဟော့. . . ဘာကြောင့်လဲ။ ဒီက တုံးတိကြီး"

"ဟိုမှာ ငါ့နှလုံးသားလေး မတွေ့ဘူးလား"

ဆိုကာ ခပ်လှမ်းလှမ်းသို့မေးငေါ့ပြလိုက်သည်တွင် လေဆန်က လှည့်ကြည့်လိုက်ရာ ဆရီရောင်အိုင်နှင့်အတူ ထွက်ပေါ်လာသော မိုင်ဆောင်ကိုပါ တွေ့လိုက်ရပါသည်။

"ဆေးရိုးသည်လား။ ပလတ်စတစ်ကောက်တဲ့လူလား။ မြားနတ်မောင်လားကို ဝေခွဲမရနိုင်အောင်ပါဘဲ။ ဆိုးလိုက်တဲ့ကံ။ ခံပေဦးတော့ ချွန်ရေး"

ဟုသူက ပျော်ပျော်ရွှင်ရွှင်ကြီးညည်းတွားနေမိပါသည်။ သူတို့ကို မြင်သွားတဲ့မိုင်ဆောင်မှာတော့ အဝေးကနေကို ပြုံးပြုံးကြီးရှိနေခဲ့ရ၏။ ထိုစက်ဘီးလေးက သူတို့နားအရောက်မှာတော့ ရပ်တန့်သွားရပါသည်။

"ခဏရပ်ပါဦး ဆရီ၊ ငါ သူငယ်ချင်းတွေကို ခဏနှုတ်ဆက်လိုက်ဦးမယ်"

"ကြုံလို့မှမဟုတ်တာ။ တမင်တကာကြီးပဲ။ ဘာမှနှုတ်ဆက်နေစရာမလိုဘူး"

"ဆရီ"

မာကျောကျောရှိလှသည့်ဆရီရဲ့စိတ်ကို မကြိုက်သောအသံနှင့် မိုင်ဆောင်က အော်လိုက်တော့မှ ဆရီမှာ ခြသေ့်မင်းကိုကြောက်တဲ့မြေခွေးငယ်တစ်ကောင်နှယ်။

"ဘယ်သွားကြမလို့လဲ"

ဟုချိုအီအီအသံကို တမင်တကာလုပ်ပြီး ဆရီကိုဝေ့ကြည့်ကာ ဆိုလာသောချွန်ကို မိုင်ဆောင်ရော လေဆန်ပါ သဘောပေါက်ပါတယ်





ဆိုသောအကြည့်နှင့် တုံ့ပြန်လိုက်ကြပါသည်။

"ကျွန်တော်တို့ ကျော်ဘွန်ကိုသွားမလို့။ လိုက်ခဲ့ကြပါလား"

"ကျော်ဘွန်. . . ဟုတ်လား"

"အင်း. . . ကျွန်တော်က ပန်းချီဆွဲရင်ဆွဲမယ်။ ဆရီကတော့ အဖော်ပေါ့"

"အဝေးကြီးလိုသေးတာပဲ။ စက်ဘီးတွေကိုထားခဲ့ပြီး ဆိုင်ကယ်နဲ့ပဲ သွားရင်ရော"

ဟု လေဆန်ရဲ့ကမ်းလှမ်းချက်ကို ဆရီက ထိတ်ထိတ်ပျာပျာနှင့်. . .

"ရ ရပါတယ်။ ငါတို့ဖာသာ စက်ဘီးနဲ့သွားနေကျပါ။ အပိုတွေ"

ဆရီရဲ့စကားက ခပ်ရင့်ရင့်နဲ့ မာထန်ထန်လေးဆိုပေမယ့်လည်း ချွန်ရဲ့နှုတ်ခမ်းတစ်လွှာမှာ အပြုံးနုနုနှင့်။ ဆရီရဲ့ခပ်စိမ်းစိမ်းမျက်နှာလေးနှင့် ခပ်ရင့်ရင့်အပြောကို မိုင်ဆောင်က အားနာသွားသည်ထင်ပါရဲ့။

"ဟုတ်သားပဲ။ ဆရီကလည်း သူတို့က စေတနာနဲ့ဟာကို။ သူငယ်ချင်းတို့ခဏစောင့်။ ဒီနားမှာ ကျွန်တော့်အသိအိမ်ရှိတယ်"

ဟုဆိုကာ ဆရီရဲ့စက်ဘီးကိုသာ တွန်းလွှတ်နေသဖြင့် ဆရီမှာ မကျေမနပ်နှင့်ပင် ဆောင့်ဆောင့်အောင့်အောင့်လေး လိုက်ပါသွားရပြန်ပါသည်။ ဒါကို ချွန်က ရွှတ်နောက်နောက်လေးနှင့်။

"ဂါး. . . ဂဏှာစောမ်လေ"

"ဟာ. . . ချစ်စရာကောင်းလိုက်တာ"

ဟုဆွေးဆွေးမြည့်မြည့်ပြောချလိုက်ပါသည်။

"မင်း ဒါတွေ ဘယ်တုန်းက တတ်သွားတာလဲ"

"ကချင်မလေးကိုကြိုက်မှတော့ ဒါတွေက ပါးပါးလေးပါ"

ဟု အသံကျယ်ကြီးနှင့် ပေါ်တင်ကြီးပြောနေသောချွန်ရဲ့အသံကို မိုင်ဆောင်ရော၊ ဆရီပါ ကြားဖြစ်အောင်ကြားလိုက်ရသေး၍ ဆရီမှာ တိုချင်မိသည့်စိတ်များ ပို၍ကျုံ့ဝင်သွားရပါသည်။

''ဘယ်လိုဟာမှန်းမသိဘူး။ မျက်နှာပြောင်လိုက်တာ။ အား! ဒေါသဖြစ်လိုက်တာ''

ဟု ဆရီရောင်အိုင်ရဲ့မခံချိမခံသာအပြောကို မိုင်ဆောင်က ကျိတ်ရယ်လိုက်သဖြင့်. . .

''ဘာရယ်တာလဲ''

''သဘောကျလို့ပေါ့''

''မိုင်ဆောင်နော်။ နင်အရင်ကနဲ့ကိုမတူဘူး။ နင့်ကိုလည်းသိပ်ဒေါသဖြစ်တာပဲ။ အဲ့လောက်ထိကြီးပဲ သိသိသာသာတွန်းပို့ရသလား။ ငါက ဟင်းရွက်ကန်စွန်းမဟုတ်ဘူးနော်။ ပြီးတော့ ငါ သူ့ကိုလည်း မကြိုက်ဘူး''

''ကြိုက်ပါလို့တော့ ငါမပြောလိုပါဘူး။ ဒါပေမဲ့ ငါ့သူငယ်ချင်း နင်နဲ့ ငါခင်တဲ့သူတို့နှစ်ယောက်ကို ငါက ရင်းနှီးစေချင်တယ်။ ငါ နင့်ကို ခင်သလို သူတို့ကိုလည်းခင်တယ်။ အဲ့ဒါကြောင့်ပါ''

''နင်တကယ်ပြောနေတာလား. . . မိုင်ဆောင်''

''ငါတို့က သူငယ်ချင်းတွေဆို ဘယ်လောက်ပျော်စရာကောင်းမလဲ။ နှစ်တွေအများကြီး အထီးကျန်စွာဖြတ်သန်းခဲ့ရပြီးပြီ။ ငါ ခဏလေးဖြစ်ဖြစ် သူငယ်ချင်းတွေ စည်စည်ဝေဝေနဲ့ ပျော်ရွှင်ချင်တယ်''

''ငါ သူတို့နဲ့ခင်မှ နင်ပျော်ရွှင်မှာလား မိုင်ဆောင်''

''အမှန်ပေါ့။ အဲ့ဒါပျော်စရာအကောင်းဆုံးပေါ့။ သူတို့က ခင်ဖို့ ကောင်းပါတယ်''

ဟု မိုင်ဆောင်က အားတက်သရောကြီးပြောချလိုက်သည်တွင် စိုစွတ်သွားတဲ့သက်ပြင်းရှိုက်သံသဲ့သဲ့ကိုမူ မိုင်ဆောင်က မကြားလိုက်ရပါ။

နောက် ငါးမိနစ်မျှအကြာတွင် မိုင်ဆောင်နှင့်ဆရီ ရောက်လာကြသဖြင့် သူတို့နှစ်ယောက်လုံးက ကိုယ်စီ ဆိုင်ကယ်ကိုစက်နှိုးလိုက်ကြစဉ် လေဆန်ရဲ့ဆိုင်ကယ်ပေါ် ဇွတ်ခနဲရောက်ရှိသွားသည့် ဆီရီရောင်အိုင်ရဲ့





နောက်ကျောလေးကြောင့် ချွန်နှင့်မိုင်ဆောင်အပါအဝင် . လေဆန်ပါ ပြုံးဖြစ်သွားပါ၏။

''ဖြည်းဖြည်းမောင်းလို့မရဘူးလား''

ဟုပြောလာသော အသံတိုးတိုးလေးကြောင့်. . .

လေဆန်မှာ ရုတ်ချည်း စက်ရှိန်ကိုလျှော့ချပစ်လိုက်၏။

''ဘယ်လိုမှတော့ သဘောမထားပါနဲ့။ ငါတို့ကို သူငယ်ချင်းလိုပဲ သဘောထားပါ။ ငါ့အကျီစကိုပဲဖြစ်ဖြစ် ဆွဲကိုင်ထားလိုက်ပါ။ နင်ကျမှာစိုးလို့ပြောတာနော်''

''ဆရီလည်း နင်တို့ကိုခင်မှာပါ။ အဲ့ဒါမှ မိုင်ဆောင်က ကျေနပ်မှာလေ''

ထိုစကားမှာတော့ လေဆန်ရဲ့ရင်ထဲ အနည်းငယ်လှုပ်ခတ်သွားရပါသည်။ ဘာဖြစ်လို့ပါလိမ့်။

''နင့်ကိုတော့ ဆရီ နည်းနည်းကြည့်လို့ရပါတယ်။ ဟိုလူကိုတော့ မုန်းတယ်''

''ချွန်က ခင်ဖို့ကောင်းပါတယ်။ ငါ့သူငယ်ချင်းမို့ ဘက်လိုက်ပြီး ပြောတာမဟုတ်ဘူး။ ချွန်နှုတ်ဖျားမှာ မင်းက ပထမဆုံးပဲ ကြားဖူးတာပါ''

''ဆရီက''

''ကျေးဇူးပြုပြီး အဲ့ဒီနာမ်စားကို မသုံးပါနဲ့လား။ မိုင်ဆောင်ကိုပြောသလိုပဲ နင်နဲ့ငါ အဲ့လို ရင်းရင်းနှီးနှီးပြောပေးပါလား။ အဲ့ဒီနာမ်စားကြီးက သိပ်နွေးထွေးမှုမရှိလို့ပါ''

''ကောင်းပြီလေ၊ အပန်းမကြီးပါဘူး။ မိုင်ဆောင်ရဲ့ဆန္ဒကိုတောင်လိုက်လျောမှတော့ ဒီနာမ်စားက ဘာလုပ်ရမှာလဲ''

ဟုပြောလိုက်တဲ့ ဆရီရဲ့အသံက ခြောက်ကပ်ကပ်နှင့် ခံစားချက်မဲ့လွန်းလှပါသည်။ တဒင်္ဂအတွင်း မိုင်ဆောင်သိလိုက်သည်က ဆရီရဲ့နာကျင်မှုနဲ့ မိုင်ဆောင်အပေါ်ထားတဲ့ ဆရီရဲ့သံယောဇဉ်ကိုပါပဲ။ ချွန်နဲ့

အတွက် သူ့ရင်ထဲ လေးပင်သွားရပါသည်။

ထိုနေ့က ဂျော်ဘွန်ကိုရောက်သွားချိန်တွင် မိုင်ဆောင်ကတော့ လေသာဆောင်ထိပ်မှာ သဘာဝရှုမျှော်ခင်းပုံကိုဆွဲ၍ ဆရီက ဆုတောင်းခန်းထဲဝင်ပြီး ဆုတောင်းနေ၍ လေဆန်ကတော့ မိုင်ဆောင့်ဘေးမှာ ဟိုဟိုဒီဒီငေးမောနေ၍ ချွန်ကတော့ ထုံးစံတိုင်း ဆရီကို အရိပ်တကြည့်ကြည့်နှင့် ရှိနေခဲ့ပါသည်။ ထိုနေ့ အိမ်ပြန်လမ်းပေါ်တွင် ချွန်ပြောခဲ့သော စကားတစ်ခွန်းက လေဆန်ကိုရင်မောသွားစေခဲ့ရပါသေးသည်။

"ငါ ဆရီရောင်အိုင်ကို အရမ်းချစ်မိသွားပြီကွာ"

တဲ့လေ။ ဒါကို ချွန်က အလေးအနက်ပြောတာဆိုတာ သူ့အမှန်အကန်သိနေပါသည်။

ချွန်ရဲ့မျက်ဝန်း၊ ချွန်ရဲ့နှုတ်ခမ်း၊ ချွန်ရဲ့အပြုအမူတွေက လုံးဝသက်သေခံနေ၍ပါ။ ငယ်ပေါင်းကြီးဖော်တွေဖြစ်တဲ့သူက ချွန်ရဲ့စိတ်ကို ထိုးဖောက်မြင်နိုင်နေပါသည်။

ချွန်က အမှန်တကယ်ပဲ ဆရီရောင်အိုင်အပေါ် စူးစူးနစ်နစ်ချစ်နေမိ၍ဖြစ်ပေလိမ့်မည်။ သေချာတာကတော့ ဂျော်ဘွန်ကြောင့် သူတို့နှင့် ဆရီရောင်အိုင်က အရင်တုန်းကထက် ပိုမိုရင်းနှီးလာမိကြတာပါပဲ။

♣ ♣ ♣



## အခန်း ( ၁၂ )

"ဒီပန်းစည်းကြီးက ဘာလုပ်ဖို့လဲ,ချွန်"

"လွှင့်ပစ်ဖို့မဟုတ်တာတော့ လုံးဝသေချာတယ်"

"သိပါဘူးကွာ။ လွှင့်ပစ်မယ်ဆိုရင် ငါက တောင်းဦးမလို့"

"မင်းက ဘာလုပ်ဖို့လဲ"

"ဆရီရောင်အိုင်ကို ပေးမလို့လေ"

ဟု ရှတ်နောက်နောက်လေးပြောလိုက်လျှင် ချွန်က ရယ် ချဲကျဲလေးဖြစ်သွားရပါသည်။

"ခရစ္စမတ်လက်ဆောင်လေ။ အဆင်ပြေလား"

"ဟိုက မင်းမျက်နှာကို ပန်းစည်းနဲ့မရိုက်ထုတ်မချင်းတော့ အဆင်ပြေပါတယ်ကွာ"

"သေချာတယ်။ ငါအဆင်ပြေတော့မှာ"

"(၂၀၅၀) ခုနှစ်အတွက် အနာဂတ်ကြည့်ကွန်ပျူတာကြီးမှာ ကြည့်

ခဲ့လို့လား''

''တုံးလိုက်တဲ့. . . လေဆန်ရယ်။ ငါ့သူငယ်ချင်းပါလို့ပြောရမှာတောင် ရှက်စရာကောင်းနေပြီ။ မှတ်ထား, ခရစ်ယာန်ဘာသာဝင်တွေက ခရစ္စမတ်လက်ဆောင်ကို အဲ့လိုလုပ်ရိုးထုံးစံမှမရှိတာ။ မင်း ငတုံးပဲ လေဆန်''

''စားသွားပြန်ပြီတစ်ပုံ။ တစ်သျှူးစလေးတောင် မဖယ်ဘူး''

''အား! ညစ်ပတ်တာ။ သွား. . . မင်းပါးစပ်ကို အိမ်သာရေနဲ့ ပလုတ်သွားကျင်းလိုက်။ လင်ကီးမရှိဘူး။ ပန်းဥယျာဉ်ထဲကစိတ်ကူးတောင် အပုပ်နံ့တွေထဲ စီးမျောနေကုန်ပြီ''

''ပန်းဥယျာဉ်၊ ဘာပန်းဥယျာဉ်လဲ''

''ဒီပန်းစည်းလေးကိုပေးရင်း I love you လုပ်မှာပေါ့''

''ဟား. . . ဟား. . . ဟား. . . မင်းအရူး. . . အရူးပဲ,ချွန်''

ဟုတဟားဟားနှင့် လေဆန်က အော်ရယ်ပစ်လိုက်သည်တွင် တံခါးကိုဟဟလေးဖွင့်၍ဝင်လာသောကောင်လေးက လှပသောပန်းစည်းကို မအပ်မစပ်ကိုင်ထားသောချွန်ကို ပြုံးမယောင်လေးကြည့်ကာ. . .

''ချွန့်ဟာက ဘုရားအိုးလဲဖို့လား''

''ဖွတ်ကဒူး, လွဲပါစေ၊ ပယ်ပါစေ။ တော်ပြီ၊ ငါသွားတော့မယ်။ ငါမသွားရင် ငါ့ရဲ့တန်ဖိုးကြီးတဲ့ပန်းစည်းလေး လမ်းဘေးမြောင်းပုပ်ထဲ ရောက်ရတော့မယ်''

ဟု ရွတ်နောက်နောက်ကလေးပြောကာ ပန်းစည်းကြီးကိုတယုတယပွေ့ကာ နမ်းရှုံ့ပစ်လိုက်ပါသည်။ ချွန်က အခုလိုရူးကြောင်ကြောင်နေလေ့မရှိသောကြောင့် ကောင်လေးမှာ မှင်တက်သွားရပါသည်။

''ချွန်ရဲ့ကောင်မလေးကိုပေးဖို့လား''

''ဒိုင်ကော့'' (အမှန်ပဲ)

''ချောသလား''

''ချောတာပေါ့ကွာ''





''ညီ့ကို မိတ်ဆက်မပေးတော့ဘူးလား''

''အဲ့လောက်ထိ ပိုင်နေလို့ကတော့ ငါ့ညီကိုမေ့စရာလားကွ''

''အခုက ဘာဖြစ်နေလို့လဲ,ဆန်''

လေဆန်ကို ဆန်ဟုတစ်လုံးတည်းခေါ်ပြီ ချွန်ကိုချွန်လို့ပဲ ရိုးရိုးလေးခေါ်တတ်တာကတော့ ငယ်ငယ်တည်းကမို့ နှုတ်ကျိုးနေခဲ့ပါပြီ။

''မိန်းကလေးက သူ့ကိုစကားပြောဖို့နေနေသာသာ လှည့်ကို မကြည့်လို့ကွ။ ဒီကောင် အီးပိတ်နေတာ''

''အထာကိုင်တာပေါ့''

''အဲ့လိုလည်းမဟုတ်ဘူး၊ ဩော်. . . လေဆန်, ကောင်လေးသိတယ်လေ။ တစ်ခါဆုံဖူးတာပဲ''

''အဲ. . . ဟုတ်တယ်။ စက်ဘီးလဲသွားလို့တောင် ထောင်ပေးလိုက်သေးတယ်လေ''

ဟု လေဆန်က ပြန်ထောက်လျှင် ကောင်လေးရဲ့အာရုံထဲ စက်ဘီးအစိမ်း၊ ဂါဝန်နီညိုရောင်လေးနှင့် အစ်မလှလှရဲ့ပုံရိပ်က အမှတ်တရကြီးပင် မြင်ယောင်လာခဲ့ရပါ၏။

သူ့ရင်ထဲမှာ တစ်မျိုးတစ်မည်ကြီးနှင့် ဟာတာတာကြီး ကြေကွဲခံစားလိုက်ရပေမယ့်. . .

''ဆံပင်လိမ်ခွေခွေလေးနဲ့''

''အေး. . . သူပဲ, နာမည်က ဆရီရောင်အိုင်တဲ့။ ဒီကောင်ကြီး အသည်းအသန်ကြွေနေတဲ့ပန်းကလေးပေါ့''

''ဘယ်လိုလဲ ကောင်လေး။ ငါ့မိန်းကလေးက ချောရဲ့လား''

''အင်း. . . ချောတယ်။ ဒါပေမဲ့''

''ဘာဖြစ်လို့လဲ''

''အဲ့ဒီအစ်မကို ညီ, တစ်နေရာရာမှာ ရင်းနှီးနေသလိုပဲ။ အဲ့ဒီ အစ်မကိုတွေ့လိုက်ရတော့ တစ်ယောက်ယောက်ကို သတိရသွားမိသလိုလိုပဲ''

"ဘယ်သူ့ကိုလဲ"

"ညီလည်း မသိဘူး။ သေချာပါတယ်။ အဲ့ဒီမမကို ညီရင်းနှီးနေပါတယ်"

ထိုအခါမှာတော့ ကောင်လေးရဲ့စကားကို မမှိတ်မသုန်နားထောင်နေသောချွန်မှာ ရုတ်တရက်ထရပ်ကာ လက်ခုပ်ကို ကျယ်ကျယ်တီးလိုက်ပြီး. . .

"ငါအကြံရပြီ. . . လေဆန်"

"ဘာလဲ"

"ဒီပန်းစည်းမှာ ပို့စကတ်ချိတ်လိုက်မယ်။ ပြီးတော့ ကောင်လေးကတစ်ဆင့် ပို့မယ်ကွာ။ ဘယ်လိုလဲ"

"မင်းကိုယ်တိုင်လှူပ်ရှားတာက ပိုလို့အကျိုးရှိနိုင်တယ်"

"ဟဲဟဲ, တကယ်တော့ ငါလည်း အဲ့လောက်ထိ သတ္တိမကောင်းဘူးကွ"

"ဟ. . . ဘယ်လိုဖြစ်သွားရတာလဲ"

"မင်းမကြားဖူးဘူးလား။ လူတွေဟာ အချစ်နဲ့တွေ့ရင် မဖြစ်ဖူးတာတွေ ဖြစ်ကုန်တယ်ဆိုတာလေ"

"လေတစ်လုံးမိုးတစ်လုံးနဲ့ ပြောချင်ရာပြောပြီး ပုဆိုးခြုံထဲ လက်သီးပြမနေနဲ့။ ကိုယ့်ဖနဲ့ကိုယ်ဝင်"

"စတက်ဘိုင်စတက်ပေါ့ကွာ။ ပထမဆုံးအကြိမ်မှာ ကောင်လေးကိုလွှတ်တာ ပိုကောင်းမယ်။ အဲ့ဒါမှပြေလည်မှာလေ။ ကောင်လေးက သူ့ကိုကူညီဖူးတယ်"

"ဟော့ကောင်"

"ဖြစ်ပါတယ်။ ညီလုပ်ပေးမယ်"

ဟု မဆိုင်းမတွကြီးပြောလာသော ခိုင်မာပြတ်သားလှတဲ့ကောင်လေးရဲ့အသံကြောင့် သူတို့နှစ်ယောက်လုံးမှာ အံ့သြသွားရပါသည်။

အဘယ်ကြောင့်ဆိုသော် ဒီလိုရှုပ်ထွေးသောကိစ္စရပ်များတွင်






ကောင်လေးက ဘယ်သောအခါမှ ပါဝင်ပတ်သက် စိတ်ဝင်စားမှုမရှိခဲ့ပါ။

အမြဲတစေအနေအေးပြီး ကိုယ့်အတွေးနဲ့ကိုယ် ခပ်အေးအေးသာ နေတတ်သောကောင်လေးက အခုတော့လည်း တက်တက်ကြွကြွကြီးပင်။

သူတို့နှစ်ယောက်နှင့် ဖော်လိုလိုက်ပြီး နောက်နေတယ်ဟုယူဆကာ ကောင်လေးကို မယုံသင်္ကာနှင့် ကြည့်လိုက်ကြပြန်တော့လည်း ကောင်လေးရဲ့မျက်လုံးတွေက လေးနက်ခြင်းနဲ့ ခိုင်မာနေခဲ့ပါသည်။

ချွန်မှာ ယုံရခက်၊ မယုံတစ်ဝက်နှင့်ပင် သူ့လက်ထဲမှပန်းစည်းကြီးကို လက်တည့်စမ်းသည့်သဘောနှင့် ကောင်လေးရဲ့လက်ထဲ ဝကွက်အပ်ဖြစ်လိုက်ပါတော့သည်။

♣ ♣ ♣



## အခန်း ( ၃၃ )

တက်တက်ကြွကြွနှင့် ဘုရားကျောင်းဝင်ထဲ လှမ်းဝင်လာသော ကောင်လေးရဲ့ခြေလှမ်းတွေမှာ ပေါ့ပါးလွန်းလှပါသည်။ သူ၏လက်ထဲမှာလည်း လှပစိုပြည်နေသော ပန်းစည်းကြီးက ခမ်းခမ်းနားနားလိုက်ပါလာရသည်။

ချွန်နဲ့လေဆန်ကို ညီတစ်ယောက်တည်းဖြစ်ပါတယ်ဟုပြောလိုက်သောကြောင့် ထိုနှစ်ယောက်မှာ ပါမလာကြပါ။ တိတ်ဆိတ်ခြင်းတို့ လွှမ်းခြုံထားသောဘုရားကျောင်းဝင်းကြီးထဲမှာ ဟိုသွားရမလို၊ ဒီသွားရတော့မလိုနဲ့ ရောက်တတ်ရာရာ။

သို့သော် စိတ်တွေကတော့ ထုံရိလေးလံခြင်းအလျဉ်းမရှိ၊ ပေါ့ပါးကြည်လင်နေလျှက်။ ထိုအစ်မလှလှလေးနဲ့ ဆုံတွေ့ရမှာကို ပျော်ရွှင်မိသလိုလိုဖြစ်မိပါသေးသည်။

သူဘာကြောင့် ထိုအစ်မလှလှလေးနှင့်ဆုံချင်မိမှန်းလည်း ကိုယ့်ကိုယ်ကိုမသိပါ။ ထိုအစ်မလေးကို စိတ်ထဲက အလိုလိုတွေ့ချင်နေမိတာပဲသိ၏။

ထိုအစ်မလှလှလေးရဲ့မျက်လုံးတွေကို သူသိနေသလိုလိုကြီးနှင့် စိတ်ထဲရင်းနှီးလွန်းလှသည်။ ဒါကြောင့်လည်း ချွန်နဲ့ဆန်ကြားက ကြက်ခြေခတ်လေးထဲ ဆုံတုန်းကြုံတုန်းမှာ မရမက ဝင်ပူးခဲ့ခြင်းသာဖြစ်သည်။

သို့သော် အမြဲခပ်အေးအေးသာ နေတတ်သဖြင့် အခုလိုကျတော့လည်း ရောက်တတ်ရာရာတော့ရှိသား။ ဗိမာန်တော်ထဲပဲ ဝင်သွားရမလား။ ခမ်းနားသပ်ရပ်လွန်းလှတဲ့ စီရရီရှိနေကြသော သစ်ပင်အုံ့အုံ့လေးတွေကိုပဲ ငေးနေရမှာလား။

ခုံတန်းဖြူလေးတွေပေါ်မှာပဲထိုင်ပြီး အစ်မလှလှလေးထွက်အလာကိုစောင့်မျှော်နေရမှာလားဆိုတာ မတွေးနိုင်လောက်အောင်ပင် ကြောင်တောင်တောင်နိုင်လွန်းလှပါသည်။

ထိုသို့အချိန်မှာပင် သာယာနာပျော်ဖွယ်ကောင်းသောစန္ဒရားသံကို ခပ်လှမ်းလှမ်းမှ ကြားလိုက်ရပါသည်။ စမ်းရေစီးသံလိုလိုနှင့် စတင်ခဲ့ပြီး အသံခပ်အုပ်အုပ်လေး ထွက်ပေါ်လာကာ တေးသွားတစ်ပုဒ်ကိုပိုင်ပိုင်နိုင်နိုင်တီးခတ်နေသဖြင့် သူ၏မျက်ဝန်းအိမ်လေးမှာ ပြုံးကျယ်သွားရပါသည်။

တစ်ဆက်တည်းမှာပင် ဂါဝန်ညစ်စုတ်စုတ်လေးနှင့် ဆံပင်တွေရှုပ်ပွညစ်ပတ်စွာ သူ့ကိုရယ်ပြနေသောကလေးမတစ်ယောက်ရဲ့မျက်နှာခပ်နွမ်းနွမ်းက အာရုံထဲမှာ ဝိုးတဝါးပေါ်လာခဲ့ရသည်။

သူ့ရင်ထဲမှာ ဆို့နစ်ကြေကွဲစွာခံစားလိုက်ရသည်။ အာခေါင်တွေမှာလည်း ကွဲအက်ခြောက်သွေ့စွာပင် တစ်ခုခုကို မွတ်သိပ်စွာ နာကျင်နေမိပါသည်။

ပါးပြင်ပေါ်သို့ ပူနွေးနွေးအရည်ကြည်တွေ တစ်လိမ့်ချင်းစီးကျနေသည်ကိုပင် ကိုယ့်ကိုယ်ကို မသိလိုက်ပါ။ သူသတိရလာသောအခါတွင်





မှာ သူက ဗိမာန်တော်ထဲ ရောက်နေခဲ့ပါသည်။

စင်မြင့်ထက်မှာ အဝါနုစ်ရောင် ဂါဝန်ရှည်လေးနှင့် စန္ဒရားတီးနေသောသူမရဲ့ပုံရိပ်က သူ့ရင်အစုံကို တစိမ့်စိမ့်နာကျင်စေပါသည်။ ထိုတေးသွား. . . ထိုတေးသွားက သူ့နှလုံးသားကို အပ်သေးသေးလေးနဲ့ ဖြည်းဖြည်းချင်း ထိုးဆွနေသလိုပင် သူ့ရင်အစုံကို စူးနစ်နာကျင်စေပါသည်။ သူ့အာရုံထဲမှာတော့ ထိုညစ်စုတ်စုတ်ကောင်မလေးက ဟိုမှဒီသို့ ပြေးလွှားလှုပ်ရှားလျက်။

ဆရီရောင်အိုင်မှာ တေးသွားလေးဆုံးသွားတော့ ထုံးစံအတိုင်း ထရပ်လိုက်ကာ လှည့်ထွက်မည်ကြံတော့ သူမကို ငူငူကြီးရပ်ကြည့်နေခဲ့သော ထိုကောင်လေးကြောင့် ရင်ထဲမှာ ထိတ်ခနဲခံစားလိုက်ရပါသည်။ ခါတိုင်းလို စိတ်အနှောင့်အယှက်ဖြစ်ရတာမျိုးတော့မရှိ။

သူမကိုမျက်ရည်တွေအရွဲသားနှင့် ငေးကြည့်နေခဲ့သော ထိုကောင်လေးရဲ့မျက်ဝန်းများက သူမနှလုံးသားကိုနွမ်းနယ်စေပါသည်။ ထိုကောင်လေးရဲ့ပခုံးကိုသာ ဖွဖွပုတ်ကာ အားပေးနှစ်သိမ့်ပေးချင်မိပါသည်။

သို့သော်လည်း အသိစိတ်ထဲမှာ ကိန်းဝပ်နေခဲ့သည်က ထိုကောင်လေးဟာလည်း အရွယ်ရောက်နေတဲ့ပုရိသလေးပါလားဟုဖြစ်သည်။ ဒီ့ထက်အဆိုးဆုံးက ချွန်ရယ်၊ လေဆန်ရယ်နဲ့တွဲပြီး ထိုကောင်လေးကို သူမ တွေ့ဖူးထား၍ပါ။

အခြားလူတစ်ယောက်ကို သာမန်ကာလျှံကာမျှသာ အစွဲအမှတ်မရှိခဲ့တဲ့ဆရီက ထိုကောင်လေးကိုတော့ ကောင်းကောင်းကြီးသိနေခဲ့ပါသည်။

ချွန်ကိုမုန်းပါသော်လည်း ချွန်နဲ့ပတ်သက်နေသော ထိုကောင်လေးကိုတော့ ထူးဆန်းစွာပင် သူမက မုန်းမနေခဲ့ပါ။ သို့သော်လည်း အေးဆေးတည်ငြိမ်လှတဲ့ဆရီက ခံစားချက်မဲ့သောမျက်နှာပေးနှင့် ထုံးစံအတိုင်း ထိုကောင်လေးကို မမြင်ချင်ယောင်ပြုပြီး ထွက်သွားမည်အပြုတွင်. . .

"မမ"

ရင်းနှီးကျွမ်းဝင်လှသော ထိုအသံတိုးတိုးလေးက သူမရင်အစုံကို ပြောင်းဆန်သွားစေပါသည်။ နောက်ဆက်တွဲ ထွက်ပေါ်လာမည့်အသံကို နားစွင့်နေလိုက်စဉ်. . .

"မမ. . . မမ, အဲ့ဒီလိုပဲ ခေါ်ပါရစေ"

အက်ရှတုန်ယင်နေခဲ့သော ထိုအသံက သူမ၏မျက်ရည်တစ်စက်ကို မြေမှာ ခသွားစေပါသည်။ ဆက်လက်ထွက်ပေါ်လာမည့်အသံကို နားစွင့်နေပေမယ့်လည်း ထပ်မံထွက်ပေါ်လာခြင်းမရှိတာကြောင့် သူမ လှည့်ကြည့်လိုက်စဉ် ကြမ်းပြင်ပေါ်သို့ဒူးထောက်ကာ ပုံပျက်ပန်းပျက် ထိုင်ချလိုက်သော ထိုကောင်လေးကြောင့် သူမရဲ့ခြေလှမ်းတွေမှာ အလိုလိုနေရင်း ထိုကောင်လေးထံ ဦးတည်ပြီးဖြစ်သွားရပါသည်။

"ကောင်လေး"

သူမရဲ့အသံက တကယ့်ကိုတိုးတိုးညင်ညင်လေးပါ။

"ကျေးဇူးတင်ပါတယ်။ တကယ်ကိုကျေးဇူးတင်တာပါ"

"ဟင်!"

"လွန်ခဲ့တဲ့နှစ်တွေက. . . ကျွန်တော့်ကို အဲ့လိုပဲခေါ်တဲ့လူရှိခဲ့ပါတယ်။ ဆန်က ကျွန်တော့်ကို အဲ့လိုလေးခေါ်တော့ ကျွန်တော် ကျေနပ်ခဲ့ရတယ်။ ဒါပေမဲ့. . . ကျွန်တော့်နာမည်က လေတံခွန်ပါ။ မေမေပြောတာတော့ ကျွန်တော်က အမြင့်ဆုံးသောနေရာမှာရှိတာတဲ့။ အားလုံးကို စီးမိုးပြီး မြင်နိုင်တယ်တဲ့။ ကျွန်တော် ပျော်ရွှင်ခဲ့ရတယ်။ မမကို ကျေးဇူးတင်ပါတယ်။ မမရဲ့တေးသွားတစ်ပုဒ်က ကျွန်တော့်ကို တခြားလူတစ်ယောက်ယောက်ကိုတောင်းပန်ပါလို့ ပြောနေသလိုပဲ။ တောင်းပန်ပါတယ်။ တကယ်ကိုတောင်းပန်ပါတယ်။ မေမေကိုရော၊ ဆန်ကိုရော၊ အခြားလူကိုရော"

ဟု ရောက်တတ်ရာရာ အတွေးထဲလွင့်မျောရင်း တစ်ယောက်ယောက်ကို တိုင်တည်ကာပြောနေသော ကောင်လေး၏စကားလုံးများ





က သူမ၏စိတ်ကို ဒွိဟာဖြစ်စေရပါသည်။

ထိုကောင်လေးက ဘာတွေကို ဘာအဓိပ္ပာယ်မျိုးနှင့်ပြောနေတာလဲဆိုတာ မသိနိုင်ပေမယ့် သူမရင်ထဲမှာ အလိုလိုနေရင်း တစ်ခုခုကို နားလည်နေမိပါသည်။

"မမ. . . အဲ့ဒီတေးသွားကို ဘယ်ကရသလဲလို့ ကျွန်တော်က မေးရင် ဖြေမှာလား"

ထိုမေးခွန်းမှာတော့ သူမရဲ့ရှိရင်းစွဲအနုပညာမာန်လေးက နိုးထသွားရကာ

"တခြားလူဆီက ခိုးထားတာပါလို့ မင်းက စွပ်စွဲလိုက်တာပဲ"

ဟု ခပ်မာမာကြီးပြောချပစ်လိုက်ပါသည်။

"ဆောရီးလို့ပြောရင် ခပ်ပေါ့ပေါ့ကြီးမို့ ကျွန်တော်တောင်းပန်ပါတယ်။ ဘာကိုတောင်းပန်နေတာလဲဆိုတာ မသိပေမယ့် ကျွန်တော် မမကို တောင်းပန်ပါတယ်"

"မင်းက ခရစ်ယာန်ဘာသာဝင်လား"

"ဟွန်း. . . မဟုတ်ဘူး"

"လေ့လာဖို့ ရောက်လာတာလား"

"တကယ်တော့ ကျွန်တော်,မမဆီလာတာပါ"

"တို့ဆီ"

"ဟုတ်ကဲ့။ ချွန်က မမအတွက် ပန်းစည်းပို့ခိုင်းလိုက်လို့ပါ"

ဟုပြောလိုက်တော့ မျက်နှာကြီးတင်းကာ ချာခနဲ လှည့်ထွက်သွားသော ထိုအစ်မလှလှလေးကြောင့်. . .

"ချွန်က ခရစ္စမတ်လက်ဆောင်လို့ပြောပါတယ်"

ဟု ခပ်ကျယ်ကျယ်ကြီးပြောလိုက်သည်တွင် သူမရဲ့ခြေလှမ်းတွေက တုံ့ခနဲရပ်သွားရပါ၏။

"ဒီပန်းစည်းကို ကျွန်တော် ဒီမှာပဲထားခဲ့ပါမယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦး,မမ"

ဟု တိခနဲဆိုကာ ချာခနဲလှည့်ထွက်သွားသော ထိုကောင်လေးရဲ့ခြေလှမ်းက တဖြည်းဖြည်းနဲ့ တိုးတိတ်ပျောက်ကွယ်သွားရပါသည်။ လှပသောပန်းစည်းကြီးမှာမူ ပိုင်ရှင်မဲ့စွာ ခုံပေါ်မှာ အထီးကျန်နေလျက်။

"သူက ဘယ်သူလဲ. . . ဆရီ"

ထပ်မံထွက်ပေါ်လာသော အသံကြားတော့မှ သူ လှည့်ကြည့်လိုက်ရာ. . .

"ဩော့. . . မသိပါဘူး"

"ကောင်လေးရဲ့ပုံက နုနုလေး၊ ငယ်နေသေးပုံရတယ်။ မျက်လုံးတွေလည်း ရဲနေတာပဲ ငိုထားတာလားမသိဘူး။ သူ့ကို ဘုရားကျောင်းတက်တာ တစ်ခါမှမတွေ့ဖူးဘူး"

"ဒီလောက်အများကြီးကို နင်က မှတ်မိနိုင်မှာမို့လား"

"မျက်လုံးတွေက နင့်လိုပဲလှတယ်လေ။ ခါတိုင်းလာရင် ငါသိနေမှာပေါ့။ ငါက နင့်မျက်လုံးတွေလှတယ်လို့ပြောဖူးတာပဲ"

ဟုဆိုကာ မျက်လုံးကိုဝေ့ကြည့်လိုက်တော့ ခုံပေါ်မှာ ပိုင်ရှင်မဲ့အလှတရားကိုတွေ့ရှိသွားရသည်။

"ဟင်. . . ပန်းစည်းပါလား"

ဟုပြောပြောဆိုဆိုနှင့် ပန်းစည်းကိုကောက်ကိုင်လိုက်တော့. . .

"ချွန်ဆီကပါလား"

ဟုဆိုကာ ပြုံးစိစိဖြစ်သွားရပါသည်။

"ဘာပြုံးတာလဲ"

"ချွန်က စောစောကကောင်လေးကို ပို့ခိုင်းလိုက်တာလား"

"ငါ ဒါတွေမသိချင်ဘူး မိုင်ဆောင်။ ငါ သူ့ကိုကြည့်မရဘူး"

"ချွန်က သဘောကောင်းပါတယ်၊ ခင်ဖို့ကောင်းတယ်။ ပြီးတော့ နင့်ကိုလည်း သိပ်ချစ်နေပုံပေါ်တယ်"

ဟု မိုင်ဆောင်က အလွယ်ပြောချလိုက်သည်တွင် ဆရီရောင်အိုင်ရဲ့မျက်ဝန်းတွေက တိမ်ဝင် အက်ရှသွားရပါသည်။





"နင်က ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းပါ,ဆရီ။ နင့်ကို ငါ အရမ်းကောင်းစေချင်တယ်။ ချွန်က ငါသိသလောက်တော့ လူကောင်းတစ်ယောက်ပါ"

"အဲ့တော့ ငါက ချွန်ကိုပြန်ကြိုက်ရမယ်ပေါ့။ ဟုတ်လား"

မိုင်ဆောင်ထံမှတုံ့ပြန်သံက တိတ်ဆိတ်နေသဖြင့် သူမရင်ထဲနာကျင်သွားရပါသည်။ နာကျင်ရခြင်းကြောင့် မျက်ဝန်းထက်မှာ ဝေ့သီလာသောအရည်ကြည်တွေကို ပုတ်ထုတ်ဖယ်ရှားပစ်ရင်း. . .

"လူတစ်ယောက်ရဲ့နာကျင်ခံစားရဆုံးသောအချိန်ကို နင်သိသလား. . . မိုင်ဆောင်"

"ဟင်"

လေးနက်ခိုင်မာစွာ ပေါက်ကွဲလုလုရှိနေသော ဆရီရဲ့မျက်ဝန်းများကို မိုင်ဆောင်က ရင်မဆိုင်ဝံ့တော့ပါ။ ခိုင်မာခြင်းတစ်မျိုးကြောင့် ထိတ်လန့်နေရပါ၏။

"ကိုယ်. . . ချစ်. . . "

"ခဏလေး ဆရီ၊ နင်မပြောနဲ့ဦး။ ငါသိတယ်။ နင်ပြောတာက မေးခွန်းပဲ၊ ငါ့မှာ အဖြေရှိပါတယ်။ မိဘရဲ့စွန့်ပစ်ခြင်းကို မချိမဆန့်ခံလိုက်ရတဲ့သားသမီးရဲ့ ပြင်းရှရှခံစားချက်လောက် ဘယ်အရာမှ မသာလွန်ပါဘူး. . . ဆရီ၊ ၅၂၈ မေတ္တာဆိုတာ အေးချမ်းသလောက်လည်း နက်ရှိုင်းတယ်၊ နက်ရှိုင်းသလောက်လည်း မအေးချမ်းဘဲ လောင်မြိုက်နေတာတွေအများကြီးပါ။ ငါ့ရင်ထဲမှာ ဒဏ်ရာတွေအများကြီးနဲ့ စုတ်ပြတ်နေခဲ့တာ နင်မသိပါဘူး. . . ဆရီ၊ ဒါကြောင့် ငါ ဖာရီသာလုပ်ဖို့ ဆုံးဖြတ်ခဲ့တာပဲ၊ ဖာရီသာတွေကို ငါအရမ်းအားကျတယ်၊ အေးချမ်းတယ်၊ ငါလူသားတိုင်းကိုမေတ္တာပေးချင်တယ်. . . ဆရီ၊ ငါ့ကြောင့် လူသားတွေ မနာကျင်စေချင်ဘူး။ ငါ့ကြောင့် လူသားတွေ သာယာအေးချမ်းစေချင်တယ်။ ငါ ဘာကိုပြောချင်သလဲဆိုတာ နင်သိပါတယ်. . . ဆရီ"

ဟုလေးလေးနက်နက်ဆိုကာ လှည့်ထွက်သွားသော မိုင်ဆောင်

ရဲ့ကျောပြင်ကျယ်က သူမရင်ကိုမောပန်းသွားစေပါသည်။

"မိုင်ဆောင်. . . အရူး. . . အရူးကြီး။ အရူး. . . မိုင်ဆောင်. . . အရူးကြီး"

ဟုသာ အကြိမ်ကြိမ်မရေမတွက်နိုင်အောင်ဆိုရင်း အားမလိုအားမရနှင့် ငိုကြွေးပစ်မိတော့သည်။

♣ ♣ ♣



## အခန်း ( ၄ )

အိမ်ကိုပြန်လာသည်နှင့် ခပ်တင်းတင်းမြင်နေရတဲ့မိထွေးတော်၏မျက်နှာကျောမာမာကြောင့် သူ မိထွေးတော်ကို လှည့်ပင်မကြည့်ဘဲ ညှော်ခန်းကျယ်ကြီးကိုဖြတ်ကျော်ကာ အပေါ်ထပ်သို့တက်မည်အပြု. . .

"သားရေ. . . ချွန်"

ညှော်သည်ရှိနေပြီဆိုတာ သူသိလိုက်ပါပြီ။ ညှော်သည်ရောက်နေပြီဆိုရင် ဒေါ်အိမ်နှုးရဲ့အသံက အခုလိုပဲ ချိုသာနေကျမို့ပါ။ ထိုအသံကို သူမုန်းလိုက်ပါဘိ။ ဒါကြောင့် ဟန်ပန်တစ်ခွဲသားနှင့် မာယာပိုသော ထိုအသံကိုမကြားချင်ယောင်ပြုကာ ကိုယ့်လမ်း[illegible]သ် ဆက်သွားမည်အပြု. . .

"သားရေ. . . ဒီကို ခဏလာပါဦး။ ဒီမှာ ဘယ်သူလဲလို့ လာကြည့်စမ်း။ ဟင်း. . . ဟင်း"

ပြောလာသောစကားသံက နှုတ်ခမ်းနီရောင်နှင့် လိုက်ဖက်လွန်း

လုသည်။ သို့သော်လည်း သူက ခပ်ရိုးရိုးပင် ဂရုမစိုက်ဘဲ ဆက်တက်မည်အပြု. . .

"သားက အဲ့လိုပဲသမီးရဲ့။ နည်းနည်းဆိုးတယ်။ တစ်ဦးတည်းသောသားလေးမို့ အလိုလိုက်ခံထားရလို့လေ။ အန်တီက မိထွေးဆိုပေမယ့်လည်း ကိုယ့်လက်ထဲမှာပဲ ထိန်းကျောင်းချိုးလာခဲ့ရတော့ ရင်ကဖြစ်တဲ့ အတိုင်းပဲ။ သားကိုသိပ်ချစ်လို့ အလိုလိုက်လာတာ ကနေ့ထိပဲ။ ကြည့်ပါလား။ သားလေးက ဆိုးချင်တိုင်းဆိုးနေတာလေ။ ဟင်းဟင်း"

မဟုတ်တာတွေ ကြားနေရတာမို့ သူ့ရင်ထဲ နည်းနည်းဒေါသဖြစ်မိပေမယ့် လျစ်လျူရှုကာ ဆက်သွားမည်အပြု. . .

"ချွန်"

ရင်းနှီးသောအသံတစ်ခုကြောင့် သူလှည့်ကြည့်လိုက်တော့ အံ့သြသွားရပါသည်။

"ဟင်. . . ဆည်းဆာပျို"

"ဩော်, သားနဲ့ ဒီကသမီးက သိနေကြတာကိုး။ အဲ့ဒါဆို အန်တီတကူးတကမိတ်ဆက်ပေးဖို့ မလိုတော့ဘူးပေါ့။ ဟင်းဟင်း. . ."

ဟု မူယာပိုကာ ပုံကြီးချဲ့ပြောနေသော ထိုအသံကြောင့် ချွန်မှာ စိတ်တစ်ချက်သပ်မိသွားသည်။ ဆံပင်ပုံကို တစ်မျိုးပြီးတစ်မျိုး မရိုးရအောင်ပြောင်း၊ ဝတ်စားဆင်ယင်မှုကို အဆန်းပြားဆုံးချည်း အသစ်လွင်ဆုံးဝတ်ဆင်တတ်ကာ ဂုဏ်ပကာသနကိုခုံမင်သော ဒေါ်အိမ်နူးက ဆည်းဆာပျိုလို ကားအကောင်းစားကို ကိုယ်တိုင်မောင်းပြီး ငွေကိုစိတ်ရှိတိုင်း သုံးဖြုန်းတတ်သော ဆရာဝန်ကြီးရဲ့သမီးကို အဲ့ဒီလိုအရေးတပေးဆက်ဆံတာက သိပ်အဆန်းကြီးတော့မဟုတ်လှ။

သို့သော် ဆည်းဆာပျိုက သူနှင့်ရင်းနှီးပြီးသူမို့ သူမုန်းသော ဒေါ်အိမ်နူးနှင့်မပတ်သက်စေချင်ပါ။ ဒေါ်အိမ်နူးက သူ့အတွက် မည်းညစ်ပုပ်အဲ့နေသူဖြစ်ပြီး ဆည်းဆာပျိုကတော့ အဖြူရောင်သက်သက်မို့ပါ။

"ဒီမှာ ဒေါ်အိမ်နူး။ ခင်ဗျား ဒီနေ့ ဗိုင်းမရှိဘူးလား"





"အို. . . သားရယ်။ သား,ဘာတွေပြောနေတာလဲ"

"လူ့ခန္ဓာကိုယ်က ကြည့်မကောင်းတဲ့အစိတ်အပိုင်းတွေအားလုံးကို အရေပြားနဲ့ဖုံးအုပ်ထားတယ်။ ဒါပေမဲ့ ခင်ဗျားကိုတော့ ကျုပ်မြင်နေရတယ်။ ခင်ဗျားသွားပါ။ ခင်ဗျားဗိုက်ထဲမှာ အူဘယ်နှခွေရှိတယ်ဆိုတာ ကျုပ်သိတယ်။ အခုဆို ဗိုင်းကောင်းလောက်ရောပေါ့"

ဟု မှင်တေတေနှင့်ပြောလိုက်သဖြင့် ဒေါ်အိမ်နူးမှာ မျက်နှာကြီးပုကာ အိုးတိုးအမ်းတမ်း ထရပ်လိုက်သည်။

"သားနဲ့သမီး စကားပြောရစ်ကြဦး"

ဟုဟန်ဆောင်ကာ အပြုံးချိုချိုနှင့်ပြောလိုက်ရပေမယ့်လည်း ဒေါ်အိမ်နူးရင်ထဲတော့ တေးမှတ်ထားလိုက်ပါသည်။

"နေနှင့်ဦးပေါ့,ချွန်ရယ်" ဟု။

"နင်ကလည်းဟယ်၊ လူကြီးကို"

"ဘာကိစ္စရှိလို့လဲ"

"ဘာရယ်မဟုတ်ပါဘူး။ အန်တီနဲ့လည်း ခင်နေတော့ လမ်းကြုံလို့"

"တမင်သက်သက်လို့ ပွင့်ပွင့်လင်းလင်းပြောလိုက်တာကို ငါပိုကြိုက်တယ်. . . ဆည်းဆာပျို"

"ဟမ်"

"ဟုတ်တယ်လေ။ နင်က အားနေတဲ့လူတစ်ယောက်။ လမ်းကြုံနေစရာ ဘာအကြောင်းမှမရှိဘူး။ စကားအလုတွေကို ငါမုန်းတယ် ဆည်းဆာပျို။ ဒေါ်အိမ်နူးဆီက ကြားရတာနဲ့တင် ရိုးအီနေပြီ။ ဒါကြောင့် မင်း ဘာကြောင့် ငါ့အိမ်ကိုသိတာလဲလို့ ငါမမေးတော့ဘူး"

"နင်သိနေလို့လား"

"ငါ့အဖေက ဆေးရုံက လူနာပဲ။ မင်းနဲ့ငါက ဆေးရုံမှာ ဆုံဖူးပြီးသား။ အဖြေက ရှင်းပြီးသားကို ငါ ထပ်ပြီး ဟန်ဆောင်ပန်ဆောင် question မလုပ်တတ်ဘူး"

"အိုကေ, ပျို့လည်း ဒါကိုသဘောကျတယ်။ နင်က နည်းနည်း ဘုပြောတာကလွဲရင် ခင်ဖို့ကောင်းတယ်။ ဒါနဲ့ဟိုတစ်ယောက်ရော"

"လေဆန်လို့မေးလိုက်ပါဟာ။ လွန်ခဲ့တဲ့ခုနစ်မိနစ်လောက်ကပဲ ငါနဲ့လမ်းခွဲခဲ့တာ။ ဆို. . . ဘာကိစ္စလဲ"

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ပျင်းလို့။ ပျို့မှာ သူငယ်ချင်း မရှိဘူးလေ"

ဟု ပွင့်ပွင့်လင်းလင်းကြီးပြောလာပြန်တော့လည်း သူမ၏စကားလုံးတွေကို သူပျင်းသွားရပြန်ပါသည်။ သို့သော် မိန်းကလေးတစ်ယောက်၏မျက်နှာကို ဖျတ်ခနဲမြင်ယောင်မိကာ. . .

"အဲ. . . ဟုတ်ပြီ"

ဟုဆိုကာ ငေါက်ခနဲထထိုင်လိုက်ပါ၏။

"ဆည်းဆာပျို့. . . မင်း သူငယ်ချင်းရချင်သလား"

"အင်း"

မဆိုင်းမတွပြေလာသောဆည်းဆာပျို့ကို သူကနိုင်နိုင်မာမာပင်။

"မင်း တစ်ပတ်အတွင်း သူငယ်ချင်းရစေရမယ်"

ဟု တိတိကျကျကြီးပြောချပစ်တော့၏။

♣ ♣ ♣



## အခန်း ( ၁၅ )

"ဖြစ်ပါ့မလားကွာ"

ဟု ညည်းတွားလိုက်တဲ့ လေဆန်ရဲ့အသံက စိတ်ရှုပ်ထွေး မှုန်းကြပ်စွာ။

"ဖြစ်ပါတယ်ကွာ။ မာနကြီးတဲ့လူနဲ့ ဖော်ရွေတဲ့လူက ဆန့်ကျင်ဘက်ချည်းတွေပဲ။ ဘာဖြစ်လို့မရရမှာလဲ။ ဆည်းဆာပျို့ရဲ့တော်ကီကို မင်းယုံစမ်းပါ"

"မင်း. . . အဲ့ဒီဆည်းဆာပျို့ကို ကြိုပြောထားသေးလား"

"ကြိုပြောစရာမလိုပါဘူးကွာ။ သမ္မတအချင်းချင်း မိတ်ဆုံစားတာမှမဟုတ်တာ။ သူငယ်ချင်းရချင်နေတဲ့ဆည်းဆာပျို့နဲ့ ပတ်ဝန်းကျင်နဲ့ အဆက်အစပ်ပြတ်နေတဲ့ဆရီကို တွေ့ပေးလိုက်ရုံလေးပါ။ သူတို့နှစ်ယောက် ခင်သွားကြလိမ့်မယ်"

"မင်းဟာ သေချာလို့လား"

''သေချာပါတယ်။ ငါ့ကိုတောင် ကျေးဇူးတင်လွန်းလို့ ဆရီက ဝမ်းကစ်ပေးချင်ပေးဦးမှာ''

''ထပြီး ပါးမရိုက်လွှတ်ရင် မင်းကံကောင်းလှပါပြီကွာ''

''ဆရီက နည်းနည်းခပ်တင်းတင်းနေတာကလွဲလို့ အဲ့လောက်ကြီး ကြမ်းမှာမဟုတ်ပါဘူးကွာ။ သိမ်သိမ်မွေ့မွေ့လေးနဲ့ ချစ်စရာလေး။ ဟဲဟဲ. . .''

''မင်းကတော့ နှစ်ပင်လိမ်ဦးတော့မယ်,ချွန်''

''ဘာကိစ္စ နှစ်ပင်လိမ်ရမှာလဲ''

''ပထမတစ်ခါ ဆည်းဆာပျိုနဲ့တိုက်တိုက်ဆိုင်ဆိုင်တွေ့တယ်။ ဒုတိယအကြိမ် တမင်တကာတွေ့တယ်။ ပြီးတော့. . . တတိယအကြိမ် အကြောင်းတိုက်ဆိုင်သွားပြန်ရော။ စတုတ္ထအကြိမ်တော့ တည့်တည့်ကြီးပဲ။ အားလုံးကိုခြုံငုံလိုက်ရင်တော့ ဒါဟာ သာမန်မဖြစ်နိုင်ဘူး''

''ငါနဲ့ဆည်းဆာပျိုက ဘာအကန့်မှမရှိဘူးနော်၊ လုံးဝရှင်းတယ်''

''ဒါပေမဲ့ ဆည်းဆာပျိုရဲ့စိတ်ကို မင်းက သိနိုင်လို့လား''

''အဲ့ဒါ ငါစိတ်မဝင်စားဘူး။ သိလည်းမသိချင်ဘူး။ ငါသိချင်တာက ဆရီရောင်အိုင်ပဲ။ ဆရီကိုချစ်တယ်၊ အရမ်းအရမ်းကိုအသည်းအသန်ချစ်တယ်။ မုန်းမုန်းနဲ့ချိန်ရွယ်လိုက်တဲ့ အဲ့ဒီမျက်စောင်းလှလှလေးကိုလည်း ချစ်တယ်။ ဘုကျကျအဲ့ဒီစကားလုံးလေးတွေကိုလည်း ချစ်တယ်။ မပွင့်တပွင့်ပြောတတ်တဲ့ အဲ့ဒီနှုတ်ခမ်းလေးကိုလည်းချစ်တယ်။ ချစ်တယ်ကွာ''

''တင်စားတတ်လာပြီ။ မဆိုးဘူးပဲ။ ဆရီရောင်အိုင်အစွမ်းကတယ်လည်းကြီးသကိုး''

''အသည်းအသန်ချစ်တယ်ကွာ။ မျက်လုံးနှစ်လုံးဖွင့်ချိန်ကစပြီး ပြန်ပိတ်ချိန်ထိ သူ့ကိုပဲမြင်ချင်တယ်။ အိပ်မက်ထဲမှာလည်း သူနဲ့ပဲအတူရှိချင်တယ်။ သူသာ ငါ့ဘေးနားမှာရှိနေရင် ပြည့်စုံသွားပြီ။ ဘာမှမလိုတော့ဘူး။ အဲ့ဒီအချိန်တွေကိုရောက်ရှိဖို့အတွက် ငါအသည်းအသန်ကြိုးစားမယ်၊ ဒါကြောင့် အကြောင်းပြချက်အမျိုးမျိုးရအောင် ဆည်းဆာ





ပျိုကို ပစ်လွှတ်လိုက်ရတာပဲ''

''အကောင်းဆုံးကိုမျှော်လင့်ထားသလို၊ အဆိုးဆုံးအတွက်လည်း ကြိုတင်ပြင်ဆင်ထားရမယ်လေ''

ရင်လေးစွာပင် လူကြီးဆန်ဆန်ပြောပစ်လိုက်ပါ၏။

''ဆရီရောင်အိုင်နဲ့ငါ့အကြားမှာ အဆိုးဆုံးဆိုတာမျိုးက မရှိစေရဘူး။ ရေတံခွန်ဆိုလည်း ရေလွှဲမြောင်းတူးပစ်မယ်။ မြစ်ဆိုရင်လည်း တံတားဆင်မယ်။ ပင်လယ်ကြီးဆိုရင်လည်း သင်္ဘောတစ်စင်းဆောက်မယ်''

''မင်း အဲ့လောက်ကြီးမချစ်ပါနဲ့လား,ချွန်''

''မရတော့ဘူး။ ငါ့ရင်ထဲကကို အရမ်းချစ်မိနေပြီ။ ဒဿဂီရိလိုပေါ့ကွာ။ ကြုတ်ကလေးရှိရင်တောင် ဆရီကိုထည့်သိမ်းပြီး အာခံတွင်းထဲမှာ ငုံထားချင်တယ်''

''ဟွန်း! အာဂအချစ်ကြီးပဲ။ ဒဏ္ဍာရီထဲမှာပဲရှိတယ်ထင်နေတာ။ အကယ်၍ကွာ. . . ဆရီက မင်းကိုလုံးဝချစ်မလာဘူးဆိုပါစို့။ မင်း ဘာဆက်လုပ်မလဲ,ချွန်''

''မင်းကုသလုပ်ပစ်မှာပေါ့။ ကြာလာတော့လည်း ပပဝတီက ရှုံးသွားရော။ အချစ်က အမုန်းကိုဖုံးလွှမ်းပစ်နိုင်တယ်။ ဟား. . . ဟား ချွန်နဲ့ဆရီတို့ရဲ့အနာဂတ်ကလေးကို မြန်မြန်ရောက်ချင်လှပြီ''

''ဘာလဲ,ချွန်။ မင်းစိတ်ကူးယဉ်နေတာလား''

''ဆရီက ငါ့ကိုပြုံးပြပြီး ငါ့ပခုံးပေါ် မှီအိပ်မယ်။ ဟား. . . ဟ ကြည်နူးစရာပဲ''

''အရင်တုန်းကတော့ စိတ်ကူးယဉ်တဲ့လူတွေဟာ အရူးတွေဆို''

''ဟား. . . ဟား. . . ရူးနေတာက ကောင်းတာကွ။ ဒါတွေ မင်း မသိသေးပါဘူးကွာ။ မင်း ဒါကိုတွေ့ရှိသွားရင် ငါ့ကိုနားလည်လာလိမ့်မယ်။ ကြိုးစားရှာဖွေ ညီလေး။ ဟား. . . ဟား''

ဟု ပွဲတင်သံလေးထွက်အောင် ရယ်လိုက်သော ချွန်ကြောင့်

လေဆန့်ရင်ထဲ မွန်းကြပ်သွားရပါသည်။ ပြီးတော့ အံ့ဩလည်း အံ့ဩမိပါသေးသည်။

ချွန်ရဲ့အချစ်တွေက ဆရိရောင်အိုင်အပေါ် အဲ့ဒီလောက်ထိကြီးစူးရှစွာ နစ်ဝင်နေလိမ့်မည်ဟု ထင်မထားခဲ့၍ပါ။ အရာရာတိုင်းကို အမြဲပေါ့ပေါ့တန်တန်ပဲ တွေးခေါ်တတ်သည့် ချွန်ရဲ့ရင်ထဲမှာ အချစ်က အဲ့ဒီလောက်ထိ ထုထည်ကြီးကြီး,ကြီး ရှိနေခဲ့လိမ့်မည်ဟုလည်း လုံးဝထင်မထားခဲ့ပါ။

ကြီးမားလှသော ချွန်ရဲ့အချစ်က လေဆန်ကို စိုးရိမ်မှုဖြစ်ပေါ်စေပါသည်။ မျှော်လင့်ချက်ကြီးမားလွန်းသည့်လူတစ်ယောက်ဟာ ပို၍ကျရှုံးလွယ်လွန်း၍ပါ။ သူစိုးရိမ်နေမိသည်က ချွန်ရဲ့အချစ်ကို ဆရိက လုံးဝငြင်းပယ်လိုက်မှာကိုဖြစ်ပါသည်။

သို့သော်. . .

♣ ♣ ♣



## အခန်း ( ၁၆ )

ကြီးမားကျယ်ဝန်းလှသော ဘုရားကျောင်းဝင်းကြီးထဲသို့ ရောက်လာသောအချိန်မှာမူ ဆည်းဆာပျိုရဲ့မျက်ဝန်းများက မယုံနိုင်စရာပြူးကျယ် ဝိုင်းစက်သွားရပါသည်။

အို! လှပလိုက်တဲ့ကျောင်းတော်ကြီးပါလားဟု သန့်ရှင်းသေသပ်မှုကိုငေးမောလျက်။

"ချွန်က ခရစ်ယာန်ဘာသာဝင်လား"

"အိမ်မှာ ဘုရားပုံတော်နဲ့ ဘုရားစင်ရှိတယ်။ ပြီးတော့ ကိုယ်ဆယ်နှစ်သားတုန်းက ရှင်ပြုခဲ့ဖူးတယ်"

"ဩော်, ဒီလိုလား။ ဒါနဲ့"

"ခဏလေးစိတ်ရှည်လိုက်ပါ။ မင်း အထီးမကျန်စေရတော့ဘူး"

ဟုကြည်ကြည်ရွှင်ရွှင်ပင်ဆိုလာသဖြင့် ဆည်းဆာပျိုမှာ စိတ်ဝင်စားစွာပင် ငြိမ်နေလိုက်ရသည်။

"ဒီနေ့ ဆည်းဆာပျိုကိုခေါ်လာခဲ့မယ်ဆိုလို့ ကျွန်တော်က မျှော်နေတာ"

ဟု ရင်းနှီးကျွမ်းဝင်လှသောအသံတစ်ခုက နောက်နားဆီမှ လျှံထွက်လာသဖြင့် လှည့်ကြည့်လိုက်ရာ ကြည်လင်အေးချမ်းမှုအပြည့်ရှိပုံနှင့် မျက်နှာချိုချိုကိုတွေ့လိုက်ရပါသည်။

"ဟင်. . . မိုင်ဆောင်"

သူမအံ့ဩသွားမိပါသည်။ လုံးဝမထင်မှတ်ထားခဲ့၍ပါ။ သို့သော် ဆည်းဆာပျိုက ပြုံးကာ. . .

"ဪ, သိပြီ။ ငါ့ကိုအထီးမကျန်စေရသူက မိုင်ဆောင်လား"

"ဆရီရော, မိုင်ဆောင်"

ဟု ဆည်းဆာပျိုရဲ့အမေးစကားကိုမဖြေပါဘဲ မိုင်ဆောင်ကိုဆက်၍ မေးလိုက်ပါသည်။

"ဗိမာန်တော်ထဲမှာပဲ ရှိလိမ့်မယ်။ သန့်ရှင်းရေးလုပ်နေတယ်ထင်တယ်"

"မင်းကို ငါ ဆရီရောင်အိုင်နဲ့မိတ်ဆက်ပေးမလို့ပဲ ဆည်းဆာပျို"

"အမ်"

အံ့ဩသွားသည်က ဆည်းဆာပျိုလည်းဖြစ်ရသလို၊ မိုင်ဆောင်လည်းဖြစ်ရပါ၏။ သူမမျက်ဝန်းထဲမှာတော့ ကိန်းကြီးခန်းကြီးနိုင်လွန်းလှသည့် ခပ်လှလှမိန်းကလေးတစ်ယောက်ကို တန်းမြင်လိုက်မိပါသည်။

နဖူးကြောလေးများတင်းပြီး ဖူးငုံငုံနှုတ်ခမ်းတစ်လွှာက သူမရဲ့စိတ်ကို မကျေမနပ်ဖြစ်စေရပါသည်။ ဘာကြောင့်မှန်းတော့မသိ။ မျက်နှာကြောတင်းတင်းနှင့် ထိုမိန်းကလေးကို သူမထပ်မဆုံချင်ပါ။

သို့သော်. . .

"သူငယ်ချင်းက နောက်တောင်ကျနေသေးပြီ။ ဆည်းဆာပျိုနဲ့ ဆရီက တစ်ခါဆုံပြီးကြပြီ"





"ဟုတ်တယ်,ချွန်။ ငါနဲ့သူ ဆုံပြီးနေပြီ"

မိတ်မဆက်ပေးနဲ့။ ငါ သူ့ကိုမခင်ချင်ဘူးဟု ပြောလှလှနှုတ်ခမ်းလွှာကို စေ့ပိတ်ထားလိုက်ရပါသည်။

"ဒါဆို. . . မင်း ဆရီရောင်အိုင်နဲ့ သိနှင့်ပြီးနေပြီပေါ့"

"အဲ့လိုတော့ မဟုတ်ပါဘူး"

"တစ်မျိုးတော့မထင်ပါနဲ့ ဆည်းဆာပျို။ အဲ့ဒီတုန်းက ဆည်းဆာပျိုနဲ့ဆရီကို မိတ်မဆက်ပေးဖြစ်ခဲ့တာ အကြောင်းရှိလို့ပါ။ ဆရီက စိတ်ထားလှပေမယ့် ဆက်ဆံရေးကျဲတယ်လေ။ ကျွန်တော် ဆည်းဆာပျိုကိုအားနာလို့ပါ"

"ပွင့်ပွင့်လင်းလင်းပြောလိုက်ပါ မိုင်ဆောင်ရယ်။ ပျို့ကို သူ မခင်ချင်ဘူးမဟုတ်လား"

"အဲ့ဒီလိုတော့ မဟုတ်ပါဘူး။ ဆရီက အေးအေးနေတတ်လို့ပါ"

"အမှန်တော့ ပျိုလည်း မာနရှိပါတယ်,ချွန်။ ပျိုက မိုင်ဆောင်အပါအဝင် ချွန်တို့နှစ်ယောက်လုံးကိုခင်ပေမယ့် ပျို့ကို မာနထားခွင့်ပေးပါ"

ဆည်းဆာပျိုက အလိမ္မာလေးနှင့် ငြင်းလိုက်တာဆိုပေမယ့်. . .

"ငါ့ကိုကူညီပါ ဆည်းဆာပျို"

ဟု တုံးတိတိပြောချပစ်လိုက်သော ချွန့်စကားကြောင့် သူမမှာ မယုံနိုင်ဖြစ်သွားရပါသည်။

"ငါ. . . ဆရီရောင်အိုင်ကို အရမ်းချစ်နေတယ်"

ဟုလေးနက်စွာပြောချလိုက်တဲ့ ချွန်ရဲ့မျက်လုံးရွဲကြီးတွေက သူမနှလုံးသားကို အချွန်ထက်ဆုံးမြားတစ်စင်းက အရှိန်ပြင်းပြင်းစိုက်ဝင်သွားသည့်နှယ် စူးနစ်စွာ နာကျင်သွားမိပါသည်။

"အရင်ကတော့ ငါက အဲ့လောက် ပေါ်ကြောင်ကြောင်နိုင်တဲ့ကောင်မဟုတ်ဘူး။ ဒါပေမဲ့. . . ငါ သူ့ကိုချစ်မိသွားတဲ့အချိန်မှာတော့ ငါဟာငါမဟုတ်တော့သလိုဘဲ။ စိုးရိမ်စိတ်တွေများနေတယ်။ ကူညီ

ပေးမယ့်လူကို ရှာဖွေမိလာတယ်။ သူ့အကြည့်တွေအောက်မှာ ငါ့သတ္တိတွေ ပျောက်ဆုံးသွားရကုန်တယ်။ ဘာကြောင့်မှန်းမသိဘူး။ ငါ သူ့ကိုချစ်တဲ့အကြောင်းတွေ ရင်ဖွင့်ချင်နေမိတယ်။ ငါတွေးတာက မင်းနဲ့ သူက သူငယ်ချင်းဆိုရင် အဆင်ပြေမလားလို့ပါ။ ဆရီက မာနကြီးတယ်။ မင်းကို ငါခင်ပါတယ် ဆည်းဆာပျို။ မင်းကို အလိုလိုနေရင်း ရင်းနှီးနေမိတာပါ။ ငယ်ငယ်က သူငယ်ချင်းလိုပဲ။ ဒါလည်း ထူးဆန်းတဲ့ရေစက်ပဲ''

ဟူသောစကားရှည်ကြီးကို ချွန်ထံမှကြားလိုက်ရ၍ သူမအံ့သြသွားမိသည်။ တကယ်ပဲ လူတွေဟာ အချစ်ကိုတွေ့သွားကြရင် ပြောင်းလဲသွားတတ်ကြသလား။

ချွန်ရဲ့မျက်ဝန်းတွေကို သူမဖတ်ကြည့်မိရသလောက်တော့ ဆရီရောင်အိုင်အပေါ် လေးနက်မှုတွေ များစွာစုပြုံနေခဲ့သည်ကိုတွေ့ရှိနေရ၍ မိန်းကလေးချင်းပင် အနည်းငယ်မနာလိုချင်တော့။ သို့သော်. . .

''နင် တကယ်ပဲ ငါ့ကို ဆရီရောင်အိုင်နဲ့ခင်စေချင်တယ်ပေါ့''

ဟု သူမရဲ့အမေးစကားကိုထောက်ခံလိုက်သော ချွန်ရဲ့မျက်လုံးများက သူမရဲ့ရင်အစုံကို တဆစ်ဆစ်နာကျင်စေတာပါ။

''တကယ်တော့ ဆရီက ဆည်းဆာပျိုထင်နေသလို မဟုတ်ပါဘူး။ ဆရီက သူ့ဘဝဇာတ်ရာလေးတွေကြောင့် ပတ်ဝန်းကျင်နဲ့အဆက်ဖြတ်ထားတာပါ။ သူ့စိတ်ကို သူ့ဟာသူအကျဉ်းချထားတာ။ ဆရီရဲ့ဘဝမှာ နာကြည်းချက်ကြီးကြီးရှိခဲ့ပုံရတယ်။ ဆရီ့ ဒီကိုရောက်ခါစကဆိုတည်တင်းမှုန်ကုပ်နေတာပဲ. . . သူနဲ့ရင်းနှီးခွင့်ရအောင် ကျွန်တော်အတော်ကြိုးစားခဲ့ရဖူးတယ်။ ဆရီက. . .''

''ငါ့အကြောင်းကို တခြားလူတွေကိုပြောတာ ငါမကြိုက်ဘူး မိုင်ဆောင်''

ဟူသော မာဆတ်ဆတ်အသံတစ်ခုက သစ်ပင်နောက်ကွယ်မှ ဘွားခနဲပေါ်လာရ၍ သူတို့သုံးယောက်လုံးရဲ့အကြည့်တွေက အသံလာ





ရာဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိသွားကြပါသည်။

''ဟင်! ဆရီ၊ နင် ဘယ်တုန်းကရောက်နေတာလဲ''

ဟု မိုင်ဆောင်က ပုံမှန်ပင် တည်ငြိမ်စွာပြောလိုက်ပေမယ့် ဆရီရဲ့ ခပ်တင်းတင်းအကြည့်စူးစူးက ဖျော့တော့မသွားခဲ့။

''ဒီမှာချွန်။ ငါ့ကို ဟိုလူနဲ့မိတ်ဆက်ပေး။ ဒီလူနဲ့ ပန်းစည်းပေးနိုင်။ လုပ်နေရတာက နင်က ငါနဲ့ဘာလဲ။ နင့်ကိုအပြတ်ပြောလိုက်မယ်,ချွန်။ နင့်ကို ငါမကြိုက်ဘူး။ ချစ်ဖို့ဆိုဝေးရော။ ဘာနဲ့မှလာမကြိုးစားနဲ့။ ကြိုးစားလည်းအပိုပဲ။ နင်တို့ပြန်တော့။ အေးချမ်းတဲ့ငါတို့ဘဝထဲကို ဘာမှလာဝင်မမွှေနဲ့။ ပြန်တော့. . . နောက်လည်း ဘယ်တော့မှမလာနဲ့။ နင်ပြန်တော့''

ဟု ချွန်ကိုတည့်တည့်ကြီးစိုက်ကြည့်ပြီး ခပ်တင်းတင်းပင် တစ်လုံးချင်းပြောချလိုက်တော့ မိုင်ဆောင်ရဲ့မျက်နှာမှာ ရေနွေးပူလောင်ထားခံရသလို ပူထူ နီမြန်းသွားကာ နှာသီးဖျားကလေးတွေပင် နီရဲလာခဲ့ပါသည်။

''ဆရီ''

ချွန်နှင့် ဆည်းဆာပျိုကို အားနာလွန်းတာရော ဒေါသထွက်လွန်းတာရော၊ ပေါင်းပြီး နှုတ်ခမ်းဖျားက ဘာမှထွက်မလာနိုင်တော့။ ဆရီရဲ့ စပ်ရှရှစကားလုံးများအတွက် ခွန်းတုံ့ပြန်နိုင်စွမ်း မရှိတော့တာပါ။

သို့သော် ချွန်မှာတော့ အပြုံးပင်မပျက်ဘဲ ဒေါသဖြစ်နေရင်လည်း တစ်မျိုးလေးလှနေသေးသောဆရီရဲ့မျက်နှာကိုသာ ရီဝေရှမ်းစိုစွာ ခပ်ပြုံးပြုံးလေး စိုက်ကြည့်နေခဲ့ပါသည်။

ဆည်းဆာပျိုရဲ့ရင်ထဲမှာတော့ နာကျင်မှုတွေက ဆင့်ကာဆင့်ကဲ ဖြစ်ပေါ်သွားရပါသည်။ သူမလို ကားတစီစီနဲ့ သွားလာနေနိုင်သော ဆရာဝန်ကြီးရဲ့တစ်ဦးတည်းသောသမီးကို ဘာမဟုတ်တဲ့ ဘုရားကျောင်းမှာ ကပ်နေရတဲ့မိဘမဲ့မိန်းကလေးက စော်ကားမော်ကားမောင်းထုတ်သော အဖြစ်က ရင်နဲ့မဆန့်အောင် ပေါက်ပြိနာကျင်သွားရပါသည်။

ချွန်က တစ်ခုခုပြန်ပြောမည်ဟု ထင်ထားပါသော်လည်း ဆရီရောင်အိုင်ကို ရီဝေရွှမ်းစိုစွာ ပြုံးပြုံးကြီးစိုက်ကြည့်နေခဲ့သောကြောင့် သူမရဲ့နှလုံးသားမှာ ဆတ်ဆတ်ခါ နာကျင်သွားရပါသည်။

ဆရီရောင်အိုင်ရဲ့စကားများကိုဒေါသဖြစ်မိသည်ထက် ချွန့်အပေါ် အားမလိုအားမရဖြစ်မိသည်က ပိုပေလိမ့်မည်။ ဒါကြောင့်ပင် ချွန်ရဲ့လက်ကို ဆတ်ခနဲဆုပ်ကိုင်ကာ. . .

''သွားမယ်,ချွန်။ လောကမှာ သူ့ထက်သာတဲ့မိန်းမကောင်းတွေ တစ်ပုံကြီးပါ။ ဘာအဆင့်မှမရှိတဲ့သူလိုမိန်းမရှေ့မှာ နင့်လိုလူက ဘာမှဝပ်စင်းနေစရာမလိုဘူး။ မိုင်ဆောင်. . . နင့်ကိုတော့ အားနာပါတယ်။ ဒီမှာ ဆရီရောင်အိုင်၊ နင်လို ဘုရားကျောင်းမှာ ကပ်နေတဲ့မိန်းကလေး တစ်ယောက်ကို ချွန်လိုသူဌေးတစ်ယောက်က ဒီလောက်အရေးပေးနေတာတောင် လွန်လှပြီ။ နင့်ကိုယ်နင် ဘာထင်နေသလဲ။ နင့်အဆင့်က ဘာမို့ အဲ့ဒီလိုပြောနိုင်တာလဲ။ ကိုယ့်ဘဝကိုယ်သိစမ်းပါ။ နင်စားလိုက်တဲ့ထမင်းလုပ်တိုင်း. . .''

''ဆည်းဆာပျို''

အော်သံစူးစူးနစ်နစ်ကသာ လွှမ်းမိုးသွားပါတော့သည်။

''ငါက အမှန်တရားကိုပြောနေတာ,ချွန်။ သူက ဘာမို့ အဲ့ဒီလောက်ထိ အောက်ခြေလွတ်ပြောဆိုနေရတာလဲ''

''ဆည်းဆာပျို. . . မင်းတော်တော့။ ဆောရီး. . . ဆရီ၊ ကိုယ်တောင်းပန်ပါတယ်။ ဆောရီးပါ။ ဆည်းဆာပျိုဟာ အဲ့လိုလူမှန်းသိရင် ကိုယ်တကယ်ခေါ်မလာခဲ့ပါဘူး။ ဆောရီး. . . ဆရီ''

ဟု အထပ်ထပ်ဆိုကာ သူမရဲ့လက်ကို ဆတ်ခနဲဆောင့်ဆွဲလိုက်တဲ့ချွန်ကြောင့် သူမမှာ မယုံကြည်နိုင်လောက်အောင် အံ့သြသွားရပါသည်။ ချွန်ဆွဲခေါ်ရာနောက်သို့သာ ဒရွတ်တိုက်တိုက်ပါလာရပေမယ့် သူမရင်ထဲမှာတော့ နားမလည်နိုင်မှုတွေက ပြည့်လျှံနေရပါသည်။

သူမစကားက ဘာများမှားနေလို့ ချွန်က သူမကိုဒေါသဖြစ်ရတာ





လဲ။ သူမ လုံးဝမမှားဘူးဆိုတာ သူမယူဆချက်နဲ့သူမက မှန်ကန်နေသည်မို့ သူမကလည်း ဆွဲခေါ်ခံနေရတဲ့လက်ကို ဆောင့်ရုန်းပစ်လိုက်ပါသည်။ ပြီးနောက် ချွန်ကိုဒေါသဖြစ်မိ၍ ဘာမှထပ်မပြောချင်တော့ဘဲ ကျောခိုင်းပစ်လိုက်သည်။

ချွန်မှာ မိန်းကလေးတွေရဲ့စိတ်ကို အမှတ်တကယ်ပဲ နားမလည်နိုင်ဖြစ်သွားရပါသည်။ ချွန်ကလည်း ထိုသို့နားမလည်နိုင်ဖြစ်ရသလို မိုင်ဆောင်မှာလည်း ကျုံ့ကျုံ့ပါအောင် ငိုရှိုက်နေခဲ့သော ဆရီရောင်အိုင်ကို ဘယ်လိုချော့လို့ချော့ရမှန်းမသိနိုင်တော့ဘဲ ဆရီဘေးမှာပင် စိတ်ပျက်ပျက်နှင့် ငူငူကြီးထိုင်ချပစ်မိတော့သည်။

ဘယ်သူက မှားတယ်။ ဘယ်သူက မှန်တယ် ဆိုတာမျိုးကို သူ မဝေဖန်လိုပါ။ သို့သော် သူ့ဦးနှောက်အစုံမှာတော့ ထူပူလေးလံနေရပါသည်။ ဆရီ အဲ့ဒီလိုငိုကြွေးတဲ့အချိန်တိုင်းမှာ သူ့နှလုံးသားတစ်ခုလုံးက နေရာမလပ်နာကျင်ရပါသည်။

ဆရီကို သူ အဲ့ဒီလိုမငိုကြွေးစေချင်ပါ။ သို့သော်လည်း ဆရီကို ဖျောင်းဖျနှစ်သိမ့်ပေးဖို့စကားလုံးတွေက သူ့မှာရှိမနေခဲ့။ အခုချိန်မှတော့ သူ ဆရီကို စကားတစ်ခွန်းမှမပြောချင်မိပါ။

သူ့ရင်ထဲမှာလည်း ဘာတွေက ဘယ်လိုရှုပ်ထွေးနေမှန်းမသိနိုင်အောင်ပင် မွန်းကြပ်နေခဲ့ရပါသည်။

♣ ♣ ♣



## အခန်း ( ၁၇ )

"မင်းဘာဆက်လုပ်မလဲ,ချွန်"

ဟုဆိုကာ အစိမ်းရင့်ရောင်ကျူလုံးကိုချိန်ရွယ်ပြီး ကျူတံနှင့်ထိုးချပစ်လိုက်တော့ တန်းတန်းမတ်မတ်ပင် တစ်ဖက်ကျင်းဝထဲ ဝင်ရောက်ပျောက်ကွယ်သွားရသည်။

လေဆန်အမေးစကားအတွက် ချွန်မှာ အဖြေမရှိသူတစ်ယောက်နှယ် ကျူတံကိုထောက်ကာ ခံ့ပေါ် စိတ်ပျက်ပျက်ပင် ထိုင်ချပစ်လိုက်သည်။

"မင်းမှားတယ်လို့တော့ ငါမစွပ်စွဲချင်ပေမယ့် ဆန္ဒစောလွန်းတယ်လို့တော့ အပြစ်တင်ချင်တယ်"

"ဆည်းဆာပျိုဟာ ဘယ်လိုလူမှန်း ငါသေချာမလေ့လာဘဲ ခေါ်သွားမိခဲ့တဲ့ ငါကိုက မှားတာပါ"

"ဆည်းဆာပျိုလွန်တယ်လို့ မင်းပြောချင်တာမဟုတ်လား,ချွန်။

တကယ်တော့ ဆည်းဆာပျိုမမှားဘူး''

''ဒါဆို ဆရီရောင်အိုင် မှားတာပေါ့''

''အဲ့ဒီလိုလည်း ငါမဆိုလိုပါဘူး။ သူတို့ရင်ထဲ ငါဝင်ကြည့်လို့မှ မရဘဲ။ ဒါပေမဲ့ ငါခန့်မှန်းမိသွားတာတစ်ခုရှိတယ်''

ဟုဆိုကာ အဖြူရောင်ကျူလုံးကို ချိန်ရွယ် ထိုးချပစ်လိုက်တော့ အနီရောင်လုံးနှင့်ထိကာ တည့်တည့်ကြီး ပြေးလွှားဝင်ရောက်သွားပြန်သည်။

''မင်းကို ဆည်းဆာပျို စိတ်ဝင်စားနေတယ်ထင်တယ်''

''ဘာ! ဘယ်လို''

''ဒီလိုယူဆဖို့စောလွန်းတယ်ဆိုပေမယ့်လည်း ငါက အဲ့ဒီလိုပဲ ကောက်ချက်ချချင်တယ်''

''ဟား. . . ဟား. . . လေဆန်, မင်း ငါ့ကို အဲ့လိုကြီးဟာသ မပြောနဲ့''

''ငါစိတ်ဝင်စားတယ်,ချွန်''

''ဘာကိုလဲ''

''မင်းတို့ ဘာတွေဆက်ဖြစ်ကြမလဲဆိုတာကိုပေါ့''

''ငါ အခု ဆရီဆီသွားသင့်တယ်လို့ထင်တယ်''

''မင်းသွားချင်နေတာမဟုတ်လား''

''ငါ ဘာကို ဘယ်လိုအကြောင်းပြပြီး သွားရမလဲ။ ဆည်းဆာပျိုကြောင့် အားနာမိတာတော့အမှန်ပဲ''

''မင်းကို ဟိုကမောင်းထုတ်မှာကို မစိုးရိမ်ဘူးလား''

''မရှက်ခြင်းသုံးပါးထဲမှာ ကြိုက်မရှက်က ထိပ်ဆုံးကပဲ။ ငါ့ကိုယ်ငါလည်း အံ့ဩသွားတယ်ကွာ။ တကယ်ပဲ''

''ငါဘာကူညီရမလဲ,ချွန်''

''ရတယ်။ ငါ့ဟာငါပဲ ကြိုးစားကြည့်ချင်တယ်''

ချွန်က ထိုသို့အားမာန်ထထပြောလိုက်ချိန်မှာတော့ လေဆန်က





ချွန်ရဲ့ပခုံးကိုပုတ်ကာ. . .

''မင်းက အမှန်အကန်ကြီးပဲ။ မင်းသေချာပေါက်ရမှာပါ''

ဟုပြောလိုက်တဲ့ လေဆန်ရဲ့အသံက နိုင်မာလှပါသည်။

''ငါ လစ်တော့မယ်. . . လေဆန်။ ဖြစ်သလား''

''မပူပါနဲ့။ မာကာတွေရှိပါတယ်။ ဆက်ကစားမှာပေါ့''

ဟု ခပ်အေးအေးပြောချလိုက်တော့ ချွန်မှာ လှစ်ခနဲပျောက်ကွယ်သွားခဲ့၍ လေဆန်မှာ ဟက်ခနဲပြုံးလိုက်မိပါသည်။

သို့သော် အခြားတစ်ဖက်မှထွက်ပေါ်လာသော မိန်းကလေးတစ်ယောက်ကြောင့်. . .

''ဟင်. . . မင်း, ဆည်းဆာပျို''

''ဟုတ်ပါတယ်။ ဆည်းဆာပျိုပါ''

''ချွန်,အခုပဲ ထွက်သွားတယ်''

ဟု လေဆန်က ကြောင်နနလေးပြောလိုက်ပေမယ့် ဆည်းဆာပျိုကတော့ တည်ငြိမ်စွာပင် လေဆန်ကို ခပ်ရဲရဲကြီး စူးရှုကြည့်ပြီးတော့. . .

''ဟုတ်တယ် လေဆန်။ ရှင် ခန့်မှန်းသလိုပဲ။ ပျို, ချွန့်ကိုစိတ်ဝင်စားနေပြီ''

ဟု ပွင့်ပွင့်လင်းလင်းကြီးပြောချလာသော ဆည်းဆာပျိုကြောင့် လေဆန်မှာ ကျူတံကိုပဲ လွှတ်ချရတော့မလို၊ ကျူလုံးကိုပဲရောက်တတ်ရာရာ ဝင်ချင်တဲ့အလုံးဝင် ထိုးချရတော့မလို၊ တွေ့ကရာခုံမှာပဲ ဖြစ်သလို ဝင်ထိုင်လိုက်ရတော့မှာလိုလိုနှင့် ကြောင်နစွာ ရောက်တတ်ရာရာ ဖြစ်သွားမိပါသည်။

''ဆောရီး. . . ဆည်းဆာပျို, ငါ''

''ရှင်မမှားပါဘူး။ ပျို တကယ်ပဲ ချွန့်ကိုစိတ်ဝင်စားသွားတာပါ။ အဲ့ဒါကြောင့် ရှင်, ဆောရီးလို့မပြောပါနဲ့။ ကဲ. . . ပျို့ကိုခွင့်ပြုပါဦး။ ပျို အဲ့ဒါပြောဖို့ဝင်လာတာ''

ဟု ခပ်တည်တည်ပင် အေးအေးဆေးဆေးပြောချကာ ကျော နိုင်းသွားသော ဆည်းဆာပျိုကြောင့် လေဆန်ရဲ့ရင်ထဲမှာ ရှုပ်ထွေးသွား ရပါသည်။

နိုင်မာလှသော ဆည်းဆာပျိုရဲ့မျက်ဝန်းများကြောင့် သူ့ရင်ထဲ မှာလည်း တစ်ခုခုကို စိုးရိမ်နေမိသလိုလိုနှင့် မတင်မကျကြီးဖြစ်မိ၍ ကျူတံကို ကျူခုံပေါ် ဖြစ်သလိုပစ်တင်ကာ နံရံကိုမှီချပစ်တော့သည်။

♣ ♣ ♣



## အခန်း ( ၁၈ )

အချစ်နဲ့တွေ့ရင် အလိုလိုနေရင်း သတ္တိတွေရှိလာကြရသလို အလို လိုနေရင်းလည်း သူရဲဘောကြောင်တတ်လာရပါတယ်။ ဒါကြောင့်ပင် တစ်ယောက်တည်း သတ္တိကိုမွေးကာ လာခဲ့ရပေမယ့် ကျောင်းဆင်းချိန် နှင့်တိုက်ဆိုင်သွားရသည်မို့ ကောင်လေးကိုထိုင်စောင့်နေဖြစ်ပါလေသည်။

သိပ်ကြာကြာမစောင့်လိုက်ရပါ။ အလျှိုလျှိုထွက်ပေါ်လာကြသော အဖြူအစိမ်းဝတ်လူအများကြားထဲ ကောင်လေးကို ထင်းခနဲနေအောင် တွေ့လိုက်ရပါသည်။ ကောင်လေးက ချွန်ကိုမြင်တော့ သွားစွယ်လေးများ ပေါ်သည်ထိ လှစ်ခနဲပြုံးပြခဲ့ပါသေးသည်။

''ဆန်ရော ပါမလာဘူးလား''

''မင်းကို တစ်နေရာခေါ်သွားမလို့။ လိုက်ခဲ့မလား့ ကောင်လေး''

''ချွန့်ကို ဆန်ပြောပြမထားဘူးလား''

''ဘာကိုလဲ''

"ဒီနေ့ မေမေ ခရီးကပြန်ရောက်မယ်လေ"

"ဪ, ဒါပေမဲ့. . . ဘယ်လိုလုပ်မလဲ"

"ဘာဖြစ်လို့လဲ,ချွန်"

"ငါ ရင်တွေအရမ်းခုန်နေတယ်။ တစ်ယောက်ယောက်ကိုတွေ့ချင်ပေမယ့် မတွေ့ရဲဘဲဖြစ်နေရတယ်။ တစ်ယောက်ယောက်ကို အကူအညီတောင်းချင်ပေမယ့် အဲ့ဒီအကူအညီကို မလိုချင်ဘဲလည်း ဖြစ်နေရတယ်။ တစ်ခုခုကိုစိုးရိမ်နေပေမယ့် တစ်ခုခုကြောင့် သတ္တိတွေရှိနေပြန်တယ်"

ထိုအခါမှာတော့ ကောင်လေးက လှပသေသပ်စွာ ကြည်ရွှင်ရွှင်လေး ပြုံးလိုက်ပြီး. . .

"ချွန်,သွားချင်တဲ့နေရာကို ညီသိပြီ"

"ဟား. . . ဟား. . . သဘောပေါက်လွယ်သားပဲ"

"သုသာန်မဟုတ်လား"

"သေလိုက်စမ်းကွာ"

ဟု နဖူးကိုရိုက်ချပစ်လိုက်သောချွန်ပုံစံကို ကောင်လေးက ဟက်ဟက်ပက်ပက်ကြီး ရယ်မိလိုက်ပါသည်။ တကယ်တော့ ကောင်လေးက နောက်လိုက်တာပါ။ ဒါကို ချွန်ကလည်းသိ၍ တန်ပြန်နောက်လိုက်ခြင်းဖြစ်ပါသည်။

"ချွန်,တကယ်ပဲ အဲ့ဒီအစ်မကိုချစ်နေပြီလား"

"မင်းက ဘယ်လိုထင်နေလို့လဲ"

"ညီ့ရင်ထဲမှာ မကောင်းဘူး။ အဲ့ဒီအစ်မကို မြင်လိုက်တဲ့အချိန်တိုင်း ဘာဖြစ်သွားမှန်းမသိဘူး"

"ဟေ့ကောင်. . . မင်း"

"မဟုတ်ဘူး ချွန်ထင်သလိုမဟုတ်ဘူး။ ညီပြောမပြတတ်ပေမယ့် အဲ့ဒီလိုမဟုတ်ဘူး"

"မဆန်းပါဘူးကွာ။ သူက လှတာကိုး"





"ညီ,ဘာလုပ်ပေးရမလဲ"

"ငါ့ကို သူနဲ့သဘောတူသလား"

"အင်း. . . တူတယ်။ ညီ,သိသလောက်တော့ ချွန်က ဒီတစ်ခါပဲ ရူးသွပ်ဖူးလို့ပါ"

"ပြောလိုက်တဲ့လေသံက သူ့အစ်မကိုပဲ ငါကပိုက်နေမိသလိုပဲ"

ဟု အမှတ်တမဲ့ပြောလိုက်တဲ့ချွန့်ရဲ့စကားသံက ကောင်လေးရဲ့ရင်အစုံကို ခပ်ပြင်းပြင်းရိုက်ခတ်သွားခဲ့ပါသည်။

"တက်! လစ်မယ်"

ဟုပြောလိုက်တဲ့ ချွန့်ရဲ့အသံကြားတော့မှ ဘယ်ဆီရယ်လို့ ဦးတည်ချက်မရှိ ရွက်လွင့်နေခဲ့သောစိတ်က ပြန်လည်လို့ စုစည်းလာရပါသည်။ ဆောက်တည်ရာမဲ့နေသော စိတ်တစ်ခုက အလိုလိုပျော်နေမိသလိုလိုတော့ရှိသား။

အေးချမ်းတိတ်ဆိတ်လှသော ကျောင်းတော်ကြီးမှာ ဆိုင်ကယ်စက်သံကြောင့် သောသောညံသွားရပါသည်။ ထိုအခါမှာတော့ သစ်ရွက်ခြောက်များကို အမှိုက်တောင်းနှင့် လိုက်ကောက်နေသော မိုင်ဆောင်က. . .

"ဟာ. . . ချွန်"

"ဆရာရှိလား. . . မိုင်ဆောင်"

"ဆရာ မင်းကိုတွေ့ချင်မှာမဟုတ်ဘူး,ချွန်။ ဒါပေမဲ့ မင်းတွေ့ချင်တယ်ဆိုရင်တော့ သူရှိတဲ့နေရာကို ကျွန်တော်ပြောပြနိုင်တယ်"

"ဪ! မိတ်ဆက်ပေးရဦးမယ်။ ဒါ,လေဆန်ရဲ့ညီလေး, ကောင်လေးတဲ့။ နာမည်ရင်းကတော့ လေတံခွန်လို့ခေါ်တယ်။ ကောင်လေး, သူကတော့ မိုင်ဆောင်ပဲ။ ငါတို့ရဲ့သူငယ်ချင်း"

ဟူသော သူ့ရဲ့မိတ်ဆက်ပေးမှုကြောင့် တစ်ဦးကိုတစ်ဦး လက်ဆွဲနှုတ်ဆက်ဖြစ်ကြသည်တွင်. . .

"အစ်ကိုမိုင်ဆောင်ရဲ့မျက်နှာကို ညီ တစ်နေရာရာမှာ ရင်းနှီးနေ

သလိုလိုပဲ''

''ကျွန်တော်နဲ့ ညီလေးက ဒါ ပထမဆုံး ဆုံဖူးကြတာလို့ထင်ပါတယ်''

''အဲ့ဒီလိုမဟုတ်ပါဘူး။ အစ်ကို့အပြုံးမျိုးက တစ်ယောက်ယောက်နဲ့ တူနေလို့ထင်တယ်''

''ညီလေးစကားက စိတ်ဝင်စားစရာပဲ''

''အစ်ကို့မှာ သွေးချင်းတွေမရှိဘူးလား''

''ကျွန်တော်က မိဘမဲ့။ ဒီမှာပဲ အမြဲနေလာတာပါ''

''ဆောရီးပါ အစ်ကို။ ညီ့မသိလို့ပါ''

''ရပါတယ်။ ကျွန်တော့်ရင်ထဲ ဘယ်လိုမှမဖြစ်သွားပါဘူး''

''မင်းတို့ကိုမိတ်ဆက်ပေးနေတာနဲ့ပဲ လာရင်းကိစ္စကိုမေ့ချင်ချင်ဖြစ်သွားရပြီ။ မိုင်ဆောင်. . . ဆရီ ဘယ်မှာလဲ''

''သူ ဂျော်ဘွန်မှာရှိလိမ့်မယ်''

''ဂျော်ဘွန်''

''ဟုတ်တယ်။ သူဝမ်းနည်းနေချိန်တိုင်း သွားနေကျနေရာလေးပေါ့''

''ဆောရီး။ ငါ ဆည်းဆာပျိုကိုမခေါ်ခဲ့သင့်ဘူး''

''ဆည်းဆာပျိုပြောတာ မှန်ပါတယ်။ ဒါ ကျွန်တော်စိတ်ဆိုးလို့ပြောတာမဟုတ်ပါဘူး။ ဆရီရဲ့အပြောတွေအတွက် ကျွန်တော်က ချွန်ကို အားနာနေတာပါ''

''ပန်းကလေးနဲ့ပေါက်နေသလိုပဲ''

''ကျွန်တော်.ဆရီကိုစိုးရိမ်ခဲ့ဖူးတယ်။ ဒါပေမဲ့ အခုကျွန်တော်မစိုးရိမ်တော့ဘူး။ ချွန်လောက်စိတ်ချရတဲ့လူက ဆရီ့အတွက် ကမ္ဘာမှာ မရှိနိုင်တော့ဘူး''

''အားနာနာနဲ့ပဲ သူငယ်ချင်း။ ငါ ဂျော်ဘွန်ကို လိုက်.လိုက်ဦးမယ်''

''ညီရော လိုက်ရဦးမလား.ချွန်''





''မင်းက ဆေးရိုးသည်လား''

''ဟား. . . ဟား. . . ချွန်က အဲ့လိုမျိုးနောက်တောက်တောက်လည်း ပြောတတ်တယ်''

ဟု ဟက်ဟက်ကလေးပြုံးကာပြောလိုက်တဲ့ ကောင်လေးရဲ့အပြုံးတစ်ပွင့်ကို မိုင်ဆောင်က မြင်ဖြစ်အောင် မြင်ဖြစ်လိုက်ပါသေးသည်။ ထိုအပြုံးဟာ တစ်ယောက်ယောက်နှင့် သိပ်တူလွန်းနေပါသည်ဟု သူတွေးကောင်းတွေးနေပေလိမ့်မည်။

♣ ♣ ♣



## အခန်း ( ၁၉ )

"ဘုရားသခင်ရဲ့ကရုဏာတော်တို့ကြောင့် အေးချမ်းစွာ ရပ်တည်ခဲ့ရပါတယ်။ ကျေးဇူးကြီးမားလှပါသော ဘုရားသခင်။ ကွဲကွာနေသော မောင်လေးနဲ့အမြန်ဆုံးဆုံခွင့်ရအောင် ကူညီပေးတော်မူပါ။ ဆရိက မိဘမဲ့မဟုတ်ပါဘူး။ မိဘရှိပါတယ်။ အရွယ်မတိုင်မီ ဆုံးပါးသွားခဲ့ကြလို့ပါ။ တကယ်တော့ ဆရိမှာ မိဘရှိပါတယ်၊ ရှိခဲ့ဖူးပါတယ်။ မောင်လေးလည်း ရှိပါတယ်။ ကွဲကွာခဲ့ကြရလို့ပါ။ ကံကြမ္မာဆိုတာ တကယ်ဆိုရင်လည်း ကောင်းခြင်းတွေကိုပေးလှည့်ပါ။ ဆရိရဲ့ထမင်းလုတ်တိုင်းက ဆရိမပိုင်ဘူးဆိုတာ သိပေမယ့် ဆရိကလည်း လူသားတစ်ယောက်ပါပဲ။ ဆရိလည်း အမေ့နားမှာနေ၊ အမေခိုင်းတာလုပ်၊ အမေကျွေးတာ စားချင်တာပါပဲ။ ကံတရားကိုအပြစ်မမြင်တတ်တဲ့ဆရိကို လွတ်လပ်စွာပေါက်ကွဲခွင့်၊ ငိုကြွေးခွင့်တော့ပြုပါ။ ဆရိရဲ့ဘဝမှာ မောင်လေးကိုတွေ့ရဦးမှာဆိုတဲ့ မျှော်လင့်ချက်၊ မိုင်ဆောင် ဘေးမှာရှိပါတယ်ဆိုတဲ့အသိနဲ့ ကြိုး

စားရပ်တည်လာတာပါ။ ကျေးဇူးပြုပြီး''

သူမစကားသံတို့က တိုးရှတိမ်ဝင်သွားရပါသည်။ လူတစ်ကိုယ်စာ အကန့်ကျဉ်းကျဉ်းလေးထဲမှာ ပြောဆိုနေသည်ဖြစ်၍ သူက အားလုံးကို ရှင်းလင်းပြတ်သားစွာ ကြားနေရပါသည်။

ထိုစကားလုံးများကြောင့် သူ့ရင်ထဲမှာ လေးပင် မွန်းကြပ်သွားရပါသည်။ အိတ်ကပ်ထဲမှအရာတစ်ခုကိုနှိုက်ကာ ဆို့နင့် ကြေကွဲစွာ ငိုရှိုက်နေခဲ့သောသူမထံ လှမ်းပေးလိုက်ပါသည်။

''ဟင်. . . နင်. . . နင် ဘယ်တုန်းကရောက်နေတာလဲ''

''ငါ့ကိုသာ အခုချိန်မှာ အလိုချင်ဆုံးဆုကို တောင်းဆိုရင် မင်းတမ်းတနေတဲ့ မင်းမောင်လေးက မင်းရှေ့မှာ ဘွားခနဲ ပေါ်လာပါစေဆိုတဲ့ဆုပဲ တောင်းလိုက်မယ်''

''နင့်ကို ငါသိပ်ကြည့်မရပေမယ့် ဒီစကားအတွက်တော့ ကျေးဇူးတင်ပါတယ်''

''မင်းကိုလိုက်ရှာနေတာ ဆရီရောင်အိုင်''

''လေပြည်ညင်းအဆင့်ရှိတုန်းမှာ ရှင်ပြန်တော့။ ရှင့်ကို ထပ်မတွေ့ချင်ဘူး''

''တောင်းပန်ပါတယ် ဆရီရောင်အိုင်။ တကယ်တော့ ဆည်းဆာပျို့ကို မင်းဆီမခေါ်လာသင့်ပါဘူး။ ကိုယ် တကယ်ကိုတောင်းပန်တာပါ။ မင်းကျေနပ်အောင် ဘာလုပ်ပေးရမလဲ''

''ရှင်ပြန်သွားလိုက်ပါ။ အဲ့ဒါဆို ကျွန်မကျေနပ်ပြီ''

''ကောင်းပြီလေ ကိုယ်ပြန်မယ်။ နောက်တော့မှ ထပ်လာခဲ့ပါဦးမယ်''

''ဘယ်တော့မှ မလာခဲ့ပါနဲ့''

''အဲ့ဒါကလွဲရင် မင်းရဲ့စည်းကမ်းချက်တွေမှန်သမျှ ကိုယ် လိုက်နာနိုင်တယ်''

''ရှင်, ကျွန်မတို့ဘဝကို မနှောင့်ယှက်ပါနဲ့။ ကျွန်မတို့က ဘုရား





သခင်ရဲ့အရိပ်အောက်မှာ အေးချမ်းနေပါတယ်။ ဆည်းဆာပျို့ပြောသလိုပဲ ရှင်နဲ့ကျွန်မတို့က မအပ်စပ်ပါဘူး။ ရှင့်အပေါ် ကျွန်မ မောက်မာရိုင်းစိုင်းမိခဲ့တာရှိရင်လည်း အခုပဲ တောင်းပန်ပါတယ်။ ကျွန်မတို့ကို ထပ်မနှောင့်ယှက်ပါနဲ့တော့''

''ကိုယ် မင်းတို့ကိုနှောင့်ယှက်နေတာမဟုတ်ဘူး ဆရီရောင်အိုင်။ ချစ်နေတာ။ မင်းကိုသိပ်ချစ်နေတာ။ မိုင်ဆောင်ကို သိပ်ခင်နေတာ။ အဲ့ဒါ ကိုယ်ဘာမှားသလဲ''

''ရှင်မှန်ပါတယ်၊ မမှားပါဘူး။ အဲ့ဒီအတွက် ကျွန်မကပဲ တောင်းပန်ပါတယ်။ ရှင်မလာပါနဲ့တော့''

''မင်းလည်း ဘာမှမမှားတဲ့အတွက် ကိုယ့်ကို ဘာမှမတောင်းပန်ပါနဲ့။ အကယ်၍ မင်းမှားခဲ့မယ်မဆိုရင်တောင် မင်း ကိုယ့်ကိုဘယ်တော့မှ မတောင်းပန်ပါနဲ့။ ကိုယ် မင်းကိုသိပ်ချစ်နေပြီ''

''ကျွန်မ သည်းခံနိုင်တဲ့အတိုင်းအတာတစ်ခုကို ကျော်သွားပြီရှင်။ ရှင့်ရဲ့ခပ်ရိုင်းရိုင်းစကားတွေကို ကျွန်မသည်းမခံနိုင်တော့ဘူး''

''မင်း ကိုယ့်ကို ဘယ်လောက်ပဲရန်တွေ့ပါစေ။ ကိုယ် မင်းကို အရမ်းချစ်တယ် ဆရီရောင်အိုင်''

''ကျွန်မက ရှင့်ကိုမချစ်ဘူး။ အခုလည်းမချစ်ဘူး။ နောင်လည်း ချစ်လာမှာမဟုတ်။ ဘယ်တော့မှလည်း မချစ်ဘူး။ မုန်းတယ်။ နားလည်ပြီလား။ အဲ့ဒီထက်ရှင်းချင်သေးလား''

''ဒါပေမဲ့ ကိုယ် မင်းကိုအရမ်းချစ်နေတယ်လေ။ မင်း ကိုယ့်ကို နည်းနည်းဖြစ်ဖြစ် ဟန်ဆောင်ပြီး ချစ်ကြည့်လိုက်။ ရော်ရွက်ဝါတွေမှန်သမျှ စိမ်းလန်းလှပါလာလိမ့်မယ်။ ကိုယ်အာမခံတယ်''

''သေသွားတဲ့ ကျွန်မရဲ့မိဘတွေ ပြန်ရှင်ခဲ့မယ်ဆိုရင်တောင် ရှင့်ကိုမချစ်နိုင်ဘူး။ ရှင့်ကိုလူယဉ်ကျေးတစ်ယောက်လို့ သတ်မှတ်ချင်ပါတယ်၊ ရှင်ပြန်ပါ''

''ကမ္ဘာ့အမိုက်ဆုံးလူတစ်ယောက်လို့သတ်မှတ်လို့ရတယ် ဆရီ

ရောင်အိုင်''

''ဆောရီးပဲ,ချွန်။ ကျွန်မ ရှင့်ကိုဘယ်တော့မှချစ်မှာမဟုတ်ဘူး''

''တောင်တွေ၊ တောတွေ၊ မြစ်ချောင်း၊ အင်းအိုင်၊ ပင်လယ်တွေ တောင်၊ ရေကြောင့်၊ မြေကြောင့်၊ သဘာဝရာသီဥတုကြောင့် အချိန်ကြာလာသည်နှင့်အမျှ သွင်ပြင်လက္ခဏာအမျိုးမျိုး ပြောင်းလဲသွားတတ်ကြသေးတာပဲ။ ကိုယ်စိတ်ရှည်ပါတယ်''

''ရှင့်လိုလူမျိုးကို ခပ်ရှင်းရှင်းပဲ ကျွန်မက ပြောပါမယ်။ ရှင့်ကို ဘယ်တော့မှချစ်လာမှာမဟုတ်ဘူးဆိုတာ ကျွန်မနှလုံးသားကို ကျွန်မ သေသေချာချာသိနေတယ်။ အဲ့ဒါဘာကြောင့်လဲသိလား။ ရှင်နဲ့မတွေ့ခင်ကာလများစွာတည်းက တစ်ဦးတစ်ယောက်ကို ကျွန်မချစ်နှင့်ပြီးနေလို့ပဲ။ အဲ့ဒီလူကလွဲရင် ကျွန်မနှလုံးသားထဲမှ ဘာမှမရှိဘူး''

''မင်းလိမ်နေတာ. . . ဆရိရောင်အိုင်''

''ဘုရားသခင်က လိမ်ညာခြင်းကိုမနှစ်သက်ဘူး။ ကျွန်မ ဘယ်တော့မှလိမ်မပြောဘူး,ချွန်''

''မဖြစ်နိုင်ဘူး။ မင်း ငါကလွဲရင် ဘယ်သူ့ကိုမှမချစ်ရဘူး။ ငါကလွဲရင် မင်းရဲ့အနားမှာ ဘယ်သူမှမရှိရဘူး''

''ဟား. . . ဟား. . . ရှင်အရူးပဲ,ချွန်၊ ရှင်အရူးကြီးပဲ။ မှတ်ထား ချွန်။ အဲ့ဒီလူကလွဲရင် ကျွန်မဘယ်သူ့ကိုမှမချစ်ဘူး''

''ဆရိရောင်အိုင်''

ဟုခေါ်လိုက်တဲ့ ချွန်ရဲ့အသံမှာ ခပ်မာမာနှင့် ကျယ်လောင်သွားပါသည်။ သူ့ရင်ထဲမှာ အောင့်မျက်နာကျင်သွားရလို့ပါ။ သူကတော့ ရင်နဲ့မဆန့်အောင် ချစ်လိုက်ရတာ။ သူ့အချစ်အတွက် ရရှိလိုက်တာက ပြက်ရယ်ပြုခြင်းတွေ လျှံထွက်နေတဲ့ လှောင်ပြောင်ရယ်သံတဲ့လား။ သူ့အချစ်က အဲ့ဒီလောက်ပဲ သူမရဲ့အမြင်မှာ အပေါဆန်နေတာလား။ ဒါချစ်မိခြင်းအတွက် ရရှိလိုက်တဲ့ရလဒ်လား။

သူ့ရင်ထဲမှာ သူမရဲ့အပြုံးက အတိုင်းအဆမရှိ နာကျင်စေပါသည်။





ဒါကြောင့်ပင် သူ့ကိုခပ်လှောင်လှောင်မျက်လုံးများနှင့် ခပ်ရိရိကြည့်ကာ လှည့်ထွက်ဖို့ကြံနေတဲ့ သူမရဲ့ရှေ့မှာ ပိတ်ရပ်ပစ်လိုက်ပါသည်။

သူ့အကြည့်စူးစူးကြောင့် သူမထိတ်လန့်သွားမိတာတော့ အမှန်ပါပဲ။ သူမက သူ့ကိုထပ်ဆိုဖို့ စကားလုံးတွေရှာမတွေ့ခင်မှာပင် သူမနှုတ်ခမ်းတစ်လွှာမှာ ဒဏ်ခတ်ခံလိုက်ရပါသည်။

ရုတ်တရက်မို့ စိတ်နှလုံးအစုံမှာ ပကတိမဟုတ်တော့ဘဲ မူးဝေသွားခဲ့ရသည်။ ရင်ခွင်ကျယ်ခပ်နွေးနွေးကို အားနှင့်ရုန်းကာ ဆောင့်တွန်းပစ်မိတော့၏။

နောက်ဆုံးမှာ သူရရှိလိုက်တာက ပါးပြင်မှာ ပူခနဲ စပ်ရှရှအထိတစ်ခုပါပဲ။ ထိုပါးပြင်ကဲ့ပွတ်သပ်ရင်း သူ့နှုတ်ခမ်းတွေမှာ အကျေနပ်ဆုံး ကေန်ပင် ပြုံးနေဖြစ်ပါတော့သည်။

♣ ♣ ♣



## အခန်း ( ၂၀ )

စက်ဘီးလေးကိုတွန်းကာ ခပ်သုတ်သုတ်ခြေလှမ်းများနှင့်ဝင်လာသော ဆရီရောင်အိုင်ကိုတွေ့တော့ မိုင်ဆောင်က ဖတ်လက်စစာအုပ်ကို ပိတ်ကာ ထရပ်လိုက်ပါသည်။

''နင်,ချွန်နဲ့တွေ့ခဲ့ရလား''

''ဟမ်''

ထိုအမေးစကားအတွက် သူမမှာ ဘာပြောလို့ပြောရမှန်းမသိဖြစ်သွားရပါသည်။

''နင်ရှိမယ့်နေရာကို ငါပြောပြလိုက်တာ''

''ငါ, ချွန်နဲ့မသိချင်ဘူး. . မိုင်ဆောင်''

''ချွန်က ခင်ဖို့ကောင်းပါတယ်''

''ငါမခင်ဘူး။ မုန်းတယ်''

''ဟိုနေ့က ဆည်းဆာပျိုပြောတဲ့စကားတွေကြောင့်လား။ နား

လည်ပေးလိုက်ပါ။ ဒါတွေက ဒေါသဖြစ်တုန်းပြောတဲ့ စကားနိုင်တွေပါ။ သူ့ရင်ထဲမှာသာ ကြမ်းတမ်းခြင်းက ရောယှက်နေရင် ငါ့ကို ဂရုတောင် စိုက်ခဲ့မှာမဟုတ်ဘူး''

''အဲ့ဒါတွေမပြောနဲ့တော့ မိုင်ဆောင်။ ဒါကို ငါ့ရင်ထဲက ထုတ်ပစ်လိုက်ပြီ''

''ငါ နင့်ကိုစိတ်မချဘူး ဆရီ။ ချွန်နဲ့ဆိုရင်တော့ တစ်မျိုးပေါ့''

''ဘာလဲ။ နင်က ငါ့ကိုတိုက်တွန်းနေတာလား''

''ငါသိတယ် ဆရီ။ နင့်ကို ချွန်က တကယ့်ကို ရူးရူးမူးမူး နစ်နေအောင် ချစ်နေတယ်''

''နင်က လူတစ်ယောက်ရဲ့စိတ်ကို အတတ်မြင်တတ်လို့လား''

''အင်း''

''ငါ့ရဲ့စိတ်ကိုရော နင်မမြင်ဘူးလား. . မိုင်ဆောင်''

ထိုသို့တည့်တည့်ကြီးမေးလာသောစကားလုံးအတွက် သူ အုအုအအဖြစ်သွားရတာတော့ အမှန်ပါပဲ။

သို့သော် မသိချင်ယောင်ပြုပြီး အပြုံးတုကိုဖန်ဆင်းယူကာ. . .

''ငါ ချွန်ရဲ့အချစ်ကို တကယ်အားမခံတယ်''

ဟုပင် ကစဉ့်ကလျားပြောပစ်မိပါသည်။ သူ ထင်မှတ်မထားခဲ့တာက ပြုံးလိုက်တဲ့ ဆရီရဲ့မျက်နှာချိုချိုပါပဲ။ ဆရီရဲ့အပြုံးက ကျေနပ်အားရမှုအပြည့်ပါပဲ။ ဒါကြောင့် သူ့ရင်ထဲမှာ ဇဝေဇဝါဖြစ်ရစဉ်. . .

''သူ ငါ့ဆီ ဘယ်တော့မှ လာတော့မှာမဟုတ်ဘူး''

''ဟင်''

''ငါ သူ့ကိုပါးရိုက်ပစ်လိုက်တယ်''

ဟုကျေနပ်အားရရှိလှသောလေသံနှင့် အားပါးတရပြောပစ်လိုက်သည်တွင် မိုင်ဆောင်ထံ ရှုပ်ထွေးမှုကြီးက အစုလိုက်အပြုံလိုက်ရောက်ရှိလာရပါသည်။

သို့သော် သိပ်ခင်ရပါသော ဆရီကို အပြစ်မတင်ရက်တော့ဘဲ





လက်ထဲမှစာအုပ်ကို သစ်မြစ်ဆုံကြီးပေါ်တင်ကာ ဆရီလက်ထဲမှ စက်ဘီးကိုဆွဲယူလိုက်ပါသည်။

''ဟင်. . . နင်ဘယ်သွားမလို့လဲ''

''အမှန်တော့ ချွန့်ဘက်က အလံဖြူမကာဘူး။ အလံရောင်စုံပြပြီးသားပါ။ တစ်ဖက်လူက ဒီလောက်အလျှော့ပေးနေတာကို နင်အနိုင်ယူလွန်းအားကြီးတယ် ဆရီ''

''မိုင်ဆောင်. . . နင်''

''အခုလောလောဆယ် နင့်ဆီက ငါဘာမှနားမထောင်ချင်သေးဘူး။ နင့်ရဲ့စိတ်ကိုပြုပြင်လိုက်ရင် လောကကြီးက ပိုလှလိမ့်မယ် ဆရီ''

''မှောင်မိုက်တဲ့အခန်းကျဉ်းကျဉ်းလေးထဲမှာပဲ ငါနေမယ် မိုင်ဆောင်။ ရတယ်''

ဟုပင် သူမက နာနာကျင်ကျင်ကြီးပြောပစ်မိပါသည်။ သို့သော် သူမကိုထပ်လှည့်မကြည့်ဘဲ ထွက်ခွာသွားသော မိုင်ဆောင်ရဲ့ကျောပြင်က သူမရဲ့နှလုံးသားအလယ်ဗဟိုတည့်တည့်ကို အချွန်ထက်ဆုံးသော ဆူးတစ်ချောင်းပစ်သွင်းခံလိုက်ရသည်နှယ်။ နာကျင်မှုက အတိုင်းအဆမဲ့။

♣ ♣ ♣



## အခန်း ( ၂၁ )

ချွန်ပြောပြဖူးသောလိပ်စာအတိုင်း လာခဲ့သည်တွင် နောက်ဆုံးမှာ ခမ်းနားကြီးကျယ်လွန်းလှသော အိမ်ကြီးတစ်အိမ်ကို ရောက်ရှိလာရသည်။ ထိုအိမ်ကြီးမှာ အဆောင်ဆောင်အခန်းခန်းနှင့်မို့ ရဲတိုက်ကြီးတစ်ခုနှင့် တူလွန်းလှသည်။

ခမ်းနားခြင်းနှင့်အညီ တိတ်ဆိတ်ခြင်းကရော ကြီးစိုးမင်းမူနေသည်မို့ ကျယ်ပြောလှသောဧည့်ခန်းကျယ်ကြီးထဲမှာမူ သူ အနေကျုံ့နေရပါသည်။

''အစ်ကိုလေး. . . ထိုင်ပါဦးနော်။ မကြာခင် အစ်ကိုလေးချွန်ပြန်ရောက်ပါမယ်''

ဟုပြောလာသော အိမ်အကူဖြစ်ပုံရတဲ့မိန်းကလေး၏ စကားကြောင့်တော့ သက်တောင့်သက်သာရှိသွား၏။ ထိုစဉ်မှာ အိမ်ရှေ့ဘက်ဆီမှ ကားထိုးဆိုက်သံကို ကြားလိုက်ရပါသည်။

သူ့ရင်ထဲမှာ သတိပေးခေါင်းလောင်းသံက ညံပွက်သွားရပါသည်။ ချွန်မဟုတ်မှတော့ ချွန့်ရဲ့မိဘဘဲပေ့ါ။ ဟူသောအတွေးကြောင့် ရိုရိုကျိုးကျိုးလေး ထရပ်မည်ကြံခိုက်။

ဆူဆူညံညံအသံများနှင့် ဖရိုဖရဲဝင်လာသော အမျိုးသမီးတစ်သိုက်ကြောင့် သူ့မှာမှင်တက်သွားရပါသည်။ ထိုအထဲမှ နှုတ်ခန်းနီနီဆံပင်ကောက်ကောက်နှင့် အမျိုးသမီးက သူ့ကို ရုတ်တရက်မြင်သွားကာ. . .

''ဒါက ဘယ်သူလေးလဲ''

ဟုဆိုလာသော ရမ္မက်ခိုးဝေဝေနှင့် ပျစ်ချွဲချွဲအသံကို သူမုန်းသွားမိပါသည်။ သို့သော်လည်း ယဉ်ကျေးစွာပင်. . .

''ချွန့်ရဲ့သူငယ်ချင်း. . . မိုင်ဆောင်ပါခင်ဗျာ''

''အိုး. . . ဟိုး. . . ဟိုး, အံ့သြစရာပဲ။ ဒီငရိုင်းကောင်မှာ ဒီလိုချောမောရည်မွန်တဲ့ သူငယ်ချင်းလေးရှိနေတာကိုး''

''ဟုတ်ပ့ါ. . . ဟုတ်ပ့ါ ချောလိုက်တာ။ မောင်လေးက ဘယ်ကလဲဟင်''

''ကျွန်တော်က ချွန့်ရဲ့သူငယ်ချင်းပါ, အန်တီတို့''

''အို. . . ခါးလိုက်တာ၊ ခါးလိုက်တာ၊ မမ. . . အဲ့လိုခေါ်။ ခေါ်ကြည့်ပါဦး, မမလို့''

သူ စိတ်ညစ်သွားရပါသည်။ ဘယ်တုန်းကမှ အခုလိုမကြုံခဲ့ဖူးပါ။ သူတို့တွေက ချွန်နဲ့ဘာတော်သလဲ။ အလိုလိုနေရင်း ချွန့်ကိုပင် အထင်သေးချင်နေမိပါသေးသည်။ သို့သော်. . .

''ဒေါ်အိမ်နူး. . . ခင်ဗျား ဒါဘာလုပ်နေတာလဲ''

ဟု ဟိန်းပြီးညံ့ထွက်သွားတဲ့အသံဝါကြီးကြောင့် သူပင်လျှင်လန့်သွားရပါသည်။ သို့သော် စောစောက နှုတ်ခမ်းနီရဲရဲနှင့်အမျိုးသမီးကတော့ ခပ်ပြုံးပြုံးပင်. . .

''သူက ဘယ်သူလဲ''





''ဒါ့,ခင်ဗျားအကန့်မဟုတ်ဘူး။ ခင်ဗျားမူးနေရင် အပေါ်တက်နေ။ ခင်ဗျားတို့တွေရော ဘာလုပ်နေကြတာလဲ၊ မပြန်ကြသေးဘူးလား''

ဟူသော အသံဝါကြီးနှင့်အော်လိုက်တော့မှ ဒေါ်အိမ်နူးနားမှအမျိုးသမီးနှစ်ယောက်က ချဲသွားကာ အလျှိုလျှိုထွက်သွားကြလေတော့သည်။

''နေစမ်းပါဦး။ မင်းက ငါ့ပါတနာတွေကို အော်ရအောင် ဘာအဆင့်လဲ''

''ချွန်ဟာ ဘာအဆင့်မှန်း ခင်ဗျားမသိဘူးလား''

''မင်းဘာလဲဆိုတာ ငါမသိဘူး။ ငါ့ကိုလာမပြောနဲ့။ ငါစိတ်မဝင်စားဘူး။ ငါစိတ်ဝင်စားတာ ဒီကမောင်လေးကိုပဲ။ မောင်လေးနာမည်ဘယ်လိုခေါ်သလဲဟင်''

ဟုဆိုကာ ခပ်မူးမူးနှင့်ပင် မိုင်ဆောင်ရဲ့လက်မောင်းကိုဆုပ်ကိုင်လိုက်တော့ မိုင်ဆောင်မှာ တုန်သွားရပါသည်။ သို့သော် ချွန်က ထိုအမျိုးသမီးရဲ့လက်ကို မိုင်ဆောင်ရဲ့လက်မောင်းက ဆတ်ခနဲ ကြမ်းကြမ်းဆွဲပစ်ကာ ဆောင့်တွန်းပစ်လိုက်သည်။

''တစ်ယောက်မှမရှိကြဘူးလား။ သူ့ကိုဆွဲခေါ်သွားကြစမ်း''

ဟုဆိုကာ ကျုံးအော်ပစ်လိုက်သည်တွင် အိမ်ရှေ့တံခါးမကြီးကတတိယအကြိမ်ပြန်ပွင့်သွားကာ ဖြုန်းခနဲဝင်လာသောလူကြီးက သူ့ရဲ့အတက်ရှိုကေ့(စ်)ကို ဘုန်းခနဲပစ်ချကာ. . .

''ခွပ်! ခွပ်! ခွပ်! ''

သုံးချက်ဆင့်ထိုးပစ်လိုက်တော့ ချွန်မှာ ဘုန်းခနဲလဲပြိုသွားရပါသည်။ အဖြစ်အပျက်တွေက မြန်ဆန်လွန်းလှတာကြောင့် မိုင်ဆောင်မှာ ဘာမှမသိလိုက်သေးမှာ အခြေအနေက အများကြီးပြောင်းလဲသွားရပါ၏။ ထိုပုဂ္ဂိုလ်က ဒေါသတကြီးပင် လဲကျနေသောချွန်ကိုဆက်ထိုးမယ်ကြံခိုက် ထိုနှုတ်ခမ်းနီနှင့်အမျိုးသမီးက ရုတ်တရက်ထရပ်ကာ. . .

''တော်ပါတော့ ကိုရယ်။ သူ နာသွားပါဦးမယ်။ သား, ဘယ်

နာသွား သေးလဲ''

ဟု မူယာဟန်ပန်နှင့် ရုတ်ချည်းပြောင်းလဲသွားသော ထိုအမျိုးသမီးကို သူပင်လျှင် နားမလည်နိုင်တော့ပါ။

''ဒီကောင် သိပ်ရိုင်းလွန်းတယ်,နူး။ ဖယ်! ဒီကောင့်ကိုကောင်းကောင်းဆုံးမရမယ်''

''တော်ပါတော့ ကိုရယ်။ ကလေးပဲ၊ နူးနားလည်ပါတယ်။ နူးရဲ့စေတနာမေတ္တာတွေကိုသိသွားတဲ့တစ်နေ့ သူ လိမ္မာလာပါလိမ့်မယ်။ တော်ပါတော့,ကိုရယ်''

''ဟော့ကောင် မင်းကြပ်ကြပ်သတိထား''

ဟု ကြိမ်းမောင်းကာ ထိုအမျိုးသမီးဆွဲခေါ်ရာနောက် ပါသွားသော ထိုပုဂ္ဂိုလ်ကို သူ,မမှိတ်မသုန်စိုက်ကြည့်နေခဲ့ပါသည်။ သူ့ရင်ထဲမှာ ဘယ်တုန်းကမှမရှိခဲ့ဖူးတဲ့ အမုန်းတရားက ရုတ်တရက် ဝင်ရောက်လာခဲ့ပါသည်။ ထိုပုဂ္ဂိုလ်ကို ခါးမှသိုင်းဖက်ကာ ခေါ်ဆောင်သွားရင်း တန်ပြန်လှည့်ကြည့်ခဲ့သော ထိုအမျိုးသမီးရဲ့မျက်လုံးက ချွန့်ကို ထပ်ပြီးစိန်ခေါ်သွားသယောင်မို့ သူပို၍နားမလည်နိုင်ဖြစ်မိပါသည်။

လဲကျနေသာချွန်ကို ပခုံးမှမ,၍ထူလိုက်တော့ ချွန်ထံမှ အေးစက်စက်စကားလုံးကို ကြားလိုက်ရပါသည်။

''အဲ့ဒါ ငါ့အဖေနဲ့ မိထွေးလေ''

''မင်းရဲ့အဖေ''

မိထွေးနှင့်သားရဲ့ဖြစ်အင်ကို လေ့လာခြင်းမရှိဘဲ ဘလိုင်းကြီးအပြစ်ပေးသွားသောဖခင်ကို သူအံ့ဩမိသွား၍ပါ။

''အံ့ဩသွားသလား။ အဲ့ဒါ ငါ့ဘဝပဲ. . . မိုင်ဆောင်။ အဲ့ဒါတွေကြောင့် ငါမိန်းကလေးတွေကို အထင်မကြီးတာ။ ဒါပေမဲ့ အဲ့ဒီအထဲမှာ ဆရီရောင်အိုင်နဲ့ လေဆန်ရဲ့အမေ ဒေါ်ထွေးထွေးလုံ မပါဘူး''

''လေဆန်ရဲ့အမေ''

''ဟုတ်တယ်။ ငါ ခဏလောက် လေဆန် သို့မဟုတ် လေတံခွန်





ဖြစ်ဖူးချင်ခဲ့တယ်''

ဘဝအပိုင်းအစအချို့ကို သူအာရုံစိုက်၍ နားထောင်နေခဲ့ပါသည်။

''လေဆန်ရဲ့အမေက သိပ်ကျက်သရေရှိတယ်၊ မိခင်ပီသတယ်။ သူ့သားနှစ်ယောက်လုံးကိုသိပ်ချစ်တယ်။ တည်ကြည်ခန့်ညားပြီး လေးစားဖို့ကောင်းတယ်။ မိခင်ပါလားဆိုပြီး တာဝန်ယူမှုအပြည့်ရှိတယ်။ မင်း လေဆန်ရဲ့အမေကိုမမြင်ဖူးလို့။ မြင်ဖူးရင် မင်း တကယ်အမေလိုချင်သွားမယ်''

ဟု ရယ်သွဲ့သွဲ့လေးပြောလိုက်တဲ့ ချွန်ရဲ့ အက်ရှရှစကားလုံးက သူ့ရင်အစုံကို ရိုက်ခတ်သွားခဲ့ပါသည်။

''မင်းသိပ်ခက်ခဲခဲ့သလား,ချွန်''

''မင်းက မိဘနဲ့မနေရပေမယ့် ဖာရီသာတွေ၊ စစ္စတာတွေရဲ့ မေတ္တာနဲ့သိပ်နီးစပ်တယ်။ ငါ့ဘဝတော့ ရေမရှိတဲ့ပင်လယ်ကြီးလိုပဲ''

''ငါ၊ မင်းကိုဘာကူညီရမလဲ''

''ဆရီရောင်အိုင်ကို နားချပေးဖို့ကလွဲရင် ဘာမှအကူအညီမလိုဘူး''

''မင်းတကယ်ပဲ. . . ဆရီ့ကို''

''အရမ်းကိုချစ်နေတယ်။ သူသာရှိရင် အမေဆိုတာမျိုးကိုလည်း မတမ်းတတော့ဘူး။ ဒါပေမဲ့ သူက ငါ့ကို ဘယ်တော့မှမချစ်နိုင်ဘူးတဲ့။ ဒီအထဲမှာ နာတယ်ကွာ''

ဟု ရင်ဘတ်ကြီးကိုပုတ်ပြတော့ သူ့ရင်ထဲမှာ မကောင်းလှပါ။ ထိုခဏအတွင်းမှာ အရာအားလုံးတို့ထက် ချွန့်ကို ပိုသံယောဇဉ်ဖြစ်သွားမိပါသည်။

''ငါကတော့ အရမ်းချစ်တယ်။ ဒါပေမဲ့ သူကတော့ ငါ့ကို ပါးတီးသွားတယ်။ ဟား. . . ဟ အခုချိန်ထိ စပ်ဖျဉ်းဖျဉ်းနဲ့ နေလို့ထိုင်လို့ကောင်းနေတုန်းပဲ''

''ငါ ဆရီ့အစား တောင်းပန်ပါတယ်။ အရင်က ဆရီ အဲ့လောက်

မဆိုးပါဘူး''

''နိုး. . . နိုး, မတောင်းပန်နဲ့၊ မတောင်းပန်နဲ့။ ဆရိုက မဆိုးပါဘူး။ ချစ်ဖို့ကောင်းတာ''

''မင်း ဆရိုကိုစိတ်မဆိုးဘူးလား''

''မဆိုးဘူး။ လုံးဝပျော်နေတာ''

''ငါ မင်းကိုသိပ်အံ့ဩတယ်,ချွန်''

''သူ ငါ့ကို နှစ်ချက်သုံးချက်တောင် ရိုက်ပစ်သင့်တာ''

''ဟမ်''

''ငါက သူ့ကို သွားဖက်နမ်းတာကိုး''

ဟု ပွင့်ပွင့်ရှင်းရှင်းကြီးနှင့် ပြည်တည်တည်ကြီးပြောလာတဲ့ ချွန့်ရဲ့စကားလုံးကြောင့် မိုင်ဆောင်မှာ ဘာပြောလို့ပြောရမှန်းမသိ ဖြစ်သွားရပါသည်။

''ဘယ်လိုလဲ။ မင်း ငါ့ကိုထိုးချင်သွားပြီလား''

သို့သော် မိုင်ဆောင်က ချွန့်ကိုကြည့်ကာ ရယ်ပစ်မိပါသည်။

''ဟား. . . ဟား. . . ဟား. . . မင်းကတော့ကွာ၊ တကယ်ပဲ''

''သူက ငါ့ကိုမချစ်ဘူးတဲ့။ တစ်နေ့နေ့တော့ ပြောင်းလဲလာမယ်လို့ ငါယုံတယ်။ မင်းတောင် ကျွန်တော်ဆိုတဲ့အသုံးအနှုန်းကြီးကနေ ငါလို့ ရင်းရင်းနှီးနှီးပြောင်းသုံးလာသေးတာပဲ''

''ဟား. . . ဟား. . . မင်းကို ငါ ထပ်ပြီးရယ်ချင်သွားပြန်ပြီ,ချွန်။ မင်းက သေးသေးလေးတွေကိုလည်း သတိထားတယ်။ မင်းကို ငါ လုံးဝ ဆရိုနဲ့ သဘောတူတယ်''

ဟုပြောချပစ်လိုက်သည်တွင် ချွန်က ရုတ်တရက်ဆိုသလို မိုင်ဆောင်ကို သိုင်းဖက်ပစ်လိုက်ပါသည်။ ရင်ချင်းအပ် ပွေ့ဖက်ထားကြသောသူတို့နှစ်ယောက်က ပျော်ရွှင်နေကြချိန်မှာ. . .

''တူ! တူ! တူ! ''

ဟူသော ချွန့်ရဲ့ခါးကြားမှဖုန်းသံက လွှမ်းမိုးသွားခဲ့သည်။





''လေဆန်, ပြော''

''. . . . . .''

''မိုင်ဆောင်နဲ့အတူရှိနေတာ''

''. . . . . .''

''အင်း''

ဟုဆိုကာ ဖုန်းကိုပြန်ပိတ်လိုက်ပြီး. . .

''မင်း လေဆန်ရဲ့အိမ်ကိုလိုက်ခဲ့ပါလား''

''ဘာဖြစ်လို့လဲ''

''စားဖို့သောက်ဖို့ တကူးတကခေါ်နေတာ။ ငြင်းလိုက်ရင် အားနာစရာကြီး''

ဟု ခပ်နောက်နောက်ပြောလျှင် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ မတိုင်ပင်ထားပါဘဲ ရယ်ဖြစ်သွားကြပြန်ပါသည်။

♣ ♣ ♣



## အခန်း ( ၂၂ )

သူထပ်မံရောက်ရှိသွားသောအိမ်ကြီးမှာလည်း ခမ်းနား ကောင်းမွန်လှပါသည်။ သို့သော် ဒီတစ်ကြိမ်မှာတော့ သူ့ဘေးမှာ ချွန်ရှိနေခြင်းကြောင့် ထူးပြီး အနေကျုံ့သွားခြင်းမရှိပါ။

"ဟာ! တကယ်ပဲ အစ်ကိုရော ပါလာတာကိုး။ ဆန်က နောက်ပြောတယ်ထင်နေတာ"

ဟုဆိုကာ သူတစ်ကြိမ်မြင်ဖူးထားသော ကောင်လေးကဆိုလာ၍ သူ့မှာ မသက်မသာပင် ရယ်ဟဟလေး လုပ်လိုက်ရပေမယ့် အားနာပါးနာရယ်ပါ။ ထိုအခါမှာတော့ လေဆန်က သူ့ရဲ့အနောက်နားလေးမှသိုင်းဖက်ကာ အခန်းငယ်လေးထဲ ခေါ်သွားပြီး။

"မေမေ, ဒါသားရဲ့သူငယ်ချင်းအသစ်ကျက်ချွတ် မိုင်ဆောင်တဲ့"

ဟုလေဆန်က မိတ်ဆက်ပေးတော့မှ ပန်းကန်နှင့်ဇွန်းများကို စားပွဲပေါ် စီရရီနေရာချသော အမျိုးသမီးကြီးက မော့ကြည့်လာခဲ့ပါသည်။

ထိုအမျိုးသမီးကြီး၏မျက်ဝန်းများက သူ့ရင်ထဲ ဝမ်းနည်းလာသလို ပျော်ရွှင်လာသလို အစရှိသဖြင့် မတူညီသောခံစားမှုနှစ်ခုကို ရုတ်တရက် တစ်ပြိုင်တည်းဖြစ်ပေါ်စေရပါသည်။

ထိုအမျိုးသမီး၏မျက်လုံးများက သူနှင့် တစ်နေရာရာမှာ ရင်းရင်းနှီးနှီးကြီးရှိခဲ့ဖူးသလိုလိုနှင့် သူ့ရင်ထဲ နွေးနွေးထွေးထွေးခံစားရပါသည်။

သို့သော် ထိုအမျိုးသမီးကမူ သူ့ကို သမန်ကာလျှံကာပင် ပြုံးပြကာ. . .

"သားတို့အားလုံး ထိုင်လို့ရပြီ"

ဟုပြောလိုက်သည်တွင် ချွန်အပါအဝင် လေဆန်ရော၊ လေတံခွန်ဆိုသောကောင်လေးပါ ဝင်ထိုင်လိုက်ပေမယ့် သူကတော့၊ သူကတော့ ထိုအမျိုးသမီးကြီးကို မှင်တက်စွာငေးမောဆဲပင်။

"ထိုင်လေ,သား"

ဟုဆိုလာသောအသံချိုချိုက သူ့ရင်ထဲ ငြိမ့်ငြိမ့်ညောင်းညောင်းစီးဝင်သွားရပါသည်။ အမေဟု အားပါးတရကြီး မခေါ်စဖူးခေါ်ပစ်ချင်မိသည့်စိတ်ကို အသိဝှက်ဆုံး ဖုံးဖိထားလိုက်ရသည်။

"အန်တီ ဘာတွေချက်ထားတာလဲ"

"စုံလို့ပဲ. . . သားရေ၊ သားကြိုက်တာရော ဒီကအရူးလေးနှစ်ကောင် ကြိုက်တာရောပဲ။ သားရဲ့အကြိုက်ကိုတော့ အန်တီက ကြိုမသိထားလို့၊ သားအဆင်ပြေပါ့မလား"

ဟု သူ့ကိုကြည့်၍ဆိုလာသော ထိုအမျိုးသမီးကြောင့် သူ့ရင်ထဲ ဝမ်းနည်းသွားရပါသည်။ သို့သော်. . .

"ရပါတယ် အ. . . အဲ. . . အန်တီ၊ သား. . . အဲ. . . ကျွန်တော် ဘာမဆိုစားပါတယ်။ ဂေဟာမှာ ကြီးခဲ့ရတာပဲ။ အကုန်စားပါတယ်"

"ဂေဟာ"

"ဟုတ်တယ် မေမေ၊ မိုင်ဆောင်က ခရစ်ယာန်ဘာသာဝင်လေ။ ဘုရားကျောင်းမှာနေတာ"





ဟုဝင်ထောက်လိုက်သော လေတံခွန်ခေါ် ကောင်လေး၏စကားကြောင့် ဟင်းခွက်ထဲ နှိုက်လုလုစတီးဇွန်းပင် လွတ်ကျချင်ချင်ဖြစ်သွားရပါသည်။

♣ ♣ ♣



## အခန်း ( ၂၃ )

ထိုကောင်လေး၏မျက်နှာကိုမြင်ပြီးကတည်းက သူ့မရင်ထဲမှာ နာကျင်ရခြင်းများစွာတို့က နှောက်ယှက်နေသဖြင့် သူမ,အနေမပျော်ရွှင်တော့ ပါ။ ဒါကြောင့်ပင် မနေနိုင်မထိုင်နိုင်နှင့်. . .

''သား. . . အဲဒီအစ်ကိုကို ဘယ်တုန်းက စသိတာလဲ''

ဟု ကောင်လေးကို စတင်တီးခေါက်လိုက်ပါသည်။ ထိုအခါမှာ သိပ်ဉာဏ်ကောင်းသောကောင်လေးက ပြုံးဖြီးကြီးလုပ်ကာ ဖတ်လက်စ ဂျာနယ်ကိုပိတ်လိုက်ပြီး. . .

''အစ်ကိုမိုင်ဆောင်ကို မေမေစိတ်ဝင်စားနေတာလား''

''မေမေ့အသိတစ်ယောက်ယောက်နဲ့ တူနေသလားလို့ပါ''

''မေမေနဲ့သားနဲ့ သိပ်တူသွားပြီ။ သားလည်း အခုတစ်လော အဲ့လိုမျိုးခံစားနေရတယ်''

''ဟမ်. . . ဘယ်လို''

"အဲ့ဒီအစ်ကိုမိုင်ဆောင်ကို ဆန်နဲ့ချွန် အရမ်းပြောလွန်းလို့သိ နေတာ။ ပြီးတော့ ဘုရားကျောင်းမှာ မြင်ဖူးထားတယ်။ သူက ရိုးသား အေးချမ်းတယ်။ သူနဲ့အတူ မိန်းကလေးတစ်ယောက်လည်း ဘုရား ကျောင်းမှာ ရှိနေသေးတယ်မေမေ"

"ဒါ့အပြင် အများကြီးရှိနေသေးမှာပေါ့"

"ဟင့်အင်း, သားတွေ့ဖူးတာတော့ အစ်ကိုမိုင်ဆောင်နဲ့ အဲ့ဒီမမ နှစ်ယောက်တည်းပဲ။ သားရင်ထဲမှာ ထားရလွန်းလို့ အနေခက်နေတယ်၊ ပြီးတော့ သား တစ်ခုခုကိုပြောလိုက်ရင်လည်း မေမေစိတ်ဆိုးမှာ စိုးရိမ် နေတယ်"

"မိခင်ဆိုတာ သားသမီးရဲ့ခံစားချက်ကို မျှဝေခံစားသူလေ။ သား ရင်ထဲက ဖြစ်တည်နေတာတွေကို မေမေ့ကိုမပြောလို့ ဘယ်သူ့ကိုပြော ဦးမလဲ,သားရဲ့"

"သား အဲ့ဒီမမကိုမြင်ရင် ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိဘူး"

"သိပ်လှနေလို့လား"

"အရမ်းကိုလှတယ်။ ဒါပေမဲ့ သားရင်ထဲမှာ ဖြစ်နေတာက အဲ့ဒ နဲ့မဆိုင်ဘူး။ အဲ့ဒီမမကိုမြင်ရင် အရမ်းဝမ်းနည်းတယ်။ ပျောက်သွားတဲ့ သားရဲ့မမကို သိပ်သတိရတာပဲ"

ဟု နွမ်းလျစွာ တိုးတိုးလေး တိမ်ဝင်အက်ရှသွားတဲ့အသံက သူမ ရင်အစုံကိုရိုက်ခတ်သွားစေပါသည်။ သူမ တစ်ခုခုကို စိုးရိမ်ကြောက်ရွံ့ သွားမိပါသည်။

သားရဲ့ကျောပြင်ကို ကြင်နာစွာဖေးမလိုက်သော လက်အစုံပင် တုန်ယင်သွားရပါသေးသည်။ သူမ တစ်ခုခုကို သိပ်စိုးရိမ်သွားမိလို့ပါပဲ၊ ထိုစိုးရိမ်စိတ်က သူမရင်ထဲ အသိတစ်ခုဝင်လာရလို့ပါ။

သူမ မျက်ဝန်းထဲမှာတော့ ပေညစ်ညစ်အင်္ကျီများနှင့် လူစည်ကား ရာနေရာမှာ တောင်စဉ်ရေမရာပြေးလွှားရင်း ငိုကြွေးနေသောကလေးငယ် က ကြီးစိုးမင်းမူနေရပါသည်။





"မမ. . . အီးဟီးဟီး. . . မမ. . . အီးဟီးဟီး"

ဟု သနားစဖွယ်ငိုကြွေးနေသော ကလေးအပေါ် သူမစေတနာ တွေ လျှံသွားခဲ့ရတာပါ။ သူမ သိပ်လည်းအံ့ဩသွားခဲ့ရပါသည်။ ထိုမျှ ငယ်ရွယ်သေးသောကလေးက အခုလောက်ထိ အစွဲအလမ်းကြီးနေခဲ့ ရှာပါ။

သားအရွယ်ရလာသည်နှင့်အမျှ အဲ့ဒီမမဆိုတဲ့အကြောင်းကို လုံးဝ မပြောတော့၍ မေ့သွားပြီ၊ သူမကိုပဲ တကယ်အမေရင်းမှတ်သွားပြီဟု ယူဆထားခဲ့မိတာလေ။ အခုတော့ ရင်ထဲမှာ အကြာကြီးသိုဝှက်ထားခဲ့ သော သားရဲ့ခံစားချက်ကို သူမ ကြောက်လာမိပါသည်။ ဒါကြောင့်ပင် မမြင်ဖူးရသေးသော ထိုမိန်းကလေးအပေါ် ဒေါသဖြစ်သွားရပါသည်။

"သားက မမေ့သေးဘူးပေါ့"

"မမေ့ခဲ့တာပါမေမေ။ သားက မမလို့တမ်းတပြီးငိုနေရင် မေမေ ငိုလို့ ထပ်မငိုတော့တာပါ"

"သားရယ်"

သူမရင်ထဲ လိမ္မာသိတတ်လွန်းတဲ့သားကြောင့် မချိအောင်ခံစား ရပါသည်။ ထိုအခါမှာတော့ သားက ငယ်ငယ်တုန်းကတည်းက ဘယ် လိုမှချွတ်မရခဲ့သော လည်ပင်းမှဆွဲကြိုးကို အင်္ကျီအပြင်သို့ထုတ်လာ ကာ. . .

"မမက အမြဲပြောတယ်။ ဒါက သားတို့ရဲ့အိမ်တဲ့"

ဟုဆိုကာ ဆွဲသီးလုံးလေးကိုပြလာသည်။ သူမရင်ထဲ ဝမ်းနည်း ခြင်းတို့က ကြီးစိုးယှက်သန်းသွားရပါသည်။ အခုချိန်ထိ ဒါတွေကိုမှတ် မှတ်ရရကြီးရှိနေသေးတဲ့သားက သူမကိုပစ်သွားမှာကို သူမစိုးရိမ်သွား ရသည်။ သူမကတော့ ရင်နှစ်သားပမာချစ်ရလို့၊ သားကတော့ တိတ် တဆိတ်လေး သူ့ရဲ့မမကိုတမ်းတနေခဲ့သည်တဲ့လေ။

"အကယ်၍ သားရဲ့မမကိုပြန်တွေ့ခဲ့ရင် မေမေ့ကိုပစ်သွားတော့ မှာပေါ့"

ဟု ရှိုက်သံတစ်ဝက် နှောနေသော ဒေါ်ထူးထူးမြတ်ရဲ့အသံတုန်တုန်ကြောင့် ကောင်လေးရင်ထဲ အနေခက်သွားပြန်သည်။

''မေမေ့ကို သားချစ်ပါတယ်။ ဆန့်ကိုလည်းချစ်တယ်။ ဆန့်လိုပဲ သားကိုလည်း သိပ်ချစ်ပေးခဲ့တဲ့မေမေ့ကိုလည်း သား အရမ်းကျေးဇူးတင်မဆုံးပါဘူး။ ဒါကြောင့် သားရဲ့မမကို သားပြန်မရှာပါဘူး။ မမလည်း တစ်နေရာရာမှာ ကောင်းကောင်းအသက်ရှင်လိမ့်မယ်လို့ သားယုံတယ်''

''သားရယ်''

သူမရင်ထဲမကောင်းလိုက်တာ။ သိပ်သိတတ်လွန်းတဲ့သားကြောင့် သူမဘာပြောလို့ပြောရမှန်း မသိနိုင်အောင်ပါဘဲ။ သို့သော် သူမရင်ထဲ ပို၍စိုးရိမ်နေရပါသည်။ အကြောင်းကံပါလာ၍ တိုက်တိုက်ဆိုင်ဆိုင်ကြုံဆုံလာခဲ့ရင်ဆိုတဲ့ကံကြမ္မာကြီးကို စိုးရိမ်သွားခဲ့မိပါသည်။

ထိုကံကြမ္မာမျိုးနှင့်သာ ရင်ဆိုင်ခဲ့ရရင် သူမကိုသိပ်ချစ်ပါတယ်ဆိုတဲ့သားရဲ့စိတ်ကရော ခိုင်မာပါ့ဦးမလားဆိုတဲ့စိတ်က သူမရင်ထဲက သွေးလေတို့ကို ခန်းခြောက်သွားစေခဲ့ရပါသည်။ သူမဘာလုပ်လို့လုပ်ရမှန်းကို ခွဲခြားမရနိုင်အောင်ဘဲ။ စိုးရိမ်စိတ်တွေကသာ သူမဘဝကိုလွှမ်းမိုးသွားရပါသည်။

ဒါ သူမ သားတွေကိုသိပ်ချစ်မိလွန်းလို့လေ။

♣ ♣ ♣



## အခန်း ( ၂၄ )

''ဆရီ့, နင် လူတစ်ယောက်ကို တစ်ခါမှမတွေ့ဖူးဘဲ ရင်းနှီးသလိုကြီး ခံစားရဖူးသလား''

ထိုအခါမှာတော့ စံပယ်ပန်းများကို အပ်ချည်မျှင်လေးများနှင့် သီကုံးနေသော ဆရီရောင်အိုင်က သူ့ကိုမော့ကြည့်လာခဲ့ပါသည်။

''နင် တစ်ခုခုရင်ဖွင့်ချင်နေတယ်မဟုတ်လား''

''လောကမှာ ငါ့ကိုသဘောအပေါက်နိုင်ဆုံးလူဟာ နင်ပဲ,ဆရီ''

''နင် မနေ့က တစ်နေကုန် ဘယ်ပျောက်နေတာလဲ''

''ငါက အမြဲ ဘုရားကျောင်းမှာပဲ နေခဲ့ရလို့ ငါ့ရဲ့ခံစားချက်က အမြဲတစ်ဖြောင့်တည်းပဲရှိခဲ့တယ်။ ဒါပေမဲ့ အခု ငါဟာ ငါမဟုတ်တော့သလိုဘဲ''

''ဘယ်လို''

''ငါ မနေ့က ချွန့်ရဲ့အိမ်ကိုရောက်ခဲ့တယ်။ ဘယ်တုန်းကမှမဖြစ်

ပေါ်ဖူးတဲ့ မကောင်းတဲ့စိတ်ကြီး ဝင်လာတယ်။ ဆေးကြောမရအောင်ပါဘဲ။ ဒါပေမဲ့ ဘာနဲ့မှမတူအောင် ချွန်ကိုသံယောဇဉ်ဖြစ်သွားမိခဲ့တယ်။ တကယ်တော့ ချွန်က သိပ်ကောင်းတဲ့လူပါ။ တည့်တည့်ပဲပြောရရင်တော့ တစ်ခုခုကိုရှာမတွေ့တဲ့ လူသားတစ်ယောက်ပါပဲ။ သူ့ဘဝက ရေမရှိတဲ့ ပင်လယ်ကြီးလိုပဲတဲ့''

''ငါ ချွန်အကြောင်း မသိချင်ဘူး မိုင်ဆောင်''

''ချွန်ကိုလက်ခံလိုက်ပါလို့ ငါ နင့်ကိုမတိုက်တွန်းလိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နင့်စိတ်ကို ငါမှမပိုင်တာ။ ဒါပေမဲ့ ငါတစ်ခုခုကို ရဲရဲကြီးပြောနိုင်တယ်။ ဒီကမ္ဘာမှာ ချွန်ကသာလျှင် နင့်အပေါ်အကောင်းနိုင်ဆုံးလူပါ''

''ဒီတစ်ကြိမ်မှာတော့ နင့်အမြင်မှားသွားပြီ မိုင်ဆောင်''

''ချွန်က ဖွတ်တရွတ်နိုင်တာကလွဲရင် ပြည့်စုံသူပါ''

''နင်က ချွန်တစ်ယောက်တည်းကိုပဲ သံယောဇဉ်ဖြစ်သွားတာလား''

''ချွန့်ကိုပိုသွားမိတာပါ။ လေဆန်နဲ့ ချွန်ရဲ့ဘဝက သိပ်ခြားနားလွန်းတယ်။ လေဆန်မှာက ကောင်လေးဆိုတဲ့ လေတံခွန်လည်းရှိသလို သိပ်ကျက်သရေရှိတဲ့ အမေလှလှလည်းရှိတယ်။ ငါ အရမ်းအားကျတာပဲ။ လေဆန်ရဲ့ဘဝကိုလေ။ ငါ့ဘဝမှာ ပထမဆုံးထမင်းဝိုင်းလေးပဲ။ နွေးထွေးမှု အများကြီးရှိတယ်။ အဲ့ဒီကိုခေါ်သွားတဲ့ချွန်ကိုလည်း ကျေးဇူးတင်မိသလို၊ ငါ့ကိုခင်ပေးတဲ့ လေဆန်ကိုရော၊ ငါတို့ကိုဆုံစည်းစေခဲ့တဲ့ ဆည်းဆာပျို့ကိုရော ကျေးဇူးတင်နေမိတယ်''

ဟုဆိုကာ အဝေးတစ်နေရာသို့ ခပ်ဆွေးဆွေးလေး စိုက်ကြည့်ပြီး. . .

''ငါလေ လေဆန်လိုပဲ တစ်စုံတစ်ယောက်ကို အမေလို့သိပ်ခေါ်ဖူးချင်တာပဲ၊ အမေချက်ကျွေးတဲ့ထမင်းဟင်းကိုလည်း တစ်နပ်ပဲဖြစ်ဖြစ် စားဖူးချင်တယ်။ ငါ့ကို သားလို့ပြန်ခေါ်မယ်။ ငါကလည်း အမေလို့ခေါ်





ရမယ်ဆိုရင် ငါဘာမဆိုလုပ်နိုင်ပြီ။ တစ်ရက်ပဲဖြစ်ဖြစ်၊ တစ်နာရီပဲဖြစ်ဖြစ်''

ဟု စကားကိုခေတ္တရပ်တန့်ပြီးမှ သက်ပြင်းငွေ့ငွေ့ကိုရှိုက်သွင်းကာ. . .

''ရယ်ရတယ်နော်. . . ဆရီ။ အချိန်ကာလအများကြီးကို ဖြတ်ကျော်လာခဲ့ပြီးမှ ငါ အခုချိန်မှာမှ ဒါတွေကိုတမ်းတနေတာ။ ငါရူးသွားပြီလားမသိဘူး။ ချွန်က စေတနာတွေ၊ မေတ္တာတွေ၊ ချစ်ခြင်းတွေနဲ့ဝေးကွာနေရတယ်ဆိုပေမယ့် သူ့အဖေ၊ အမေကိုသိရပါသေးတယ်။ ငါအမေ့ကို သိပ်တွေ့ဖူးချင်တာပဲ၊ အမေလို့လည်း အားရပါးရခေါ်ဖူးချင်တယ်''

ဟု ဆွေးဆွေးလေးပြောလာသော မိုင်ဆောင်ရဲ့ပုံစံခပ်နွမ်းနွမ်းကြောင့် ဆရီရဲ့ရင်ထဲမှာ နင့်နင့်နဲနဲကြီးခံစားလိုက်ရပါသည်။ ဝမ်းနည်းလိုက်ဖို့ခြင်းတွေ ပြည့်သိပ်နေသည့်သူမရဲ့ရင်အစုံမှာ ဒေါသတို့က စွတ်စိုလျှက်လည်းရှိသေး၏။

တပ်မက်မှုကင်းရှင်းစွာ အမြဲအေးချမ်းနေခဲ့သည့် မိုင်ဆောင်ရဲ့ဘဝကို ပူဆွေးသောကတွေ တစ်ပုံတစ်ခေါင်းကြီး ပေးစွမ်းလိုက်သည့် ချွန်နှင့်လေဆန်ကို သူမ ဒေါပွနေမိတာပါ။

အခုကြည့်စမ်း၊ အမြဲလန်းဆန်းကြည်လင်နေခဲ့သည့် မိုင်ဆောင်ရဲ့အေးချမ်းတဲ့ရုပ်သွင်ပြင်မှာ အလိုမပြည့်ဘဲ တပ်မက်မှု တိုးချဲ့သွားတာကြောင့် ညှိုးငယ်မှိုင်ပြလျှက်။

ပြောင်းလဲသွားသောအခြေအနေကြောင့် သူမရင်ထဲ မကောင်းခြင်းတို့နှင့်အတူ လေဆန်နှင့်ချွန်အမြဲရှိရာ M2 သို့ တရိပ်တစောင်းချောင်းကြည့်ရင်း ရောက်ရှိခဲ့ရပါသည်။ သို့သော် သူမမှာ အတွင်းထဲသို့ မဝင်ရဲတာကြောင့် မိုင်ဆောင်ထံမှ တစ်စွန်းတစ်စသိခဲ့ရသော ဖုန်းနံပါတ်အတိုင်း နှိပ်လိုက်တော့. . .

''ဟလို''

''ရှင် ခဏထွက်ခဲ့ပါ။ ကျွန်မ လမ်းဘေးက ဖုန်းဆိုင်မှာ အခုရှိ

နေတယ်''

ဟုသာ တိုတိုတိဆိုကာ တတူတူနှင့် ပြတ်တောက်သွားသော ဖုန်းသံကြောင့် လေဆန်မှာ စဉ်းစားမရအောင် ဖြစ်သွားရပါသည်။ ဒါ ဘယ်သူလဲ။ သူမသိပါ။

ချွန်က ဖုန်းမေ့ကျန်ခဲ့သောကြောင့် ဖုန်းဝင်လာ၍ သူက နားထောင်ဖြစ်လိုက်တာပဲဖြစ်သည်။ သို့သော် အဆုံးအစမရှိတဲ့ ထိုစကားအပိုင်းအစများကြောင့် ချွန်ဟာ ဘာတွေ ကူးယှက်ထားပြန်ပြီလဲဟု သံသယဝင်လာမိပါသည်။ သို့သော် သူ, ချွန့်အကြောင်းကိုသိပါသည်။

ဆရီရောင်အိုင်တစ်ယောက်မှလွဲ၍ ဘယ်မိန်းကလေးမျိုးကိုမှ သည်းခံလေ့မရှိတာကို သူသိနှင့်နေပါသည်။ သို့သော် ချွန်ကို အခုလို အမိန့်သံဆန်ဆန်ပြောနိုင်တာက ဘယ်သူလဲ။ မိထွေးတော်လား။ ဒါပို၍ပင် မဖြစ်နိုင်သေးပါ။

ဒါကြောင့်ပင် သိချင်သောစိတ်ကို ဖုံးဖိမရတော့သဖြင့် လွယ်အိတ်ကိုကောက်လွယ်ကာ ကျူတံကိုပစ်ချပြီး ထွက်ခဲ့တော့သည်။ လမ်းဘေးဝဲယာတစ်ဝိုက် ဝေ့ဝဲရှာဖွေမိလိုက်တော့ သစ်ပင်ရိပ်အောက်မှာ ပုံ့ပုံ့လေးရပ်နေသော ဆရီရောင်အိုင်ကို ပန်းဆီရောင်နုနုဂါဝန်ရှည်လေးနှင့် ဂန္တဝင်ဆန်စွာ တွေ့လိုက်ရပါသည်။ ဒါကြောင့်ကိုးဆိုတာ သဘောပေါက်သွားမိပေမယ့် နှမြောသွားရပါသည်။

''ဆရီရောင်အိုင်''

သူခေါ်လိုက်တော့မှ ဆရီရောင်အိုင်က သူ့ကိုမြင်သွားဟန်နှင့် အသိအမှတ်ပြုသလို ကြည့်လာပါသည်။

''ဘာရပ်လုပ်နေတာလဲ''

''တစ်ယောက်ယောက်ကိုစောင့်နေတာ''

''ချွန့်ကိုလား''

''သူ, ရှင့်ကိုလွှတ်လိုက်လို့လား''

''စောစောက ဖုန်းကိုင်လိုက်တာ ကိုယ်ပါ''





''ဩော်! ဒါဆိုရင်လည်း အတော်ပဲ။ ကျွန်မလည်း ရှင့်ကိုပြောစရာရှိနေတာ''

''ဆိုင်တစ်ဆိုင်မှာ ထိုင်ရင်းပြောကြတာပေါ့။ မင်းရဲ့သိက္ခာအတွက် ပြောတာပါ''

''ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့. . . ရပါတယ်။ ကျွန်မရဲ့စကားက ရှင့်အတွက် အကောင်းမဟုတ်လို့ပါ''

ဟု ခပ်မာမာလေသံနှင့်ပြောလာသော်လည်း သူ့နှုတ်ခမ်းအပြုံးမြမြလေးရယ်ပါ။ ခါတိုင်းဆိုရင် မိန်းကလေးရဲ့ခပ်မာမာအပြောကိုမဆိုထားနှင့် မျက်လုံးရင့်ရင့်နှင့်ကြည့်ရင်တောင် မကြိုက်တတ်တဲ့သူ့မာနက ဘယ်ရောက်သွားရပါလိမ့်။

''ရှင်တို့တွေ ကျွန်မတို့ရဲ့ဘဝကိုမနှောင့်ယှက်ကြပါနဲ့လို့ ကျွန်မပြောချင်ပါတယ်။ ရှင်တို့က အရာရာပြည့်စုံတဲ့လူတွေက သိပ်ကွာခြားလွန်းတဲ့ဘဝနှစ်ခုကို သိပ်လည်းနှိုင်းယှဉ်မပြကြပါနဲ့။ မိုင်ဆောင်ခံစားနေရရင် ကျွန်မရင်ထဲမှာ နုံးချည့်နေရတယ်။ ကျွန်မတို့ဘဝက နိမ့်ကျပြီးသားပါ။ ဒါကိုလည်း သိပါတယ်။ ထပ်ပြီးလျှော့ကျအောင် မဖန်တီးပေးကြပါနဲ့။ တောင်းပန်ပါတယ်ရှင်. . . ကျွန်မတောင်းဆိုနေတာပါ။ အကယ်၍ ရှင်တို့ မိုင်ဆောင်ခံစားရအောင် ထပ်လုပ်မယ်ဆိုရင် ကျွန်မခွင့်မလွှတ်တော့ဘူး''

ဟုဆိုကာ ချာခနဲလှည့်ထွက်သွားသော သူမကြောင့် သူ့မှာကြောင် အမ်းသွားရပါသည်။ ဘာတွေလဲ။ သူမဘာတွေပြောသွားတာလဲ။ သူ ဘာမှနားမလည်တာအမှန်ပါပဲ။ သို့သော် သူမရဲ့မျက်လုံးတွေက နင့်နင့်နဲနဲခံစားနေရပုံနှင့်။

သူမရဲ့ခံစားချက်သာ မပြင်းထန်ခဲ့လျှင် သူမလိုမိန်းကလေးမျိုးက သူတို့ရှိရာ ထိုနေရာသို့ အခုလိုရောက်လာစရာမရှိ။ သို့သော် သူမဘာတွေပြောသွားသလဲဆိုတာကိုတော့ လုံးဝနားမလည်ပါ။

မင်းဘာတွေပြောနေတာလဲဟု လက်မောင်းနှစ်ဖက်ကိုလှုပ်ကိုင်

ပြီး မေးပစ်ချင်ပါသော်လည်း မမေးဝံ့ခဲ့ပါ။ သို့သော် သူမရှေ့မှာတော့ ပိတ်ရပ်ကာ. . .

"မင်းစကားကို ဘာမှနားမလည်ဘူး"

"နားလည်ဖို့မလိုပါဘူး။ တစ်ခုကို မှတ်ထားရင်ပဲရပြီ။ ရှင်တို့ ကျွန်မတို့ဆီ ဘယ်တော့မှမလာပါနဲ့တော့"

"ငါတို့က မိုင်ဆောင်ကိုခင်လို့. . ."

"ရှင်တို့ရဲ့ခင်မင်မှုက တစ်ဖက်လူရဲ့မပြည့်စုံခြင်းကို အလဲထိုး နှိပ်စက်နေတယ်ဆိုတာ သဘောမပေါက်ဘူးလား။ ဟမ်း. . ."

စူးရှသော ဆရီရောင်အိုင်ရဲ့အကြည့်များကြောင့် ပိတ်ရပ်ထား သောသူက အလိုလိုဖယ်ပေးပြီးလျက်သားဖြစ်သွားရသော်လည်း ဆရီ ရောင်အိုရဲ့လက်ကို ဖျတ်ခနဲဖမ်းဆွဲပြီးလျက်သား ဖြစ်သွားရပါသည်။

အမှတ်တကယ်တော့ သူက နားမလည်နိုင်ခြင်းကိုထပ်မေးဖို့ပါ။ သို့သော် ရရှိလိုက်တာက ပူစပ်စပ်အထိတစ်ခုပါပဲ။

"ဖြန်း"

"ရှင်တို့တွေက လူကိုဘာထင်နေသလဲ၊ လက်ရဲဇက်ရဲနဲ့။ မှတ် ထား။ ကျွန်မ ဆရီရောင်အိုင်။ မိဘမရှိပေမယ့် မာနနဲ့သိက္ခာတော့ရှိ တယ်"

ဟုသာ ခပ်ကြမ်းကြမ်းပြောကာ ချာခနဲ လှည့်ထွက်သွားသော ဆရီရောင်အိုင်ကြောင့် သူမှာ ပို၍နားမလည်နိုင်ဖြစ်သွားရပါသည်။

ကိုယ်မှားပါတယ်ဆိုပြီးလိုက်၍ပဲ တောင်းပန်ရမှာလား။ အရိုင်း ကြီးသက်သက်ဆိုပြီး ဒေါသဖြစ်ရမှာလားဆိုတာ ဝေခွဲမရနိုင်အောင်ဘဲ နာကျင်သွားသောပါးပြင်ကိုပွတ်ပြီး ငြိမ်သက်စွာရပ်နေမိပါသည်။

♣ ♣ ♣



## အခန်း ( ၂၅ )

ထိုမြင်ကွင်းက သူမရဲ့မျက်စိထဲမှမထွက်ပါ။ သူမ တယုတယ မွေးကြျူခဲ့ရတဲ့သားရဲ့ပါးပြင်ကို ခပ်ကြမ်းကြမ်းကြီး မညှာမတာရိုက်သွား တဲ့မိန်းကလေးကို သူမ စိစ်ညှက်ညှက်ကျေအောင် ပြန်ရိုက်ပစ်ချင်မိ ပါသည်။

သို့သော် သူမရဲ့ဂုဏ်သိက္ခာနှင့် သူမသိနေပါလားဆိုတဲ့အသိ ကြောင့်သာ ရှက်သွားမှာကိုမလိုလားမိ၍ ထွက်နေသောဒေါသကိုခေါက် ချိုးထားခဲ့ရပေမယ့် ရင်ထဲမှာတော့ လောင်မြိုက်လှပါသည်။ သူမဒေါသ ထွက်နေလွန်းတာကြောင့်ပင် သားငယ်ပြန်လာ၍ ပြန်လာမှန်းပင်မသိ လိုက်တော့။

"မေမေ"

"ဩော. . . ဩော်"

"သား မေမေ့ကိုကြည့်နေတာကြာပြီ။ မေမေဘာဖြစ်နေတာလဲ"

"သားအစ်ကိုမှာ ရည်းစားရှိနေတယ်လို့များ သား ကြားမိလေသလား"

"ဟင့်အင်း, ဆန့်မှာမရှိပါဘူး"

"ကြိုက်နေတာရော"

"ဟင့်အင်း"

"ပတ်သက်နေတာရော"

"အင်း. . . ဆန်မှာတော့မရှိဘူး။ ချွန်ကတော့ မိန်းကလေးတစ်ယောက်ကို အသည်းအသန်ကြိုက်နေတယ်"

"ဆံပင်လိမ်ခွေခွေနဲ့ တော်တော်လှတယ်။ ဂါဝန်ဝတ်တယ်"

"အင်း. . . မေမေသိလို့လား"

"ဆိုပါတော့"

"အဲ့ဒီမမက အစ်ကိုမိုင်ဆောင်နဲ့ . . . . . . ဘုရားကျောင်းမှာ အတူတူနေတာ"

"ဘာ! "

ထိုဘာကြီးက ကျယ်လောင်လွန်းတာကြောင့် လေတံခွန်မှာ တုန်သွားရပါသည်။ မေမေတစ်ခုခုကို ဒေါသဖြစ်နေတယ်ဆိုတာ သူသိနေပါသော်လည်း ဘာရယ်ဆိုတာ သေချာဝေခွဲမရပါ။ မှန်ပါသည်။

သူမ သိပ်ဒေါသဖြစ်သွားရတာပါ။ ဘယ့်နှယ်. . . မိမရှိ ဖမရှိ ဘုရားကျောင်းမှာ ကပ်နေရတဲ့မိန်းကလေးကများ သူမရဲ့သားကိုစော်စော်ကားကား ပါးရိုက်လိုက်သည်တဲ့။ ဒါကို သူမဒေါသမဖြစ်ရင် ဘာကိုဖြစ်ရတော့မှာလဲ။ ဒါကြောင့်ပင် စလင်းဘက်အိတ်ကို ဆတ်ခနဲကောက်ယူကာ. . .

"သား. . . ဒီနေ့ ကျူရှင်နားလိုက်တော့"

"မေမေ ဘယ်သွားမလို့လဲ"

"ခဏပဲ"

ဟုဆိုကာ ခပ်သုတ်သုတ်ထွက်သွားသောမေမေကြောင့် သူနည်း





နည်းတော့ ဇဝေဇဝါဖြစ်သွားရပေမယ့် မော်နီတာကိုဖွင့်ကာ တီဗီဂိမ်းကစားဖို့ ပြင်နေလိုက်ပါသည်။ ထိုအချိန်မှာပဲ လေဆန်ရဲ့ဆိုင်ကယ်သံကို ကျယ်လောင်စွာကြားလိုက်ရပါသည်။

"ဟာ. . . ဆန့်ပြန်လာပြီ။ အတော်ပဲ ကစားဖော်မရှိတာနဲ့"

သူက တက်ကြွစွာ ရေရွတ်လိုက်ပေမယ့် အပြင်ကပြန်လာတဲ့ လေဆန်ကတော့ အိတ်ကို ဘုန်းခနဲပစ်ချပြီး ပုံပျက်ပန်းပျက်ပင် ဖြစ်လိုထိုင်ချပစ်လိုက်တာကြောင့် သူ့မှာပို၍အနေကျုံ့သွားရပါသည်။ လေဆန်ကို သူက စိတ်ဝင်စားစွာ ပြူးပြဲကြည့်နေမိခိုက် လေဆန်က သူ့ကိုမျက်စောင်းလေးနှင့် ဝေ့ကြည့်လာကာ. . .

"မေ့မေက ဘယ်သွားတာလဲ"

"ကိစ္စရှိလို့နေမှာပေါ့"

"ငါ့ကိုတောင် နှုတ်ဆက်မသွားဘူး"

ဟု သမန်ကာလျှံကာသာ မြည်တမ်းမိလိုက်ပါသည်။

"ဟင်. . . ဆန့်ပါးက နီနေတာပဲ။ ဘာဖြစ်ခဲ့တာလဲ"

"ပါးရိုက်ခံခဲ့ရတာ"

"ဘာ! "

"ဟိုကောင်. . . ချွန်။ ကောင်မလေးကို ဘာလုပ်ထားသလဲမသိဘူး။ လက်ကလေးပဲ ဆွဲမိပါတယ်။ ဘာမပြောညာမပြောနဲ့ ဆော်ထည့်ခဲ့တော့တာပဲ။ တော်တော်အီသွားတယ်"

ဟု မြည်တမ်းလိုက်တဲ့လေဆန်ရဲ့အသံကြောင့် ကောင်လေးရဲ့ခေါင်းထဲမှာ ဖျတ်ခနဲလင်းလက်သွားရပါသည်။

"ဆန်. . . အခု ဘယ်ကပြန်လာတာလဲ"

"M2 က"

"အဲ့ဒီမှာ ဆရီရောင်အိုင်မမရော ရှိနေခဲ့တာလား"

"အင်း"

"သိပြီ၊ ဆန့်ခဏနော်။ အမြန်လိုက်မှဖြစ်မယ်။ ဒါမှမဟုတ်ရင်

တော့ မေမေ့ကိုမီတော့မှာမဟုတ်ဘူး''

ဟုဆိုကာ အလောတကြီးကြီးပြေးထွက်ကာ သူ၏ဆိုင်ကယ်ကို ဘွမ်းခနဲနှိုးပြီး စီးထွက်သွားသောကောင်လေးကြောင့် သူမှာ ပို၍နား မလည်နိုင်ဖြစ်သွားရပါသည်။

♣ ♣ ♣



## အခန်း ( ၂၆ )

ထိုဘုရားကျောင်းဝင်းကြီးထဲသို့ မိနစ်အနည်းငယ်အတွင်းမှာ ကောင်လေးက ရောက်လာခဲ့ပါသည်။ သူကသာ ပြေးလွှားလာခဲ့ရပေမယ့် ဘုရားကျောင်းဝင်းကြီးမှာ ပကတိတိတ်ဆိတ်ငြိမ်သက်လျှက်။

ထိုအခါမှာမှ စွပ်ကျယ်အင်္ကျီအပါးလေးနှင့်သာ လာခဲ့မိတဲ့အဖြစ် ကိုသတိရသွားကာ လက်ပိုက်လိုက်မိသည်။ ထိုအခါမှ အေးစိမ့်ခြင်းက ပိုတိုးခဲ့သယောင်။ ခပ်လှမ်းလှမ်းဆီမှ နားယဉ်နေသောတေးသွားတစ်ပုဒ် က နားထဲစီးဝင်၍ အလိုလိုနေရင်း သူ့ခြေလှမ်းတွေက ဗိမာန်တော်ကြီး ထဲ ဦးတည်ပြီးဖြစ်နေရပါသည်။

သူထင်ထားခဲ့တာက သူ၏မေမေဒေါ်ထူးထူးမြတ်က ဆရီရောင် အိုင်ဆိုသောအစ်မလှလှထံ ရောက်ရှိနှင့်နေခဲ့မည်ပေါ့။ အခုတော့ စင်မြင့် ထက်ဆီမှစန္ဒရားကို အပူအပင်ကင်းမဲ့စွာ တီးခတ်နေသော ဆရီရောင် အိုင်ကြောင့် ခုံတန်းရှည်အလွတ်ကလေးပေါ် ဝင်ထိုင်ကာ တေးသွားကို

နားဆင်နေမိပါသည်။

အစ်မလှလှကတော့ သူ့ကို ဝမ်းနည်းထိရှစေမည့်တေးသွားကို ညင်သာစွာတီးခတ်ဆဲ။ ထိုတေးသွားက သူ့ရင်အစုံကို နာကျင်ထိရှစေရပါသည်။

ထိုတေးသွားနှင့်အတူ အသံစာစာလေးကို အစီအစဉ်မကျ တဖြုံဖြုံအော် သူ့ကိုသီချင်းဆိုပြနေသော ညစ်နွမ်းနွမ်းမျက်နှာတစ်ခုက အာရုံထဲ ပေါ်လာခဲ့ရပါသည်။

သူ့မျက်ဝန်းအိမ်ထက်သို့ ဝေ့တက်လာသောအရည်ကြည်များက လျှံထွက်လာရပါတော့သည်။ သူ့စိတ်အစုံက အတိတ်ဆီလွင့်ပြန့်သွားတာမို့ သူ၏နှုတ်ခမ်းဖျားလေးများမှာ တဖြည်းဖြည်းလှုပ်ရှားလာခဲ့ရပါသည်။

"လှပသောအိမ်ကလေး. . . ဧောင်တန်းစိမ်းစိမ်း. . . လေ့စိမ်းစိမ်း. . . ရေပြာပြာ. . . ရောင်စုံငါးတွေ. . . အတူနေတာ၊ မေမေရယ်. . . မေမေရယ်၊ လှပတဲ့အစ်မလေးရယ်၊ ချစ်တဲ့မောင်လေးချောချောရယ်"

ထိုအသံကို မမျှော်လင့်ပါဘဲ ကြားလိုက်ရ၍ ခလုတ်လေးများပေါ် ရွေ့လျားနေသော သူမရဲ့လက်ချောင်းလှလှလေးတွေမှာ ရုတ်ချည်းရပ်တန့်သွားရသည်။

ထိုအသံကို သူမနားနှင့်ဆတ်ဆတ်ကြားလိုက်ရတာရော ဟုတ်ပါလေစ။ သူမနားကို သူမပင်မယုံနိုင်ပါ။ ဒါ သူမငယ်ငယ်တုန်းက ဆိုနေကျသီချင်းလေးပဲ။ ထိုအသံဟာ ဘယ်ကလာတာလဲ။

မောင်လေး. . . ကောင်လေးများ သူမနားရောက်နေခဲ့တာလား။ ဒါဖြစ်နိုင်ပါ့မလား။ ဖြစ်နိုင်ရင်တောင် ရှုးသွပ်မှုသက်သက်ပဲလား။ ဒီမိသားစုသီချင်းလေးကိုသိနေတဲ့ ဖေဖေနဲ့မေမေက ဘယ်ဘဝမှာ ပျော်နေကြမှန်းမသိတော့။ ဒါဆို မောင်လေး. . . ကောင်လေး. . .

"လှပသောအိမ်ကလေး. . . တောင်တန်းစိမ်းစိမ်း. . . လေ့စိမ်းစိမ်း. . . ရေပြာပြာ. . . ရောင်စုံငါးတွေ. . . အတူနေတာ"

တဖြည်းဖြည်းနှင့် နီးကပ်လာခဲ့သောထိုအသံကြောင့် သူမဆတ်





ခနဲလှည့်ကြည့်မိလိုက်စဉ်မှာ သူမထံ တစ်လှမ်းချင်း လျှောက်လှမ်းလာနေသောလူရွယ်ကို ဘွားခနဲတွေ့လိုက်ရပါသည်။ သူမ ဘာကိုမှဝေခွဲမရနိုင်အောင်ဖြစ်နေစဉ်မှာပင် အင်္ကျီအပြင်ဘက်သို့ထွက်နေသောလက်လက်လက်လက်နှင့်အရာတစ်ခုကြောင့် သူမရဲ့မျက်ဝန်းလေးများပြူးကျယ်ဝိုင်းစက်သွားရကာ အရည်ကြည်များ ပြည့်အိုင်ခဲ့ရပါသည်။

"ကောင်လေး"

လှိုက်လှိုက်လှဲလှဲခေါ်သံတစ်ခုက ဗိမာန်တော်ကြီးတစ်ခုလုံးကို ဟိန်းသွားရပါသည်။

"ကောင်လေး"

"မမ"

"ကောင်လေး"

"မမ"

ဘာစကားမှထပ်မဆိုနိုင်လောက်အောင်ပင် ဆွံ့အသွားခဲ့ရပါသည်။ ပြောင်းလဲသွားသောအခြေအနေကြောင့် သူမလည်းဘာမှမပြောနိုင်တော့သလို၊ သူ့မှာလည်း ဘာမှပြောစရာမရှိကုန်တော့။

မောင်နှမနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မမြင်ဖူးကြသူများနှယ် မှင်တက်စွာ။ ငုံလင့်စွာငေးကြည့်နေကြပြီးမှ သူမက စင်မြင့်ထက်မှ တဖြည်းဖြည်းဆင်းလျှောက်သွားကာ ကောင်လေးရဲ့လက်မောင်းတစ်ဖက်ကို တင်းကြပ်စွာဆုပ်ကိုင်ပစ်လိုက်ပါသည်။

"ကောင်လေး. . . မင်းတော်တော်ကြီးလာပြီပဲ"

"မမ. . . မမ ဘာကြောင့်ပစ်သွားရတာလဲ"

"မဟုတ်ပါဘူး။ မမလေ, မမ၊ မမကိုခွင့်လွှတ်ပါ။ မင်းကို မမမမုတ်မိခဲ့ဘူး။ မမကိုခွင့်လွှတ်ပေးပါ"

"ငိုခဲ့ရတာယ်။ အကြာကြီးနေပြီး ပေါ်မလာတော့လို့ အော်ငိုနေခဲ့ရတာယ်။ အဲ့ဒီတုန်းက မမသိရဲ့လား။ မမမရှိရင် ကောင်လေးက ဘာကို စားသောက်ပြီး ဘယ်လိုနေရမှာလဲ၊ လူတွေက တစ်ယောက်ပြီးတစ်

ယောက် တိုက်လွှင့်ကုန်တယ်။ ကောင်လေးရဲ့ခန္ဓာကိုယ်က သေးတော့ သူတို့တိုက်လိုက်တိုင်း လဲသွားခဲ့ရတယ်။ မမဘာဖြစ်လို့ရောက်မလာခဲ့တာလဲ။ မမပြောတော့ ခဏလေးဆို။ ခဏလေးက (၁၀) နှစ်ကျော်လား''

''တောင်းပန်ပါတယ်ကောင်လေးရယ်။ မမတောင်းပန်ပါတယ်''

ဟူသာ အထပ်ထပ်ပြောကာ သူ၏နဖူးပြင်ကို ဖွဖွထိလိုက်ပါသည်။ သူက မမရဲ့လက်ကို ဆတ်ခနဲဆုပ်ကိုင်ကာ ဆွဲခေါ်လိုက်သည်။

''မမ. . . ခဏလိုက်ခဲ့ပါ''

''ဟင်!''

''မကြာခင် မေမေရောက်လာကောင်းရောက်လာလိမ့်မယ်။ ဒါကြောင့်ပါ''

ဟုဆိုကာ သူမကိုဆိုင်ကယ်ပေါ်ဆွဲတင်ကာ ခေါ်ဆောင်သွားခဲ့သော မောင်လေးနောက် သူမက နားမလည်နိုင်ခြင်းတို့ပြည့်လျှံကာ လိုက်ပါသွားရပါသည်။

ထိုမြင်ကွင်းကို အမှတ်တမဲ့မြင်လိုက်ရသူက မိုင်ဆောင်ရယ်ပါ။ သူနားမလည်နိုင်ဖြစ်သွားရပါသည်။ ကောင်လေးခေါ် လေတံခွန်ဆိုတာ လုံးဝသေချာနေပါသည်။ ပိုပြီးသေချာတာက လေဆန်ရဲ့ ဖိုက်တာဆိုင်ကယ်အနက်ရောင်ကြီးမို့ပါ။

သို့သော် ဘာကြောင့် ကောင်လေးရဲ့ဆွဲခေါ်ရာနောက် ဆရိက လျှောလျှောလျူလျူလိုက်ပါသွားရတာပါပဲ။ သူနားမလည်ပါ။ သူသိနေတာက ထိုလူတွေကို ဆရိလုံးဝကြည့်မရဘူးဆိုတာပါဘဲ။

ဘာလဲ၊ ဘာလဲဆိုတာ သူလုံးဝစဉ်းစားမရနိုင်အောင် ဖြစ်နေစဉ်မှာပင်၊ ပို၍ထူးဆန်းခြင်းက ဘွားခနဲပေါ်လာခဲ့ရပြန်ပါသည်။ ထိုးဆိုက်လိုက်သောကားပေါ်မှ ဆင်းလာခဲ့သော ခပ်လှလှအမျိုးသမီးကြောင့်ပါပဲ။

''ဟင်! အန်တီ''

''သြော်''



''အန်တီ. . . ကောင်လေးကိုများ လာရှာတာလား''

''ကောင်လေး''

''စောစောကပဲ ကောင်လေးနဲ့ဆရိ အပြင်ထွက်သွားကြပါတယ်''

''ဘာ! ဘယ်လို''

''အန်တီက ကောင်လေးနောက်လိုက်တာမဟုတ်ဘူးလား''

''သူတို့ ဘယ်သွားကြတာလဲ''

''ဗျာ!''

တင်းမာခက်ထန်သွားသော ထိုအသံမာမာကြောင့် သူဘာများမှားသွားလေပြီလဲဟု သူ့ကိုယ်သူသံသယဝင်သွားမိပါသည်။ သံသယဝင်သွားခြင်းထက် စိုးထိတ်ခြင်းက ပိုသွားရတာပါ။ နူးညံ့သောထိုမျက်ဝန်းနွေးနွေးများက တင်းမာအေးစက်သွားပြီး မာန်ထလာခဲ့၍ဖြစ်သည်။

''မိဘမရှိတဲ့မိန်းကလေးတွေက အဲ့ဒီလိုပဲ ဆုံးမမှုမရှိတော့၊ ဖြစ်ချင်ရာဖြစ်နေကြတာပဲထင်တယ်''

''ဗျာ!''

ဒီလိုခပ်ကြမ်းကြမ်းစကားစုကို ထိုအန်တီကြီးပါးစပ်ဖျားမှ ခြွေလိုက်တာမှ ဟုတ်ပါလေစ။ သူနားသူပင် မယုံနိုင်တော့။

''အဲ့ဒီဆရိဆိုတဲ့မိန်းကလေးက,ဘာလဲ''

''ဗျာ!''

''ချွန်နဲ့လည်းပတ်သက်သေး။ ငါ့သားကိုလည်း အလွတ်မပေး။ အခုကောင်လေးကိုတောင် ဆွယ်သွားပြန်ပြီ။ ဘာတဲ့လဲ။ ဒီလူတွေကြားမှာပဲ ပတ်ရှုပ်ချင်နေရအောင် လောကမှာ ဒီလောက်ပဲ ပတ်သက်စရာယောကျ်ားရှားသွားပြီလား။ မင်းနဲ့ရော သူက ရှင်းကြရဲ့လား။ မင်းတို့ဖာရိသာသိအောင်တော့ ငါက ပြောထားဦးမှဖြစ်မယ်။ ဖာရိသာတို့ရဲ့အရိပ်အောက်မှာနေတဲ့ မိန်းကလေးက ဒီလောက်ထိပဲ အကျင့်စာရိတ္တပျက်ပြားနေရသလား။ ဒါကြောင့် ငါက ငါ့သားတွေကို မိဘမဲ့တွေနဲ့မပေါင်းသင်းစေချင်တာပေါ့။ ဘယ်ကလာလို့ ဘယ်အဆင့်တွေမှန်းမသိ။

အောက်တန်းကိုကျတယ်။ အဆင့်အတန်းကိုမရှိဘူး''

ထိုအမျိုးသမီးကြီးရဲ့စကားလုံးများက သူ့နှလုံးသားကို ဆစ်ခနဲ၊ ဆစ်ခနဲနာကျင်သွားစေပါသည်။

''တော်ပါတော့ အန်တီ။ အန်တီ့စကားတွေက တစ်ဖက်သား သိက္ခာကို ရိုက်ခတ်လွန်းလှပါတယ်''

''သိက္ခာဟုတ်လား။ မင်းတို့လိုလူမျိုးတွေက အဲဒီသိက္ခာဆိုတဲ့ စကားလုံးနဲ့တန်ရဲ့လား။ စဉ်းစဉ်းစားစားလည်းပြောပါကွယ်''

''ဆရီက အကြောင်းကံမလှလို့ မိဘမဲ့ဖြစ်ခဲ့ရပေမယ့် မိန်းမ ကောင်းလေးပါ''

''မင်းရိုင်းလှချည်းလား။ ငါက မင်းအမေအရွယ်လောက်ရှိနေတာ ကို တစ်ခွန်းမကျန်ပြန်ပက်နေတယ်။ ဒီမှာသူငယ်. . . မင်းရိုင်းလှချည် လား။ ငါ့သားရဲ့သူငယ်ချင်းမို့ အခုလောက် အရေးစိုက်ပြီးပြောဆိုနေတာ၊ မင်းလောက်အဆင့်ကတော့ဟင်း. . . ဒီမှာ မင်းကိုလည်း ငါကသတိပေး ထားရဦးမယ်။ မင်းအပါအဝင် ဟိုမိမရှိဖမရှိမိန်းကလေးကို ငါ့သားတွေ နဲ့မပတ်သက်ပါစေနဲ့။ ငါမကြိုက်ဘူး''

ဟုဆိုကာ ချာခနဲလှည့်ထွက်သွားပြီး ကားကိုဝူးခနဲမောင်းထွက် သွားသောကြောင့် သူက ထိုမြင်ကွင်းကိုငေးကြည့်နေရုံမှတစ်ပါး အခြား မရှိတော့။

သူ့ရင်ထဲမှာ မမုန်းစဖူးမုန်းသွားမိပါသည်။ မနာကြည်းစဖူး နာ ကြည်းသွားမိသည်။ တဆစ်ဆစ်နှင့် ခံရဆိုးနေသောထိုဝေဒနာကြီးကို သူဘယ်လိုထိန်းသိမ်းရမှန်းမသိနိုင်တော့။ ခံစားချက်တို့ ကစဉ့်ကလျား နှင့် ဆောက်တည်ရာမဲ့နေရပါသည်။

♣ ♣ ♣



## အခန်း ( ၂၇ )

''ဘယ်လိုလုပ် လေဆန်ရဲ့ညီ ဖြစ်နေရတာလဲ''

ဟုစတင်၍ တိတ်ဆိတ်ခြင်းကို ဖြိုခွဲလိုက်ပါသည်။ ထိုအခါမှာ တော့ ခုံတန်းရှည်လေးပေါ် သူမနှင့်အတူ ထိုင်နေခဲ့သောကောင်လေးက ထရပ်ကာ အငူစွန်းထိ တရွေ့ရွေ့လမ်းလျှောက်သွားလိုက်သည်။

တဖြူးဖြူးတိုက်ခတ်နေသော လေစိမ်းအေးအေးက ရိုးတွင်းချဉ် ဆီထိအောင် တစ်ချက်တစ်ချက်မှာ သက်ရောက်သွားရသည်။ မမြင်ရတဲ့ ဒီကာလတစ်လျှောက်မှာ မမှတ်မိတော့လောက်အောင် ထွားကြိုင်လာခဲ့ တဲ့ကောင်လေးက သူမကိုကျောပေးကာ ရပ်နေခဲ့သည်။

သူမကတော့ ခုံတန်းရှည်ပေါ်မှာပဲ မလှုပ်မယှက်တွေတွေလေး ထိုင်ကာ လေအဟုန်ကြောင့် လှုပ်ခါနေသောကောင်လေးရဲ့ ဆံပင်ဖွာလန် ကြဲလေးကို ငေးနေမိခဲ့သည်။

''မင်းက အဖေနဲ့သိပ်တူတာပဲ ကောင်လေး''

"ဒီကာလအတွင်းမှာ မမက အဖေ့ကိုမေ့သွားတယ်နဲ့တူတယ်။ အဖေနဲ့သိပ်တူတဲ့လူကိုတောင် မသိတော့ဘူးဆိုတော့"

"မင်း. . . မမကိုစိတ်ဆိုးနေတယ်ဆိုတာ သိပါတယ်။ မင်းနဲ့ကွဲခဲ့ရပြီးတည်းက မမ ဘယ်သူ့ကိုမှစကားမပြောတော့ဘူး"

"အဲ့ဒီထဲမှာ အစ်ကိုမိုင်ဆောင်တော့ မပါဘူးမဟုတ်လား"

"မိုင်ဆောင်က သူငယ်ချင်းကောင်းပါ။ ငိုယိုပြေးလွှားနေခဲ့တဲ့ မမကို ဖာရိုသာက ဖျောင့်ဖျနှစ်သိမ့်ခဲ့တယ်။ မမက ဒေါသဖြစ်ပြီး ပေါက်ကွဲတိုင်းအမြဲခေါင်းငုံ့ခံခဲ့တာက. . . မိုင်ဆောင်ပါ"

ဟုဆိုကာ စကားကိုခေတ္တရပ်လိုက်ပြီး. . .

"အဲ့ဒီနေ့က မမ တကယ်ပဲ အစားအစာသွားတောင်းခဲ့တာပါ။ မုန့်တွေရလာလို့ မမပြန်လာတဲ့အခါမှာ မမစက်ဘီး တိုက်ခံခဲ့ရတယ်။ ဖာရိုသာပြောတာတော့ မမမေ့သွားလို့ ဆေးခန်းပို့ပေးကြတာတဲ့။ မမ သတိရလာတော့ အဲ့ဒီနေရာမှာ ကောင်လေးကို တကယ်ပဲသွားရှာခဲ့ပါတယ်။ ဘယ်သွားလိုက်တာလဲ"

"မမက တစ်ရက်လောက် သတိမေ့နေခဲ့တာလား"

"ဟင်"

သူမ အဲ့ဒီအချက်ကို တကယ်မသိခဲ့တာပါ။ တစ်နာရီလား၊ တစ်ရက်လား၊ တစ်မိနစ်လားဆိုတာက တကယ်မသိခဲ့တာပါ။

"မမကို တစ်ရက်လုံး အဲ့ဒီနေရာမှာ စောင့်နေခဲ့တယ်။ နောက်ဆုံးမှာတော့ မမရောက်မလာခဲ့လို့လားဘာလား သိပ်တော့မမှတ်မိတော့ဘူး။ ဆန်တို့အိမ်ရောက်ခဲ့ရတာပဲမမ။ တွေးကြည့်ရင် မမကိုစိတ်နာမိပေမယ့် တစ်နေ့နေ့ပြန်တွေ့ရမယ်လို့ မျှော်လင့်နေခဲ့ဖူးတယ်"

"မမလည်း အဲ့ဒီလိုပါပဲ။ မမတို့မောင်နှမအတူ ဆွဲခဲ့ကြတဲ့ ဒီလခြမ်းဆွဲကြိုးလေးကိုပဲ အလွမ်းပြေကြည့်နေခဲ့ရတာ။ မင်းအခုလောက် အရွယ်ကြီးရှိနေလိမ့်မယ်လို့ ထင်မှတ်မထားခဲ့မိဘူး"

"ဒီနှစ် (၁၀) တန်းဖြေမှာ"





"မမ မင်းကိုတာဝန်ယူနိုင်ပါပြီ။ မမတို့မောင်နှမ အတူနေကြရအောင်လား"

"လောလောဆယ်တော့ မဖြစ်သေးဘူးမမ"

"ဟင်! ဘာဖြစ်လို့လဲ"

"မေမေက သူ့သားအရင်း ဆန်ထက်တောင်မှ ကောင်လေးကို ချစ်နေသေးတာ။ ကောင်လေးက အဲ့ဒီလိုကြီးလုပ်ဖို့မသင့်ဘူးထင်တယ်။ ပြီးတော့ ဆန်, ဆန်က ကောင်လေးကိုချစ်တယ်"

"မမကလည်း မင်းကိုချစ်တာပါပဲ ကောင်လေးရယ်။ မမလေ မင်းကို ဘယ်လောက်ထိ သတိရခဲ့ရသလဲဆိုရင်. . ."

"အမှန်အတိုင်းပြောရရင် မမကိုသတိရပေမယ့် စိတ်ဆိုးခဲ့ဖူးတယ်။ ဒါပေမဲ့ မမကို အခုသိရတော့ စိတ်မဆိုးတော့ဘူး။ မမစိတ်မဆိုးပါနဲ့။ ဒါက အမှန်ပါ။ ကောင်လေး, မေမေ့ကိုရော ဆန်ကိုရောချစ်တယ်"

"ကျေနပ်ပါတယ်၊ ငါ့မောင်လေးမှန်ပါတယ်။ ဒါပေမဲ့. . . မမကိုတော့ မကြာခဏလာတွေ့ပေးပါ"

"မမက ဟိုတေးသွားကို တီးပြမှာလား"

"ငါ့မောင်သာ နားထောင်ချင်ရင် လက်တွေကျိုးသွားသည်ထိ တီးပြမယ်။ ငါ့မောင်လေး မမကိုလာလာပြီးတွေ့ရမယ်နော်၊ အဲ့ဒီလောက်ကလေးတော့ မမကိုအသိအမှတ်ပြုပေးပါ"

ဟု ရှိုက်သံတစ်ဝက်နှောနေသော အသံတုန်တုန်နှင့်ပြောလျှင် ကောင်လေးမှာ ရင်နာသွားရပါသည်။ သူပြောလိုက်တဲ့စကားတွေက မှားသလားမှန်သလားဆိုတာ သူဝေခွဲမရသေးပါ။ သူ့စကားကြောင့် မျက်ရည်ဝဲသွားသောမမကို သနားမိတာတော့အမှန်ပါပဲ။

ဒါကြောင့်ပင် မမရဲ့ပခုံးစွန်းလေးကို ကြင်နာစွာဆွဲကိုင်လိုက်မိပါသည်။ သို့သော် လုံးဝထင်မှတ်မထားခဲ့သည်က ရုတ်တရက်ပေါ်လာတဲ့ မျက်ဝန်းနီရဲရဲတစ်စုံပါပဲ။

"ကောင်လေး"

မာကျောကျောခေါ်သံနှင့်အတူ. . .

"ခွပ်! ခွပ်! "

လက်သီးနှစ်ချက်ဆင့်က သူ့မျက်နှာပေါ် အလျင်အမြန်ရောက်ရှိလာခဲ့ပါ၏။

"ဟင်! ချွန်"

အဖြစ်အပျက်က မြန်ဆန်လွန်းလှတာကြောင့် ထိုမောင်နှမမှာ မှင်တက်သွားရပါသည်။

"ကောင်လေး. . . မင်းက ကြောက်စရာကောင်းဆုံးရန်သူပဲ"

"မဟုတ်ဘူး,ချွန်။ ချွန်အထင်လွဲနေပြီ"

ဟု ရုတ်တရက်ဆိုသလိုပင် အဆုံးအစမရှိ ကောင်လေးမှာ ဖြေရှင်းရှာပါသည်။ သို့သော် ချွန်ကတော့ ထိုဖြေရှင်းချက်ကိုလုံးဝစိတ်မဝင်စားတော့ပါ။

သူ့အာရုံတစ်ခုလုံးထဲမှာတော့ ဆရီရောင်အိုင်ရဲ့ပခုံးကိုကြင်နာစွာ ဆုပ်ကိုင်ထားတဲ့ကောင်လေးရဲ့ပုံရိပ်က ပျောက်ပျက်မသွားခဲ့ပါ။ ခပ်လှမ်းလှမ်းမှတွေ့လိုက်ရကတည်းက လေဆန်ရဲ့ဆိုင်ကယ်ကိုသိနှင့်နေပြီမို့ လေဆန်မှတ်ပြီး လာခဲ့ရာမှ မထင်မှတ်ဘဲတွေ့လိုက်ရသောမြင်ကွင်းက သူ့ရဲ့အသိဉာဏ်အစုံကို ဝေဝါးသွားစေခဲ့တာပါ။

ညီရင်းတမျှချစ်ခင်ရပါသောကောင်လေးက သူ့ကျောပြင်အလယ်တည့်တည့်သို့ ထိုးချပစ်မည့်ဓားမြှောင်တစ်ချောင်းကို လူမသိသူမသိ သိုဝှက်ထားခဲ့လိမ့်မည်ဟု သူလုံးဝထင်မှတ်မထားခဲ့ပါ။

ပြီးတော့ ထိုစတိတ်ကျောင်းသားအရွယ်မျှသာရှိသေးသော ကောင်လေးကို ဆရီရောင်အိုင်က အခုလိုလက်ခံနေတာကို သူ လုံးဝအံ့ဩသွားမိပါသည်။

"တောက်! မင်းကွာ. . . မင်း"

ဟုဆိုကာ လဲကျသွားသောကောင်လေး၏အင်္ကျီလည်ပင်းစကို ဆွဲကိုင်ပစ်လိုက်ပြန်သည်တွင် သူ့ကိုယ်ကြီးကို အားနှင့်တွန်းလွှတ်ပစ်





ခြင်း ခံလိုက်ရပါသည်။ လုံးဝမထင်မှတ်ထားတာမို့ မြေပြင်ပေါ် သူဖင်ထိုင်လျက်သား လဲကျသွားခဲ့ရပါသည်။

"ဆရီ"

"ရှင်, သူ့ကိုလုံးဝမထိပါနဲ့။ သူ့ကို ရှင်နောက်တစ်ချက်ထပ်ထိုးလို့တော့ ကျွန်မတစ်သက် လုံးဝမကျေဘူး"

သူ့ကိုဒေါသတကြီးပြောဆိုရင်း ကောင်လေးကိုကာကွယ်ပေးနေခဲ့တဲ့ဆရီကို သူအံ့ဩလွန်း၍ ဘာမှထပ်မပြောနိုင်တော့ပါ။

"သူက ဒီကမ္ဘာပေါ်မှာ အားလုံးသောအရာတို့ထက် ကျွန်မသိပ်ချစ်ရတဲ့လူ။ သူ့ကိုထိရင် ကျွန်မကိုအဆိုးမဆိုနဲ့။ ဘယ်သူ့ကိုမှခွင့်မလွှတ်ဘူး"

"ဆရီ. . . မင်း. . . ဟာကွာ"

"မဟုတ်ဘူး,ချွန်။ ချွန်ထင်နေသလို မဟုတ်ဘူး။ မမ, ချွန်အထင်တွေ လွဲကုန်ပြီ။ ညီရှင်းပြမယ်"

"ဘာမှရှင်းပြနေစရာမလိုဘူးကောင်လေး။ သူ့ကို မမသိပ်မုန်းတယ်။ အရင်တုန်းက မုန်းခဲ့တာထက် အခုအဆပေါင်းများစွာ ပိုမုန်းသွားပြီ။ လာ. . . သွားမယ်"

ဟုဆိုကာ ကောင်လေး၏လက်မောင်းကိုဆွဲဖက်ပြီး ကောင်လေးကိုခေါ်ဆောင်သွားခဲ့တဲ့ဆရီရဲ့ကျောပြင်က သူ့ရင်အစုံကို နာကျင်စေခဲ့ရပါသည်။

"ကောင်လေးတဲ့. . . မမတဲ့လား။ ရက်စက်လိုက်တာ ဆရီရယ်။ ဒါကတော့ မင်းကိုချစ်လိုက်ရတာ။ ကောင်လေး မင်း, တစ်နေ့ ငါနဲ့တွေ့မယ်။ တောက်! "

ဟု ကြုံးဝါးလိုက်တဲ့ အသံကတောင်နံရံတစ်လျှောက် ပဲ့တင်ရုတ်သွားရပါတော့သည်။

♣ ♣ ♣



# ပေါက်ပန်းပမာ(၂)





ငါသာ

ငှက်တစ်ကောင်ဆိုရင်

ကမ္ဘာအနှံ့ ခြေဆန့်ခွင့်ရမယ်။

ကေသရာဇာခြင်္သေ့မင်းဆိုရင်

တစ်တောလုံးညံ့အောင် ဟိန်းပစ်နိုင်မယ်။

ယုန်ငယ်တစ်ကောင်ဆိုရင်

လွတ်လပ်ပေါ့ပါးမှုအပြည့်ရမယ်။

တီကောင်တစ်ကောင်သာဆိုရင်

လူတွေမမြင်အောင် ပုန်းခိုနိုင်မယ်။

ခွေးတစ်ကောင်ဆိုရင်

သခင်ပြန်အလာကို အမြီးနှံ့ ကြိုဆိုခွင့်ရှိမယ်။

ဒိုင်နိုဆောလိုတော့

မှတ်တမ်းဆိုးကြီးနဲ့ ပျောက်မသွားချင်ဘူး။

**ရွှေပဒေသာစာပေ**



## အခန်း ( ၂၈ )

"ဝဲ. . . အူဝဲ. . . ဝဲ"

ကလေးငိုသံက ပတ်ဝန်းကျင်တစ်ခုလုံး လျှံထွက်လာခဲ့ပါသည်။ ထိုအခါကျမှ ယောက်ယက်ခတ်နေသော လေဆန်နှင့်လေတံခွန်ရဲ့ ရင်ထဲ အလုံးကြီးကျသွားရပါသည်။

"ဘာလေးမွေးသလဲ ဆရာမ"

ဟု ငံ့လင့်တကြီး မေးပစ်လိုက်သည်။ သို့သော် ပြန်ဖြေသံကို မကြားရပါ။ ပို၍စိတ်ပူသွားမိပါသည်။ ဖြစ်နိုင်လျှင် မွေးဖွားခန်းထဲ ကိုယ်တိုင်ဝင်ကာ ကြည့်ပစ်ချင်မိပါသော်လည်း စည်းကမ်းဘောင်ဆိုတာကြီးကြောင့် ထိန်းချုပ်နေရတာပါ။ သို့သော် မိနစ်အနည်းငယ်မျှအကြာမှာတော့ အထုပ်ဖြူဖြူလေးကိုပွေ့၍ မွေးဖွားခန်းထဲမှာ နာ့စ်က ထွက်လာခဲ့ပါသည်။

"ဘာလေးလဲဟင်"

''ယောက်ျားလေးပါရှင်။ ကလေးအဖေက. . .''

ထိုအခါမှာတော့ လေဆန်နှင့်ကောင်လေးက တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ. . .

''ကျွန်တော်ပါဆရာမ''

''ကလေးက မအေတူလေးထင်တယ်''

''သူ့နေကောင်းရဲ့လား''

''ကျန်းကျန်းမာမာပါပဲရှင်။ အခုတော့ အိပ်ပျော်နေတယ်။ ကလေးကိုကြည့်ပါဦးမလား''

''ခဏချီချင်တယ်''

''ခဏပဲရမယ်နော်''

ဟုဆိုလာ၍ သူက နီရဲရဲလေးနှင့် အနှီးထုပ်ထဲမှာ လှုပ်လှုပ်ရွရွလေးရှိနေသောကလေးငယ်ကို ချီလိုက်ပါသည်။ သူ့ရင်ထဲမှာ ဝမ်းသာခြင်းတို့ကလည်း တိုးဝှေ့လာခဲ့သလို ကြေကွဲခြင်းတို့ကလည်း လျှံထွက်သွားရပါသည်။

''ဆန်. . . မင်းဘာတွေတွေးနေတာလဲ''

''ဘာမှမဟုတ်ပါဘူး''

''ဆန်. . . မင်းတွေးနေတာကို ညီ့သိတယ်။ မင်းသိထားပါ့ဆန်။ မမက မင်းရဲ့ဇနီးပဲ။ အခုရော၊ နောင်ရော မင်းရဲ့ဇနီးပဲ။ ဒါကို မင်းမှတ်ထားပါ။ ညီ့ရှေ့မှာ အဲ့ဒီတစ်ယောက်ယောက်ရဲ့အကြောင်းကို ဘယ်တော့မှမပြောနဲ့ ဆန်လည်း အဲ့ဒါတွေကိုမေ့ထားလိုက်ပါတော့။ အဲ့ဒီအကြောင်းတွေကို ညီ့ဘာမှသတိမရချင်ဘူး''

ဟုပင် ခပ်ပြတ်ပြတ်ပြောကာ ချာခနဲလှည့်ထွက်သွားခဲ့သော ကောင်လေးရဲ့ကျောပြင်ရင့်ရင့်ကို သူကြည့်ရင်း ရင်ထဲမှာ လှိုက်လှိုက်လှဲ့လှဲ့ကြီးဝမ်းနည်းသွားရပါသည်။

ကောင်လေးရဲ့ရင်ထဲကို သူမြင်နေရသောကြောင့်ပင်ဖြစ်သည်။ ကောင်လေးက ချွန်အပေါ်ထားရှိခဲ့တဲ့သံယောဇဉ်ကို သူကောင်းကောင်း





သိနေခဲ့လို့ပါ။ အဲ့ဒီအချိန်ကာလကြီးကို ဘယ်လောက်ပဲ နာကြည်းတယ်ပြောပြော ကောင်လေးကရော ဒါကိုတကယ်ပဲမေ့နိုင်ခဲ့လို့လား။

သူ့ရင်ထဲ လှိုက်ဖိုစွာဝမ်းနည်းခြင်းက တစ်ရှိန်ထိုး ထိုးတက်သွားခဲ့၍ လက်ထဲမှကလေးငယ်ကို ဆရာမထံပြန်အပ်၍ ဦးတည်ရာမဲ့လျှောက်လှမ်းနေမိပါသည်။

သူ့ခြေလှမ်းတွေက ဘယ်ဆီဦးတည်နေခဲ့ပါသလဲဆိုတာ သူကိုယ်တိုင်ပင် မသိနိုင်အောင်ပါဘဲ။ နောက်ဆုံးမှာတော့ ခုံတန်းရှည်ပေါ်တွင် စိတ်ပျက်လက်ပျက်ပင် ဖြစ်သလိုထိုင်ချပစ်လိုက်သည်။

အာရုံထဲမှပုံရိပ်များစွာတို့က သူ့နှလုံးသားကိုနှိပ်စက်လှပါသည်။ အင်္ကျီအိတ်ကပ်ထဲမှ ရွှေရောင်စီးကရက်ဘူးကိုထုတ်လာကာ လက်ညှိုးလေးနှင့်ခေါက်လိုက်တော့ စီးကရက်တစ်လိပ် ထွက်ကျလာသောကြောင့် ထိုစီးကရက်ကို နှုတ်ခမ်းပါးလေးနှင့်တို့ထိရုံ ဆွဲထုတ်လိုက်ပြီး မီးခြစ်ကိုဖျတ်ခနဲဆွဲကာ မီးညှိပြီးရှိုက်ဖွာလိုက်ပါသည်။

ပါးစပ်တစ်ခုလုံးမှာ ပြည့်လျှံနေခဲ့သောမီးခိုးလုံးများကို ကောင်းကင်ပေါ်သို့ ဟူးခနဲမှုတ်တင်ပစ်လိုက်တော့မှ ရင်ထဲက ရှုပ်ထွေးမှုကြီး သက်သာသွားရသယောင်။

စောစောက ကလေးငယ်ကြောင့် သူ့ရင်ထဲ ချွန်ကိုလှိုက်လှိုက်လှဲ့လှဲ့ သတိရသွားမိတာပါ။ ရှုပ်ထွေးလွန်းလှတဲ့စိတ်တို့ကြောင့် မေမေရှိရာ သီလရှင်ကျောင်းသို့ ခြေဦးတည့်ရာထွက်လာခဲ့ပြီးကာမှ ထိုကျောင်းဝင်းထဲသို့ဝင်သွားရန် ခြေလှမ်းတို့ကိုမစွမ်းဆောင်နိုင်ခဲ့ပါ။

အခုတော့ တရားဘောင်ပေါ်မှာ အေးချမ်းနေမယ့် မေမေ့ဘဝလေးကို မှဒိတာပွားမိသွားပြန်၍ပါ။ ဒါကြောင့်ပင် ခြေလှမ်းတို့ကိုပြန်လည်ရုပ်သိမ်း၍ အေးချမ်းလှသော အရင်တစ်ချိန်က သူသိပ်နှစ်သက်ခဲ့ရပါသော ဘုရားကျောင်းဝင်းကြီးထဲသို့ ဦးတည်လိုက်ပြန်ပါသည်။

သူရောက်ရှိသွားချိန်မှာတော့ ဘုရားကျောင်းဝင်းကြီးက ဘာမှပြောင်းလဲမှုမရှိ ပကတိတိတ်ဆိတ်နေဆဲ။

အရာအားလုံးတို့က ပြောင်းလဲသွားခဲ့ပေမယ့် ဘာမှပြောင်းလဲမှု မရှိခဲ့သော ခုံရှည်လေးပေါ် ဝင်ထိုင်မိရင်း ကျော်လွန်သွားခဲ့ပါသော အတိတ်ဖြစ်ရပ်များဆီသို့. . .

♣ ♣ ♣



## အခန်း ( ၂၉ )

အိမ်ကို မျက်နှာကြီးသုန်မှုန်ကာ ပြန်ရောက်လာခဲ့သော ကောင်လေးသည်လည်းကောင်း၊ အပေါ်ထပ်မှဆင်းလာခြင်းမရှိတဲ့မေမေသည်လည်းကောင်း၊ ပြောင်းလဲနေကြသောကွာဟချက်ကြီးကြောင့် သူမှာ ကြားထဲက အနေရခက်နေလှပါသည်။

သူကလည်း ဆရီရောင်အိုင်ရဲ့လက်စာပြင်းပြင်းကို ဘုမသိဘမသိနှင့် ခံထားရသေးတာမို့ ရုပ်ထွေးမှုအပြည့်နှင့် ဘာမှမေးချင်စိတ်မရှိတော့တာမို့ အိမ်တစ်ခုလုံးမှာ ခါတိုင်းနဲ့မတူအောင် တိတ်ဆိတ်နေခဲ့ရပါသည်။

ဒါကြောင့်ပင် စိတ်ပြေလက်ပျောက် ချွန်နဲ့ထံထွက်လာဖြစ်ခဲ့ပါသည်။ သို့သော် ချွန်က သူ့ကိုမြင်မြင်ချင်း သူ့အင်္ကျီလည်ပင်းစကိုဆွဲကိုင်ကာ သူ့မျက်နှာတည့်တည့်ဆွဲထိုးပစ်လိုက်တာမို့ သူမှာ ဘာမှနားမလည်လိုက်ပါဘဲ ပို၍ပို၍ကြောင်နသွားရပါသည်။

''ချွန်. . . မင်း''

“အဲ့ဒါဘာဖြစ်လို့ထိုးသလဲသိလား။ မင်းသိပ်ညှံ့လို့,ဟော့ကောင်”

“ဘာ! မင်းဘာပြောတယ်”

“ငါက ညှံ့ရုံပဲညှံ့တာ။ မင်းက ရိုင်းတာ,ချွန်”

“ဘာ! ဘယ်လို မင်းထပ်ပြောလိုက်။ အဲ့ဒီစကားကို ထပ်ပြောကြည့်လိုက်စမ်း”

“မင်း, ဆရီရောင်အိုင်ကို ဘာသွားလုပ်ထားသလဲ”

“ဘာ. . . ဘယ်လို”

အဆက်အစပ်မရှိ ကွာဟနေကြသော အကြောင်းအရာတွေကြားမှာ ကစဉ့်ကလျားစကားလုံးတွေက ဆက်တိုက်။

“ဆရီရောင်အိုင်က ငါ့ကို ပါးတီးလွှတ်လိုက်တယ်”

“ဘာ!”

“ငါတို့က မိုင်ဆောင်ကို ခံစားရအောင်လုပ်တယ် ဘာညာနဲ့ စွဲချက်တွေကို စုံနေတာပဲ။ နားကိုမလည်နိုင်ဘူး။ နောက်ဆုံးမှာတော့ ငါက မရည်ရွယ်ပါဘဲ သူ့လက်ကိုလည်း ဆွဲလိုက်မိပါတယ်။ တီးချက်က ပြင်းတယ်ကွာ။ ချာခနဲလည်ထွက်သွားတယ်”

“ဘာ. . . မင်း သူ့ကိုဘာလုပ်လိုက်တာ”

“နေစမ်းပါဦး, မင်းကရော ဒီနေ့ဘာဖြစ်နေရတာလဲ။ ငါ့ကိုလည်း မယုံသင်္ကာကြည့်လိုကြည့်။ ဘာမဆိုင်ညာမဆိုင် ရောက်ရောက်ချင်း လက်သီးနဲ့လည်း ပစ်ထိုးလိုက်သေး။ ဘာလဲ. . . မင်းဖာသာကြီးကြောင့် ပေါက်ကွဲပြန်ပြီလား”

“မင်း အိပ်ချင်ယောင်ဆောင်တာလား။ အိပ်ပျော်နေတာလား လေဆန်”

“မင်းဘာတွေပြောနေတာလဲ,ချွန်”

ထိုမေးခွန်းမှာတော့ ချွန်ရဲ့ရင်ထဲ ပဟေဠိတစ်ခုကြောင့် ငြိမ်ကျသွားရပါသည်။

“မင်းတကယ်မသိတာလား လေဆန်”





“ဘာတွေက ရှုပ်နေလို့။ ငါက ဘာကိုမသိလိုက်ရတာလဲ”

“ကောင်လေးနဲ့ဆရီရောင်အိုင် ကွယ်ရာမှာ ရှုပ်နေတာကို မင်းတကယ်မသိဘူးပေါ့”

“ဘာ. . . ဘယ်လို”

“ကောင်လေးနဲ့ ဆရီရောင်အိုင်, အား. . . ဟားကွာ မပြောလိုက်ချင်ဘူး”

“မဖြစ်နိုင်ဘူး,ချွန်။ မင်းပြောသလို လုံးဝမဖြစ်နိုင်ဘူး”

“ဒီမှာ ငါ့မျက်လုံးကို ကြိုက်တဲ့နေရာမှာ စမ်းသပ်လိုက်။ ဘာပါဝါမှမရှိသေးဘူးကွာ”

“မင်းကိုယ်တိုင်. . .”

“. . . က တောင်ကုန်းထိပ်မှာ ဖြစ်ချင်သလိုဖြစ်ပျက်နေကြတာ။ ဒီအထဲက နာတယ်၊ ခံပြင်းတယ်။ အလစ်မှာ ချောင်းရိုက်ခံလိုက်ရတာ။ ဒါ့ထက်ပိုတဲ့ဒဏ်ရာက လောကမှာရှာလို့မရနိုင်ဘူး”

“ဘယ်တုန်းကလဲ”

“လွန်ခဲ့တဲ့နှစ်နာရီလောက်ကကွာ”

“အဲ့ဒါဆို ပိုပြီးမဖြစ်နိုင်ဘူး”

“ဘာလဲ။ အဲ့ဒါတွေအားလုံးက ငါက လီစယ်ကြဲဖန်ပြီးပြောနေတာပါလို့ မင်းက ပြောချင်တာလား”

“မင်း လျှောက်မပြောတတ်မှန်းတော့ ငါသိတယ်။ ဒါပေမဲ့ မင်းပြောသလို လုံးဝမဖြစ်နိုင်ဘူးကွာ။ တစ်ခုခုတော့ အကြီးအကျယ်လွဲနေပြီ”

“မင်းတကယ်ဘာမှမသိဘူးလား လေဆန်”

“ငါက မင်းကိုနောက်ပစ်ကနဲနေတယ်များ ထင်နေလို့လား။ ငါ့မျက်လုံးကိုသေချာကြည့်လိုက်ပါ,ချွန်။ မင်း ငါ့ကို အဲ့ဒီလိုကြီးမယုံတော့ ငါအခံရခက်တယ်”

ဟုဆိုကာ မယုံသင်္ကာမျက်ဝန်းမျိုး စိုလက်နေခဲ့တဲ့ ချွန့်ထံတည့်

တည့်ကြီးစိုက်ကြည့်ရာက ပြောချပစ်ပါသည်။ ထိုအခါကျမှ ချွန်ရဲ့မျက်ဝန်းအရောင်များက လျှော့ကျသွားရကာ လေဆန်ရဲ့ပခုံးကို ခပ်ဖွဖွနှစ်ချက်ဆင့် ပုတ်လိုက်ပြီး. . .

"ဆောရီး. . . လေဆန်။ ငါအာရုံတွေ ဝေဝါးသွားခဲ့တယ်"

"ရပါတယ်"

"ဘာလဲ မင်းက ငါ့ကိုမကျေနပ်ဘူးလား။ အဲ့ဒါဆိုလည်း ထိုးကွာ။ အတိုးနဲ့ နှစ်ချက်ထိုး,ထိုး"

ဟုဆိုကာ မျက်နှာကြီး ငေါ့ပေးလာသဖြင့် လေဆန်မှာ ရယ်ချင်သွားရကာ သူ့မျက်နှာကို လက်သီးဆုတ်နှင့် ဖွဖွတို့ထိလိုက်ပါသည်။

"ထိုးလေ. . . မင်းမထိုးဘူးလား"

ဟု ကလေးတစ်ယောက်လိုဆိုလိုက်တော့ သူ့မှာ ပို၍ရယ်ချင်သွားရပါသည်။ ချွန်ဟာ အခုချိန်ထိ ငယ်ငယ်တုန်းကအကျင့်ကို မဖျောက်နိုင်သေးပါ။ သူမှားသွားပြီဆိုတာ သိလိုက်လျှင် ခံရသူကို နှစ်ဆပြန်လည်အလျော်ပေးချင်တတ်ပြီး ကျောသွားသည်ဟုထင်လျှင်လည်း သူက နှစ်ဆ ပြန်လည်ချေပတတ်သည့်လူတစ်ယောက်ဖြစ်ပါသည်။

ချွန်ရဲ့အကျင့်ကိုသိနှင့်ပြီးတဲ့ လေဆန်မှာတော့ ပြုံးတုံးတုံးလေးပင်။

"မင်း ငါ့ကို ဘာဖြစ်လို့ အဲ့ဒီလိုကြည့်နေရတာလဲ"

"မင်း ကောင်လေးကို တစ်ခုခုလုပ်ဖို့များ စဉ်းစားထားဖူးသလား"

"ကောင်လေးဟာ ငါ့ရဲ့ညီအရင်းမဟုတ်ပေမယ့် ငါ့ရဲ့ညီအရင်းလိုပါပဲဆိုတာ မင်းကို ငါအထူးရှင်းပြနေဖို့လိုသလား လေဆန်။ ဆရာ့ကို ငါသိပ်ချစ်တယ်။ ကောင်လေးကိုလည်း ငါချစ်တယ်၊ ခင်တယ်၊ သံယောဇဉ်ရှိတယ်။ ငါ့ရင်ထဲကို မင်းဝင်ကြည့်လိုက်စမ်းပါ။ မှုရင်းစိတ်နဲ့ ထိန်းချုပ်စိတ်တွေ လွန်ဆွဲနေတယ်။ ငါကိုယ်တိုင်တောင် ဝေခွဲမရနိုင်အောင်ပါဘဲ ငါက လူရမ်းကားတစ်ယောက်လို့ အားလုံးက သတ်မှတ်ထားကြသလို ငါ့စိတ်ကို ငါလုံးဝ အာမ,မခံနိုင်ဘူး"





"မင်း ကောင်လေးကိုဘာမှမလုပ်ပါနဲ့"

"ချောင်းရိုက်ပစ်လိုက်မှာတို့၊ ချောက်တွန်းပစ်လိုက်မှာတို့ကို မင်းစိုးရိမ်နေတာလား"

"ဟား. . . ဟား. . . ရယ်တော့ ရယ်ရတယ်နော်"

"ကောင်လေးရဲ့စိတ်ကို ငါသိတယ်။ ကောင်လေးနဲ့မင်းအကြားမှာ အများကြီးအကြီးကြီးနဲ့ လွဲချော်မှုကြီးရှိနေတယ်လို့ ငါထင်တယ်။ မင်းနဲ့ကောင်လေးဟာ ငါ့ဘဝထဲကလူတွေပါ,ချွန်"

"တစ်ခါတစ်ရံမှာ ငါ ကောင်လေးကိုအားကျမိတယ်။ မင်းလို မွေးချင်းအစ်ကိုတစ်ယောက်က ဘေးမှာခိုင်ခိုင်မာမာရှိနေလို့"

"ငါနဲ့ကောင်လေးအကြားက မင်းမသိသေးတာတစ်ခုရှိသေးတယ် ချွန်။ တကယ်တော့ ကောင်လေးနဲ့ငါက ညီအစ်ကိုအရင်းတွေမဟုတ်ကြဘူး"

"ဘာ!"

သူ အမှန်တကယ်အံ့သြသွားရတာပါ။ လေဆန် နောက်နေတာလားဟု မျက်နှာကဲကိုဖမ်းကြည့်ပါသော်လည်း ဒါနောက်နေတာမဟုတ်ဘူးဆိုတာ ခိုင်မာနေသောမျက်လုံးများက သက်သေခံနေပါသည်။

"ဟုတ်တယ်။ ကောင်လေးကိုမွေးစားခဲ့တာပဲ"

ဟု တစ်လုံးချင်းပြောလာသော လေဆန်ရဲ့စကားများကို သူနားကြားများ လွဲနေရှာသလား။ ဒီလောက်နှစ်တွေ အများကြီးကျော်လွန်ခဲ့သည်ထိ လျှို့ဝှက်ထားခဲ့သော ထိုကိစ္စကို သူအမှန်တကယ် အံ့သြသွားမိ၍ စောစောကစိတ်တိုနေရတာပင် ဘယ်ဆီလွင့်စင်ကုန်မှန်းမသိ။

"ငါ့မေမေနဲ့ငါ နေရာတစ်ခုကိုသွားခဲ့တယ်။ လူတွေအများကြီး ရှုပ်ထွေးနေတဲ့နေရာပေါ့။ အဲ့ဒီမှာ ကလေးတစ်ယောက်ကို ငိုနေတာတွေ့ခဲ့ရတယ်။ ညစ်ပေပေလေးနဲ့၊ မမ. . . မမဆိုပြီးငိုနေတာကို ငါ့မေမေက သနားသွားခဲ့တယ်ထင်တယ်။ ကောင်လေးရဲ့ပုံစံလေးကို ငါမြင်မိတိုင်း စိတ်မကောင်းဘူး။ နာမည်ကိုမေးတော့လည်း မပြောနိုင်ဘူး။ ပါးစပ်က

မမဆိုတာပဲထွက်တယ်။ နာမည်မရှိသေးတဲ့ကောင်လေးကို ငါကကောင်လေးလို့ခေါ်ရာက တွင်သွားခဲ့တာပဲ၊ ဆောရီး. . . ချွန်၊ ငါကောင်လေးကို အရမ်းချစ်သွားလို့ ငါ့ညီအရင်းလို့လိမ်ပြောခဲ့တာပါ။ မင်းရဲ့အမြင်မှာရော အားလုံးရဲ့အမြင်မှာပါ။ ကောင်လေးက ငါနဲ့စိတ်တူကိုယ်တူ ညီအဖြစ်ပဲ မြင်စေချင်တယ်''

ဟူသောစကားရှည်ကြီးကို ချွန်မှာ ပါးစပ်အဟောင်းသားနှင့် နားထောင်နေရပေမယ့် သူနားသူပင် မယုံနိုင်ပါ။

''ဒီနေ့မှ ငါ ဘာကြောင့် ဒီအကြောင်းတွေ ပြောချင်နေရသလဲ မသိဘူး။ အိမ်မှာ ရာသီဥတုအခြေအနေ သိပ်မခိုင်ဘူး။ ငါလစ်ပြီ့,ချွန်''

''ဘာဖြစ်နေလို့လဲ''

''မေမေကလည်း ဘာတွေထိရှုနေသလဲ မသိဘူး။ အပေါ်ထပ်က လုံးဝဆင်းမလာတာ ထူးဆန်းနေတယ်။ အပြင်ကပြန်လာတဲ့ကောင်လေးရဲ့မျက်နှာကလည်း ပုံမှန်မဟုတ်ဘူး။ ငါကလည်း ပါးတစ်ချက်အဆော်ခံလိုက်ရတာနဲ့ပဲ ဒီအထဲမှာ ထိနေတာ''

''အခုရော''

''မင်းရဲ့လက်သီးတစ်လုံးကဖြေဆေးပေါ့။ နည်းနည်းသက်သာသွားပြီ။ အိမ်ပြန်ပြီး ပဋိပက္ခတွေကို လိုက်ညှိလိုက်ဦးမယ်''

ဟုဆိုကာ အံ့ထတွင်. . .

''တူ. . . တူ. . . တူ''

ဟု ဖုန်းမြည်သံကြောင့်. . .

''ဟလို''

''. . . . . .''

ဟာလိုဟု ထူးသံသာကြားရပြီး ပြူးကျယ်ဝိုင်းစက်သွားသောချွန်ရဲ့မျက်ဝန်းအိမ်ကြောင့် သူ့မှာမပြန်ဖြစ်သေးဘဲရပ်၍ နားစွင့်နေလိုက်ပြန်ပါသည်။

ဖုန်းကိုပြန်ပိတ်လိုက်ပြီး သိသိသာသာကြီး ငိုင်ကျသွားသောချွန်





ကြောင့် သူစိုးရိမ်သွားမိပြန်ပါသည်။

''ဘာလဲ,ချွန်''

''ငါ့အဘွား အသည်းအသန်ဖြစ်လို့တဲ့။ အဲ့ဒါ ငါ့ကိုတွေ့ချင်နေတယ်တဲ့''

ဟုဆိုလာသဖြင့်. . .

''အဲ့တော့ မင်းသွားမှာလား''

''မေမေ့ကိုမမြင်ဖူးခဲ့ပေမယ့် ဘွားဘွားက ငါ့ကိုကောင်းတယ်လို့ထင်တယ်။ ငါသွားမယ် လေဆန်။ သေသွားတဲ့လူဆိုတာ လောကကြီးမှာ ဘယ်တော့မှထပ်ပေါ်မလာတော့ဘူး''

''ငါ လက်မှတ်လုပ်ပေးရမလား''

''ရပါတယ်၊ ငါ့ကိုလိုက်မပို့နဲ့တော့။ ဒီနေ့လက်မှတ်ရရင် ဒီနေ့ပဲ ငါသွားဖြစ်မယ်''

''မင်း အဲဒီမှာ ကြာခဲ့မှာလား''

''ဆရိရောင်အိုင် ရှိနေတာပဲ။ သိပ်ကြာကြာနေဖြစ်မှာမဟုတ်ပါဘူး''

''ဟား. . . ဟား. . . မင်းကတော့ကွာ''

ဟုဆိုကာ သူ့ပခုံးကိုဖွဖွဖက်ကာ လက်ကိုနောက်ပြန်ပြကာ ပြန်သွားသောလေဆန်ကို မမြင်ရတော့သည်ထိ ငေးကြည့်နေဖြစ်ပြီးမှ အိမ်အပေါ်ထပ်သို့တက်လိုက်သည်တွင် လှေကားအတက်အဆင်းမှာ ဖခင်နှင့်ဆုံတွေ့ဖြစ်ခဲ့ကြပါသည်။

တစ်ယောက်နှင့်တစ်ယောက် အသီးသီးဖြတ်ကျော်သွားကြပေမယ့် နှုတ်ဆက်စကားပင် မဆိုဖြစ်ကြ။ သို့သော် ချွန်ဘက်ကပဲ ကျောနိုင်းအနေအထားနှင့် ခေတ္တရပ်ကာ. . .

''ကျွန်တော် မနက်ဖြန်ဖြစ်ဖြစ်၊ ဒီနေ့ပဲဖြစ်ဖြစ် ရန်ကုန်သွားမယ်''

''မကောင်းတတ်လို့အသိပေးတာလား။ တိုက်ဆိုင်လို့ အပျင်းပြေပြောတာလား''

ဟူသောခနဲ့သဲ့သဲ့စကားကိုမူ သူဂရုမစိုက်တော့ဘဲ လေ့ကားကိုသာ ဆက်၍တက်ဖြစ်ခဲ့ပါသည်။ သူ့ရင်ထဲမှာ ရှုပ်ထွေးမှုအပြည့်နှင့်မို့ ဆက်ခက်ခဲခဲကြီးပင် အသက်ကိုခပ်ပြင်းပြင်းရှူရှိုက်လိုက်မိပါသည်။

♣ ♣ ♣



## အခန်း ( ၃၀ )

"ကောင်လေး. . . မင်း မနေ့က ငါ့ဆိုင်ကယ်ကိုယူပြီး ဘယ်သွားလိုက်တာလဲ"

"ကွဲကွာသွားခဲ့တဲ့ညီ့ရဲ့မမကိုပြန်တွေ့ပါတယ်လို့ပြောရင် ဆန်ယုံမှာလား"

"ဘာ!"

အဆက်အစပ်မရှိပြောချပစ်လိုက်တဲ့ ကောင်လေးစကားကြောင့် သုပင်လျှင် ကြောင်နနသွားရပါသည်။ နှစ်တွေ အများကြီးကုန်လွန်သွားခဲ့ပါပြီ။ ဒီကြားထဲ အဲ့ဒီမမဆိုတဲ့အသုံးအနှုန်းက ပျောက်နေခဲ့ရပြီး အခုမှ ရုတ်တရက်ကြီး ဘာကြောင့်ပြောပစ်လိုက်တာလဲ။

သူအံ့ဩသွားရပါသည်။ အဲ့ဒီမမဆိုတာကြီးကို ကောင်လေးက မေ့သွားခဲ့ပြီတောင် ထင်နေခဲ့တာ။ အခုတော့ ရင်းနှီးနွေးထွေးလှတဲ့ ထိုအသုံးအနှုန်းကြောင့် သူ့ရင်ထဲမှာ ဟာသွားမိတာတော့အမှန်ပါပဲ။

''မင်း မမေ့သေးဘူးကိုး''

''ညီ့ကို တကယ့်ညီလေးပမာချစ်ပေးခဲ့တဲ့ဆန်ကို ညီ ကျေးဇူးတင်ပါတယ်''

''ကောင်လေး မင်းအဲ့ဒီလိုကြီးမပြောနဲ့ကွာ။ ငါတို့နှစ်ယောက်က အဝေးကြီးလိုခံစားရတယ်''

''တကယ်တော့ မမက ညီ့ကိုပစ်သွားခဲ့တာမဟုတ်ပါဘူး''

''ဟင်''

''ညီ့ရဲ့နာမည်က ဆန်ခေါ်ခဲ့သလိုပဲ ကောင်လေးပါ။ ဆန့်ကို တွေ့တွေ့ချင်းကပဲ ဘာကြောင့်ခင်သွားရလဲသိလား။ မမခေါ်သလို ဆန်က ခေါ်ခဲ့လို့ပဲ''

''ဟမ်း''

''ဆန်. . . ချွန်နဲ့တွေ့ပြီးသွားပြီလား''

''ဘာတွေလဲဆိုတာ ငါနားမလည်နိုင်အောင်ဘဲ ကောင်လေး''

''ချွန်ပြောတာ မှန်ပါတယ်''

''ဘာ. . . မင်း. . . ဘာ''

''ချွန်ကိုတစ်ခုခုပြောချင်ပေမယ့် ဘာကဘယ်လို စပြောရမှန်းတောင် မသိခဲ့ဘူး''

''ဒါဆို မင်းနဲ့ ဆရီရောင်အိုင်က. . .''

''ဆန်ကတောင် ညီ့ကိုမယုံတော့ဘူးလား''

''ငါ ဘာမှကိုနားမလည်တော့ဘူး ကောင်လေး။ ချွန်လည်း သူ့ဘွားဘွား အသည်းအသန်ဖြစ်လို့ ရန်ကုန်ဆင်းသွားရော့ပေါ့''

''ဩော်''

''ငါနားလည်အောင်လည်း ရှင်းပြစမ်းပါဦးကွာ။ ရှုးချင်နေပြီ''

''တေးသွားတစ်ပုဒ် ရှိခဲ့တယ်။ ကောင်လေးနဲ့ကောင်မလေးကို သူ့အဖေက အမြဲဆိုပြတဲ့သီချင်းတစ်ပုဒ်ပဲ။ အဖေနဲ့အမေက ဘယ်လိုဖြစ်ပြီး ဆုံးသွားကြသလဲဆိုတာတော့ ကောင်လေးက သိပ်ငယ်သေးတော့





မသိဘူး။ အဲ့ဒီကောင်လေးသိနေတာက မမ တောင်းရမ်းကျွေးခဲ့တဲ့ အဖြစ်ပဲ။ တစ်ရက်မှာ အစ်မလုပ်သူက တောင်းရမ်းဖို့ တစ်ယောက်တည်းသွားခဲ့ပြီး မောင်လေးကိုချန်ထားခဲ့တယ်။ အချိန်ကအကြာကြီးရှိသွားသည်ထိ ပေါ်မလာခဲ့တော့ဘူး။ မနေ့တုန်းက ငိုခဲ့တာကို ဒီနေ့မေ့သွားနိုင်ခဲ့ပေမယ့် အဲ့ဒီနာရီအနည်းငယ်လေးဟာ ကောင်လေးအတွက် မောပန်းစေခဲ့တာမို့ ရင်ထဲမှာစွဲနေခဲ့တယ်။ ထုထည်ကြီးကြီးမားမားကြီးပါ''

ဟု စကားရှည်ကြီးကို တစ်မေ့တစ်မျှောကြီးဆိုကာ သက်ပြင်းရှိုက်လိုက်ပြီး လည်ပင်းမှာ မချွတ်တမ်းဝတ်ဆင်ခဲ့သောဆွဲကြိုးလေးကို အပြင်ထုတ်လာခဲ့ပါသည်။ ဒီဆွဲကြိုးကို သူသိတာပေါ့။ ဘယ်လိုမှချွတ်လို့မရခဲ့တာဘဲ။

''ဒီဆွဲသီးလေးက ကြယ်လေ။ မမရဲ့လည်ပင်းမှာက လခြမ်းလေးရှိတယ်။ အဲ့ဒါ အဲ့ဒီမောင်မနှစ်ယောက်ရဲ့အမှတ်အသားပဲ''

''ဟမ်. . . ဒါ. . . ဒါဆို''

သူ လုံးဝအံ့ဩသွားရပါသည်။ ဘာကြောင့်လဲဆိုတော့ လခြမ်းဆွဲကြိုးကို ဆရီရောင်အိုင်ရဲ့လည်ပင်းမှာ ထင်ထင်ရှားရှားတွေ့ဖူးခဲ့သောကြောင့်ပါ။

''ဟုတ်တယ်,ဆန်''

''လုံးဝကို မယုံနိုင်စရာဘဲ''

''ညီလည်းမထင်ခဲ့ဘူး။ မမဟာ ခရစ်ယာန်ဘာသာဝင်ဖြစ်နေခဲ့မယ်လို့ လုံးဝမထင်ခဲ့တာပါ။ ပြီးတော့ ဒီလိုကြီးတွေ့လိမ့်မယ်လို့ထင်မထားခဲ့ဘူး။ အဲ့ဒီဆွဲကြိုးကို မထင်မရှားတွေ့ခဲ့ပေမယ့် တိုက်ဆိုင်တာလို့ပဲ ထင်ခဲ့မိတယ်။ ဒါပေမဲ့ သူဟာ တကယ်ပဲ ပျောက်နေခဲ့တဲ့မမပါ''

လေဆန်မှာ အံ့ဩရလွန်း၍ ဘာမှမပြောနိုင်လောက်အောင် မှင်ဘက်သွားရပါသည်။ ဒီလိုအဖြစ်မျိုးတွေရှိပါတယ်ဆိုတာကို ယုံပင်မယုံချင်တော့ပါ။

"မမက အတူနေဖို့ပြောတယ်။ ညီ့ရင်ထဲမှာ ရှုပ်ထွေးမွန်းကြပ်နေတယ်။ ချွန့်ကိုလည်း ညီခင်တယ်။ ချွန်၊ ညီ့ကိုမုန်းသွားပြီလားမသိဘူး"

ဟု အက်ရှရှလေးနှင့် သိမ်ငယ်စွာပြောလိုက်သံကိုလည်း သူဘာမှ ဖျောင်းဖျပေးနိုင်စွမ်းမရှိတော့။ သူ့ရင်ထဲမှာလည်း ရှုပ်ထွေးနေခဲ့လို့ပါ။ ထိုညီအစ်ကိုနှစ်ယောက်ကြားမှာ ထူးဆန်းစွာပင် တိတ်ဆိတ်ခြောက်ကပ်သွားရပါသည်။

ညီအစ်ကိုနှစ်ယောက်လုံးမှာ ရင်ထဲက ခံစားချက်ကိုယ်စီနှင့်မို့ အခန်းအပြင်ဘက်ဆီမှ လမ်းလျှောက်သံသဲ့သဲ့ကိုမူ သတိမပြုမိလိုက်ကြ။

♣ ♣ ♣



## အခန်း ( ၃၃ )

"မမက အတူနေဖို့ပြောတယ်"

ဆိုတာကြီးက သူမနားထဲမှာ ပဲ့တင်ခတ်သွားရပါသည်။ လူငယ်တွေကြားက ပြဿနာကို သူမ,မသိပေမယ့် ဆရီရောင်အိုင်ဆိုတဲ့ မိန်းကလေးကိုတစ်ခုခုပြောပစ်ချင်တာက ရင်ထဲမှာ လှုံ့ထွက်နေရပါသည်။

ကောင်လေးကို နှစ်ပေါင်းအကြာကြီး သားတစ်ယောက်ပမာ ပြုစုပျိုးထောင်ခဲ့ရတာမို့ သံယောဇဉ်တွေက ခိုင်မာနေခဲ့ပါပြီ။ အခုချိန်မှာတော့ သူမရင်ခွင်ထဲက ကောင်လေးကို ဘယ်မှထွက်မသွားစေချင်တော့၊ ရင်မှဖြစ်ရသောသားမဟုတ်ခဲ့ပါသော်လည်း သူမအချစ်ရဆုံးသောသားဖြစ်ပါသည်။ သိပ်လိမ္မာပြီး သိနားလည်သော ချစ်စရာကောင်းသော သူမချစ်မဝခဲ့သောသားကို ဆရီရောင်အိုင်က အခုမှဘွားခနဲပေါ်လာပြီး သူမရင်ခွင်ထဲက အစိမ်းလိုက်ဆွဲနှုတ်သွားတော့မှာလားဆိုတဲ့အတွေးက သူမနှလုံးသားတစ်ခုလုံးကို အရှင်လတ်လတ် မီးလောင်တိုက်သွင်း

လိုက်သည့်နှယ်။

ထိုသို့ ခံစားနေရသောဝေဒနာက ဆရိုရောင်အိုင်အပေါ် ဒေါသအဖြစ်သို့ ကူးပြောင်းသွားရပါသည်။ ဒါကြောင့်ပင် ဆရိုရောင်အိုင်ရှိရာ ဘုရားကျောင်းသို့ မာန်ဟုန်ပြင်းပြင်းနှင့် ရောက်ရှိလာခဲ့ရပါသည်။

အဆင်သင့်ပင် သစ်ရွက်ခြောက်တွေကို ကွပ်တောင်းကြီးနှင့် လိုက်ကောက်နေသော ဆရိုရောင်အိုင်ကို အနီရောင်ဂါဝန်ရဲရဲလေးနှင့် တောက်ပစွာတွေ့လိုက်ရပါသည်။

သိပ်လှပသော ထိုမိန်းကလေးကို ကားထဲမှ မမှိတ်မသုန်စိုက်ကြည့်နေလိုက်ပါသည်။ ကားထိုးရပ်သံကိုသာကြားရပြီး လှုပ်ရှားသံကို မကြားရ၍ ထိုစိမ်းညို့ရောင်ကားကြီးကို သူမတရိပ်တစောင်း အကဲခတ်လိုက်ပြီး ထုံးစံအတိုင်းပင် မသိလိုက်မသိဖာသာ သစ်ရွက်ခြောက်များကို ကောက်မြဲကောက်နေလိုက်သည်။

ထိုသို့ကားမျိုးတွေက ဘုရားကျောင်းကို လာနေကျမို့ ဂရုမစိုက်မိလိုက်တာပါ။ သို့သော်. . .

''မင်းက ယောက်ျားတစ်ယောက် ပစ်ကျရလောက်အောင်ကို လှပါတယ်''

ဟူသော သူမထံတည့်တည့်ဦးတည်လာသော စကားသံကြောင့် မော့ကြည့်မိလိုက်သည်တွင် ကားပေါ်မှ ခပ်မတ်မတ်ကလေးဆင်းလာသော အမျိုးသမီးချောချောကိုတွေ့လိုက်ရ၍ သူမစိတ်ထဲ ဇဝေဇဝါဖြစ်သွားရပါသည်။

ထိုအမျိုးသမီးရဲ့မျက်လုံးတွေက သူမကို ရင်းနှီးနေပုံရပါသည်။ သူမ မသိပါ။ သေချာပါသည်။ သူမ ထိုအမျိုးသမီးကို လုံးဝမသိခဲ့ဖူးပါ။

''မင်းက ငါ့ကိုမသိပေမယ့် ငါ့သားရဲ့ပါးကို ရက်ရက်စက်စက် လှဲရိုက်ပစ်ခဲ့တဲ့မင်းကိုတော့ ငါက မုန်းပြီးသိနေပါတယ်''

ထိုအခါမှ သူမသဘောပေါက်စပြုလာခဲ့ရပါသည်။ သို့သော် သည်းသည်းကွဲကွဲမသိသေးပါ။ သူမတစ်သက်တာတွင် ချွန်နဲ့လေဆန်မှလွဲ၍





မည်သူ့ကိုမှ ဒီလိုမဆက်ဆံဖူးခဲ့ပါ။ ဒါကြောင့် ဒါ ချွန်ရဲ့အမေလား။ လေဆန်ရဲ့အမေလားဆိုတာ ခန့်မှန်းလို့မရသေး။

''ကိုယ်က အရိပ်တကြည့်ကြည့်နဲ့ မခူးရက်၊ မနမ်းရက်ပြုစုလာခဲ့တဲ့ပန်းပွင့်ကို တခြားလူက အလွယ်တကူ ခူးသွားတာမဆိုထားနဲ့ နမ်းသွားရင်တောင် အသည်းနာကြရတယ်''

ဟုဆိုကာ သဲသဲ့လေး သရော်ပြုံး ပြုံးလိုက်တဲ့ ထိုအမျိုးသမီးက သိပ်လှလွန်းလှပါသည်။ လေဆန်မှာ အမေလှလှရှိတယ်ဟု မိုင်ခေါင်ပြောပုံအရ ဒါက လေဆန်ရဲ့အမေလား။ ဒါ၊ ဒါဆို ကောင်လေးကိုကျွေးမွေးထားခဲ့တဲ့ကျေးဇူးရှင်ပေါ့။

''ရင်နဲ့မဆန့်အောင်ပြောစရာတွေက အဆက်အစပ်မဲ့လွန်းလို့ မင်းကို ငါဘာမှမပြောနိုင်လောက်အောင်ပါဘဲ''

''အန်တီပြောချင်တဲ့ဆိက စပြောပါ။ ဆရို နာယူဖို့အသင့်ပါပဲ။ အန်တီဘာမှမပြောခင် ဆရို တစ်ခုကို အလေးအနက်ပြောချင်ပါတယ်။ အန်တီ့ကို ဆရိုကျေးဇူးအရမ်းတင်ပါတယ်''

''မတင်နဲ့၊ မတင်နဲ့။ မင်းကျေးဇူးတင်တာကို ငါလုံးဝမလိုလားဘူး။ ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားလုံး တိုတိုလေးကိုသုံးပြီး ငါ့ရင်ထဲက မင်းတစ်စုံတစ်ယောက်ကို ဆွဲထုတ်သွားချင်တာ။ တစ်ယောက်ပြီး တစ်ယောက်မဟုတ်လား''

''အန်တီ့ကို ဆရိုအခုမှ မြင်ဖူးတာဆိုပေမယ့် အန်တီ့စကားလုံးတွေအရ အန်တီဟာ ဘယ်သူဆိုတာ ဆရိုသိနေပါတယ်။ အန်တီ့ကို ကောင်လေး အဲ. . . လေတံခွန်က တစ်ခုခုပြောပြလိုက်တာလား''

''ငါ့သားဟာ ငါ့ကိုအဲ့လောက်ထိရက်စက်လိမ့်မယ်လို့ မင်းထင်နေသလား။ မင်းနဲ့နေခဲ့ရတဲ့ကာလထက် ငါနဲ့နေခဲ့ရတဲ့ကာလက ပိုများနေတယ်ဆိုတာကို မင်းသတိထားဦး. . . ဆရိုရောင်အိုင်''

''အန်တီကြိုက်သလိုပြောပါ။ ဆရို နာယူမှာပါ''

''မင်း ငါ့ရင်ခွင်ထဲကသားကို ဆွဲနှုတ်ဖို့မကြိုးစားနဲ့ ဆရိုရောင်

အိုင်။ ငါလုံးဝခွင့်မပြုနိုင်ဘူး"

"ဒါပေမဲ့. . . အန်တီ"

"နေဦး, ငါပြောလို့မပြီးသေးဘူး။ ငါ့သားနဲ့ မင်းနဲ့အတူနေဖို့ ဆွယ်ရလောက်အောင် မင်းမှာ ဘာများပြည့်စုံကြွယ်ဝနေလို့လဲ။ ကောင်လေးရဲ့အနာဂတ်ကို မင်းဘာတာဝန်ယူနိုင်လို့လဲ"

"ရှင်! "

"အနာဂတ်ဆိုတာကြီးက လှမ်းလှမ်းကမ်းကမ်း၊ ကောင်လေးရဲ့ ဖိနပ်တစ်ရန်စာတောင် မင်းရှာနိုင်သေးလို့လား၊ ငယ်ငယ်တုန်းကလို များ တောင်းရမ်းကျွေး စိတ်ကူးထားသလား၊ ဩော်, ဆောရီး၊ မေ့သွားလို့။ ချွန်က သူဌေးပေါက်စလေးပဲ။ ဘာလဲ။ ချွန်ကို အပြတ်ချိုင်ပြီး မသန့်ရှင်းတဲ့ချူငွေတွေနဲ့ အပြစ်ကင်းတဲ့ငါ့သားရဲ့ဘဝကို အရောင်တင် ဦးမလို့လား . . . ဟမ်း"

ထိုအမျိုးသမီးရဲ့စွဲချက်ရင့်ရင့်များကို သူမနှလုံးသားက မျက်ရည်တွေအဖြစ် မွေးဖွားလာရပါတော့သည်။

"ဒါပဲ ဒီလိုမျက်ရည်တွေကို ညှစ်ထုတ်ပြီး ရုပ်ကလေး ပြစား နေတော့ ချွန်က ရူးမှာပေါ့"

"တော်ပါတော့ အန်တီ။ အန်တီ့စကားတွေက သိပ်ကိုပြင်းထန် လွန်းလှပါတယ်"

ဟု အနောက်ဘက်ဆီမှ ထွက်ပေါ်လာသောအသံက စီးမိုးသွား ရပါသည်။

"ပြောပါအန်တီ၊ ဆက်ပြောပါ. . . အန်တီ ဘယ်လောက်ဆိုဆို ဆရီ ငုံ့ခံဖို့အသင့်ပါပဲ"

ဟုဆိုရင်း မျက်ရည်ဥကြီးများက အတုံးလိုက် သွန်ချလာခဲ့ ပြန်ပါသည်။

"ဒါပဲ ဒါတွေက မင်းလိုခပ်ညံ့ညံ့မိန်းမရဲ့အလွယ်ကူဆုံးလက်နက် ပဲ။ ဒီမှာသူငယ်။ မင်းတော့ တုံးရင် ခံလိုက်ဦး၊ ဒီမာယာတွေထဲ ငါ့သား





တွေကိုတော့ လုံးဝအပါမခံနိုင်ဘူးဟေ့။ ဒီမှာ မင်းကို ငါနောက်ဆုံးပြော မယ်။ မင်း ငါ့သားကိုဆွယ်ဖို့ကြိုးစားတိုင်း ငါ့သားရဲ့ဖိနပ်တစ်ရန်ကို ပြေးမြင်လိုက်။ မင်းစည်းစိမ်က အဲ့ဒီဖိနပ်တစ်ရန်စာရှိရဲ့လားလို့ တွေး ကြည့်လိုက်ရင် မင်းရဲ့အဆင့်ကို မင်းသိသွားလိမ့်မယ်"

ဟု ခပ်ရင့်ရင့်ကြီးဆိုကာ ချာခနဲလှည့်ထွက်သွားသော ထိုအမျိုး သမီးကို သူတို့နှစ်ယောက်မှာ မျက်စိတစ်ဆုံးငေးမောနေမိပြီးမှ. . .

"မင်းရဲ့မောင်လေး ကောင်းကောင်းအသက်ရှင်ခဲ့တယ်ဆိုတာ သိရတဲ့အတွက် ငါအရမ်းဝမ်းသာပါတယ်,ဆရီ"

"တကယ်တော့ ငါကောင်လေးကိုမခေါ်ဘူးလို့ စဉ်းစားထားပါ တယ်။ သူအဆင်ပြေနေတယ်လေ။ ငါသိနေခွင့်ရရင် မြင်တွေ့ခွင့်ရရင် ပဲ ကျေနပ်နေပါပြီ"

"ငါ နင့်ကိုနားလည်ပါတယ်,ဆရီ"

"ကျေးဇူးတင်ပါတယ် မိုင်ဆောင်။ ကမ္ဘာမှာ ငါ့ကိုနားအလည် နိုင်ဆုံးလူဟာ နင်ပဲ။ ငါ နင့်ကိုကျေးဇူးတင်ပါတယ်"

"နင့်ဆန္ဒပြည့်ဝသွားတဲ့အတွက် ငါတကယ်ပဲဝမ်းသာပါတယ်။ ဒါပေမဲ့ နင်တွေးထားပါ ဆရီ၊ ဆန္ဒနဲ့ဘဝဟာ ဘယ်တော့မှတစ်ထပ် တည်း ကျမနေဘူး"

"ငါ နားလည်ပါတယ် မိုင်ဆောင်။ ရောင့်ရဲနိုင်ဖို့ ငါကြိုးစားမှာ ပါ"

ဟု သိမ်ငယ်တိုးလျှစွာပြောလိုက်တဲ့ ဆရီရောင်အိုင်ရဲ့အသံကို သူသနားသွားမိပါသည်။ ဒါကြောင့်ပင် လည်ပင်းမှာလုံးပြီး ချည်နှောင် ထားခဲ့တဲ့ပဝါပြူလေးကိုဖြုတ်ကာ ဆရီရောင်အိုင်ရဲ့ခေါင်းပေါ်သို့ လွှား ကာတင်လိုက်ပြီ. . .

"တစ်ခုခုကိုဆုတောင်းကြည့်ပါလား"

"ဟင်! ဒီပဝါလေး"

"နင့်ကိုအပိုင်ပေးလိုက်ပြီ ဆရီ"

"ဟင်!"

ဆရိုရောင်အိုင်မှာ အံ့ဩသွားရပါသည်။ ဘာကြောင့်လဲဆိုတော့ ထိုပဝါလေးကို မိုင်ဆောင်က သိပ်မြတ်နိုးခဲ့လို့လေ။ သူ့မိခင်ရဲ့အမွေ ပစ္စည်းဖြစ်တယ်ဟု အမြဲကြွားဝါတတ်၍ပါ။

"နင်အံ့ဩသွားသလား"

"မိုင်ဆောင်"

"မအံ့ဩပါနဲ့ဟာ။ လောကမှာ တည်မြဲခြင်းဆိုတာ မရှိဘူး။ လူသားအားလုံးဟာ ဘုရားသခင်ရဲ့အလိုတော်ကျအတိုင်း ရှင်သန်ရပ်တည်ကြရတာပဲ။ ထာဝရဘုရားသခင်က လူသားအားလုံးကို အေးချမ်းစေပါတယ်။ ရေကန်ထဲကျသွားတဲ့အပ်တစ်ချောင်းကို ရှာဖို့မလွယ်ဘူး ဆရို၊ အကယ်၍ ရအောင်ရှာမယ်ဆိုရင်တောင် အဲ့ဒီရေကန်ထဲမှာ အပ်က အမှန်တကယ်ရှိနေပါတယ်ဆိုတဲ့အသိနဲ့ ဖြစ်နိုင်ခြေများစွာရှိတယ်။ ဒီလိုသာမန်ပဝါလေးတစ်ထည်နဲ့ကတော့ ဒီကျယ်ပြောလှတဲ့လောကတစ်ခွင်ကို မွေနှောက်နိုင်မှာမဟုတ်ပါဘူး။ အေးချမ်းမှုတစ်ခုမှာပဲ ငါ ထာဝရ ရှင်သန်သွားချင်တယ်"

"ဒါ သာမန်ပဝါတစ်ထည်ဆိုတာ မဖြစ်နိုင်ဘူး မိုင်ဆောင်"

"ဘာထူးခြားတာကို တွေ့ရလို့လဲ"

"ငါ့ရဲ့စိတ်ထဲမှာ ထင်နေတာပါ"

ဟုသာ ပြောလိုက်ရတဲ့ ဆရိုရောင်အိုင်ရဲ့ ရင်ထဲမှာတော့ စိုးပြည်မှု မရှိလှပါ။ ဖြူစင်ကြင်နာတတ်သော မိုင်ဆောင်အတွက် ဘုရားသခင်ထံ များစွာဆုတောင်းပေးချင်လှပါသည်။

♣ ♣ ♣



## အခန်း ( ၃၂ )

"မမ"

"ဟင်! ကောင်လေး"

ခေါ်သံကြောင့် ခုံတန်းများကို ဖုန်သုတ်နေသောသူမက လှမ်းကြည့်လိုက်ရာ အဖြူအစိမ်းကျောင်းဝတ်စုံနှင့်ကောင်လေးကို ပြုံးမြမြ လေးတွေ့လိုက်ရပါသည်။

"ကောင်လေးလည်း လုပ်ကူမယ်"

ဟုဆိုကာ အင်္ကျီလက်ကိုပင့်လိုက်သဖြင့် သူမမှာ ဝမ်းမြောက် သွားရပါသည်။

"ပြီးရင် စန္ဒရားတီးပြနော်"

ဟု ကလေးဆန်စွာပြောလာသည်တွင် သူမရဲ့အပြုံးက ကျက်သရေရှိစွာ လှပသက်ဝင်သွားရသည်။

"ဒါကြောင့် မမကို ချွန်က အရမ်းကြိုက်တာထင်တယ်"

"ချွန်,ဟုတ်လား၊ ချွန့်ကို မမမုန်းတယ်"

"ချွန်က ချစ်ဖို့ကောင်းပါတယ်"

"မင်းရဲ့အသားကို သွေးစိုစေခဲ့တာကို မင်းစိတ်မတိုဘူးလား ကောင်လေး၊ မမကတော့ ရင်ထဲထိနာတယ်"

"ချွန်က ဒေါသကြီးပြီး စိတ်ထင်ရာဖွတ်လုပ်တတ်တာက လွဲလို့ သိပ်ကောင်းတဲ့လူပါလို့ ဆန်ကပြောတယ်။ ကောင်လေးလည်း အဲ့လိုပဲထင်တယ်။ ဘာပဲဖြစ်ဖြစ် ချွန့်ကိုခင်တယ်။ အမြဲတမ်းပဲ ခင်တယ်"

ဟုဆိုကာ မမကိုသေသေချာချာလေး အကဲခတ်လိုက်တော့ မျက်နှာကဲ အနည်းငယ် ချွတ်ချော်သွားသည်မှလွဲ၍ ဘာမှထူးခြားမှု မရှိခဲ့။

"မမ. . . ချွန်ကိုပြန်ကြိုက်လိုက်ပါလား"

ဟု တိုတိတိလေး ခပ်ရှင်းရှင်းပြောလိုက်တဲ့ကောင်လေးရဲ့စကားကြောင့် သူမ၏မျက်နှာတစ်ခုလုံး ပူထူသွားရကာ ကောင်လေးကို မျက်စောင်းကြီး ချိန်ရွယ်လိုက်ပြီး. . .

"အဲ့ဒါ အစ်မကို မောင်က ပြောရမယ့်စကားလား"

ဟု ဒေါသကင်းစွာ အပြစ်ပြောလာခဲ့ပါသည်။

"ဟာ. . . အကောင်းလေးနဲ့လည်း ပြောပေးရသေးတယ်။ ချွန်က ဘယ်သူ့ကိုမှမချစ်ဖူးဘူးဗျ။ နှလုံးသားက နုနုလေး၊ မမကပဲ ဦးဦးဖျားဖျားအချစ်ခံရတာ"

"ကြည့်စမ်း ကြည့်စမ်း၊ ဒါ (၁၀) တန်းကျောင်းသားပြောရမယ့် စကားလား"

ဟု ခိုးခိုးခစ်ခစ်လေးရယ်ကာ မောင်ဖြစ်သူ၏နဖူးပြင်ကို ခပ်ဖွဖွလှမ်းထုတော့ မောင်နှမနှစ်ယောက်လုံး ရယ်မိသွားကြပြန်ပါသည်။

ထိုမြင်ကွင်းကို အဝေးတစ်နေရာမှ ငေးကြည့်နေကြသော မိုင်ဆောင်နှင့် လေဆန်တို့၏ရင်ထဲသို့ ကြည်နူးခြင်းတို့က အတိုင်းအဆမဲ့ ဝင်ရောက်သွားရပါသည်။





"ဆရိက သိပ်မပြုံးတတ်ဘူး၊ ဆရိပြုံးခဲ့ရင်လည်း ငါပါပျော်ရတယ်"

"ဆရိက ဘယ်လိုလုပ် ဒီကျောင်းကိုရောက်လာရတာလဲ"

"မသိဘူး၊ ဖာရိသာခေါ်လာတာကိုပဲ သိတယ်။ စကားလည်း မပြောဘူး၊ ရယ်လည်းမရယ်ဘူး"

"မင်းကိုတော့ သူတော်တော်ခင်ပုံရတယ်"

"အတူနေခဲ့ကြတာက ကြာပြီပဲ"

"ငါနဲ့ချွန်လိုပဲနေမှာပေါ့"

"ဒါနဲ့ ချွန်ကို ငါမတွေ့ပါလား"

"သူ့အဘွား အသည်းအသန်ဖြစ်လို့ သူ အခု ရန်ကုန်ရောက်နေတယ်"

"ဒါကြောင့် ဘုရားကျောင်းမှာ ခြေရာရှုပ်သက်သာနေတာထင်တယ်။ နောက်တာနော်၊ သူ့အဘွားက စိုးရိမ်ရသလား"

"စိုးရိမ်မှာပေါ့. . . သူ့အမေဘက်ကတော်တဲ့အဘွားပဲ။ သူ့ကို အရမ်းချစ်တာ။ သူက ဒီကမခွာနိုင်လို့သာ၊ ဒီမှာက သံယောဇဉ်တွေများတယ်လေ။ အခုဆို ပိုတောင်ဆိုးသွားပြီ၊ သူမကြာပါဘူး ပြန်ရောက်လာလိမ့်မယ်"

"သူ တကယ်ပဲ ဆရိ့ကိုအသည်းအသန်ကြွေသွားတာလား"

"ငါတောင် အဲ့ဒီကိစ္စကိုအံ့သြနေရတာ၊ လုံးဝထင်မထားခဲ့ဘူး၊ မင်းကုသလိုပဲ ပပထူမှုထမယ်ပေါ့ကွာ။ ဟား. . . ဟား. . . "

"မင်းရော ချွန့်လိုပဲ မိန်းကလေးတစ်ယောက်ကို အသည်းအသန် ချစ်ဖို့စိတ်မကူးထားဘူးလား"

"ငါက သိမ်မွေ့နက်ရှိုင်းတဲ့အချစ်မျိုးကိုပဲ ပိုပြီးသဘောကျတယ်ကွ"

"ကေန္တ မင်းမှာလည်း ချစ်ရမယ့်သူရှိနေပြီထင်တယ်"

"မသိဘူး"

"ဟာ. . . ကိုယ့်စိတ်ကိုယ်မသိဘူးလား"

"တကယ်တော့ အချစ်ဆိုတာက ရင်ထဲမှာရှိနေခဲ့ရင်တောင် ကိုယ့်ကိုယ်ကိုမသိလိုက်တဲ့လူတွေက များမှများပဲ။ အဲ့ဒါကြောင့် တိတိကျကျ မပြောနိုင်တာပါ။ တစ်ခါတစ်ရံမှာ ငါစဉ်းစားမိတယ်။ လူတွေပြောပြော နေကြတဲ့ အချစ်ရဲ့အနက်အဓိပ္ပာယ်ကိုပေါ့"

"ငါလည်း စိတ်ဝင်စားပါတယ်"

"အချစ်က ပေးဆပ်ခြင်း၊ ရယူခြင်း၊ အနစ်နာခံခြင်းတဲ့။ အဲ့ဒီသုံးခုတည်းမှာ ဘယ်ဟာက သက်ရောက်မှုပိုပြင်းမလဲ"

"ပေးဆပ်ခြင်းလို့ထင်တယ်"

"ငါက အဲ့လိုမထင်ဘူး။ အနစ်နာခံခြင်းက ပိုပြီးသက်ရောက်မှုပြင်းပြမယ်လို့ထင်တယ်"

"ဒီမေးခွန်းကို ငါက ချွန်ကိုမေးလိုက်ရင် ချွန်ဘယ်လိုဖြေမယ်လို့ထင်သလဲ. . . လေဆန်"

"ရှင်းပါတယ်။ ရယူခြင်းပေါ့"

"မင်း ဘာကြောင့် အတတ်ပြောနိုင်တာလဲ"

"ငါမေးဖူးလို့ပေါ့။ အဲ့တုန်းက ချွန်က ဘာပြောတယ်မှတ်သလဲ"

"ဘာပြောလဲ"

"မြင်သာမြင် မကြင်ရတာကိုမကြိုက်ဘူးတဲ့။ ချစ်ပြီးပဲချစ်နေပြီး ဘေးနားမှာ လူရှင်တော်ကြီးပဲလည်း မလုပ်နိုင်ဘူးတဲ့။ လက်ကို ဒီလိုဆုပ်ကိုင်ပြီး အဝချစ်ပစ်မှ အရသာရှိတာတဲ့"

"သူ့အယူအဆလည်း မှန်တာပဲ။ ဒါပေမဲ့ ချစ်ရသူမှာ သောကတွေတစ်လှေကြီးနဲ့ဆိုရင် တရားပါ့မလား။ ချစ်သူသာ ပျော်ရွှင်ဖို့ဆိုရင် အရာရာတိုင်းကိုပေးဆပ်တာကမှ အချစ်လို့ထင်တယ်"

"ကိုယ်ကသာ ပေးဆပ်ပြီး အဲ့ဒီပေးဆပ်မှုနဲ့ မဆီလျော်တဲ့ဖြစ်ရပ်တွေက အများကြီးပဲ။ ပေးဆပ်ရုံဆိုတာ နောက်ကွယ်မှာ ကျိတ်ငိုရတာပဲ။ နှစ်ဖက်လုံး သောကတွေရှိနေကြမယ့်တူတူ ကိုယ်တစ်ယောက်





တည်းကပဲ အနစ်နာခံပြီး ကျိတ်မှိတ်ခံစားလိုက်တာက အချစ်လို့ဆိုရင် ပိုပြီးအဓိပ္ပာယ်ရှိမယ်လို့ထင်တယ်"

"မင်း တစ်စုံတစ်ယောက်ကိုချစ်နေမိပြီလား"

"ငါဝန်မခံချင်လို့ တိတ်တဆိတ်ပဲနေလိုက်တော့မယ်။ ငါ မင်းကိုမလိမ်ချင်ဘူး မိုင်ဆောင်"

"ငါလိုရာကိုဆွဲတွေးပစ်ချင်ပေမယ့် အဲ့ဒီလိုကြီးမထင်ချင်ဘူး။ ငါ မင်းရဲ့မျက်လုံးတွေကိုသိနေတယ်. . . လေဆန်"

"မင်းသိနေတာကို ငါမငြင်းဘူး. . . မိုင်ဆောင်။ ပြီးတော့ ငါဝန်လည်းမခံချင်ဘူး။ ကျရှုံးသွားမှာကိုကြောက်လို့ပဲ။ ကျရှုံးခဲ့ရင်တောင် ငါက လူမသိသူမသိ တိတ်တဆိတ်လေးပဲ သစ္စာရှိရှိ ကျရှုံးချင်တယ်။ မင်းမသိချင်ယောင်ဆောင်နေပေးပါ. . . မိုင်ဆောင်။ ငါနဲ့ချွန်က ငယ်သူငယ်ချင်းအရင်းကြီးတွေပဲ။ ချွန်ရဲ့ဘဝတစ်စိတ်တစ်ဒေသကို မင်းရိုပ်မိမှာပါ။ ငါ, ချွန့်အပေါ် ထာဝရကောင်းချင်တယ်"

"ငါလည်း ချွန့်ကိုခင်ပါတယ်"

"မင်းကို ငါပွင့်ပွင့်လင်းလင်းခင်လို့ရမလား"

"မင်းမှာ တော်တော်ပြင်းထန်မယ့်မေးခွန်းမျိုးရှိပုံရတယ်"

"မင်းနဲ့ ဆရိုက. . . ဘာတွေလဲ"

"ဒီမေးခွန်းရဲ့အဓိပ္ပာယ်ကို ငါသိပါတယ်။ မစိုးရိမ်ပါနဲ့ လေဆန်။ ငါက တစ်နေ့ ဖာရ်သာလုပ်လိမ့်မယ်"

"ဟင်! "

"ငါက ငယ်ငယ်တုန်းကတည်းက ဖာရ်သာတွေ၊ စစ္စတာတွေကြားမှာ နေလာလို့လားမသိဘူး။ ငါ ဖာရ်သာပဲဖြစ်ချင်တယ်။ အရာအားလုံးကို ခွင့်လွှတ်နားလည်ချင်တယ်။ ဘယ်အရာကိုမှ မသိရတဲ့ ငါ့ဘဝကိုလည်း ငါ့ဖာသာ နားလည်ချင်တယ်"

"မင်းတကယ်ဆုံးဖြတ်ပြီးပြီလား မိုင်ဆောင်"

ဟုပြောလိုက်သော လေဆန်ရဲ့အသံတိုးတိုးလေးက မိုင်ဆောင်

ရဲ့နားထဲ ကျယ်လောင်စွာ စီးမျောသွားရပါသည်။

♣ ♣ ♣



## အခန်း ( ၃၃ )

"သား. . . အခုတလော မှိုင်ပြုပြုနဲ့ ဘာတွေဖြစ်နေတာလဲ။ စာ ရော လိုက်နိုင်ရဲ့လား"

ဟု မနက်စာကော်ဖီဝိုင်းတွင် မိသားစုဆုံကြခိုက် ဒေါ်ထွေးထွေး လုံက စတင်၍ ကောင်လေးကိုနှုတ်ဆက်လိုက်ပါသည်။ သို့သော် ကော်ဖီ ခွက်ကိုသာ စိုက်ကြည့်နေခဲ့တဲ့ကောင်လေးက တစ်ခုခုကိုခိုင်ခိုင်မာမာ ဆုံးဖြတ်နေပုံရသည်။

"မေမေ. . . သား, မေမေ့ကိုပြောစရာရှိတယ်"

ဟူသောစိတ်လှုပ်ရှားပုံအပြည့်နှင့် ခိုင်ခိုင်မာမာအသံကြောင့် သူမ ရင်ထဲလည်း ထိတ်ခနဲဖြစ်သွားရသလို ကော်ဖီကိုငုံလိုက်သော လေဆန် ရဲ့ရင်ထဲမှာလည်း ဟာသွားရပါသည်။

"သားကို နှစ်ညသုံးညလောက် အပြင်မှာ အိပ်ခွင့်ပေးပါလား မေမေ"

ထိုစကားကြောင့် ဒေါ်ထွေးထွေးလုံ၏ ကစဥ့်ကလျားဖြစ်တည်နေခဲ့သောမျက်ဝန်းအိမ်ကလည်း ငြိမ်ကျသွားရသလို၊ လေဆန်မှာလည်း သက်ပြင်းငွေ့ငွေ့ကိုရှိုက်လိုက်မိပါသည်။

အမှန်တကယ်တော့ ဆရိုရောင်အိုင်နှင့် ကောင်လေးတို့အကြောင်းကို အဲ့ဒီလောက်စောစောကြီး မေမေ့ကိုမသိစေချင်သေးပါ။ ကောင်လေးကိုသိပ်ချစ်သောမေမေ ခံစားသွားရမှာကို စိုးရိမ်မိပါ၏။

''သူငယ်ချင်းအိမ်မှာ စာစုကျက်ကြမလို့လား၊ သွားပေါ့ သားရယ်၊ မေမေဘာလုပ်ပေးရဦးမလဲ''

ဟု ဒေါ်ထွေးထွေးလုံက ချိုမြမြလေးပြောလိုက်လျှင်. . .

''မဟုတ်ဘူးမေမေ။ သား, မမနဲ့ခဏသွားနေမလို့''

ဟု ခဲရာခဲဆစ်ပင် တုံးတိတိကြီးပြောချပစ်လိုက်သည်။ အမှန်တကယ်တော့ သူမကိုပြန်တွေ့နေပြီဟု မေမေကိုအသိပေးချင်နေတာပါ။ သို့သော် သူအပေါ်သိပ်ချစ်နေတာပါလားဟူသော ကြီးမားတဲ့သံယောဇဉ်ကြီးကြောင့် သူပြောမထွက်နေတာပါ။

မေမေကြေကွဲသွားမှာကို မလိုလား၍ပါ။ သို့သော်လည်း သူကပွင့်လင်းရိုးရှင်းသူမို့ ထိန်ချန်သိုဝှက်မထားတတ်ပြန်ပါ။ ဒါကြောင့်ပင် နည်းလမ်းရှာကာ ထစ်အထစ်အနှင့်ပြောထွက်သွားခြင်းဖြစ်သည်။

သို့သော် ထိုစကားကြောင့် ဆန်မှာ ရုပ်ပျက်ဆင်းပျက်ပင် သိသိသာသာကြီးမျက်နှာပျက်ယွင်းသွားပြီး မေမေနှင့် သူ့ကိုအကဲခတ်နေပေမယ့် မေမေကတော့ အပြုံးပင် ပျက်မသွား၍ သူပိုအံ့ဩမိသွားပါသည်။

သာမန်အားဖြင့်တော့ မေမေ့မျက်နှာမှာ အရောင်တစ်ခုခုကပ်ပါနေရမည်လေ။ အခုတော့ ဘာမှမခံစားရသည့်နှယ်။

''နှစ်ရက် သုံးရက်တည်းလား,သား''

''ဗျာ! ဩော်, ဟုတ်ကဲ့''

''သွားပေါ့ သားရယ်။ ဒါပေမဲ့ နှစ်ရက်သုံးရက်နေပြီးရင်တော့ ပြန်လာရမယ်နော်။ ဒီမေမေက သားငယ်လေးကို ဘယ်လောက်ထိချစ်





လဲ သားသိတယ်မဟုတ်လား။ မေမေ ရှုးမတတ်ခံစားရအောင်တော့ သားမလုပ်ဘူးလို့ မေမေယုံတယ်''

ထိုအခါမှာတော့ ဆွံ့အသွားရသူက ကောင်လေးခေါ် လေတံခွန်ပဲ ဖြစ်သွားရပါတော့သည်။ အေးစက်စပြုနေသောကော်ဖီခွက်ကိုသာ ထိုင်ကြည့်ပြီး မလှုပ်မယှက်၊ မတုန်မလှုပ်နှင့်။

''ကဲ. . . မေမေ, ဒီနေ့ အပြင်ကိုစောစောပဲသွားမယ်။ ညမှ ဆုံကြတာပေါ့''

ဟုသာ လှလှပပလေးပြောကာ ထထွက်ခဲ့ရပေမယ့် သူမရင်ထဲမှာလည်း ဆောက်တည်ရာမဲ့နေရတာပါ။ သူမစကားကြောင့် သိသိသာသာကြီးငိုင်ကျသွားသော သူမ၏ချစ်လှစွာသောသားငယ်ရဲ့ပုံရိပ်ကြောင့် သူမရင်ထဲ ပြင်းရှရှကြီးခံစားနေရတာပါ။

ထိုကိစ္စကို သားကဖွင့်ပြောလာမှာပဲဆိုတာ သိနေပေမယ့်လည်း အဲ့လောက်မြန်မြန်ကြီးဖြစ်လိမ့်မယ်လို့ လုံးဝထင်မှတ်မထားခဲ့ပါ။ ဘာကြောင့်လဲဆိုတော့ သားငယ်ရဲ့ခပ်ပျော့ပျော့စိတ်ကို သူမအလွတ်ရနေလို့ပါ။ သို့သော် အခုတော့ သတ္တိရှိရှိပင် ပြောထွက်လာသော ထိုစကားလုံးများကြောင့် သူမရင်ထဲ ပိုပြီးထိရှခံစားရပါသည်။

ဒီလောက်ဆိုရင် သူမသဘောပေါက်လိုက်ပါပြီ၊ ဟိုမိန်းကလေးက ဘယ်လောက်ကြားဝင်သွားခဲ့သလဲဆိုတာကိုပေါ့။ သားကို သူမနဲ့အတူနေဖို့ ဘယ်လောက်ထိ မဲဆွယ်ထားသလဲဆိုတာ တွေးကြည့်ရုံနဲ့ သူမအတတ်သိနေရပါသည်။

ဒါကြောင့်ပင် ဝမ်းနည်းပင်ပန်းစိတ်များက ဒေါသအသွင်သို့ကူးပြောင်းသွားရကာ သူမရဲ့ကားဘီးများက ဘုရားကျောင်းဝင်းထဲသို့ဝင်ရောက်လာခဲ့ပါသည်။ ထိုကားကိုမြင်တော့ မိုင်ဆောင်ရဲ့မျက်ဝန်းမှာ စိုးရိမ်ခြင်းများ လျှံထွက်ကုန်ရသည်။ ဖြစ်နိုင်လျှင် ထိုအမျိုးသမီးကြီးကို ဒီဘုရားကျောင်းဝင်းကြီးထဲသို့ မလာစေချင်ပါ။

ဆရိုရဲ့မျက်ရည်တွေကို သူ,မကြည့်ရက်လို့ပါ။ ကားပေါ်က ကျော့

ကျော့လေးဆင်းလာသောထိုအမျိုးသမီးက သူ့ကိုမြင်သွားတော့. . .

''ဒီအချိန် ဆရီရောင်အိုင် ဘယ်မှာရှိမလဲသူငယ်''

''ကျေးဇူးပြုပြီး အန်တီ, ဆရီ့ကိုဘာမှမပြောပေးပါနဲ့လား''

''မင်းက ဘာမို့ ငါ့ကို အဲ့ဒီလိုအမိန့်ပေးနိုင်ရတာလဲ''

''ကျွန်တော် တောင်းပန်နေတာပါ''

''မှတ်ထား သူငယ်။ ဒီကမ္ဘာမှာ ငါကိုပြောဆိုနိုင်တာ ငါ့သားနှစ်ယောက်ပဲရှိတယ်''

''အန်တီ့ကို ကျွန်တော်ထပ်ပြီးတောင်းပန်ပါတယ်။ ကျွန်တော့်စကားများသွားခဲ့ရင် ခွင့်လွှတ်ပါဗျာ။ ဆရီကိုတော့ အန်တီ ထပ်မပြောပါနဲ့။ ကျွန်တော် တောင်းပန်ပါတယ်''

''ဒီမှာ သူငယ်။ ဒီကိစ္စနဲ့ပတ်သက်လာရင် မင်းလိုမိဘမဲ့ကောင်လေးက ဘာမဟုတ်တဲ့စကားလုံးကို သုံးနှုန်းတောင်းဆိုတာကိုမပြောနဲ့။ မိုးပေါ်က သိကြားမင်းကြီး ဆင်းလာရင်တောင် ငါ့ကိုတားလို့ရနိုင်မှာမဟုတ်ဘူး။ အမှန်တော့ ဆရီရောင်အိုင်ဟာ ပေါ်ကိုမလာသင့်တာပါ။ သူပေါ်လာတာကိုက ရှုပ်လွန်းပါတယ်။ ငယ်ငယ်ကတည်းက ဇတ်ပြတ်ပြီးသေသွားသင့်တာ''

''အန်တီ. . . ဆရီ့ကို အဲ့လိုကြီးမပြောပါနဲ့''

''အံမယ်! မင်းကများရာရာစစ''

ဟု တင်းတင်းထန်ထန်ကြီး မျက်လုံးစိမ်းများနှင့်ပြောဆိုကာ သူ့ကိုဖြတ်ကျော်သွားခဲ့သော ထိုအမျိုးသမီးကို သူ့ရင်ထဲ မမုန်းစဖူး မုန်းသွားမိပါသည်။

စာနာမှုကင်းမဲ့လိုက်တာ၊ သားသမီးချင်း ကိုယ်ချင်းမစာလိုက်တာဟု ရင်ထဲမှာ နင့်နင့်သည်းသည်းကြီးတွေးပစ်မိပါသည်။ ထိုကောင်လေး၏ညှိုးရော်ရော်မျက်ဝန်းများကိုဖြတ်ကျော်ကာ သွားနေသောသူမကဗိမာန်တော်ကြီးထဲ တည့်တည့်ဝင်လာခဲ့မိပါသည်။

တိတ်ဆိတ်ငြိမ်သက်နေသော ထိုဗိမာန်တော်ကြီးထဲမှာတော့ ဝိ





ရရှိရှိနေကြသောခုံတန်းများက သူမကို ကြိုဆိုနေခဲ့ပါသည်။ သူမက ခန်းမကြီးတစ်လျှောက် မျက်ဝန်းကိုဝေ့ဝဲကစားလိုက်တော့ ဘယ်ဘက်ခုံတန်းလျားများ၏ တတိယမြောက်ခုံတန်းရှည်၏ ညာဘက်အစွန်းထောင့်မှာ တစ်စုံတစ်ယောက်ကို ငြိမ်သက်စွာတွေ့လိုက်ရပါသည်။

ခြုံပဝါဖြူလေးကို ခေါင်းမှာလွှားတင်ကာ ဆုတောင်းနေသောမိန်းကလေးတစ်ယောက်၏အရိပ်သဏ္ဍာန်များကြောင့် ဆရီရောင်အိုင်ပဲဆိုတာ အတတ်သိလိုက်ပါသည်။

ဒါကြောင့်ပင် ဒေါက်ဖိနပ်သံတခွပ်ခွပ်ကို ပို၍ကျယ်လောင်အောင်လျှောက်ပစ်လိုက်ပါသည်။ ပြီးနောက် ဆုတောင်းနေသောထိုမိန်းကလေးနှင့် မျက်နှာချင်းဆိုင်ရပ်ကာ. . .

''ဆရီရောင်အိုင်''

ဟု မိန့်မိန့်ကြီးခေါ်ပစ်လိုက်သည်။ ထိုအခါကျမှ မှိတ်ထားသောသူမရဲ့မျက်ဝန်းအိမ်လေးက ပွင့်လာခဲ့ပါသည်။ စိတ်ထဲမှာလည်း ချောက်ချားသွားရသလို နှလုံးခုန်သံများကလည်း တဒိတ်ဒိတ်နှင့်။

သို့သော် ထိုအမျိုးသမီးရဲ့အကြည့်များက ရုတ်တရက်ဆိုသလိုပြောင်းလဲသွားရ၍ သူမမှာ မှင်တက်သွားရပါသည်။ မှန်ပါသည်။ ထိုအမျိုးသမီးရဲ့အကြည့်များက သူမမျက်နှာ၏ို စူးရဲစွာစိုက်ကြည့်နေရာမှ တ ဖြည်းဖြည်းနှင့် သူမရဲ့ခေါင်းပေါ်မှာ ပဝါစထံ ရောက်ရှိသွားရသည်။

ဆရီရောင်အိုင်၏ခေါင်းပေါ်မှပဝါစကို ဆတ်ခနဲဆွဲယူပစ်လိုက်သည်။ ဒါလုံးဝမမှားနိုင်ဘူး။ ဒါ သူမကို အောင်းအောင်ကိုယ်တိုင်က လက်ဆောင်ပေးထားတာဖြစ်၍ သူမကိုယ်တိုင်ပင် အဇေ့ဂျဟု ပဝါစွန်းလေးမှာ ချည်မျှင်လေးနှင့် မသိမသာ အမှတ်တရထိုးထားခဲ့သော ဘဝထဲက ပဝါလေးဖြစ်ပါသည်။

''မင်း. . . မင်း. . . ဒါ. . . ဒါကို ဘယ်ကရတာလဲ''

ဟု ထိတ်ထိတ်ပျာပျာမေးလာသော ထိုအန်တီ၏စကားလုံးများက သူမကိုတွေဝေသွားစေခဲ့ပါသည်။

"ရှင်!"

"ဘာမှ ရှင်မနေနဲ့။ ပြောစမ်း! ပြော။ ဒါကို မင်းဘယ်ကရတာလဲ။ မြန်မြန်ပြောစမ်း"

ဟုပင် ဒေါသတကြီးအော်ပစ်မိသည်ထိ။

"မအော်ပါနဲ့ အန်တီ။ အဲ့ဒီပဝါက ကျွန်တော့်ပစ္စည်းပါ"

"ဘာ!"

"ကျွန်တော်တို့က မိဘမဲ့ဆိုပေမယ့် ဖာရီသာနဲ့ စစ္စတာတွေရဲ့ ဆုံးမမှုကြောင့် မရိုင်းစိုင်းခဲ့ပါဘူး။ ဆိုးလည်းမဆိုးတတ်ဘူး။ အဲ့ဒါ ကျွန်တော့်အမေရဲ့တစ်ခုတည်းသောအမွေပါ"

"ဘာ!"

"အန်တီ မယုံရင် ဖာရီသာကိုမေးကြည့်နိုင်ပါတယ်။ အဲ့ဒီလို သံသယမျက်လုံးတွေနဲ့တော့ မကြည့်ပါနဲ့"

"ဖာရီသာ"

"ဖာရီသာတွေက ဘယ်တော့မှလိမ်မပြောပါဘူး။ ဖာရီသာရဲ့ သားသမီးတွေဖြစ်တဲ့ကျွန်တော်တို့ကလည်း လိမ်မပြောတတ်ဘူး။ အဲ့ဒါ ကျွန်တော့်ပစ္စည်းအမှန်ပါ။ ဒါကြောင့် အန်တီလက်ထဲက ပဝါကိုပိုင်ရှင်ဖြစ်တဲ့ဆရီ့ကိုပြန်ပေးစေချင်ပါတယ်"

ပြူးကျယ်ဝိုင်းစက်နေသော သူမမျက်ဝန်းအိမ်မှအရည်ကြည်တို့က အတားအဆီးမရှိ ဒရဟောသွန်ကျလာခဲ့ရပါသည်။ သူမရင်ဘတ်ထဲမှာလည်း တလှပ်လှပ်နှင့် တုန်ယင်နေရသလို တဆတ်ဆတ်လှုပ်ခါနေသောနှုတ်ခမ်းတစ်လွှာမှာလည်း စကားလုံးတို့ထွက်အံ့ကျမလာပါတော့။

"သား"

ဗလုံးဗထွေးထွက်အံလာသော သူမအသံက ပီပီသသကြီးပင်။ ပြောင်းလဲသွားသောအခြေအနေကြောင့် သူရော၊ ဆရီပါ အံ့ဩသွားရပါသည်။ နားမလည်နိုင်အောင်လည်းဖြစ်သွားရပါသည်။

"သား"





"အန်တီ ကျွန်တော့်ကိုဘာပြောချင်လို့လဲ။ ရပါတယ်. . . အဲ့လောက်လည်း မချော့မော့ပါနဲ့။ ကျွန်တော်တို့က မိဘမဲ့တွေပါ။ ဘာအဆင့်မှမရှိပါဘူး။ ပွင့်ပွင့်လင်းလင်း တဲ့တိုးပဲ ဆိုနိုင်ပါတယ်"

"မဟုတ်ဘူး သားရယ်၊ မဟုတ်သေးဘူး။ အဲ့ဒီလိုမဟုတ်သေးဘူး"

ဟုဆိုကာ သူ့ရဲ့လက်ကိုဆုပ်ကိုင်ဖို့ ကြိုးစားလာတဲ့ ထိုအမျိုးသမီး၏လက်များကို သိသိသာသာပင် ရှောင်လွှဲလိုက်ပါသည်။

သူမကိုစိမ်းစိမ်းကြီးကြည့်နေခဲ့သောထိုမျက်ဝန်းကို သူမကြောက်ရွံ့လာပါသည်။ သူမနှလုံးသားတစ်ခုလုံးမှာလည်း ဆောက်တည်ရာမဲ့စွာပင် ကစဉ့်ကလျား လေထဲမှာ ဝဲပျံနေရပါသည်။ သူမမျက်ဝန်းထဲမှာတော့ အနီးဖြူဖြူလေးထဲမှာ စည်စည်ဖားဖား အော်ငိုနေခဲ့သည့် နီတျာရဲလေးကိုပဲ အထပ်ထပ်မြင်ယောင်နေခဲ့ပါသည်။

သို့သော် ထိုနီတျာရဲလေးက သူမကို စူးစူးစိမ်းစိမ်းကြီးစိုက်ကြည့်နေတာကြောင့် သူမရင်ထဲ နှံးချည့်နေအောင် ခံစားရပါသည်။ ခြေလှမ်းတွေ ကစဉ့်ကလျားနှင့် ဆောက်တည်ရာမဲ့စွာ ပြေးထွက်လာခဲ့သောကိုယ့်အဖြစ်ကို ကိုယ်ပင် သတိမထားမိလိုက်တော့ပါ။

♣ ♣ ♣



## အခန်း ( ၁၉ )

"လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်က ဂျော်ဘွန်သွားတဲ့လမ်းက ...... ဘုရားကျောင်းမှာ ဖာရ်သာရှိနေခဲ့တာလား"

ဟူသောမေးခွန်းကို တည့်တည့်ကြီးပင် မေးချလာခဲ့ပါသည်။

"ရှိနေခဲ့ပါတယ်။ မှတ်မှတ်ရရပါပဲ"

"အဲ့ဒီနေ့က ဖာရ်သာထံကို အမျိုးသမီးတစ်ယောက်ရောက်လာခဲ့တယ်မဟုတ်လား"

ဟူသောမေးခွန်းကြောင့် ဖာရ်သာမှာ တအံ့တသြလေး သူမကို စိတ်ဝင်စားသလိုကြည့်လာခဲ့ပါသည်။

"အဲ့ဒီအမျိုးသမီးက  ကလေးတစ်ယောက်ကိုပွေ့လာခဲ့တယ်။ ပြီးတော့ ပဝါဖြူလေးနှင့်အတူ ဖာရ်သာထံ အပ်နှံသွားခဲ့တယ်မဟုတ်လား ဖာရ်သာ"

ဟု သူမက တိတိကျကျကြီးပြောလိုက်သည်တွင် ဖာရ်သာမှာ

ပို၍အံ့ဩသွားရပါသည်။ သူမက ဝေ့တက်လာသော မျက်ရည်ကြည်ဥများကို အားယူကာ ပုတ်ထုတ်ဖယ်ရှားလိုက်ပြီး. . .

"အဲဒီကလေးက မိုင်ဆောင်မဟုတ်လားဟင်"

ဟု အဖျားခတ်တိုးလျသွားသောအသံကြောင့် ဖာရ်သာမှာ ပို၍အံ့ဩရပါသည်။

"မိုင်ဆောင်. . . ဟုတ်တယ်မဟုတ်လားဟင်"

"မိုင်ဆောင်က သိပ်သနားကြင်နာတတ်တဲ့ကလေးပါ"

ဟူသော တည်ငြိမ်လှတဲ့အသံကြောင့် သူမရင်ထဲမောသွားရပြီး မျက်ရည်တို့က အတားအဆီးမဲ့ တရဟောသွန်ကျလာရပါတော့သည်။

"အဲ့ဒီပဝါရဲ့အစွန်းတစ်ဖက်မှာ အေဂျေလို့ မထင်မရှားလေး ရေးထိုးထားပါတယ်။ အဓိပ္ပာယ်ကတော့. . . အောင်းအောင်နဲ့ဂျာဒိုင်ပါပဲ။ တကယ်တော့ ကျွန်မရဲ့ငယ်နာမည်က ဂျာဒိုင်ပါ။ အဲ့ဒီပဝါလေးကို အောင်းအောင်က ကျွန်မအတွက် အမှတ်တရလေးထားခဲ့တာပါရှင်။ ကျွန်မရဲ့ပဝါလေးပါ"

ဟု ရှိုက်သံတစ်ဝက်နှောနေသံကို အပြင်ဘက်ဆီမှ သဲသဲကွဲကွဲကြီး ကြားလိုက်ရတဲ့ မိုင်ဆောင်ရဲ့ရင်ထဲမှာ အပြင်းအထန်ဆုံး မိုးကြိုးတစ်စင်း ဝင်ရောက်သွားသည့်နှယ်။ ကျယ်လောင်စွာ မြည်ဟည်းသွားရပါသည်။

စိမ်းညို့ရောင်ကားကြီးကို ဘုရားကျောင်းဝင်းထဲမှာ မြင်လိုက်ရသောကြောင့် ဝေ့ဝဲရှာဖွေမိရာမှ ဖာရ်သာနှင့် စကားပြောနေသည်ကို မထင်မှတ်ဘဲတွေ့ရ၍ အမှတ်တမဲ့နားထောင်မိပြီး ကြားလိုက်ရခြင်းဖြစ်ပါသည်။

ထိုစကားများကို တိုက်ရိုက်ကြားလိုက်ရပါသောသူ့နားကို သူပင် မယုံနိုင်တော့ပါ။ ထိုစကားကို ထိုအမျိုးသမီးက ပြောတာမဟုတ်ပါစေနဲ့ ဟု ဆုတောင်းမိသည်ထိ ရင်ထဲမှာ ကစဥ့်ကလျားဖြစ်သွားရပါသည်။

သူ့နှလုံးခုန်သံတွေကလည်း စည်းချက်မညီနိုင်တော့သလို ဦး





ခေါင်းတစ်ခုလုံးမှာလည်းပူထူကာ မျက်ဝန်းအစုံမှာလည်း ပြာဝေ နောက်ကျိသွားရပါသည်။

ရင်ထဲမှာလည်း တစ်လှပ်လှပ်တုန်ရီပြီး ဝမ်းနည်းရမှာလား၊ ဝမ်းသာရမှာလား၊ ပျော်ရွှင်ရယ်မောရမှာလား၊ ရှုံးပွဲချင်ငိုကြွေးပစ်ရတော့မှာလားဆိုတာ မသိနိုင်ကုန်တော့၊ ကမ္ဘာမြေကြီးပေါ် ခြေစုံရပ်မိထားခဲ့တဲ့ဒူးဆစ်ကွေးများပင် မခိုင်ချင်လာတော့ပါ။

"ကျွန်မသားလေးပါရှင်"

ထိုအသံကို သူဆက်၍မကြားနိုင်တော့ပါ။ ရင်ထဲမှာ ဗလောင်ဆူ၍ တုန်ယင်နေရပါသည်။

"ကျွန်မသားလေးပါရှင်"

ဟူသောအသံကသာ သူ့ကမ္ဘာကိုလွှမ်းမိုးသွားကုန်ပြီး ထိုအသံကသာ နားစည်ထက်မှာ ပဲ့တင်ဟပ်နေရပါသည်။ ကမ္ဘာ့မြေပြင်ကျယ်ကြီးပေါ်မှာ သူ့အတွက် ရပ်တည်စရာနေရာ မကျန်တော့သလိုပင်။

ကျဉ်းကြပ်လွန်းတဲ့ စိတ်အစဉ်ကြောင့် ယိုင်နဲ့နေသောခြေလှမ်းများနှင့် ကစဥ့်ကလျားလှည့်ထွက်မည်ကြံခိုက်. . .

"ခလွမ်း! ဂွမ်း! "

မြည်ဟည်းသံကြီးက ကျယ်လောင်စွာ ထွက်ပေါ်လာရပါသည်။ မှန်ပါသည်။ ဖန်ပန်းအိုးလုံးလေးကို တုန်ယင်ယိုင်နဲ့နေသောခန္ဓာကိုယ်ကြီးနှင့် အမှတ်မထင်တိုက်ချမိလိုက်ခြင်းဖြစ်ပါသည်။

ကျယ်လောင်သောထိုအသံ ထွက်ပေါ်လာရာအရပ်သို့ ဖာရ်သာနှင့်အတူ ဒေါ်ထွေးထွေးလုံ့ပါ ကြည့်မိလိုက်ကြစဉ်ဝယ်. . .

"ဟင်! "

မှင်တက်သွားတဲ့သူမအသံက ဟင်တစ်လုံးတည်းပင် ထွက်နိုင်တော့သည်။ မှန်ပါသည်။ သူမတို့ကိုကျောပေးကာ ငြိမ်သက်နေခဲ့သည့် မိုင်ဆောင်ရဲ့ကျောပြင်ကျယ်ကြီးပါပဲ။

"သား"

ထိုသို့လှိုက်လှိုက်လှဲလှဲခေါ်သံက သူ့ကိုနားဝင်ချိုစေတာလား။ ခါးသက်စေတာလားဆိုတာ ဝေခွဲမရနိုင်အောင်ပါဘဲ။ ရင်ထဲမှာ နုံးချည့်ပြီး စပ်ဖြီးဖြီးကြီးသာ ခံစားမိနေပါ၏။ ဒါကြောင့်ပင် ခြေလှမ်းတို့ကို အဆောတလျင်လှမ်းမည်ကြံခိုက်. . .

"သား"

ထပ်မံခေါ်လိုက်တဲ့အသံက သူ့နှင့်နီးကပ်စွာ. . .

"ခဏနေပါဦး. . . သားရယ်"

ဟူသောအသံက သူ့ကမ္ဘာကိုလွှမ်းမိုးချုပ်ကိုင်ပစ်လိုက်ပြန်သည်။

"သားကို ဘယ်လိုစကားလုံးတွေနဲ့ စပြီးတောင်းပန်ရမလဲမသိတော့ပါဘူး။ မေမေလေ. . ."

"ကျွန်တော်က ဘယ်အသိုင်းအဝိုင်းက ဘယ်လိုမွေးဖွားလာခဲ့မှန်းမသိတဲ့ ခပ်နိမ့်နိမ့်မိဘမဲ့ကလေးပါ အန်တီ။ အဲ့ဒီလိုအသုံးအနှုန်းမျိုးက ကျွန်တော်နဲ့မထိုက်တန်ပါဘူး"

တုန်ယင်တိုးလျနေသော အသံက အဖျားခတ်သွားရပါသည်။

"တောင်းပန်ပါတယ်သားရယ်။ မေမေ. . . မေမေလေ သားကို တောင်းပန်ပါတယ်"

"ကျွန်တော်က လေတံခွန်လည်း မဟုတ်သလို လေဆန်လည်း မဟုတ်ပါဘူး အန်တီ။ ဖာရ်သာတို့၊ စစ္စတာတို့ရဲ့သား မိုင်ဆောင်ပါ။ ကျွန်တော့်မှာ အမေဆိုတာလည်းမရှိဘူး။ ခေါ်လည်းမခေါ်ဖူးဘူး။ သိလည်းမသိဘူး။ ကျွန်တော့်မေမေကို ကျွန်တော့်ပန်းချီကားတွေထဲကလိုဖြူစင်ပြီး နူးညံ့သိမ်မွေ့သူလို့သာ ရင်ထဲမှာ သတ်မှတ်ထားပါရစေ"

"သားရယ်. . . အဲ့ဒါမေမေ့ရဲ့အပြစ်တွေပါ။ မေမေလို့မခေါ်ရင်လည်း နေပါ။ ဒါပေမဲ့ အဲ့ဒီစိမ်းစိမ်းကြီးမကြည့်ပေးပါနဲ့နော်"

"ဟုတ်ကဲ့။ ကျွန်တော့်အကြည့်တွေ ရိုင်းသွားရင် ခွင့်လွှတ်ပါ အန်တီ။ ကျွန်တော် မလိမ္မာတာရှိခဲ့ရင် ပြင်ဆင်ပါ့မယ်။ ကျွန်တော့်ရဲ့ ယဉ်ကျေးလိမ္မာမှုဟာ ဖာရ်သာတို့ရဲ့ဂုဏ်သိက္ခာနဲ့ တစ်ထပ်တည်းကျနေ



လို့ပါ။ ဖာရ်သာတို့ရဲ့ကျေးဇူးကို ဒီနည်းနဲ့ဆပ်မှာပါ။ ကျွန်တော့်ကိုခွင့်ပြုပါဦး"

ဟုဆိုကာ သူမကိုဦးညွှတ်အရိုအသေပြုကာ ခပ်အေးအေးလေး ကျောခိုင်းသွားသော မိုင်ဆောင်ရဲ့ကျောပြင်ကြောင့် သူမရင်ထဲသို့ နောင်ကြဉ်းမှုကြီးက အစုလိုက်အပြုံလိုက်ဝင်ရောက်လာခဲ့ရပါသည်။

ဒါ သားကိုပစ်ထားခဲ့တဲ့မိန်းမတစ်ယောက်ကို ဒဏ်ခတ်ခြင်းမျိုးလား။ သူမရင်ထဲမှာ တနုံ့နုံ့နှင့် မချိအောင်ခံစားနေရပါသည်။

♣ ♣ ♣



## အခန်း ( ၃၅ )

“မိုင်ဆောင်. . . နင့်ကို ဖာရ်သာရှာနေတယ်”

ဟု ဆရီရဲ့အပြောစကားကြောင့် မှန်တံခါးချပ်များကို ဖုန်သုတ်နေသောသူက အဝတ်စကိုချကာ ထရပ်လိုက်ပါသည်။

“မိုင်ဆောင်. . . နင် အခုတလော ဘာတွေဖြစ်နေတာလဲ”

“ဘာမှမဖြစ်ပါဘူး”

“အဲ့ဒါကိုက နင်တစ်ခုခုဖြစ်နေလို့ပဲ။ နင့်ရင်ထဲမှာ ဘာတွေဖြစ်နေတာလဲ မိုင်ဆောင်။ ငါ့ကိုရင်ဖွင့်နိုင်မလား”

“ငါငယ်ငယ်က စွတကာကပြောဖူးတယ်။ လူတွေကိုမျှဝေပေးမယ်ဆိုရင် အေးချမ်းမှုကိုပဲ မျှဝေသင့်တယ်တဲ့။ ကိုယ့်ကြောင့် လူတစ်ယောက် အနှောင့်အယှက်ဖြစ်သွားမယ်ဆို ကြီးလေးတဲ့တန်ပြန်မှုကို ခံစားရတတ်တယ်တဲ့။ ငါအရိုးစွဲအောင် မှတ်ထားပါတယ်”

“နင်တစ်ခုခုဖြစ်နေတယ်ဆိုတာ လုံးဝသေချာနေပြီ”

"နင် လေတံခွန်, ဩော်. . . ဆောရီး၊ နင့်မောင်လေးနဲ့တွေ့ဖြစ်ကြသလား"

"မနေ့က ငါစံပယ်ပန်းသွားခူးတော့ လေဆန်နဲ့အတူရောက်လာတယ်။ အဲ့ဒီလိုဆိုရင်ပဲ ငါကျေနပ်ပါတယ်။ လေဆန်ကိုရော၊ အန်တီကိုရော ကျေးဇူးတင်တယ်။ ကောင်လေးကို အရမ်းလည်းချစ်ကြပြီး ဂရုစိုက်ကြတယ်လေ။ ဒါကို ငါသိရတော့ ပီတိသိပ်ဖြစ်တာပဲ။ ငါတို့တွေကို ဆုံစည်းစေခဲ့လို့ နင့်ကိုကျေးဇူးပါတယ် မိုင်ဆောင်"

"နင်တကယ်ကျေးဇူးတင်ထိုက်သူက ဆည်းဆာပျိုပါ။ တကယ်တော့ ဆည်းဆာပျိုကလည်း နင်ထင်ထားသလို မောက်မောက်မာမာထဲက မဟုတ်ပါဘူး"

"ငါ သူ့ကိုတွေ့ရင် တောင်းပန်ပါ့မယ်"

"သူ အခုလောက်ဆို ရန်ကုန်ပြန်သွားလောက်ပြီ။ နင်, ချွန့်ကိုလည်း မမုန်းပါနဲ့လား ဆရီ"

ထိုအခါမှာတော့ ဆရီ့ထံမှအသံတို့က တိတ်ဆိတ်နေခဲ့ရသည်။

"ချွန့်ကို ငါနားလည်တယ်။ ချွန်က သိပ်ကောင်းတဲ့လူပါ။ အထီးကျန်လွန်းလှတဲ့ဘဝကို အတ္တကြီးခြင်း၊ ဖွတ်တရွတ်ဆန်ခြင်းတွေနဲ့ ဖုံးဖိထားရတာ။ တကယ်တော့ ချွန်က ငါတို့လောက် နွေးထွေးမှုမရခဲ့တဲ့လူပါ"

"ငါ သူ့ကိုမမုန်းမိအောင် ကြိုးစားပါ့မယ်. . . မိုင်ဆောင်"

ထိုစကားက သူ့ကို ဆရီရဲ့ရင်ထဲမှာ သိပ်အလေးအနက်ထားပါတယ်ဆိုတာ ပြသလိုက်သောကြောင့်. . .

"ငါ့ကို နင် သိပ်ပြီးသံယောဇဉ်မတွယ်ပါနဲ့လို့ ငါ တောင်းဆိုချင်တယ် ဆရီ"

"ဟင်! ဘာဖြစ်လို့လဲ"

"ငါက တစ်နေ့ ဖာရ်သာလုပ်မှာမို့ပါ။ ငါ အပြစ်ရှိတဲ့လူတွေအားလုံးကို ခွင့်လွှတ်နားလည်ပေးချင်နေတယ်"





ဟု စကားကို အဓိပ္ပာယ်များစွာတို့ ကူးယှက်ဖြာဝေအောင် ပြောကာ တစ်လှမ်းချင်းသွားလိုက်သော မိုင်ဆောင်ရဲ့ကျောပြင်ကြောင့် သူမမှာ နားမလည်နိုင်ခြင်းများစွာတို့ စုပြုံသွားရပါသည်။

ဆရီက သူ့ကိုတွေဝေစွာကြည့်နေမှာပဲဆိုတာ သူသိနေပေမယ့်လည်း ရင်ထဲမှာပြင်းထုံထုံခံစားချက်ကြောင့် ဘယ်အရာကိုမှစိတ်ဝင်စားမှု သိပ်မရှိ။

စိတ်ကြောင့်လားတော့မသိ။ ခြေလှမ်းတွေမှာလည်း လေးကွေးထိုင်းမှိုင်းလှပါသည်။

"ဖာရ်သာ ကျွန်တော့်ကိုရှာနေတယ်ဆို"

"ဩော်, မိုင်ဆောင်၊ လာ"

ဟုဆိုသဖြင့် ဖာရ်သာဘေးမှခုံလေးပေါ် ယို့ယို့လေးထိုင်ချကာ သက်ပြင်းမောလေးကို ရှူရှိုက်လိုက်သော ဖာရ်သာကို ခိုးကြည့်မိလိုက်သည်။

နားထင်စပ်လေးမှာ ဆံဖြူပင်လေးများ တွဲခိုစပြုနေသော ဖာရ်သာရဲ့မျက်ဝန်းတွေမှာ အေးချမ်းလှပေမယ့် အသက်ရှူကြပ်နေရပုံမျိုးပါ။

"မိုင်ဆောင်လို့ ဘာကြောင့်ခေါ်စေခဲ့သလဲ၊ သိလား"

"စက္ကူဖြူတစ်ရွက်လို ရိုးသားဖြူစင်စေချင်လို့ပါ"

"နာမည်နဲ့လိုက်ဖက်မှုရှိပါစေလို့ပဲ ဖာရ်သာဆန္ဒပြုပါတယ်။ ဖြစ်စဉ်တိုင်းမှာ ခိုင်လုံတဲ့အကြောင်းပြချက်တစ်ခုတော့ ရှိတတ်ကြစမြဲပဲ။ နားလည်ခံစားပေးတတ်မယ်ဆိုရင် လူသားအားလုံးဟာ အပြစ်မဲ့သူတွေချည်းပါပဲ။ ချစ်ခြင်းမုန်းခြင်းဆိုတဲ့အရာနဲ့ လူတိုင်းဟာ မကင်းလွတ်ကြပါဘူး။ ဒါပေမဲ့ ဖာရ်သာတို့က လူသားအားလုံးကို ချစ်နိုင်ရမယ်။ မုန်းခြင်းက ပူလောင် ခါးသက်လွန်းပါတယ်။ မုန်းခြင်းတွေကို အဝေးကြီးလွှင့်ပစ်နိုင်အောင် ကြိုးဆောင်သင့်တယ်။ ကိုယ့်ကြောင့် တစ်ဖက်သား သောကတွေ နင့်သွားရင် အပြစ်အားလုံးထက်ပိုပြီး ကြီးလေးတဲ့အပြစ်ကြီးတစ်ခုပဲ။ လူသားအားလုံးကို ခွင့်လွှတ်နားလည်ပေးတာ သိပ်ကောင်းတဲ့

အကျင့်ပါ''

ဟု ဖာရ်သာကသာ စကားရှည်ကြီးကို ခွန်းဆက်ခြွေလိုက်ပေမယ့် တစ်နေရာရာကို စူးစိုက်ကြည့်ပြီး ငြိမ်သက်နေခဲ့သော မိုင်ဆောင်မှာ မလှုပ်မယှက်။

''ရင်ထဲမှာ နင့်နင့်သည်းသည်းခံစားနေရလိမ့်မယ်လို့ ဖာရ်သာနားလည်နေတယ်။ ဖာရ်သာကို ဝေမျှကြည့်ပါလား''

ဟုပြောလိုက်ပေမယ့်လည်း ငူငူကြီးထိုင်နေသောသူက မတုန်မလှုပ်။ ဖာရ်သာကလည်း သူ့ကိုအကဲခတ်သလိုကြည့်နေတာမို့ ခေတ္တမျှ တိတ်ဆိတ်ငြိမ်သက်သွားကြပြီးမှ. . .

''ကျွန်တော် ဖာရ်သာဖြစ်ချင်တယ်''

ဟု လေးလေးနက်နက်ကြီး ပြောလာသော သူ့စကားကြောင့် ဖာရ်သာရဲ့မျက်လုံးများမှာ ပြူးကျယ်ဝိုင်းစက်သွားရပါသည်။

''ကျွန်တော့်ကို ဖာရ်သာဖြစ်ခွင့်ပေးပါ. . . ဖာရ်သာ''

''မိုင်ဆောင်''

''ကျွန်တော် ဖာရ်သာလုပ်ပါရစေ''

''မိုင်ဆောင်''

ဖာရ်သာရဲ့ တအံ့တဩအသံကသာ တိတ်ဆိတ်ခြင်းကို မင်းမူသွားရပါသည်။ ဖာရ်သာက အံ့ဩရုံလေးဆိုပေမယ့် ယူကျုံးမရ ခံစားနေရသူကတော့ အခန်းအပြင်ဘက်ဆီက ချောင်းနားထောင်နေခဲ့တဲ့ ဆရီရောင်အိုင်ပါပဲ။

♣ ♣ ♣



## အခန်း ( ၃၆ )

''ကောင်လေး. . . စာမေးပွဲဖြေနိုင်ရဲ့လား,လေဆန်''

ဟု သူမမေးလိုက်သည်တွင် လေဆန်က ပြုံးမြမြလေးပင်။

''နင်စိတ်ပူနေမယ်ဆိုတာသိလို့ ထင်တယ်။ သူဖြေနိုင်တယ်ဆိုကြောင်း ငါနဲ့သတင်းပါးခဲ့တယ်''

''နောက် သုံးဘာသာ ကျန်သေးတယ်နော်''

''သူရမှာပါ။ သူက ခေါင်းကောင်းတယ်။ ဒါနဲ့ မိုင်ဆောင်ကိုလည်း မတွေ့ပါလား''

ဟုပဲ လေဆန်က ဆိုလိုက်ရုံရှိသေး ပါးပြင်ပေါ် မျက်ရည်ဥကြီးများ အတားအဆီးမဲ့ လိမ့်ကျလာခဲ့သောဆရီကြောင့်. . .

''ဟင်! ဆရီ။ မိုင်. . . မိုင်ဆောင် ဘာဖြစ်လို့လဲ။ နေမကောင်းဘူးလား''

''ကောင်းပါတယ်။ အနောက်ဆောင်ဘက်မှာ သူရှိနေတယ်''

''နင်နဲ့မိုင်ဆောင်က ဘာဖြစ်ပတ်းကြလို့လဲ''

''ဘာမှမဖြစ်ပါဘူး''

''ငါ့ကို နင့်သူငယ်ချင်းလို့ရော သတ်မှတ်ရဲ့လား ဆရီ''

''ငါ နင့်ကိုခင်ပါတယ်,လေဆန်''

''သူငယ်ချင်းဆိုတဲ့အဓိပ္ပာယ်ကိုရောသိလား။ အတူတူ မျှဝေခံစားခြင်းတဲ့''

''လေဆန်''

''ပြောလေ''

''မိုင်ဆောင်လေ. . . သူ, ဖာရ်သာလုပ်မလို့တဲ့''

''ဟင်!''

သူအံ့သြသွားရပါသည်။ မိုင်ဆောင်က ဘာစိတ်ကူးပေါက်သွားတာလဲဆိုတာ စဉ်းစားမရအောင်ပါဘဲ။ ဒါကြောင့်ပင် မျက်ရည်ဥကြီးများနှင့်ဆရီကို မနှစ်သိမ့်နိုင်တော့ဘဲ မိုင်ဆောင်ရှိရာ အနောက်ဆောင်သို့ ပြေးလွှားကာ မိုင်ဆောင်ကိုရှာဖွေမိလိုက်သည်။

သို့သော် မိုင်ဆောင်ကိုမူ ယူကလစ်ပင်ကြီးအောက်မှာ အေးချမ်းစွာ ပန်းချီဆွဲလျှက်ပင် တွေ့လိုက်ရပါသည်။ သူ၊ မိုင်ဆောင်နားလေး ရပ်ကာ မိုင်ဆောင်ရဲ့ပန်းချီကို အမှတ်တမဲ့ငေးကြည့်နေလိုက်သည်။

ရေတွင်းပျက်တစ်ခု၊ ကောင်းကင်ကြီးတစ်ခုနှင့် မီးပုံတစ်ပုံ။ ဘာမှမသက်ဆိုင်ခြင်းများကို အကန့်လိုက်တွေ့လိုက်ရပါသည်။

''ငါရောက်လာတော့ မင်းအာရုံနောက်သွားသလား မိုင်ဆောင်''

''ဘယ်လိုမှမနေဘူး''

''မင်းရဲ့ပန်းချီကားက ဘာအဓိပ္ပာယ်လဲ။ ငါနားမလည်ဘူး''

''စိတ်ထဲကအတိုင်း ရေးဆွဲနေတာ။ ငါ့စိတ်ထဲမှာလည်း အဲ့ဒီလိုဖြစ်နေတယ်''

''မင်း ဘာဖြစ်လို့ ဖာရ်သာလုပ်ချင်ရတာလဲ''

''မင်းအသက် ဘယ်လောက်ရှိပြီလဲ,လေဆန်''





''ဘာဖြစ်လို့လဲ''

''မင်းက ငါ့ထက် ငယ်သလား၊ ကြီးသလား သိရအောင်လို့ပါ။ ကြီးနေရင်လည်း အစ်ကို၊ ငယ်နေရင်လည်း ညီခေါ်ရတာပေါ့''

''မင်းဘာတွေပြောနေတာလဲ. . . မိုင်ဆောင်''

''တစ်ခါတစ်ရံမှာ အဲ့ဒီလိုပဲ။ လောကကြီးမှာ နားလည်ကြည့်လို့မရတာတွေ အများကြီးရှိတယ်။ ပေါက်ပန်းပွင့်လိုပေါ့ကွာ။ နာမည်ကိုနားထောင်ကြည့်လိုက်တော့ အကျည်းတန်သလိုလိုနှင့် အဆင်းရူပကာကတော့ သိပ်လှတာ။ ဒါပေမဲ့လည်း သူဟာ အဖိုးနည်းတဲ့ပန်းလေးတစ်ပွင့်ပါ။ ဒါပေမဲ့ သူ့တန်ဖိုးကို သူ့အပင်က သိနေတယ်။ သူဟာ ဆေးဖက်ဝင်တယ်လေ။ ပေါက်ပန်းဟာ မြေအနေအထားမရွေး စိုက်ပျိုးရှင်သန်နိုင်တယ်။ အဲ့ဒါ သူ့ဂုဏ်သတ္တိပဲ''

''မင်းဘာတွေပြောနေတာလဲ. . . မိုင်ဆောင်''

''ငါတွေးမိတာကိုပါ''

ဟုဆိုကာ ကိုင်ထားသောစုတ်တံနှင့်ပန်းချီကားကို တစ်ချက်ခြစ်ကာ ရပ်လိုက်ပြီး. . .

''ကိုယ်မွေးခဲ့တဲ့သားသမီးကို မေ့သွားခဲ့တဲ့မိခင်မျိုးကို မင်းတွေ့ဖူးသလား လေဆန်''

''ဟင်း. . . မတွေ့ဖူးဘူး။ ဒါမျိုးလည်း မရှိနိုင်ပါဘူး''

''သူ့အမေက သူ့သားကိုစွန့်ပစ်ထားခဲ့ပြီး မေ့နေခဲ့တယ်''

''ဘာ!''

''အဲ့ဒီသားဟာ မင်းဆိုရင် အဲ့ဒီအမေကို မင်းခွင့်လွှတ်မှာလား''

''ရင်နာရလွန်းလို့ ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး''

''ဒါပေမဲ့. . . ငါကတော့ ခွင့်လွှတ်ချင်တယ်''

''ဟင်!''

''သူမဘယ်လောက်ပဲအပြစ်လုပ်လုပ် ခွင့်လွှတ်ချင်နေတယ်''

''မင်းရင်ထဲမှာ ခွင့်လွှတ်လို့မရနေတာလား. . . မိုင်ဆောင်''

ဟု အချိန်တိုတိုအတွင်း နားလည်သွားတဲ့လေဆန်က မေးလိုက်ပါသည်။

"အမေလို့ ငါဘယ်လောက်ထိ ခေါ်ဖူးချင်ခဲ့သလဲသိလား လေဆန်။ သူများတွေက အဲ့ဒီလိုခေါ်တိုင်း ငါလည်း ခေါ်ဖူးချင်ခဲ့တာ။ ဒါပေမဲ့ ရောင့်ရဲခြင်းစိတ်က ဖာရိသာဆီက ငါ့ကူးစက်ခံထားရတယ်။ ဒါပေမဲ့ ငါ့အခု နည်းနည်းလေး လောဘကြီးနေတယ်။ အမေနဲ့ နာရီပိုင်းလေး ဖြစ်ဖြစ် အတူနေဖူးချင်မိတယ်"

ဟု မှိုင်ပြုပြုလေး ပြောနေခဲ့သော မိုင်ဆောင်ကို သူကလည်း စိတ်မကောင်းခြင်းများစွာတို့နှင့် ငေးကြည့်နေဖြစ်ပါသည်။ ဖြစ်နိုင်လျှင် သူကလည်း မိုင်ဆောင်ရဲ့ ထိုတစ်ခုတည်းသောဆန္ဒကို ဖြည့်ပေးချင်လှပါသည်။

သို့သော်လည်း နိယာမအတိုင်းကြီး ဖြစ်ပျက်သွားတဲ့အကြောင်းအရာများကို သူက ဘာတန်ခိုးနှင့်ပြောင်းလဲပစ်ရမှာတဲ့လဲ။ သူ့မှာ မိုင်ဆောင်ကို ဖေးမပေးရုံမှတစ်ပါး အခြားမရှိနိုင်တော့။

♣ ♣ ♣



## အခန်း ( ၃၇ )

"အောင်းအောင်ရဲ့လက်ရာတွေလိုပါပဲ"

ဟူသောစကားသံက သူ့နောက်ကျောဘက်ဆီမှ ထွက်ပေါ်လာ၍ ရေးခြစ်နေသောသူ့လက်များမှာ ရုတ်ချည်းရပ်တန့်သွားရပါသည်။

"အောင်းအောင်လည်း ပန်းချီဆွဲသိပ်တော်တာ။ သူက ပန်းချီဆွဲနေရရင် ဝင်သက်ထွက်သက်တောင် မှန်ချင်တော့တာမဟုတ်ဘူး"

ဟုဆိုကာ ခေတ္တတိတ်ဆိတ်သွားသဖြင့် သူက ထပ်မံထွက်ပေါ်လာမည့်စကားသံများကို နားစွင့်နေလိုက်ပါသည်။ ဒါ သူသိပ်သိချင်ခဲ့ပါသော သူ၏ဖခင်ရဲ့အကြောင်းအရာများပဲလေ။ သူစိတ်မဝင်စားဘဲ ရှိပါ့မလား။

"အောင်းအောင်က ဆင်းရဲတာကလွဲလို့ အရာအားလုံးပြည့်စုံတဲ့လူပါ။ မိဘတွေ အသိုင်းအဝိုင်းတွေ ဂုဏ်ပကာသနတွေမရှိရင် သိပ်ကောင်းမှာပဲ။ သားရယ်, မေမေ့ကိုခွင့်လွှတ်ပါလို့ မေမေ မပြောရဲပါဘူး။

မေမေက ခွင့်လွှတ်ချင်စရာမကောင်းတဲ့မိန်းမကြီးဆိုတာ သိပါတယ်''

''လေဆန်နဲ့ကျွန်တော် ဘယ်သူက အကြီးလဲ''

''ဟင်! ''

မထင်မှတ်ပါဘဲ ကြားလိုက်ရသော ထိုစကားကြောင့် သူမမှာ အံ့ဩသွားရပါသည်။ ထိုစကားကြောင့် သူမထိတ်လန့်သွားရပါတယ်ဆိုရင် ပိုမှန်နေလိမ့်မည်။

''ရင်နာစရာကောင်းတာက ညီအစ်ကိုချင်းလည်း မသိကြတာဘဲ''

''ငါ့သားလေးက သိပ်သဘောထားကြီးပါတယ်။ အဲ့ဒီလို သားကို မေမေက ဘယ်လိုလိမ်တတ်ပါတော့မလဲ။ တကယ်တော့ မေမေ ဒီစကားတွေကို ကြိုးစားပြီးပြောရမှာပါ။ လေဆန့်ကိုလေ မေမေ၊ မေမေ့သားအရင်းလေးလိုပဲချစ်တယ်''

''ဗျာ! ''

သူအံ့ဩသွားရပါသည်။ ထိုစကားက ဘာအဓိပ္ပာယ်ပါလဲ။

''နောက်အိမ်ထောင်ကပါတဲ့ကလေးဆိုပေမယ့်လည်း ငယ်ငယ်တည်းက ကိုယ့်လက်ထဲမှာပဲ ကြီးပြင်းခဲ့ရသူဆိုတော့''

ထိုစကားလုံးများကို သူထပ်မကြားနိုင်တော့ပါ။ သူ့နှလုံးသားကလည်း အဲ့ဒီလောက်ကြီး ခံနိုင်ရည်မရှိတာပါ။ ကြိုးစားပြီး ခွင့်လွှတ်ထားခဲ့ရသောစိတ်များက အဝေးဆုံးကိုလွင့်စင်သွားကုန်ရသည်။ သားအရင်းကိုတော့ လူမမယ်ပေါက်စအရွယ်လေးက ဖြစ်ချင်ရာဖြစ် ပစ်ချထားခဲ့ပြီးမှ တခြားလူကို ရင်အုပ်မကွာ စောင့်ရှောက်ပြီး တစ်သိမ့်သိမ့်ချစ်နေပါတယ်ဆိုတဲ့မိခင်ကို သူ ဘယ်လိုနှလုံးသားမျိုးကိုသုံးပြီး ခွင့်လွှတ်ရမှာတဲ့လဲ။

သားအရင်းဖြစ်တဲ့သူ့ကိုမရှာဘဲ ကောင်လေးကို သနားရာက စပြီး ကောက်ယူ မွေးစားလိုက်သည်တဲ့။ ဒါကလည်း ဖြစ်တတ်သည့်အကြောင်းအရာမို့ သူနားလည်ပေးလို့ရပါသေးသည်။





ပြီးတော့ သူ့ကိုလူမမယ်အရွယ်လေးနှင့်ပဲ နာမည်ကင်ပွန်းမတပ်ရသေးခင် တခြားလူ့ရဲ့လက်ထဲမှာ ပစ်ထားခဲ့သည်တဲ့။ ရတယ်,ထား။ ဒီအထိလည်း သူခွင့်လွှတ်နိုင်ပါသေးသည်။

တခြားလူရဲ့သွေးကိုတော့ ရင်အုပ်မကွာ ချစ်ခင်ယုယ စောင့်ရှောက်ပြီး သားအရင်းကြီးကိုတော့ ဖြစ်ချင်ရာဖြစ်ပစ်ထားခဲ့သည့်အဖြစ်ကြီးကတော့ သိပ်ဆိုးဝါးလွန်းသည်ဟု သူထင်ပါသည်။ ဒါကြောင့်ပင် သူဘာစကားမှထပ်မဆိုနိုင်တော့ပါဘဲ ချာခနဲလှည့်ထွက်ဖြစ်ခဲ့ပါသည်။

''သား. . . သား''

တသသခေါ်နေခဲ့သော ထိုအသံကိုလည်း သူ့နှလုံးသားက လျစ်လျူရှုနိုင်ခဲ့ပါပြီ၊ သူကသာ နာနာကျင်ကျင်နဲ့ကျောခိုင်းပစ်ခဲ့ပေမယ့် အပြစ်ကြီးမားလွန်းလှတဲ့သူမကတော့ မျက်ရည်စက်လက်နှင့်။

''မိုင်ဆောင်က ဒီလိုပါပဲ။ သူ မကြာခင် စိတ်ပြေသွားလိမ့်မယ်''

ဟူသောအသံကို မထင်မှတ်ပါဘဲ ကြားလိုက်ရ၍ လှည့်ကြည့်လိုက်တော့ ကြင်နာတတ်သောအရည်တို့ပြည့်လျှံနေပါသော မျက်လုံးဝိုင်းလေးနှင့်ဆရီကို လှပစွာတွေ့လိုက်ရပါသည်။

''မိုင်ဆောင်က အမေဆိုတာမျိုးကိုသိပ်ခေါ်ချင်ခဲ့တာ။ အမေက ထောင့်တစ်နေရာက ဘွားခနဲပေါ်လာလိမ့်မယ်လို့ သူ ဘယ်လိုမှတွေးမိမှာမဟုတ်ဘူး။ ရုတ်တရက်ဆိုတော့ သူ့စိတ်ထဲ ရှုပ်ထွေးမွှန်းကြပ်သွားရတယ်ထင်တယ်။ သွေးဆိုတာ စကားပြောပါတယ်အန်တီ။ ဘာတွေဘာကြီးပဲဖြစ်ဖြစ် အန်တီဟာ မိုင်ဆောင်ရဲ့အမေပါပဲ။ အန်တီစိတ်ရှည်ပေးပါ။ အန်တီ စိတ်မရှည်နိုင်မှာကို ဆရီသိပ်စိုးရိမ်မိပါတယ်''

ထိုအခါမှာတော့ မျက်ရည်တွေ တလိမ့်လိမ့်ကျနေတဲ့ ဒေါ်ထွေးထွေးလုံ ခေါ် ဒေါ်ဂျာဝိုင်က ဆရီရောင်အိုင်ကို တွေတွေလေးစိုက်ကြည့်ငြိမ်သက်နေခဲ့ပါသည်။

''ဆရီရဲ့မောင်လေးကို ကျွေးမွေးစောင့်ရှောက်ထားပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဆရီရဲ့ဘဝနဲ့ထပ်တူပါ။ ငယ်ငယ်က မောင်လေးနဲ့

အတူ ကျော်ဖြတ်ခဲ့ရတဲ့ဘဝအကြောင်းကို မိုင်ဆောင်သိအောင် ပြောပြဖူးပါတယ်။ အဲ့ဒီတုန်းက မိုင်ဆောင်က ဘာပြန်ပြောလဲသိလား''

ဟုဆိုကာ သက်ပြင်းငွေ့ငွေ့ကိုရှိုက်လိုက်ပြီး. . .

''ဒုက္ခတွေကြားနေရတယ်ဆိုရင်လည်း မွေးချင်းမောင်ရှိနေတာ့ နင်သိပ်ကြည်နူးခဲ့မှာပဲနော်။ ဆရီရဲ့ရင်ထဲ ထိရှခဲ့ရပါတယ်။ အဲ့ဒီစကားလေးတစ်ခွန်းကြောင့် ဆရီရပ်တည်နိုင်ခဲ့တာပါ။ ဆရီရဲ့စိတ်ထဲမှာ မိုင်ဆောင်က ငါ့ထက်ပိုဆိုးနေပါလားဆိုတဲ့အသိနဲ့ ယှဉ်တွဲအားတင်းနေလာခဲ့တာပါ။ ငါ့မှာညီအစ်ကိုရှိနေပါလားလို့ သိစိတ်နဲ့သူ တဒင်္ဂတော့ ပျော်ရင် ပျော်သွားပါလိမ့်မယ်အန်တီ။ အန်တီ၊ မိုင်ဆောင်ကိုပစ်မသွားပါနဲ့''

''မှားသွားပြီ သမီး၊ အန်တီ မှားသွားပြီ။ သမီးကိုတောင်းပန်ပါတယ်''

''မခံယူဝံ့ပါဘူးအန်တီ။ ဘာဖြစ်လို့လဲဆိုတော့ အန်တီပြောတာမှန်နေလို့ပါ။ ဆရီက အစ်မရင်းတစ်ယောက်ဖြစ်ပြီး သာရေးနာရေး မပြောနဲ့၊ ထမင်းနဲ့ဟင်းကိုတောင် ပုံမှန်အချိန်မှန်မှန် မကျွေးနိုင်ခဲ့ပါဘူး။ ဒီလိုတာဝန်မကျေတဲ့အစ်မက တာဝန်အပြည့်ယူထားခဲ့သူရဲ့တောင်းပန်စကားကို ဘယ်လိုအသိစိတ်ဓာတ်နဲ့ နားထောင်နိုင်ရမှာလဲ။ ဆရီ မခံယူဝံ့ပါဘူး၊ အခုချိန်မှာ အန်တီက ဆရီ့ကိုသေခိုင်းရင်တောင် ဆရီသတ္တိမနည်းတော့ပါဘူး၊ အန်တီ့ကို ဆရီရင်ထဲက ကျေးဇူးတင်တာပါ။ အန်တီ့ကို ဆရီထပ်ပြီးမတောင်းဆိုဝံ့ပေမယ့် နောက်ဆုံးလေး တောင်းဆိုခွင့်ပေးခဲ့မယ်ဆိုရင် ဆရီမှာ တောင်းဆိုစရာနှစ်ခုရှိပါတယ်''

ဟု လေးနက်စွာဆိုကာ ဒေါ်ထွေးထွေးလုံ၏မျက်နှာကို ဝံ့ဝံ့ကြီးကြည့်ပြီး. . .

''ကောင်လေးကိုပစ်မထားပါနဲ့၊ ကောင်လေးက အန်တီ့ကိုအမေရင်းတစ်ယောက်လို တွယ်တာနေတာပါ။ ပြီးတော့ မိုင်ဆောင်ကိုလည်း ကြိုဆိုပေးပါ''

ဟု အသံတုန်တုန်လေးနှင့် ပြောပစ်လိုက်သည်တွင် သူမရင်ထဲ





မဝံ့မရဲဖြစ်သွားရပါ၏။ ဒီလောက်ထိ နားလည်မှု၊ သိတတ်မှုအပြည့်ရှိခဲ့ပါသောမိန်းကလေးကို ကြမ်းကြမ်းတမ်းတမ်းဆက်ဆံခဲ့ဖူးသည့်အတွက် သူမကိုယ်သူမ နောင်တရနေမိပါတော့သည်။

♣ ♣ ♣



## အခန်း ( ၃၈ )

''မမ''

ခေါ်သံကြောင့် သူမလှည့်ကြည့်မိလိုက်စဉ်မှာ ခရီးဆောင်အိတ်လေးကို ဘေးမှာချပြီး ရပ်နေသောကောင်လေးကြောင့် သူမမျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားရပါသည်။

''မမနဲ့ နေမလို့''

ထိုစကားက ချိုသာလှပါတယ်ဆိုသော်ငြားလည်း အာရုံအစုံကို ပြာဝေသွားစေပါသည်။

''မင်းဘယ်လိုလုပ်လိုက်တာလဲ ကောင်လေး။ အဲ့ဒီလိုမလုပ်ရဘူးလေ။ မဖြစ်ဘူး''

''နေစရာမရှိရင်လည်း အစ်ကိုမိုင်ဆောင်နဲ့ ကပ်နေမယ်လေ''

''မဖြစ်ဘူး ကောင်လေး။ လူတွေကိုအနေခက်အောင် မလုပ်ရဘူးလေ။ အဲ့လိုမလုပ်ကောင်းဘူး။ ဘဝကြီးတစ်ခုလုံးတည်းက ကယ်

တင်ရှင်ကြီးပါဆိုရင် မမှားဘူး။ အဲ့ဒီလိုကြီးမလုပ်ပါနဲ့လား ကောင်လေးရယ်''

''မမနဲ့အတူနေဖူးချင်လို့ပါ။ သုံးရက်တည်းပါ။ မေမေ့ကိုလည်း ခွင့်တောင်းခဲ့ပါတယ်။ သုံးရက်တည်းပါနော်.နော်။ မမခွင့်ပြုမယ်မဟုတ်လား''

''ဆောရီး, ဆောရီးပါပဲ။ မင်းကို မမ မယုံကြည်မိခဲ့တဲ့အတွက် တကယ်ဆောရီးပါ။ ငါ့မောင်ရဲ့အသိစိတ်ကို နှိမ့်ချသလိုဖြစ်သွားခဲ့တယ်''

''ဟာ. . . မမကလည်း မောင်နှမအချင်းချင်း ဘာကြီးလဲမသိဘူး။ ဒါတွေလိုလို့လား။ မမဆူတာဆဲတာကိုတောင် ခံယူချင်နေတဲ့ညွှာကို''

''လေဆန်ရော ပါမလာဘူးလား''

''ဟင့်အင်း, သူ ချွန့်ကို လွမ်းနေတယ်ထင်တယ်။ M2 မှာ တစ်ယောက်တည်း ကျူသွားထိုးနေတယ်။ ချွန်နဲ့ဆန်က နှစ်ကိုယ့်တစ်စိတ်ဗျ''

''ချွန်က ဘယ်သွားနေလို့လဲ''

''သူ့အဘွား နေမကောင်းလို့ ရန်ကုန်ရောက်နေတာ''

''ဒါကြောင့် မျက်စိနောက်သက်သာနေတာကိုး''

''ချွန်က လူကောင်းပါ မမရယ်။ မမနဲ့မှ အဲ့လိုဖြစ်သွားတာပါ။ ချွန်, ရူးသွပ်နေတာကို ဒါပထမဆုံးမြင်ဖူးတာပဲ''

''အခုပြောနေတာက မင်းရဲ့မမနော်။ ချွန်က မင်းအစ်ကိုမဟုတ်ဘူး''

''ဟာ. . . မမကလည်း မျက်နှာတောင်ပူချင်လာပြီ''

ဟု ရှက်ဝဲဝဲလေးပြောလာသော မောင်လေးရဲ့နဖူးပြင်ကို လက်သီးဆုပ်လေးနှင့် ခပ်ဖွဖွထုမိလိုက်သည့်အတွက် သူမကိုယ်သူမလည်း ကြည်နူးပီတိဖြစ်သွားရပါသည်။

ထိုမြင်ကွင်းကို အမှတ်တမဲ့မြင်လိုက်ရတဲ့ မိုင်ဆောင်မှာလည်း





ပြုံးနေဖြစ်ပါသည်။ ဆရီ့ကိုကူလုပ်ရန်အတွက် ဝင်သွားရာမှ တွေ့လိုက်ရခြင်းဖြစ်ပါသည်။

ဆရီပျော်ရွှင်ရတဲ့အတွက် သူလည်းပျော်ရွှင်ရပါသည်။ ဆရီဟာ အပြုံးအရယ်နည်းပါးလွန်းလှသူမို့ပါ။ အခုတော့ ဆရီရဲ့မျက်နှာလေးမှာ ကြည်လင်ရွှင်ပြနေပြီး သက်တောင့်သက်သာရှိလှပါသည်။

လူတွေကိုလည်း အခုဆိုရှောင်ရှောင်မနေတော့ဘဲ အားလုံးတို့နှင့် လိုက်လျောညီထွေဖြစ်လာခဲ့ပါသည်။ ဆရီ အခုလိုပုံမှန်ဖြစ်လာတာမျိုးကို သူမြင်ချင်ခဲ့တာကြာပါပြီ။

အခုတော့ သူတမ်းတခဲ့သောပုံမျိုးနှင့် ဆရီကိုတွေ့ရတဲ့အတွက် သူ့ရင်ထဲမှာ ကိစ္စရပ်ကြီးတစ်ခု ပြီးမြောက်သွားရသလို သက်တောင့်သက်သာကြီးခံစားနေရပါသည်။

ဆရီနှင့်ကောင်လေးတို့ စစနောက်နောက် ပျော်ပျော်ရွှင်ရွှင်ကြီးပင် အတူတူသန့်ရှင်းရေးလုပ်နေကြပုံကို သူမျှော်ငေးကြည့်ရင်း ရင်ထဲမှာ နုံးချည့်လာရပါ၏။

ဆရီအတွက် ပျော်ရွှင်ကြည်နူးမိပေမယ့်လည်း အာရုံထဲဝင်လာခဲ့တဲ့မျက်နှာတစ်ခုကြောင့် နောက်ကျိမှုးဝေလာရပါသည်။ ထိုမျက်နှာကို မြင်မိချိန်တိုင်း နာကျင်မိတဲ့စိတ်အစဉ်ကို သူကိုယ်တိုင်လည်း မလိုလားပါ။ သို့သော် ထိုစိတ်မျိုးကို ဘယ်လိုစွမ်းအားမျိုးနှင့်မှ ဖယ်ရှားပစ်လို့မရ။

ရင်မှဖြစ်သောသားကိုတော့ ဖြစ်ချင်ရာဖြစ် တစ်ပါးသူလက်ထဲပစ်ထားခဲ့ပြီးတော့ တခြားသောလူတွေကိုတော့ လုံခြုံကြင်နာမှုအပြည့်နဲ့ နွေးနွေးထွေးထွေး ရင်ဝယ်ပိုက်၍တဲ့။

ဒါ သူ့အမေခေါ်ရမယ့် မိခင်တဲ့လား။ ကိုယ်မွေးခဲ့ပါသော ကလေးကို တော့တော့ဆိုင်ဆိုင် ကြုံဆုံကြတာတောင်မှ မမှတ်မိပါဘဲ စိမ်းစိမ်းကြီး ဆက်ဆံခဲ့တာကို သူ့ရင်ထဲ နင့်နေအောင် ခံစားရပါသည်။

ပြီးတော့ သူနဲ့ဆရီရောင်အိုင်ကို မိမရှိဖမရှိတဲ့။ ခပ်ညံ့ညံ့လူတန်း

စားတွေအဖြစ် ရက်ရက်စက်စက်ကြီး မြင်နေခဲ့တဲ့သူက သူကိုယ်တိုင် သားတစ်ယောက်ကို မိဘမဲ့အဖြစ် စွန့်ပစ်ထားခဲ့တာကို မေ့နေလို့လား။ မေ့နေလို့နေမှာပေါ့။

မမေ့ခဲ့ရင် ရှာခဲ့မှာပေါ့ဆိုတဲ့အတွေးက သူ့ကိုရင်နာစေရပါသည်။ ဘာဖြစ်လို့ သူ့ကို နှစ်တွေအများကြီးကြာတဲ့ထိ ပစ်ထားခဲ့ရတာလဲ။ သူ့ကို မလိုလားလို့လားဟု တွေးမိလိုက်စဉ်မှာတော့ ရင်တစ်ခုလုံး ပြောင်းဆန်အောင် နာကျင်ရပါသည်။

ဖြေမဆည်နိုင်။ ကျလုလုမျက်ရည်များကို အံကြိတ်တင်းခံထားလိုက်ပါသည်။ ရင်ထဲမှာ တဆစ်ဆစ်နာကျင်နေတာကြောင့် တစ်နေကုန်သည်ထိ ဂျော်ဘွန်လေသာဆောင်မှာ ပန်းချီထိုင်ရေးပြီး ညမိုးချုပ်တော့မှ ပြန်ရောက်လာခဲ့ချိန်တွင် ကောင်လေးကို သူ့အခန်းထဲမှာ အခန့်သားတွေ့လိုက်ရပါသည်။

''အစ်ကိုမိုင်ဆောင် တစ်နေကုန်ဘယ်ပျောက်နေတာလဲ''

''ဂျော်ဘွန်ကို သွားနေတာ''

''ပန်းချီသွားဆွဲနေတာလား''

''ဘယ်လိုလုပ်သိသလဲ''

''ဆန်က ပြောတယ်လေ။ အစ်ကို အဲ့ဒီမှာသွားပြီး ပန်းချီရေးတတ်ကြောင်း။ ချွန်နဲ့ဆန်က အစ်ကို့ကိုသိပ်ခင်ကြပုံရတယ်။ သူတို့အမြဲပြောနေကျအကြောင်းအရာတွေထဲမှာ အစ်ကိုနဲ့မမက မပါမရှိဘဲ''

''မင်း ဒီမှာလာနေတာကို မင်းရဲ့မိခင် သိရဲ့လား''

''မေမကေ အခုတလော တော်တော်ပြောင်းလဲနေတယ်ဗျ။ သိပ်မချုပ်ချယ်တော့ဘူး။ ပြီးတော့ အမြဲဖျတ်လတ်သွက်လက်နေတဲ့လူက မှိုင်ပြပြနဲ့ဆိုတော့ ထူးဆန်းနေသလိုပဲ။ သူ့အလုပ်မှာ ဘာအဆင်မပြေတာများ ရှိနေသလဲမသိဘူး။ ကျွန်တော်က ငယ်သေးတော့ မကူညီနိုင်ဘူး။ မေမေက ပင်ပန်းလှပါတယ်။ မနက်အစောကြီးက ညမိုးချုပ်တဲ့ထိ တစ်နေကုန်မနားရဘူး။ ကျွန်တော့်ကိုလည်း သိပ်ချစ်တာဗျ။ မေမေက





သိပ်တော်ပြီး သိပ်ကောင်းတဲ့အမျိုးသမီးပါ။ လောကမှာ သိပ်အမေပီသတဲ့အမေပါ''

''ကောင်လေး မင်းမအိပ်သေးဘူးလား''

ဟုပင် စကားကို ရုတ်တရက်ကြီး ရပ်တန့်ပစ်စေလိုက်ပါသည်။ ထိုအမေချီးမွမ်းခန်းကို ဆက်နားထိုင်နိုင်ဖို့ နှလုံးသား သူ့မှာ မရှိနှင့်လို့ပါ။ ဒါကြောင့်ပင် ကောင်လေး ဆက်မပြောနိုင်စေရန် သူရောက်တတ်ရာရာနှင့် အလုပ်များချင်ယောင်ဆောင်နေလိုက်ပါသည်။

စာအုပ်ပုံကြီးများကို ဟိုဘက်ရွှေ့လိုက်၊ ဒီဘက်ရွှေ့လိုက်နှင့် ပြီးတော့ ဆွဲပြီးသားပန်းချီကားများကို ကိုင်လိုက် ချလိုက်နှင့်။ ပြီးတော့ အဝတ်သေတ္တာကိုဖွင့်လိုက်ပိတ်လိုက်နှင့်။ သို့သော် သူ့အာရုံထဲမှာ လွှမ်းမိုးနေရတာတော့ ကယောင်ချောက်ချား ကွက်တိကွက်ကြား ပိုးတဝါးပျောက်တစ်ချက်၊ ပေါ်တစ်ဝက်ဖြစ်နေသော လှပတဲ့မျက်နှာတစ်ခုပါပဲ။

သူကလည်း ရောက်တတ်ရာရာ လုပ်နေရသူမို့ ကြာလာတော့ သူ့အလိုလိုနေရင်း ငြိမ်သွားရပါသည်။ သူ့စကားကြောင့် ရုတ်ချည်းငြိမ်ကျသွားသောကောင်လေးကိုကြည့်လိုက်တော့လည်း အခြားတစ်ဖက်သို့ ကိုယ်တစ်ခြမ်းစောင်းကာ ငြိမ်သက်နေပေပြီ။

ထိုအခါမှသူက ကောင်လေး၏ဘေးနားမှ ခေါင်းအုံးလေးဆီမှာ ကျောချင်းကပ် ဝင်အိပ်လိုက်ပါသည်။ ညင်သာသော အသက်ရှူသံဖျော့ဖျော့ကြောင့် ကောင်လေးအိပ်မပျော်သေးပါဘူးဆိုတာ သိပေမယ့်လည်း သူနဲ့ကောင်လေးကြားမှာ ပြောစရာစကားက မရှိနေသလိုပင်။

''ကောင်လေး. . . မင်းအိပ်ပြီလား''

''ဘာပြောမလို့လဲ''

''ဆရီ့ကိုစောင့်ရှောက်ပါ။ ဆရီက အားငယ်တတ်တယ်။ လူမသိသူမသိအောင် တိတ်တဆိတ်လေး ကြေကွဲဝမ်းနည်းတတ်တယ်။ ဝမ်းနည်းနေရင်လည်း ဝမ်းမနည်းသလိုနေတယ်။ ဆရီက အရယ်အပြုံးနည်းပါးတဲ့သူပါ။ ဆရီကို ဒီလိုလူသားဆန်ဆန်ဖြစ်အောင် ဆောင်ကြဉ်း

ပေးနိုင်တဲ့မင်းကို ငါကျေးဇူးတင်မိပါတယ်။ မှတ်ထားပါ ကောင်လေး။ လောကမှာ ဆရိကိုပျော်အောင်ထားနိုင်မယ့်သူဆိုလို့ မင်းတစ်ယောက်တည်းရှိတယ်''

''အစ်ကိုမိုင်ဆောင်လိုလူမျိုးနဲ့ သူငယ်ချင်းဖြစ်ရတဲ့မမက သိပ်ကံကောင်းပါတယ်။ ကျွန်တော်တို့မောင်နှမက သိပ်အံ့ဩဖို့ကောင်းတယ်နော်''

ဟုဆိုကာ စကားစက ခေတ္တမျှရပ်တန့်သွားရပြီးမှ. . .

''မမကို အခုလို ခရစ်ယာန်ဘာသာဝင် ဆရိရောင်အိုင်အမည်ခံဖြစ်နေလိမ့်မယ်လို့ ကျွန်တော် ဘယ်တုန်းကမှ မတွေးခဲ့ဖူးဘူး''

''ဆရိ့မှာ အခြားနာမည်ရှိသေးလို့လား''

''ကျွန်တော် မမှတ်မိပါဘူး။ ကျွန်တော်က ဉာဏ်သိပ်ထုံတာပဲနော်။ ဘယ်အရာကိုမှ သိပ်မမှတ်မိတာချည်းဘဲ''

''အဲ့ဒီတုန်းက မင်းသိပ်ငယ်နေသေးတာကိုး''

''မမနဲ့အစ်ကိုက သိပ်ရင်းနှီးခင်မင်ကြပုံရတယ်နော်''

''ကိုယ်က ဆရိထက်အရင် အများကြီးစောပြီး ရောက်နှင့်နေတာပါ။ ဒါကြောင့် အကြောင်းစုံသိနေတာပေါ့''

''မမကို အဖေတို့အမေတို့ ဘယ်လိုခေါ်သလဲမသိဘူး''

''ဆရိပြောတာတော့ သူ့မှာ မမဆိုတာကလွဲရင် တခြားနာမည်မရှိဘူးတဲ့''

''ကျွန်တော်တို့မောင်နှမက သနားစရာကောင်းတယ်နော်။ စားဖို့ကို တောင်းစားရတယ်။ အိပ်တော့ သူများမနေတဲ့ တဲစုတ်မှာ။ နာမည်လည်းမရှိဘူး။ နှစ်တွေအကြာကြီး ကွဲသွားကြပြီးမှ ပြန်တွေ့ကြတော့ မမက ဆရိရောင်အိုင်ဖြစ်နေပြီး ကျွန်တော်က လေတံခွန်အဖြစ်နဲ့တဲ့''

''စစ်မှန်မှုကြောင့် ပြန်ဆုံရတာပေါ့''

''တကယ်ပဲ ရင်ထဲမှာ စစ်မှန်မှုက ရှိနေရင် ပြန်ဆုံကြရတာပဲလား''





ဟူသော ကောင်လေးရဲ့စကားက သူ့ရင်ကို ထိရှသွားရပါသည်။

''အဲ့ဒီသီချင်းလေးနဲ့ ဒီဆွဲကြိုးလေးကို. . . ကျေးဇူးတင်ရမယ်။ ကျွန်တော်သိတာကလည်း ဒီနှစ်ခုပဲရှိတယ်။ မမက ဆိုပြနေကျမို့ပါ။ ပြီးတော့ ဒီဆွဲကြိုးကို မမကိုယ်တိုင်ဆွဲပေးခဲ့တာလေ။ ဆုံချင်ကြပြန်တော့လည်း အမှတ်တမဲ့ကိစ္စရပ်လေးတွေကပဲ''

ဟုကောင်လေးက ပေါ့တန်တန်စကားလုံးကို သုံးနှုန်းပြီးပြောလိုက်ပေမယ့် သူ့ရင်ထဲမှာတော့ အကြီးကြီးထိရှသွားရပါသည်။

''ကျွန်တော်က ကံကောင်းတယ်လို့ဆိုရမှာပဲ။ ဆန်နဲ့မေမေက ကျွန်တော့်ကိုသိပ်ချစ်ပြီး ဂရုစိုက်ကြတယ်လေ။ မေမေက သိပ်ချစ်ဖို့ကောင်းပါတယ်။ အမေတွေထဲမှာတောင် အကောင်းဆုံးအမေလို့ထင်တယ်။ အဲ့ဒီလိုပဲ ကျွန်တော့်ရင်ထဲမှာ သတ်မှတ်ထားတယ်။ အစ်ကိုမိုင်ဆောင်ရော အမေကိုမြင်ဖူးသလားဟင်''

သူပြန်မဖြေပါ။ သို့သော်. . .

''အမေလိုတော့ သိပ်ခေါ်ဖူးချင်ခဲ့ဖူးတယ်''

''အစ်ကိုမိုင်ဆောင်က ဘာလို့ ဒီကျောင်းကို ရောက်လာရတာလဲ''

''မမှတ်မိဘူး။ ဘာကြောင့်လဲဆိုတော့ အဲ့ဒီတုန်းက ကိုယ်က ရက်သားလေးပဲ ရှိနေသေးတာကိုး''

''ဆောရီး. . . ဝမ်းနည်းစရာတွေ မေးဖြစ်သွားပြီ''

''ဖာရိသာတို့၊ စစ္စတာတို့သာ မရှိခဲ့ရင် ကိုယ်ဟာ မိုင်ဆောင်ဆိုတာ ဖြစ်လာမှာမဟုတ်ဘူး။ နှင်းတွေကြားထဲ အေးအေးချမ်းချမ်းကြီးအချိန်မှာ ပူလောင်နေခဲ့ရတယ်။ ဒါကြောင့် နို့ဆာနေတဲ့ကလေးငယ်တွေကိုတွေ့ရင် ငါ့နှလုံးသားထဲမှာ နာကျင်လာတယ်''

''သိပ်ရက်စက်တာပဲနော်''

''သိပ်ရက်စက်ပါတယ်။ ကိုယ့်ပေါ်မှာ ခြုံပဝါကိုပဲအမွေပေးသွားခဲ့တယ်။ ဘယ်လောက်ငိုငို ဂရုမစိုက်တော့ဘူး။ ဘယ်ဂရုစိုက်ပါတော့

မလဲ။ ငါ့ကိုပစ်ထားခဲ့တော့မှာကိုး''

''အဲ့ဒီလိုအမေမျိုးရော လောကမှာတကယ်ရှိလို့လား''

''ရှိတာပေါ့၊ သိပ်ရှိတာပေါ့''

''သိပ်ရက်စက်တာပဲနော်''

''ဒီ့ထက်ရက်စက်ပါသေးတယ်။ အခြားကလေးကိုခေါ်ယူပြီး ကိုယ့် ရင်ကဖြစ်တဲ့သားလို စောင့်ရှောက်တယ်ဆိုတဲ့အမျိုးသမီးရဲ့အသည်းနှလုံး ကို မင်းသိလား. . . ကောင်လေး''

''ကျွန်တော့်မေမေလိုမျိုးပေါ့။ သိပ်နူးညံ့တဲ့ အသည်းနှလုံးမျိုး လေ''

''တစ်ခါတစ်ရံမှာ သိပ်နူးညံ့ပါတယ်ဆိုတဲ့ နှလုံးသားပိုင်ရှင်တွေ ဟာ အရက်စက်ဆုံးလူတွေ ဖြစ်သွားတတ်ကြတယ်''

ဟုဆိုလိုက်သော မိုင်ဆောင်ရဲ့ ထိရှဆို့နစ်သံက သိမ့်ဝင်အက်ရှ သွားရပါသည်။

♣ ♣ ♣



## အခန်း ( ၃၉ )

''မိုင်ဆောင်''

''ဗြော်. . . ဆရာ''

ခေါ်သံကြောင့် သစ်ပင်ရွက်ခြောက်များကို ပင်ယံမှတစ်ရွက်ချင်း ခွာနေသောသူက လှည့်ကြည့်မိလိုက်စဉ်မှာ မိုးပြာနုရောင်ဂါဝန်လေးနှင့် ဆရာကိုတွေ့လိုက်ရပါသည်။

''နင် အခုတလော ငါ့ကိုရှောင်နေသလိုပဲ''

''ကောင်လေးပြန်သွားပြီမဟုတ်လား''

''အင်း. . . ဒီမနက်ပဲပြန်သွားတယ်။ ကောင်လေးက မေးတယ်။ နင်က ဘယ်လိုလူမျိုးလဲတဲ့''

''အဲ့တော့. . . နင်က ဘာပြန်ပြောလိုက်သလဲ''

''အသိခက်တဲ့လူလို့။ နင်ရင်ထဲကို နားလည်နေပေမယ့်လည်း မသိနိုင်လို့ဘဲ''

"သောကဆိုတာ ဆင့်ပွားမယူကောင်းဘူး"

"နင့်ရဲ့မျက်လုံးတွေဟာ ခံစားချက်ကင်းမဲ့နေသလိုပဲ"

"ငါက အရင်ထဲက ဒီလိုပဲနေတတ်တာပါ"

"အရင်ထက်ပိုပြီး အေးစက်သွားသလိုပဲ"

"ငါ လူတွေကိုမမုန်းချင်ဘူး ဆရီ၊ စိတ်လည်းမနာချင်ဘူး၊ တစ်ပါးသူကိုလည်း သောကမပေးချင်ဘူး။ ငါ အားလုံးကိုနားလည်နိုင်ဖို့ ကြိုးစားနေပါတယ်"

"နင်ငိုလိုက်ပါလား. . . မိုင်ဆောင်။ ဒါမှမဟုတ်ရင်လည်း ရယ်လိုက်ပါလား"

"ငါ့ကိုပွင့်ပွင့်လင်းလင်းပြောလိုက်ပါလား. . . ဆရီ"

"ငါပြောမထွက်ဘူး"

"ငါ နင့်ရဲ့စကားတွေကိုနားလည်ပါတယ်။ ငါ့စိတ်ကို ငါပြင်ဆင်ပြီးပါပြီ။ ငါအခုပဲ တစ်နေရာကိုသွားတော့မလို့။ နင် ကောင်လေးကို ဘာမှာဦးမလဲ"

"ဝမ်းသာလိုက်တာ မိုင်ဆောင်ရယ်။ ဝမ်းသာပါတယ်"

ဆရီရောင်အိုင်ရဲ့ လှိုက်လှိုက်လှဲလှဲအသံအဆုံးမှာတော့ သူက သစ်ရွက်ခြွေများကို တောင်းလေးထဲစုပြုံထည့်ပြီး ခုံပေါ်က တုံးလေးပေါ်တင်ကာ လက်ကိုဆပ်ပြာနှင့်ရေစင်အောင်ဆေးပြီး အိပ်ခန်းထဲသို့တက်လာခဲ့ကာ သန့်စင်သောဝတ်စုံကို စနစ်တကျလဲလှယ်ဝတ်ဆင်ပြီး စက်ဘီးလေးနှင့် ထွက်ခဲ့ပါတော့သည်။

မှန်ပါသည်။ အားလုံးကိုခွင့်လွှတ်ရန်အတွက် အိမ်တစ်အိမ်သို့ ဦးတည်နေခြင်းဖြစ်ပါသည်။ သူ့စိတ်ကူးထဲမှာတော့ သူခွင့်လွှတ်နားလည်လိုက်ရင် အရာအားလုံး သာယာပျော်ရွှင်ဖွယ်အတိနှင့် မိသားစုပေါင်းစည်းကာ ပျော်စရာကမ္ဘာလေးဖြစ်သွားခဲ့မည်ပေါ့။ သို့သော်. . .

♣ ♣ ♣



## အခန်း ( ၄၀ )

"ဗျာ! မိုင်ဆောင်က"

သူအံ့ဩသွားရပါသည်။ ဘယ်တုန်းကမှ တွေးမထားခဲ့ဖူးသည့် စကားစုကြီးမို့ပါ။ သူ နားကြားများလွဲသွားလေရော့သလား၊ ဒါမှမဟုတ်။ ဒါအိပ်မက်လား။ သူနှင့်နည်းတူစွာ ကောင်လေးလည်း အံ့ဩနေရပါသေးသည်။

"မေမေ ပြောမထွက်နေတာပါ။ အဲ့ဒါ မိုင်ဆောင်ကို အိမ်ခေါ်ထားရင်ကောင်းမလားလို့ သားတို့ကိုတိုင်ပင်တာပါ"

ဟုပြောနေသော ဒေါ်ထွေးထွေးလုံ၏စကားလုံးများမှာ ခိုင်မာမှု နည်းပါးလှပါသည်။ သူမကိုမျက်လုံးစိမ်းများနှင့်ကြည့်နေသော လေဆန်၏အကြည့်ကိုလည်းကောင်း၊ အံ့ဩခြင်းများစွာတို့နှင့် ကြည့်နေခဲ့သော လေတံခွန်၏အကြည့်များကိုလည်းကောင်း မဝံ့မရဲဖြစ်နေရပါသည်။

"ဘာပဲဖြစ်ဖြစ် သူကလည်း မေမေ့သားပဲလေ။ အဲ့ဒါကြောင့်ပါ"

ဟု မဝံ့မရဲလေးထွက်ပေါ်လာသော ဒေါ်ထွေးထွေးလုံ၏အသံကို အပြင်ဘက်ဆီမှ နားထောင်နေရတဲ့ မိုင်ဆောင်ရဲ့ရင်ထဲကို အချွန်မြဆုံး ဓားတစ်ချောင်းထိုးစိုက်လိုက်သည့်နှယ် နင့်ခနဲဖြစ်သွားရပါသည်။

"မေမေ့သားဟုတ်လား။ မိုင်ဆောင်က မေမေ့သားဆိုရင် သားက ဘယ်သူလဲ"

ဟု ရုတ်တရက်ကောက်မေးလိုက်တဲ့ လေဆန်ရဲ့စကားလုံးများက အားပြင်းလှတဲ့လက်ပစ်ဗုံးကြီးတစ်လုံးနှယ်။ သူမရင်ထဲ ဆူညံသွားရပါသည်။

"မေမေဖြေလေ။ သားက ဘယ်သူလဲ"

"မေမေ့. . . မေမေ့သားပေါ့"

"မေမေ မလိမ်ပါနဲ့။ မေမေမလိမ်တတ်ပါဘူး။ ပြောပါ, အမှန်အတိုင်းသာပြောပါ။ သားက ဘယ်ကကောင်လဲ။ ဘယ်သူလဲ"

"မဟုတ်ပါဘူး. . . သားရယ်။ သား အဲ့ဒီလိုကြီး မခံစားပါနဲ့။ မဟုတ်ပါဘူး"

"မိုင်ဆောင်နဲ့သားက အသက်အရွယ်တူတွေပါမေမေ၊ သားတို့ ညီအစ်ကိုဆိုရင်လည်း အမြွှာမှဖြစ်မယ်။ ဒါလည်းမဖြစ်နိုင်ဘူး။ ဆေးရုံမှာတည်းက သိတယ်. . . မိုင်ဆောင်နဲ့သားရဲ့ သွေးအမျိုးအစားက တကယ်တခြားစီပဲ။ ပြောပါ။ မေမေသားက ဘယ်သူလဲပြောပါ"

"မဟုတ်ပါဘူး. . . သားရယ်၊ အဲ့ဒီလိုကြီးမတွေးပါနဲ့"

"မေမေ အဲ့ဒီလိုလိမ်နေတာ သားပိုပြီးခံစားရတယ်နော်"

"ပြောပါမယ် သားရယ်။ ဒါပေမဲ့ မပြောခင် သားရင်ထဲ စွဲစွဲမြဲမြဲ မှတ်ထားပေးပါ။ သားဟာ မေမေ့သားပါပဲ၊ အဲ့ဒါဘယ်တော့မှမပြောင်းလဲပါဘူး။ မေမေက သားကိုမမွေးခဲ့ပေမယ့် မွေးခဲ့ရသလိုပါပဲ။ သားကို မေမေသိပ်ချစ်ပါတယ်ဆိုတာ သားမှတ်ထားပေးပါ။ တကယ်တော့ သားက ကိုထူးမြိုင်ရဲ့သားပါ။ ဦးထူးမြိုင်၊ ဒေါ်ထွေးထွေးလုံပါပဲ"





"မေမေ. . . ဗျာ၊ ဟား. . . မေမေ. . . ဗျာ"

သူ့ရင်ထဲ နာကျင်သွားရပါသည်။ ထိုစကားလုံးများက သူ့နားထဲ ကစဥ့်ကလျားဝင်သွားရတာမို့ အဆီအငေါ်မတည့်လှပါ။ တစ်သက်လုံး အမေပါလို့သတ်မှတ်လာခဲ့ပြီးမှ တခြားလူတစ်ယောက်ကြီးပါလို့သိလိုက်ရတဲ့ခံစားချက်ကြီးက သွေးမရှိဘဲ အသက်ရှင်နေရသလို ခန်းခြောက်လှပါသည်။ တရှုံ့ရှုံ့ငိုကြွေးနေသောမေမေ့ကိုလည်း မကြည့်နိုင်တော့သလို သူ့ရင်ထဲမှာလည်း မွန်းကြပ်နောက်ကျိနေလှပါသည်။

"ဘယ်သူမဆို ကိုယ်သွေးလောက်တော့ ဘယ်သူ့ကိုမှ မပိုနိုင်ကြဘူးဘဲ။ မေမေ မရှုပ်ထွေးပါနဲ့။ မေမေ့သား အိမ်ပေါ်ရောက်လာရင် သား ဆင်းပေးမှာပါ"

"အဲ့ဒီလိုမဟုတ်ဘူး,သား။ အဲ့လိုမဟုတ်ပါဘူးသားရယ်။ မေမေဆိုလိုတာက. . ."

"တစ်ခုခုကိုလိုချင်ရင် တစ်ခုခုကိုတော့ စွန့်ကြစမြဲပဲမေမေ။ ဂူတစ်ဂူထဲမှာ ခြင်္သေ့နှစ်ကောင် မအောင်းဘူးဆိုတာကိုလည်း မေမေသိမှာပါ"

ဟုသာ ရင့်ရင့်ကြီးဆိုကာ ချာခနဲလှည့်ထွက်သွားသော သားကြောင့်. . .

"သား. . . သား"

သူမ အော်လိုက်ပေမယ့် သားက အိမ်ဝင်ပေါက်သို့ရောက်နေပါပြီ။ သို့သော် အိမ်အပြင်ဘက်နံရံကိုကျောမှီပြီးရပ်နေသော မိုင်ဆောင်ကို မထင်မှတ်ထားပါဘဲ လေဆန်က တွေ့လိုက်ချိန်မှာတော့. . .

"ဟားကွာ. . . ဘုန်း! "

ဆိုင်ကယ်ကူရှင်ကို ဘုန်းခနဲဒေါသတကြီးထုရိုက်ကာ ဆိုင်ကယ်ကို ဝေါခနဲမောင်းထွက်သွားသော လေဆန်ကြောင့်. . .

"သား. . . သား"

အိမ်ထဲမှအမောတကောပြေးထွက်လာခဲ့သော ဒေါ်ထွေးထွေးလုံ

မှာ သားဇောကြောင့် ဘာကိုမှမမြင်နိုင်ပါ။ မိုင်ဆောင်ရဲ့ရင်ထဲ သိမ့်နေအောင် စူးခနဲခံစားရပါသည်။ သူ့ကိုမမြင်နိုင်လောက်တဲ့ထိ လေဆန်ကိုချစ်သောမေမေကို သူ သိလိုက်ရသောကြောင့်ပင်။ အမှန်တကယ်တော့ သူဟာ အပယ်ခံပါ။

အခုတော့ အဝေးဆုံးကိုရောက်ရှိသွားရသလို ဟာတာတာကြီး ခံစားလိုက်မိ၍ မျက်လုံးထဲမှအရည်ကြီးများက အတားအဆီးမဲ့ ဒရဟော သွန်ကျလာရပါတော့သည်။

"အဲ့ဒီလောက်ထိပဲ လေဆန်ကိုချစ်သလားဟင်"

ဟုသောအသံကြောင့် သူမနောက်ပြန်လှည့်ကြည့်လိုက်စဉ်မှာ မျက်ရည်တွေပြည့်အိုင်ကာ ငုံ့လင့်တကြီးကြည့်နေခဲ့သော မျက်ဝန်းအစုံကြောင့်. . .

"သား"

"အားလုံးကိုနားလည်သွားပါပြီ"

"မဟုတ်ဘူး. . . သားရယ်"

"ကျွန်တော်က လောကကြီးမှာ ပေါ်လာဖို့မသင့်တဲ့လူပါ။ ကျွန်တော့်ကိုခွင့်လွှတ်ပေးပါ"

"မပြောပါနဲ့. . . သားရယ်။ အဲ့ဒီလိုကြီးမပြောပါနဲ့"

"မေမေ. . . အဲ့ဒီလို ကျွန်တော်ခေါ်ပါရစေ။ ကျွန်တော့်ကို သားလို့ ပြန်ထူးပေးပါ။ ဒါပဲ ကျွန်တော် တောင်းဆိုချင်ပါတယ်။ ငယ်ငယ်တည်းက မက်ခဲ့ဖူးတဲ့အိပ်မက်မို့ပါ။ မေမေ"

ထိုခေါ်သံကို သူမနားက ကြားနေရပေမယ့် သူမနှုတ်ဖျားက ထူးသံက ထွက်ပေါ်မလာပါ။ ဘယ်လိုနှလုံးသားမျိုးနှင့်ထူးရမှာလဲ။

"မေမေ"

သူအားပါးတရကြီးခေါ်ပစ်ပါသည်။

"မေမေ"

"သား. . . သားရယ်"





"မေမေ"

သူ လှိုက်လှိုက်လှဲလှဲကြီး နောက်တစ်ကြိမ် ပြန်ခေါ်ပစ်လိုက်သည်။

"ကျေနပ်ပါပြီ။ အဲ့ဒီလိုလေး ခေါ်ခွင့်ရဖူးတာကိုပဲ ကျေနပ်ပါပြီ"

"သားရယ်. . . သား"

"ကျွန်တော် လာနှုတ်ဆက်တာပါ"

"ဟင်!"

"ဒီနေ့လေးကို တစ်သက်လုံးအတွက် အမှတ်တရသိမ်းထားပါ့မယ်။ လေဆန့်ကို ပြန်ခေါ်လိုက်ပါ။ အားလုံးပဲ အေးချမ်းသာယာကြပါစေလို့ ဆန္ဒပြုပါတယ်။ ခွင့်ပြုပါဦးခင်ဗျာ"

"သား"

"မခံစားပါနဲ့၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး။ ကျွန်တော့်ကြောင့် မခံစားပါနဲ့။ လေဆန်နဲ့လေတံခွန်နဲ့အတူ အေးအေးချမ်းချမ်းနေရစ်ပါ"

ဟုဆိုကာ ချာခနဲလှည့်ထွက်သွားသော မိုင်ဆောင်ရဲ့ကျောပြင်က သူမရင်အစုံကို စူးနစ်နေအောင် နာကျင်စေရပါသည်။

သို့သော် သူမခါးလေးကို နောက်နားဘက်ဆီမှ သိုင်းဖက်လာသော လက်တစ်စုံကြောင့်. . .

"သား"

"ဆန့်ပြန်လာမှာပါ မေမေ"

"မေမေ့ကိုမုန်းသွားကြပြီ သားရယ်"

"ဆန်က မေမေ့ကိုမမုန်းပါဘူးမေမေ၊ သိပ်ချစ်ပါတယ်။ ဆန်ပြန်လာမှာပါ။ အစ်ကိုမိုင်ဆောင်လည်း မေမေ့ကိုမမုန်းပါဘူး။ မမကပြောတယ်။ အစ်ကိုမိုင်ဆောင်မှာ အချစ်လည်းမရှိသလို၊ အမုန်းလည်းမရှိဘူးတဲ့"

"ဟင်!"

"အစ်ကိုမိုင်ဆောင်က ဖာရ်သာသိပ်ဖြစ်ချင်တာ။ ဖာရ်သာတွေ

က အပြစ်ရှိလူသားအားလုံးကို ခွင့်လွှတ်နိုင်တယ်တဲ့''

''ဟင်!''

ဒေါ်ထွေးထွေးလုံရဲ့ရင်ထဲကို အသံက ပဲ့တင်ဟပ်သွားရပါတော့သည်။

♣ ♣ ♣



အခန်း ( ၄၁ )

''ငါ မနက်ဖြန်ပဲ သွားတော့မယ် ဆရီ''

ဟုဆိုသောအသံသဲ့သဲ့ကြောင့်. . .

''နင်တကယ်ဆုံးဖြတ်ပြီးသွားပြီလား မိုင်ဆောင်''

''ငါပြန်လာတဲ့အချိန်မှာ နင်သိပ်ပြောင်းလဲနေလောက်ပြီ''

''ထပ်ပြီးစဉ်းစားပါဦးလား''

''ငါမရှိလည်း နင့်ကို ကောင်လေးရော၊ ချွန်ရော၊ လေဆန်ပါ စောင့်ရှောက်ကြမှာပါ''

''ထပ်စဉ်းစားပါဦးလား မိုင်ဆောင်''

''ငါပြင်စရာရှိတာ ပြင်ဆင်လိုက်ဦးမယ်''

ဟုဆိုကာ ထွက်သွားသောကြောင့် သူမမှာ အကြံရခက်စွာပင် ဖာရ်သာရဲ့အဆောင်သို့ ပြေးလာမိခဲ့ပါသည်။

''ဖာရ်သာ. မိုင်ဆောင်ကို မလွှားတော့ဘူးလား''

ဟု သူမက စိုးရိမ်တကြီး ဆိုလိုက်ပေမယ့် ဖာရ်သာကတော့ အေးအေးချမ်းချမ်းပင်။

"ငယ်ငယ်တည်းက ဖာရ်သာရိပ်မိပြီးသားပါ"

"မိုင်ဆောင်ကို တားပါဦးလား ဖာရ်သာ"

"စိတ်ကိုကြည်လင်အောင်ထားပါ ဆရီ၊ လူသားတိုင်းဟာ အေးချမ်းမှုတွေနဲ့နီးစပ်သင့်ပါတယ်။ မိုင်ဆောင်လို့ ဖာရ်သာကိုယ်တိုင် မှည့်ခေါ်ခဲ့တာပဲ၊ သနားစရာကောင်းတဲ့ကလေးကို ဖြူစင်စေချင်လို့ပါ"

သူမရင်ထဲ ဆောက်တည်ရာမဲ့သွားရပါသည်။ သူမ မိုင်ဆောင်ကို ဖာရ်သာမလုပ်စေချင်ပါ။ ဒါကြောင့်ပင် ဆောက်တည်ရာမဲ့စွာ လေဆန်တို့အိမ်သို့ ပြေးလာခဲ့ပြန်ပါသည်။

"အန်တီ. . . အန်တီ"

တိတ်ဆိတ်နေသောဧည့်ခန်းထဲမှာ တကြော်ကြော်အော်ခေါ်နေမိပါသည်။ ဒါကို မီးဖိုခန်းထဲချက်ပြုတ်နေသော အိမ်အကူဒေါ်သိုးက ကြားသွားကာ. . .

"ဘာအလိုရှိလို့လဲ မိန်းကလေး"

"အန်တီရော"

"နေမကောင်းလို့ အိပ်ရာထဲ ခဏလှဲနေတယ်"

"ဆရီ. . . အန်တီနဲ့အရေးတကြီးတွေ့ချင်လို့ပါ"

ဆရီဆိုသောနာမ်စားကြောင့် ဒေါ်သိုးမှာ သဘောပေါက်သွားရကာ. . .

"ခဏနော်"

ဟုဆိုကာ အပေါ်ထပ်သို့တက်သွားပြီး ခေတ္တမျှအကြာတွင် ဒေါ်သိုးနှင့်အတူ ဒေါ်ထွေးထွေးလုံပါ ပါလာရပါသည်။ သူမ, ဒေါ်ထွေးထွေးလုံကိုလည်း မြင်လိုက်ရော. . .

"အန်တီ"

"ပြော,သမီး"





"မိုင်ဆောင်. . . မိုင်ဆောင်"

"သား. . . သား ဘာဖြစ်လို့လဲ"

"မိုင်ဆောင်. . . သူ, သူ. . . ဖာရ်သာ တကယ်ပဲ ဖာရ်သာလုပ်တော့မယ် အန်တီ"

သို့သော် ပြောင်းလဲခြင်းမရှိတဲ့ ဒေါ်ထွေးထွေးလုံရဲ့မျက်လုံးများကြောင့် သူမ ပို၍ရင်နာရပါသည်။

"အန်တီ"

"သားကြီး အိမ်ပြန်မလာတာ ငါးရက်ရှိသွားပြီ"

"ရှင်! "

"သားငယ်နဲ့တွေ့ရင် သူ, သမီးကိုပြောပြပါလိမ့်မယ်။ အန်တီ့ကိုယ်တောင် မသိနိုင် နားမလည်နိုင်တော့တဲ့အခြေအနေမှာ ဘာကိုမှ မပြောနိုင်တော့ဘူး"

"အန်တီ"

"ဘဝအငှားဆိုတာ သမီးကြားဖူးသလား"

"ရှင်! "

"လူတစ်ယောက်ဟာ အသက်ရှင်သန်နေရပါတယ်ဆိုပေမယ့် တခြားလူရဲ့နာမည်နဲ့ တခြားလူရဲ့ဘဝထဲမှာ တခြားလူတစ်ယောက်သွင်ပြင်နဲ့ အသက်ရှင်နေရပါတယ်ဆိုရင် သမီးယုံမလား"

"ရှင်! "

"ယုံနိုင်စရာမကောင်းပါဘူး။ ဒါပေမဲ့ ဆင်းရဲလွန်းတဲ့မိသားစုက ပေါက်ဖွားလာရသူတွေကျတော့ အခြေအနေအကြောင်းကြောင်းကြောင့် ဒီလိုဘဝမျိုးမှာ ရှင်သန်ကြရတယ်။ အန်တီ ဒီနေ့ထိအသက်ရှင်ခဲ့တာလေဆန်ရှိနေခဲ့လို့ပါ။ ဒါကြောင့်လည်း ဂျာဝိုင်ကိုမေ့ပြီး ထွေးထွေးလုံ အဖြစ် အပြီးအပိုင်ရပ်တည်ခဲ့တာပေါ့"

"အန်တီ"

"ဂျာဝိုင်က သိပ်ဆင်းရဲတယ်သမီး။ ဒါပေမဲ့ ဂျာဝိုင်က လှတယ်။

အဲ့တော့ သူဌေးထူးမြိုင်က ကြိုက်တာပေါ့။ အောင်းအောင်က ရွှေတူးသွားရင်း ကျင်းပိလို့လည်းဆုံးရော၊ ဆင်းရဲတဲ့ဂျာငိုင်ရဲ့မိဘတွေကို ငွေနဲ့ကိုင်ပေါက်ပြီး ဂျာငိုင်ရဲ့ဘဝကိုဝယ်လိုက်တယ်။ သိပ်ဆိုးလွန်းတာက အပိုလူခေါ်မလာရဘူးဆိုတဲ့ စည်းကမ်းချက်ကြီးပဲ၊ သိပ်စိတ်နာခဲ့ရတယ်။ ကိုယ့်ရင်သွေးကိုပစ်ပြီး တခြားလူရဲ့ရင်သွေးကို နွေးနွေးထွေးထွေးကြီး ဘယ်လိုကြိုဆိုရမှာတဲ့လဲ၊ အငြိုးနဲ့လက်ထပ်ခဲ့ရပါတယ်ဆိုပေမယ့်လည်း သားငယ်ကိုစွန့်ပယ်ခဲ့တဲ့ဂျာငိုင်က အမြဲတမ်းငိုနေတဲ့ကလေးငယ်ကို သိပ်ချစ်မိသွားခဲ့တယ်။ သူကလည်း မိခင်စိတ်ကြီးနဲ့ကိုး။ အခု ဂျာငိုင်ရင်ထဲမှာ နောင်တရနေပါတယ်။ သူဌေးထူးမြိုင် သေသွားတော့ရော သားအရင်းကို ဘာကြောင့်မရှာဖွေခဲ့သလဲလို့။ ပိုနေမြဲကျားနေမြဲက သာလျှင် အကောင်းဆုံးပါလို့ တွေးမိလိုက်တော့ မိုင်ဆောင်ဆုံးဖြတ်တာ မှန်ပါတယ်လို့ယူဆလိုက်တယ်။ ရင်ထဲမှာနာနေပေမယ့် သူမှန်ပါတယ် ဆရီ၊ သူမှန်ပါတယ်''

''အန်တီ''

သူမအံ့ဩလွန်း၍ ဘာစကားမှမဆိုနိုင်တော့ပါ။ သူမဦးခေါင်းတစ်ခုလုံးမှာလည်း ကူကယ်ရာမဲ့ ရှုပ်ထွေး မွှန်းကြပ်နေရပါသည်။ ဒါကြောင့် သူမ နောက်ဆုံးမှာတော့ လေဆန်ရှိနေနိုင်မည့် M2 သို့ရောက်လာဖြစ်ခဲ့ပါသည်။ ထိုအခါမှာတော့ ကျူထိုးနေသောလေဆန်ကိုအဆင်သင့်ပင် တွေ့လိုက်ရပါသည်။

''လေဆန်''

''ဩော်. . . ဆရီ, ဘာကိစ္စလဲ။ ဒီနေရာကြီးထိ''

''မိုင်ဆောင်လေ''

''ငါမသိချင်ဘူး''

''သူထွက်သွားတော့မယ်''

''ဘာ! ''

ထင်မှတ်မထားတဲ့စကားလုံးများကြောင့် သူအံ့ဩသွားရပါသည်။





အခုဂလာက်ဆို သူတို့အိမ်ကို မိုင်ဆောင်က ပြောင်းရွှေ့လာပြီး ပျော်နေလောက်ပြီဟု သူတွေးထားမိခဲ့တာပါ။

သူအံ့ဩသွားမိပေမယ့်လည်း မအံ့ဩဟန်ဆောင်ကာ ခနဲ့ပြုံးလေးနှင့်တုံ့ပြန်ပြီး ကျူတံနှင့်ကျူလုံးများကိုပင် ထိုးချပစ်လိုက်သေး။ လေဆန်ရဲ့အေးစက်စက်အပြုအမူတွေကို ဆရီ သည်းမခံနိုင်တော့ပါ။ ဒါကြောင့်ပင် လေဆန်လက်ထဲမှ ကျူတံကိုဆွဲလုပစ်ကာ ကျူလုံးများကြား ထိုးမွှေပစ်လိုက်သည်။

''ဆရီ. . . နင် ဒါဘာလုပ်တာလဲ''

''အဲ့ဒါအားလုံး နင့်ကြောင့်လေ။ နင်ဘာမှတာဝန်မယူတော့ဘူးလား။ အဲ့ဒါ အားလုံးနင့်ကြောင့် သိရဲ့လား။ နင်လူမဆန်လို့ မိုင်ဆောင်ကိုလက်မခံလို့ မိုင်ဆောင် ဒီလိုလုပ်သွားတာ နင့်ကြောင့်။ သိရဲ့လား''

''ဘာ! ''

''နင်ဟာ လူကောင်းဟန်ဆောင်နေတဲ့ငမိုက်သားပဲ။ နင့်ကြောင့် အန်ဘီ အိပ်ရာထဲလဲနေပြီ။ နင့်ကြောင့် အခု မိုင်ဆောင် အဝေးဆုံးကိုသွားပြီး ဖာရိသာဖြစ်ဖို့ကြိုးစားတော့မယ်။ နင်ကတော့ ဒီမှာ ကျူလုံးတွေနဲ့ပျော်ရွှင်နိုင်သေးတယ်။ နင် တကယ်တစ်ကိုယ်ကောင်းဆန်တာပဲလား။ ဟမ်း. . . နင်ဟာ ချွန်ထက်ပိုကြောက်စရာကောင်းတဲ့ အတ္တသမားကြီးပဲ။ နင်ရူးနေပြီ လေဆန်။ နင်ဟာ ခံစားနားလည်မှုမရှိတဲ့အတ္တသမားကြီးပဲ။ နင်ရူးနေပြီ။ ငပေါကြီး. . . လေဆန်။ နင်အရူး''

မကျေနပ်မှုတွေအားလုံးက လေဆန်ထံ စုပြုံသွားရပါသည်။

''ဆရီ, နင်သိပ်လွန်နေပြီ။ ငါ နင့်ကိုချစ်မိလို့ ခွင့်လွှတ်နေတာနော်''

''ဘာ! ''

''နင်ပြန်တော့ ဆရီ''

''နင်လိုက်ခဲ့ပါ လေဆန်''

''မလိုက်ဘူး။ နင်ပြန်တော့ ဆရီ''

"နင်လိုက်ခဲ့ရမယ်. . . လေဆန်"

ဟု သူမက ရဲရဲဝံ့ဝံ့ကြီးဆိုကာ လေဆန်ရဲ့အင်္ကျီစကို ဆွဲလိုက်သည်တွင် လေဆန်၏စိတ်ထဲမှာ တစ်မျိုးတစ်မည်ကြီးဖြစ်သွားရကာ အင်္ကျီကိုဆွဲကိုင်ထားသော သူမ၏လက်ကို ဖျတ်ခနဲဆွဲကိုင်ပစ်လိုက်ပါသည်။ သူမ လန့်သွားလိုက်ပေမယ့် အချိန်မမီတော့ပါ။ မှန်ပါသည်။ လေဆန်၏ရင်ခွင်ကျယ်ကြီးထဲမှာ သိုင်းဖက်ထားခြင်း ခံလိုက်ရတာမို့ သူမခန္ဓာကိုယ်သေးသေးလေးမှာ ပျောက်ကွယ်လုလုပင်။

"လေဆန်. . . နင်ဘာလုပ်တာလဲ"

သို့သော် လေဆန်ကပြန်မဖြေပါ။

"လေဆန်. . . ငါ့ကိုအခုလွှတ်စမ်း"

သို့သော် ပို၍တင်းကြပ်လာသောလက်များကြောင့် သူမမှာ ရုန်းလိုက်မိပါသည်။ သို့သော် အားခြင်းမမျှတာကြောင့် သူမစိတ်ရှုပ်ထွေးသွားရခိုက်၊ သူမခန္ဓာကိုယ်လေးမှာ အချုပ်အနှောင်ထဲမှ ရုတ်ချည်းလွတ်မြောက်သွားရပြန်ပါသည်။ မှန်ပါသည်။ လေဆန်ရဲ့လက်နှစ်ဖက်ကို အားနှင့်ဆွဲဖယ်ခံလိုက်ရသောကြောင့်ပါ။

"ဟင်. . . ချွန်"

"ခွပ်! ခွပ်! ခွပ်! "

မီးဝင်းဝင်းတောက်နေသောမျက်လုံးရိုင်းများကြောင့် လေဆန်မှာ နောင်တရချိန်ပင် မရလိုက်ပါ။

"သစ္စာမရှိတဲ့အကောင်၊ မင်းနဲ့ငါ ဒီနေ့ကစပြီး ပြတ်ပြီ. . . ဟောကောင်"

"ဆောရီး. . . ချွန်"

"ငါမရှိတဲ့ဒီတစ်လအတွင်း ဘာတွေဖြစ်ပျက်ခဲ့သလဲတော့ ငါ မသိဘူး။ လူတွေအားလုံးထက် မင်းက အကောင်းဆုံးလို့ ငါယူဆထားတာ တက်တက်စင်လွဲမှားသွားတာပဲ"

"ဆောရီး. . . ချွန်"





"တော်ပြီ. . . ဟေ့ကောင်၊ ငါ သူ့ကိုဘယ်လောက်ထိချစ်သလဲဆိုတာ မင်းသိတယ်။ မင်းမို့ကွာ. . . တောက်! ဒီမှာ ဟေ့ကောင်။ မင်းလိုဆောရီးတစ်လုံးကိုသုံးကြစတမ်းဆိုရင် ဒေါ်အိမ်နူးကိုသတ်ပစ်ပြီး ဆောရီးလုပ်ပြီးနေတာကြာပြီ။ သစ္စာမရှိတဲ့ကောင်"

ဟု ဒေါသတကြီးနှင့် လဲကျနေသောလေဆန်ကို ဆွဲထိုးမယ်ကြံခိုက်

"တော်ကြပါတော့. . . တော်ပြီ"

ဟုဆိုကာ စိတ်ပျက်သောမျက်လုံးများနှင့် သူတို့နှစ်ယောက်ကို ကြည့်ကာ ချာခနဲလှည့်ထွက်သွားသော ဆရိုရောင်အိုင်ကြောင့် ချွန်မှာ အမောတကောပြေးလိုက်သွားခဲ့ပါသည်။

"ဆရို. . . ဆရို"

သို့သော် ဆရိုက သူ့ကိုလှည့်မကြည့်ပါ။

"ငါ မင်းကိုဘယ်လောက်ထိလွမ်းနေသလဲ မင်းသိလား"

"သေလိုက်, သွားသေလိုက်"

"မင်းကို ငါသိပ်ချစ်တာ။ လုံးဝကိုမခွဲနိုင်တော့ဘူး"

"နင်ရူးနေသလား,ချွန်၊ နင့်ကို ငါမချစ်နိုင်ဘူး။ ငါ့မှာချစ်ရမယ့် သူရှိပြီးသားပါလို့ နင့်ကိုဘယ်နှခါပြောရမှာလဲ"

ထိုစကားလုံးအဆုံးမှာတော့ သူမကို စိုက်ကြည့်နေသောသူက သူမရဲ့လက်ကောက်ဝတ်ကို ဆတ်ခနဲဖမ်းကိုင်ပစ်လိုက်သည်။ သူမ ကားထဲရောက်နေပါတယ်ဆိုတာကိုပဲ နောက်ဆုံးသိလိုက်ရတာပါ။

♣ ♣ ♣



## အခန်း ( ၄၂ )

သူမသတိရလာသောအချိန်မှာတော့ သူဟာ သန့်ရှင်းဖြူစင်ပြီး ကျယ်ပြောလှတဲ့အခန်းဖြူဖြူကြီးထဲသို့ ရောက်ရှိနေခဲ့ရပါသည်။ သူမ ဘယ်ရောက်နေခဲ့တာလဲဆိုတာ ရုတ်တရက်မတွေးတတ်နိုင်အောင်ဖြစ် သွားပြီးမှ တစ်ခုခုကိုသတိရလိုက်၍ အိပ်ရာထက်မှ ငေါက်ခနဲထထိုင် ဖစ်လိုက်သည်။ သည့်တွင် ကိုယ်ခန္ဓာပေါ်မှ အကျီပွယောင်းယောင်းများ ကြောင့် သူမမျက်နှာမှာ မီးမြိုက်ခံထားရသလို နီမြန်း ပူထူသွားရပါတော့ သည်။

"နိုးနေပြီလား"

ဟုဆိုကာ ဗန်းကလေးမပြီး အခန်းထဲသို့ဝင်လာသောချွန်ကြောင့် သူမမှာ ဆတ်ခနဲတုန်ယင်သွားရပါသည်။

"မင်းအားနည်းနေတယ်တဲ့၊ ဆရာဝန်က ပြောတယ်။ အများကြီး အနားယူဖို့လိုလိမ့်မယ်တဲ့"

"အခုဘယ်ရောက်နေတာလဲ"

"ငါပိုင်တဲ့အိမ်တွေထဲက တစ်အိမ်ပေါ့"

"ချွန်. . . နင်မိုက်ရိုင်းလှချည်လား"

"အမှန်တကယ်တော့ အဲ့ဒီလိုကြီးမရည်ရွယ်ခဲ့ပါဘူး"

"ဖြန်း! "

သူ့ပါးပြင်တစ်ဖက်မှာ နီရဲရဲကြီး စပ်ဖျဉ်းဖျဉ်းဖြစ်သွားရပါသည်။ အရိုက်ခံရဖို့အတွက်ပဲ သူမအနားကိုသွားလိုက်မိသလိုလို. . .

"ဆရီ"

"အရိုင်းအစိုင်းကောင်"

ဟုဆိုကာ ရတ်ချည်းပင် ခုတင်ပေါ်မှ ထရပ်လိုက်တော့ သူမ ခေါင်းထဲ မိုက်ခနဲပြာဝေသွားရကာ ပြန်ပြီးထိုင်ချလိုက်မိပါသည်။

"မင်းအားနည်းနေတယ် ဆရီရောင်အိုင်။ ဆရာဝန်ပြောတာက တော့ သောကကြီးကြီးကို သယ်ပိုးထားရပုံရတယ်တဲ့၊ မင်းအနားယူမှဖြစ်မယ်"

သူ့အသံမှာ တိုးလျပြီး သိမ်ငယ်နေပါသည်။ သို့သော် ဆရီရောင်အိုင်ရဲ့မျက်ဝန်းတွေကတော့ ခါးသက်ဆဲပင်။

"မင်းအနားယူဖို့အတွက် ဒီကိုခေါ်လာတာပါ။ မင်းမနှစ်သက်သည်ဖြစ်စေ၊ နှစ်သက်သည်ဖြစ်စေ ဒီမှာအနားယူရပါလိမ့်မယ်"

"နင့်အကြံ ဒါအကုန်ပဲလား၊ချွန်"

နာနာကျင်ကျင်ကြီးပြောလိုက်သည့်တွင် ချွန့်သဘောပေါက်သွားရပါသည်။

"ငါ မင်းကိုသိပ်ချစ်ပါတယ် ဆရီ၊ ငါ့အသက်ထက်ပိုပြီးချစ်တယ်။ ငါ့တစ်သက်မှာ မိန်းကလေးတစ်ယောက်အပေါ် အဲ့ဒီလောက်ထိချစ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှထင်မှတ်မထားခဲ့ဖူးဘူး။ ငါကိုယ်တိုင်ကလည်း ကိုယ့်ကိုယ်ကိုအံ့သြမိပါတယ်။ ငါ မင်းကိုချစ်နေပါလားလို့ သိလိုက်ချိန်မှာ မင်းကိုတော်တော်ကြီးချစ်မိနေပါပြီ၊ နှုတ်မရတော့ဘူး။





ငါ့အချစ်ကိုလက်ခံပေးပါ ဆရီ"

ဟုဆိုကာ ဆရီရဲ့ဘေးကြမ်းပြင်ပေါ် ဒူးထောက်ထိုင်ချပစ်ပါသည်။

"ငါက ရိုင်းစိုင်းတတ်ပေမယ့် မင်းကိုတော့ သိပ်မြတ်နိုးတန်ဖိုးထားပါတယ် ဆရီ၊ တကယ်တော့ မင်းနဲ့ငါက မင်းထင်နေသလို ဘာမှမဖြစ်ခဲ့ပါဘူး။ အိပ်ပျော်နေတဲ့မင်းကို ငါမထိမတို့ရက်တဲ့ထိ မင်းကို ငါမြတ်နိုးမိတာပါ"

ဟုဆိုပြီး ဆရီ့မျက်နှာလေးကို မြတ်မြတ်နိုးနိုးလေး မျှော်ငေးကြည့်နေမိပါသည်။

"မင်းကိုသိပ်ချစ်တယ် ဆရီ"

"ငါကတော့ နင့်ကိုသိပ်မုန်းတယ်,ချွန်။ ခါးခါးသီးသီးမုန်းတယ်"

"အဲ့ဒီစကားကြီးကိုမပြောပါနဲ့လား။ ငါ့ရင်ထဲမှာ စူးစူးကြီးနာကျင်ရလို့ပါ"

"ငါ့ကိုပြန်ပို့ပါ,ချွန်။ ငါပြန်ချင်တယ်"

"မင်းရဲ့ဆန္ဒကိုလိုက်လျောချင်ပေမယ့် အဲ့ဒီလိုမလုပ်နိုင်ဘူး။ ငါတစ်သက်လုံး နောင်တရ ရလိမ့်မယ်"

"ဘာ! "

"အခုဆို ငါနဲ့အတူ မင်းပျောက်နေတာ တစ်ညရှိသွားပြီ၊ နောက်နှစ်ညတာဆိုရင် မင်းကိုငါပိုင်သွားပြီ"

'ဘာ! "

"ငါ့ရင်ခွင်ထဲမှာနေပြီးမှပဲ ငါ့ကိုမုန်းနေပါ။ မင်းကို ဒီရင်ခွင်ထဲမှာပဲထားပြီး မင်းပြန်ချစ်လာမယ့်နေ့ကိုစောင့်မယ်"

"သွားသေလိုက်,ချွန်။ နင့်ကိုငါ အခုတောင် သတ်ပစ်ချင်လောက်အောင်မုန်းနေပြီ"

"မင်းသတ်ပစ်မယ်ဆိုရင် ငါက ဆယ်ခါလား၊ အခါတစ်ရာလား သေပေးလိုက်မယ်။ ဒါပေမဲ့ ငါစိတ်ပူတာက ငါ့မိသားစုဝင်တွေက မင်းကို ဒဏ်ခတ်ကြမှာကိုပါ။ ငါ မင်းကိုသိပ်ချစ်တယ် ဆရီ"

"မပြောနဲ့၊ မပြောနဲ့။ အဲ့ဒီစကားတွေကိုမုန်းတယ်"

"အားလုံးသောလူတွေဟာ မင်းက ငါ့ဇနီးဖြစ်သွားပြီလို့သတ်မှတ်ပြီးလောက်ရောပေါ့။ မင်းကိုကုတဲ့ဆရာဝန်ကအစလေ"

"ဘာ! "

"ငါ့ကိုလက်ထပ်ပါ ဆရီ"

"ဘာ! "

"ငါ့ဘဝကို မင်းကြိုက်သလို ချယ်လှယ် လှည့်ပြောင်းပစ်လို့ရတယ်။ မင်း ငါ့ရင်ခွင်ထဲမှာရှိနေရင်ပဲ တော်ပါပြီ။ မင်းကိုသိပ်ချစ်လို့ပါ ဆရီ"

"အဲ့ဒီစကားလုံးတွေနဲ့ နင်ငါ့ကိုသတ်ပစ်တာပဲ,ချွန်"

"ကြိုက်သလိုထင်ပါ။ ငါ့ရင်ခွင်ထဲမှာ မင်းရောက်နေရင်ပဲ ငါကျေနပ်ပြီ။ ငါ့အချစ်က အတ္တရှိပေမယ့် အဲ့ဒီအတ္တက မင်းတည်ဆောက်မွှမ်းမံလို့ရတဲ့ကမ္ဘာပါ"

"နင့်ကိုငါဘာမှပြန်မလုပ်ခင် နင်အပြင်ထွက်သွားတော့,ချွန်"

"ဆန်ပြုတ်သောက်လိုက်ပါဦး ဆရီ၊ ဒါမှ အားပြန်ပြည့်လာလိမ့်မယ်"

"နင်ထွက်သွားပါ"

"ဆန်ပြုတ်သောက်လိုက်ပါဦး, ဆရီ"

ဟုဆိုကာ သူမထံသို့ အငွေ့တထောင်းထောင်းထနေသော ဆန်ပြုတ်ခွက်ကိုလှမ်းပေးလိုက်သည်တွင် သူမက ထိုဆန်ပြုတ်ခွက်ကြီးကိုတော့ လှမ်းယူလိုက်ပါသည်။ သို့သော် လုံးဝမထင်မှတ်ထားသောလုပ်ရပ်ကို ဆရီက လုပ်ပစ်လိုက်ပါသည်။ သူ့မျက်နှာပြင်မှာ ပူခနဲအတွေ့ကြောင့် ကိုယ်ခန္ဓာတစ်ခုလုံး ဆတ်ခနဲတုန်ယင်သွားရပါသည်။ မှန်ပါသည်။ သူ့မျက်နှာတစ်ခုလုံး ဆန်ပြုတ်တွေ ပေကျံသွားရပါ၏။

"မှတ်ထား,ချွန်"

"ကျေနပ်သွားပြီလား ဆရီ"





ဟု နာကျင်ပူရှိန်းနေပေမယ့်လည်း ဟန်ဆောင်ကာ ပြောလိုက်မိပါသည်။

"မင်းလက်ထဲမှာ ခွက်ကြီးရှိနေသေးတာပဲ။ ငါ့ခေါင်းကိုရိုက်ခွဲပစ်နိုင်သေးတယ်။ မင်းစိတ်သက်သာမယ်ဆိုရင် ငါ့အသားကိုတောင်မင်း, ဓားနဲ့ဖြည်းဖြည်းချင်း မွှန်းလိုက်. . . ဆရီ၊ ရတယ်။ မင်းကိုငါပိုင်ဆိုင်ရတယ်ဆိုရင်ပဲ ငါကျေနပ်တယ်။ မင်းက ငါ့ရင်ခွင်ထဲမှာရှိနေတယ်ဆိုရင်ပဲ ငါကျေနပ်တယ်"

"နင်အရူး။ နင်ရူးနေပြီ။ အဲ့ဒီလောက်ပူလောင်နေတဲ့အရာတွေကို မျက်နှာပေါ်က ဘာကြောင့်မဖယ်ပစ်သေးတာလဲ"

"အဲ့ဒီပန်းကန်ကြီးနဲ့ ငါ့ခေါင်းကိုထုလိုက်ပါ ဆရီ၊ ထုလေ"

သူမထံ တဖြည်းဖြည်းတိုးကပ်လာခဲ့သော သူ့မျက်နှာကြီးကြောင့် သူမမှာ လန့်လည်းလန့်သွားရကာ ပန်းကန်ကြီးကိုလွှတ်ချပစ်ပါတော့သည်။

"ခလွမ်! "

ပန်းကန်ကျကွဲသံကြားမှ သူက ရပ်တန့်သွားရပါသည်။

"အစ်ကိုလေး"

အခန်းအပြင်ဘက်မှ အခြားလူတွေရှိနေကြပါလားဆိုတာ သူမအခုမှသိလိုက်တာပါ။

"ငါ့ကို အဲ့လောက်ထိမကြောက်ပါနဲ့။ မင်းမကြည်ဖြူရင် မင်းရဲ့ပါးကိုတောင် ငါမနမ်းရက်ပါဘူး။ မင်းအနားယူလိုက်ဦးနော်"

ဟုဆိုကာ ထရပ်လိုက်တော့ သူ့ရင်ထဲ တစ်မျိုးတစ်မည်ကြီးခံစားရပါသည်။

"မသေး"

"ရှင်. . . အစ်ကိုလေး"

ဟုပြန်ထူးသံနှင့်အတူ မိန်းကလေးတစ်ယောက် ဝင်လာပါသည်။

"သိမ်းစရာရှိတာ သိမ်းလိုက်ပါ"

''ဟင်! အစ်ကိုလေး''

မသေးမှာ ဆန်ပြုတ်များ ပေကျံနေသော ချွန့်မျက်နှာကြောင့် တုန်လှုပ်သွားရပါသည်။

''အစ်ကိုလေး''

''ရတယ်။ ငါက သိပ်ကိစ္စမရှိဘူး။ ဒါတွေကိုသာ သိမ်းလိုက်ပါ။ ဖန်စအမှုန်အမွှားတွေကို သေချာကောက်။ သူ စူးမိလို့တော့ မင်းသေမယ်''

ဟုပင် ကြိမ်းဝါးသွားသေးတာကြောင့် မသေးမှာ အံ့ဩနေရပါသည်။ အစ်ကိုလေးက သိပ်ချမ်ပါလျက်နဲ့ အစ်ကိုလေးအပေါ် သိပ်ရက်စက်လွန်းသည့် ထိုအစ်မလေးကိုပဲ မကျေမနပ်လေးဖြစ်သွားရပါသည်။ သို့သော် အရှင်သခင်ဖြစ်သော အစ်ကိုလေးရဲ့အမြတ်နိုးရဆုံးသော မဟေသီလေးမို့ ထိုမိန်းကလေးရဲ့နှုတ်က ထွေလာမယ့်စကားလုံးတိုင်းက သူမအတွက် အရေးကြီးလှပါသည်။

မသေးက အစ်ကိုလေးမှာခဲ့သည့်အတိုင်း သန့်ရှင်းအောင် သိမ်းဆည်းနေမိရင်းမှ ကယောင်ချောက်ချားဖြစ်နေသော ခုတင်ထက်မှာ ပုံ့ပုံ့လေးထိုင်နေတဲ့ အစ်မလှလှလေးကို မဝံ့မရဲလေးကြည့်ပြီး. . .

''မနေ့က အစ်မလေးကိုပွေ့ချီပြီး အစ်ကိုလေးရောက်လာတယ်။ အစ်မလေးက တစ်ချိန်လုံး မနိုးလာလို့ တစ်ညလုံး အစ်ကိုလေး ထိုင်စောင့်နေခဲ့တာ။ အစ်မလေးရဲ့အင်္ကျီကို မိသေးလျှော်ပြီး မီးပူတိုက်ထားတယ်။ အစ်ကိုလေးခိုင်းလို့ မိသေး အစ်မလေးကို အင်္ကျီလဲထားပေးတာပါ''

ဟုဖြေရှင်းနေသော ထိုမိန်းကလေးစကားက သူမရင်ထဲ နာကျင်စေပါသည်။ သူမရင်ထဲမှ ကယောင်ချောက်ချားနဲ့ နေထိုင်မကောင်းဖြစ်နေရတာပါ။ သူမရဲ့ဘဝမှာ မည်သူတစ်ဦးတစ်ယောက်ကိုမှ အခုလို ရိုင်းရိုင်းကြီး နာကျင်အောင် မလုပ်ဖူးခဲ့၍ သူမကြောက်လန့်နေရတာပါ။ သူမရင်ထဲမှာ ဆောက်တည်ရာမဲ့စွာ လေးလေးပင်ပင်ကြီးခံစားနေရပါ





သည်။

''ဒါ ဘယ်နေရာကိုရောက်နေတာလဲ''

''ဒါ လိမ္မော်ခြံပါ. . . အစ်မလေး''

''မြို့နဲ့တော်တော်ဝေးသလား''

''မိုင်နှစ်ဆယ်လောက်တော့ဝေးမယ်''

''ငါ ပြန်ချင်တယ်. . . မသေး။ ကူညီပါလား''

''အစ်ကိုလေးက မမလေးကိုသိပ်ချစ်ပုံရတယ်။ အဲ့ဒီတစ်ခုကလွဲရင် မိသေး အကုန်လုပ်ပေးနိုင်ပါတယ်။ မမလေးကို တစ်ခုတော့ပြောပါရစေ။ အစ်ကိုလေးမသိဘဲ ထွက်ပြေးဖို့မကြိုးစားပါနဲ့။ ဒီခြံထဲမှာ အမဲလိုက်ခွေး သုံးကောင်ရှိတယ်။ မိသေး စိတ်ပူလို့ပါ''

ဟုပြောလိုက်သောထိုစကားက သူမကို ချောက်ကမ်းပါးနက်ကြီးထဲသို့ တွန်းချပစ်လိုက်သလိုပင်။ ထိုနေ့ညကက သူမထွက်ပြေးဖို့အကြိမ်ကြိမ်တွေးမိပေမယ့် အထပ်ထပ်မြင်ယောင်မိနေတဲ့ကောင်လေးရဲ့မျက်နှာကြောင့် သူမအသက်ဆက်ရှင်သန်ချင်သေးတာမို့ ကျိတ်မှိတ်ကာ ငြိမ်သက်နေခဲ့ရပါသည်။

သို့သော် လုံးဝထင်မှတ်မထားခဲ့တာက နောက်တစ်နေ့နံနက်မှာ ကောင်လေးနှင့်လေဆန် သူမရှိရာနေရာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့ကြခြင်းပဲဖြစ်ပါသည်။ သူမက အံ့ဩသွားရသလို ဝမ်းသာသွားရပေမယ့် ချွန့်ရဲ့ကြိုဆိုမှုက အကျည်းတန်လွန်းလှပါသည်။

''ချွန်. . . မင်း ဒီလိုကြီးတော့ မလုပ်သင့်ဘူး''

ဟု ရောက်ရောက်ချင်းပင် လေဆန်က ပြစ်တင်စကားဆိုလိုက်သည့်တွင် ဘီယာခွက်ကို ဖိမ်ခံကာ တဖြည်းဖြည်းချင်းမော့နေသော ချွန်က ခနဲ့ပြုံးလေးပြုံးလိုက်ပြီ. . .

''ဒီနေရာကိုလာဖို့ ငါ မင်းကိုမဖိတ်ခေါ်ထားဘူး လေဆန်''

''မင်း ဘာကြောင့် ငါ့ကိုအဲ့ဒီလိုကြီးကြည့်နေတာလဲ''

''မင်းရင်ထဲမှာ လောင်မြိုက်နေရောပေါ့။ အခု ဆရိကို ငါပိုင်

သွားပြီလေ''

''ချွန်''

ဒေါသတကြီးနှင့် ကောင်လေးရဲ့အသံက ခန်းမတစ်ခုလုံးဟိန်း၍ ညံထွက်လာပါသည်။

''ဟား. . . ဟား. . . မင်းကလည်း ကင်းမြီးကောက်ကလေးပဲ။ မင်းတို့ညီအစ်ကိုကို ငါအထင်မသေးရဲတော့ပါဘူး''

''ဘာ. . .''

''ခွပ်! ခွပ်! ''

ကောင်လေးရဲ့လက်သီးချက်များကို ချွန်က လုံးဝမထင်မှတ်ထား ခဲ့၍ ယိုင်နဲ့သွားရပါသည်။

''မင်းရဲ့စကားလုံးတွေက သိပ်စော်ကားလွန်းတယ်,ချွန်။ ငါနဲ့ ဆရီကို မင်းသမုတ်ချင်သလို သမုတ်လို့ရတယ်။ မောင်နှမနှစ်ယောက် ကို သမုတ်ရင်တော့ မင်းအကြီးအကျယ်မှားတာပဲ,ချွန်။ ဒါကြောင့် ကောင် လေးက မင်းကိုကြိုက်သလောက်ထိုးပစေဦးတော့ ငါဘယ်တော့မှဝင်တား မှာမဟုတ်ဘူး''

''ဘာ! ဘယ်လို''

''ကောင်လေး''

ဟုခေါ်သံလာရာဆီသို့ သူတို့သုံးယောက်လုံး လှည့်ကြည့်လိုက် စဉ်မှာ ဂါဝန်ဖားဖားလေးကိုမ,ကာ လှေကားတိုင်းဆင်းလာသောဆရီ ကြောင့်

''မမ''

''ကောင်လေး''

''မမကိုစိတ်ပူလို့ လိုက်ရှာနေတာ နှံ့နေပြီ။ မမ ဘာမှမဖြစ်ပါ ဘူးနော်''

''မိုင်ဆောင်. . . သူ. . . သူ''

''အစ်ကိုမိုင်ဆောင်လည်း မမကိုစိတ်ပူနေတယ်။ ဒါပေမဲ့ နား





မလည်နိုင်ဘူး''

''ဘာ. . . ဘာဖြစ်လို့လဲ''

''အစ်ကိုက ဒီနေ့ပဲ ခရီးထွက်တော့မလို့တဲ့''

''ဘာ! ''

တအံ့တသြဖြစ်သွားတဲ့သူမအသံကြောင့် အားလုံးမှာ စိတ်ဝင်စား သွားရပါသည်။ အံ့သြသွားတဲ့ သူမရဲ့မျက်ဝန်းအိမ်ကျယ်ကြီးထဲမှ မျက် ရည်ဥတို့က အတားအဆီးမဲ့ သွန်ကျလာခဲ့ရပါသည်။

''မမ ဘာဖြစ်လို့လဲ''

''သေချာရဲ့လား. . . ကောင်လေး''

''မမကိုနှုတ်ဆက်သွားပါတယ်လို့တောင် ပြောခိုင်းလိုက်ပြီး ဒီ ပဝါလေး ပေးသွားတယ်''

ဟုဆိုကာ ကောင်လေးက တစ်စုံတစ်ခုကိုလှမ်းပေးလိုက်သည် တွင် သူမက တုန်တုန်ယင်ယင်လှမ်းယူလိုက်ပြီး ချွန့်ကို နာနာကျင်ကျင် ကြီးစိုက်ကြည့်သွားသော ထိုမျက်လုံးများကြောင့် ချွန့်ရင်ထဲ နာကျင်သွား ရပါသည်။

သူမရှိတဲ့ ဒီကာလခဏလေးအတွင်းမှာ ဘာတွေက ဘယ်လို ဖြစ်ပျက်ခဲ့သလဲဆိုတာကို သူလုံးဝနားမလည်နိုင်လောက်အောင်ပါဘဲ။ သိပ်ကိုရင်းနှီးကျွမ်းဝင်နေကြသော ဆရီနှင့်ကောင်လေး၏အကြည့်။ ပြီး တော့ သိပ်ကိုရင်းနှီးကြပုံပေါ်သည့် လေဆန်နှင့် ဆရီရဲ့မျက်လုံးများ။ ပြီးတော့ မိုင်ဆောင်ကရော ဘယ်ကိုထွက်သွားမှာမို့ ဆရီက ဒီလောက် ကြီး ထိရှနာကျင်သွားရတာပါလိမ့်။

သူလုံးဝမနားမလည်နိုင်လောက်အောင်ပါဘဲ။ သူနှင့်လေဆန်က ထွက်ခွာသွားသောဆိုင်ကယ်လေးကို မျက်စိတစ်ဆုံးငေးမောနေကြသည် မှာ သေးသေးလေးမြင်ရသည်ထိပါပဲ။

♣ ♣ ♣



## အခန်း ( ၈ )

ဘီယာခွက်ကိုကိုင်ထားပေမယ့်လည်း သူ့မသောက်ဖြစ်သေးပါ။ သောက်ဖို့မေ့လျော့နေခြင်းဖြစ်ပါသည်။ လေဆန်ပြောပြောသမျှသော အကြောင်းအရာများက ပြဇာတ်တစ်ပုဒ်ကိုကြည့်နေရသလို အကွက်ကျလွန်းလှပါသည်။

ဟုတ်ရဲ့လား။ ဒါအမှန်ပဲလားဆိုတာမျိုးကြီးကို တွေးမိသည်ထိ မယုံနိုင်ဖြစ်သွားရပါသည်။ သူ၊ လေဆန့်ကိုယုံပါသည်။ လေဆန်ဟာ သူ့ကို ဘယ်တော့မှကောက်ကျစ်သည့်လူမျိုးမဟုတ်လို့ပါဘဲ။

"ငါ လုံးဝထင်မထားခဲ့ဘူးလေဆန်. . . ဆောရီးကွာ။ ငါမှားသွားတယ်။ ကောင်လေးကိုဘယ်လိုတောင်းပန်ပြီး ဆရီကို ဘယ်လိုမျက်နှာပြရမှန်းတောင် မသိတော့ပါဘူး"

"ကောင်လေးက မင်းကိုခင်ပါတယ်ကွာ။ သက်တမ်းက နည်းတော့တာမှမဟုတ်တာ။ မင်းစကားကို ရုတ်တရက်စိတ်ဆိုးသွားလို့ပါ"

''ဒါပေမဲ့. . . ငါ မင်းကိုမကျေနပ်ဘူး,လေဆန်''

''ဘာလဲ''

''မင်း, ဆရီကိုဘာပြောလိုက်သလဲဆိုတာ ငါပီပီသသကြီးကြားလိုက်တယ်''

''တစ်ခါတစ်ရံမှာ အနက်ရှိုက်ဆုံးခံစားချက်တွေက မထင်မှတ်ဘဲ စကားလုံးအဖြစ် ထွက်လာခဲ့တတ်ကြတယ်''

''ဟော့ကောင်. . . ငါ မင်းကိုဆွဲထိုးမှာနော်''

''ဆရီ ငါ့ကိုမကြိုက်ဘူးဆိုတာ ငါသိနေတာပဲ။ ငါ့ရဲ့ခံစားချက်က မင်းလိုကြီး မညီပါဘူး။ စိတ်မပူပါနဲ့။ မင်းနဲ့ဖြစ်အောင်ပဲ ငါက ကူညီမှာပါ။ ဘာမှမပူနဲ့။ မင်းနဲ့အတူ နှစ်ညလောက်ပျောက်သွားပြီးပြီပဲ။ မင်းပစ္စည်းပေါ့''

''ငါနဲ့ဆရီက အဲ့ဒီလောက်ထိ ခရီးမပေါက်ခဲ့ပါဘူး''

''ညံ့လှချည်လား။ မင်းကို အဲ့လောက်ထိ လက်နှေးလိမ့်မယ်လို့ ငါထင်မထားခဲ့ဘူး''

''ငါပြောင်းလဲသွားတယ်၊ အံ့ဩစရာပဲ၊ ဆရီရဲ့အကြည့်အောက်မှာ ငါသတ္တိနည်းသွားခဲ့တယ်။ အိပ်ပျော်နေတဲ့ဆရီက ငါ့စိတ်ကိုနူးညံ့သိမ်မွေ့သွားအောင် ချုပ်ကိုင်နိုင်တယ်၊ ဒီမှာစမ်းကြည့်လိုက်စမ်း လေဆန်။ ဆရီကို ငါချစ်နေတဲ့အကြောင်း မင်းပါ ခံစားနားလည်သွားရလိမ့်မယ်''

''အိုဗာဖြစ်လွန်းနေတယ်လို့ ငါမစွပ်စွဲတော့ပါဘူးကွာ။ မင်းမျက်လုံးကို ငါမြင်နေရလို့''

''နေစမ်းပါဦး, မိုင်ဆောင်က ဘယ်ကို ဘာကိစ္စနဲ့သွားမှာမို့ ဆရီက ဝမ်းနည်းနေရတာလဲ''

''ငါလည်း တိတိကျကျမသိဘူး။ ဒါပေမဲ့ ငါသိတာတစ်ခုတော့ရှိတယ်။ မိုင်ဆောင်က ဖာရိသာလုပ်တော့မယ်တဲ့''

''ဘာ!''

''ငါလည်း အံ့ဩတယ်၊ ငါတို့လိုသူငယ်ချင်းတွေနဲ့ အခုလိုပေါင်း





မိပြီး လွတ်လပ်ပျော်ရွှင်စွာနေရမယ့်အချိန်မှာ သူမို့ ဒီလိုစိတ်မျိုးမွေးနိုင်တယ်''

''သူက အေးအေးဆေးဆေးနေတတ်တဲ့လူပဲ။ အကြောင်းရင်းတော့ရှိမှာပါ''

''မင်း, မိုင်ဆောင်ကိုဘယ်လိုမြင်သလဲ,ချွန်''

''အေးဆေးတဲ့လူပဲ။ သူက ဖာရိသာဖြစ်သင့်ပါတယ်။ ဒါပေမဲ့ သူ့မျက်လုံးတွေက ခံစားချက်ကင်းမဲ့နေသလိုပဲ။ ဖျော့တော့တော့နဲ့''

''ပြီးတော့ မိုင်ဆောင်ရဲ့မျက်ဝန်းထဲမှာ ငါတစ်ခုခုကိုမြင်နေတယ်''

''ဘာလဲ''

''အခြားလူတွေကိုကြည့်တဲ့အကြည့်ထက် ငါ့ကိုကြည့်တဲ့အကြည့်တွေထဲမှာ အမုန်းတရားတစ်ခုခုကို သိုဝှက်မြှုပ်နှံထားသလိုပဲ''

''မင်းစိတ်ထင်လို့နေမှာပါကွာ''

''အဲ့ဒီလိုပဲဖြစ်စေချင်ပါတယ်''

''ငါ မင်းကို ထူးဆန်းတဲ့ရေစက်ကနေ ရေအိုင်ကြီးဖြစ်သွားရတဲ့အကြောင်းပြောပြရဦးမယ်''

''ဘာလဲ''

''ဆည်းဆာပျိုလေ''

''အဲ့တော့''

''သူနဲ့ငါထပ်ဆုံတယ်။ ဘွားဘွားရဲ့အိမ်နီးချင်းလေ။ ဘွားဘွားနဲ့သိပ်ခင်ကြတာ''

''ကံဇာတာတွေ မြင့်တက်နေပါလား,ချွန်''

''တောက်တဲ့မလေး။ ကြည့်လိုက်တော့ ခပ်အေးအေးထဲကလိုလိုနဲ့။ သေချာပေါင်းကြည့်လိုက်တော့ တော်တော်ဂျီကျတာကွ။ ငါ့မှာ သူ့ရည်းစားကြီးကျနေတာပဲ''

''မဆိုးပါဘူးကွ။ ဆည်းဆာပျိုက ချစ်စရာလေးပါ''

''ငါ့ရင်ထဲမှာ ဆရီပဲရှိတယ်. . . ဆရီရောင်အိုင်တဲ့။ အဲ့ဒီငတိမ

ဆည်းဆာပျို့၊ ဘွားဘွားက အားနာလို့ အရေးပေးတိုင်း ငါ့ကိုစွက်ကိုလာရှုပ်နေတယ်။ အခုလည်း ငါနဲ့အတူပါလာတယ်။ တကယ့်တောက်တဲ့မပဲ''

''မင်းကိုကြွေနေလို့ နေမှာပေါ့''

''တော်ပါပြီကွာ။ မြွေပွေးရဲ့ကျောရိုးအလယ်ခေါင်တည့်တည့်ကိုပဲ တက်နင်းလိုက်တော့မယ်။ ဒါမှမသေသေးရင်လည်း ကျားဟိုဟာနှိုက်မယ်ကွာ''

''ဟား. . . ဟား. . . ဟား. . . မင်းကတော့ တကယ်ပဲကွာ''

အခုကျပြန်တော့လည်း သူတို့ကြား ဘာအဖုအထစ်မှရှိမထားခဲ့ကြသလိုပင်။ သူငယ်ချင်းနှစ်ယောက်မှာ ရယ်ပွဲဖွဲ့ပြောဆိုနိုင်ကြပြန်ပါပြီ။

♣ ♣ ♣



## အခန်း ( ၄၄ )

မိုင်ဆောင်ကို သူမ နောက်ဆုံးအကြိမ်လေးပင် ဆုံခွင့်မရခဲ့ပါ။ သူမရင်ထဲ နာကျင်သွားရခြင်းနှင့်အတူ ဝမ်းနည်းခြင်းများက မျက်ဝန်းအိမ်မှတစ်ဆင့် ပြည့်အိုင်လျှံထွက်နေရပါသည်။ ဘယ်သူ့ကိုမှလည်း ရင်ဖွင့်ခွင့်မရတာကြောင့် ကျိတ်မှိတ်ခံစားနေရင်းမှ နှလုံးသားတစ်ခုလုံးနာကျင်လာရသည်နှင့်အမျှ ချွန်ကို တိုး၍ပိုမုန်းမိသွားပါသည်။

ချွန်ရဲ့ဖွတ်တရွတ်ဆန်မှုကြောင့်သာမဟုတ်ရင် မိုင်ဆောင်ကိုမသွားဖို့လည်း တားမြစ်နိုင်သေးသလို၊ တားမရ၍သွားခဲ့မယ်ဆိုရင်တောင်နောက်ဆုံးအကြိမ်နှုတ်ဆက်ခွင့်လေးတော့ သူမမှာ အနည်းဆုံးအခွင့်အရေးရှိနိုင်ပါသေးသည်။ အခုတော့ မိုင်ဆောင် ဘယ်လိုပုံမျိုးနှင့် ဒီမြစ်ကြီးနားက ထွက်သွားသလဲဆိုတာကို သူမ,မသိရတော့ပါ။

ဘာအင်္ကျီ၊ ဘာပုဆိုးနှင့် ဘာအိတ်ကိုလွယ်သွားခဲ့သလဲဆိုတာ သူမ,မမြင်လိုက်ရတော့ပါ။ အားလုံးထဲမှာ သူမအနာကျင်ရဆုံးက သူမ

ရဲ့အိပ်ခန်းစားပွဲပေါ်မှာ ပန်းအိုးလေးနှင့် ဖိညှပ်ထားခဲ့တဲ့စာလေးတစ်စောင်ကြောင့်ပါပဲ။ ထိုစာကို သူမဖတ်မိလိုက်တဲ့အကြိမ်တိုင်းမှာ မျက်ရည်ဥကြီးများ အလုံးလိုက်အရင်းလိုက် တရဟောသွန်ကျလာရပါသည်။

'ဆရီ

ဒီနာမည်လေးကို ငါသိပ်နှစ်သက်ခဲ့ရဖူးပါတယ်။ နာမည်လေးနဲ့ သိပ်လိုက်ဖက်တဲ့ဆရီဟာ ငါ့ဘဝမှ အတွယ်တာရဆုံးပါလို့ ငါဖွင့်ဟဝန်ခံသွားခဲ့ပါတယ်။ ငါ ဖာရိသာတကယ်လုပ်တော့မယ်လို့ပြောရင် နင်တားလိမ့်မယ်လို့ ငါထင်ထားခဲ့တာ။ ငါ ကြေကွဲဝမ်းနည်းရပါတယ် ဆရီရယ်။ ငါ့ဘဝက ဝမ်းနည်းခြင်းတွေနဲ့ပဲ တစ်သက်တာလုံး ယှဉ်တွဲနေထိုင်လာခဲ့ရတာပါ။ ငါ လူတွေကို စိတ်မနာချင်ဘူး ဆရီရယ်။ အားလုံးငါနားလည်ခွင့်လွှတ်ချင်တယ်။ ဒါ့ကြောင့် ငါ ဖာရိသာလုပ်ဖို့ ဆုံးဖြတ်လိုက်တာပဲ။ ဒီစာကို နင်ဖတ်လိမ့်မယ်လို့ယုံကြည်ပြီး ရေးထားခဲ့တာပါ။ ဒီစာကို နင်ဖတ်နေရချိန်မှာ ငါဟာ ရန်ကုန်မှာလည်း ရောက်နေနိုင်သလို၊ နိုင်ငံခြားကိုလည်း ရောက်နေနိုင်ပါတယ်။ ငါ၊ နင့်ကိုမျှော်နေခဲ့တယ် ဆရီ၊ လေဆန်က ငါ့ကိုပြောတော့ ငါမယုံနိုင်ခဲ့ဘူး။ ချွန်ကို သိပ်မုန်းနေတဲ့နင်က ချွန့်နားမှာ ဘယ်လိုမှနေမှာမဟုတ်ဘူး။ ပြေးလာလိမ့်မယ်လို့ ထင်နေခဲ့တာ။ လောကမှာ မထင်မှတ်ထားတာတွေချည်းသာ ဖြစ်လာတတ်တယ်ဆိုတာ ငါ့အတွက်ပြောထားတာထင်တယ်။ အားလုံးကြားမှာ ခလုတ်တစ်ခုဖြစ်နေခဲ့တဲ့ငါက အခုတော့ အဝေးဆုံးကိုထွက်သွားပါပြီ။ လေဆန်ကိုလည်း ဖျောင်းဖျပေးပါ ဆရီ။ သူတို့ရဲ့မိသားစုအသိုက်အမြုံလေးက ငါ့ကြောင့်မပျက်စီးစေချင်ဘူး။ ငါက သုညပါ။ သုည ဘယ်နှလုံးထပ်တိုးတိုး ရာပြည့်ကိန်းဖြစ်မလာနိုင်ပါဘူး။ သုညဟာ သုညပါပဲ။ ငါ နင့်ကိုနှုတ်ဆက်သွားပါတယ် ဆရီ။ ငါ့လိုသုညထက်စာရင် အခုနင့်ဘေးက ရာပြည့်ကိန်းတွေအများကြီးမို့ နင်အဆင်ပြေလိမ့်မယ်လို့ ငါထင်တယ်။ ချွန်က နင့်ကိုသိပ်ချစ်ပါတယ်။ နင် ချွန်နဲ့အတူ





သာယာပျော်ရွှင်နိုင်ပါစေလို့ ငါဆန္ဒပြုလိုက်တယ်။ နောင်တစ်ချိန် ငါ ဖာရိသာအဖြစ်နဲ့ပြန်လာရင် နင့်ကို သာယာချမ်းမြေ့မှုအပြည့်နဲ့ တွေ့ရလိမ့်မယ်လို့မျှော်လင့်လျက်. . .

မိုင်ဆောင်'

ထိုစာအရ မိုင်ဆောင်ရဲ့ရင်ထဲမှာ ဘယ်လောက်ထိ ထိရှခံစားနေရမယ်ဆိုတာ သူမခံစားနားလည်လိုက်ရပါသည်။ မိုင်ဆောင်ကို နှစ်သိမ့်ဖို့ မပြောနဲ့ တွေ့ခွင့်ပင်မရလိုက်သည့်အတွက် သူမမှာလည်း ယူကျုံးမရခံစားရတာပါဘဲ။ သို့သော်လည်း အချိန်တွေက ကျော်လွန်သွားခဲ့ပြီမို့ မျက်ရည်မှတစ်ပါး အခြားအဖော်မရှိတော့။

"ဆရီ"

ခေါ်သံကြောင့် မိုင်ဆောင်များလားဟု ထင်မှတ်ကာလှည့်ကြည့်လိုက်သည်တွင် လေဆန်ကိုမမျှော်လင့်ဘဲ တွေ့လိုက်ရပါသည်။ လေဆန်က သူမ၏အခြားတစ်ဖက်မှာ ခုံတန်းလေးဆီမှာ သူမနှင့်ခပ်လှမ်းလှမ်းလေး ဝင်ထိုင်လိုက်ပြီး. . .

"မေမေ နေမကောင်းဘူး"

"ဟင်! "

"သူတော်တော်ထိရှနေတယ်ဆိုတာ ငါသိနေတယ်။ ကောင်လေးကို နင်နဲ့အတူပေးနေမယ်လို့ ရောက်တတ်ရာရာပြောနေတယ်။ သွေးဆိုတဲ့အရာမျိုးကို ငါနားလည်လိုက်ပြီ. . . ဆရီ၊ မေမေဘာဖြစ်လို့ အဲ့ဒီလိုပြောသလဲသိလား။ သူဝဋ်လည်တာပဲလို့ တွေးနေလို့လေ"

"အန်တီ့ကိုအထင်မလွဲပါနဲ့ လေဆန်။ အန်တီက နင့်ကို သားအရင်းလိုချစ်တာပါ။ ဒါကြောင့်လည်း နင်ဟာ ဘယ်သူဘယ်ဝါဆိုတာမျိုးကို ပြောမထွက်ခဲ့တာပေါ့"

"နင်သိသလား ဆရီ၊ တစ်သက်လုံးက မိခင်ရင်းပါလို့သတ်မှတ်ထားခဲ့ရာမှ တခြားလူတစ်ယောက်ရဲ့အမေပါလို့ ရုတ်တရက်သိလိုက်ရ

တဲ့ခံစားချက်ကို နင်သိသလား''

''ကိုယ့်အမေရင်းက ကိုယ့်ကိုတခြားလူထင်ပြီး ခပ်နှိမ်နှိမ်ဆက်ဆံခြင်းခံရတဲ့ခံစားချက်ကိုလည်း နင်မသိပါဘူး လေဆန်။ အန်တီ ဘာကြောင့် အဲ့ဒီလောက်ထိ ဝမ်းနည်းနေရတာလည်းဆိုတာ ငါသိနေတယ် လေဆန်။ အန်တီက မိဘမဲ့တွေဆိုပြီး မတူမတန်ပြောခဲ့ဖူးလို့ဘဲ။ မိုင်ဆောင်ရဲ့ရင်ထဲက ခံစားချက်ကို နင်မသိပါဘူး။ မိုင်ဆောင်က လောကမှာ အကောင်းဆုံးလူပါ။ ရင်ထဲမှာ ထိရှပြင်းထန်နေတာတောင် ဟန်ဆောင်ပြုံးနဲ့ ဘာမှမဖြစ်သလို တခြားလူကို ဖေးမနိုင်သေးတယ်။ မိုင်ဆောင်ကသာလျှင် အကောင်းဆုံးလူပါ။ ဒါပေမဲ့ သူဘာဖြစ်လို့ ငါ့ရင်ထဲကို မမြင်နိုင်ရတာလဲမသိဘူး''

ဟုဆိုကာ မျက်ရည်များက ပိုးပိုးပေါက်ပေါက်ကျလာပြန်၍ မိုင်ဆောင်နှင့်ဆရီကြားက သံယောဇဉ်ကို လေဆန်က လန့်သွားမိပါသည်။

''နင်ဝမ်းမနည်းပါနဲ့ ဆရီ။ ဘာဖြစ်လို့လဲဆိုတော့ မိုင်ဆောင်က သာယာချမ်းမြေ့မှုတွေဆီ သွားနေတာပါ။ အခုချိန်မှာ နင့်ရဲ့အနာဂတ်ကိုပဲ နင်စဉ်းစားသင့်တယ်''

''ငါ့အနာဂတ်''

''နင်နဲ့ချွန်က အတူပျောက်သွားဖူးတယ်လေ''

''ဘာလဲ။ နင်က ငါ့သိက္ခာကိုမယုံဘူးလား''

''အဲ့လိုမဟုတ်ပါဘူး။ နင်က မိန်းကလေးလေ။ နင်ပြန်စဉ်းစားသင့်တယ်''

''ငါတို့က ဘာဖြစ်နေလို့ ဘာကိုစဉ်းစားရမှာလဲ။ အဓိပ္ပာယ်မရှိတာတွေ ငါမကြားချင်ဘူး လေဆန်''

''မမ. . . ချွန့်ကိုလက်ထပ်လိုက်ပါ''

ဟုဆိုကာ ထပ်မံထွက်ပေါ်လာသောအသံကြောင့် သူမ လှမ်းကြည့်မိလိုက်တော့ ကောင်လေးကိုတွေ့လိုက်ရပါသည်။

''ချွန်က ဒီလောက်ကြီးဆိုးသွမ်းတဲ့လူမဟုတ်ပါဘူး မမ။ မမ





ချွန်ကိုလက်ထပ်လိုက်ပါ''

''ကောင်လေး''

''ဖြစ်သင့်တာကို စဉ်းစားကြည့်လိုက်ပါမမ''

''ကောင်လေး''

''မမပြောချင်တာကိုသိပါတယ်။ ဒါပေမဲ့. . . အခုချိန်မှာ ဒီလိုပဲဖြစ်သင့်ပါတယ်။ ချွန်ရဲ့စိတ်ကိုသိပါတယ်။ ချွန်က မမကိုအရူးအမူးချစ်နေတာ။ ချွန်က ဖြစ်ချင်တာကိုလုပ်တတ်တဲ့လူစားမျိုးပဲ။ နောက်နောင် ဘာတွေဘယ်လိုဆက်ဖြစ်မလဲဆိုတာ စဉ်းစားနေကြမယ့်အတူတူ ကိုယ်က ဖန်တီးပြင်ဆင်လိုက်တာ အကောင်းဆုံးပဲ''

သူမမှာ ချေပပြောဆိုစရာစကားလုံးက မရှိတော့ပါ။ ကောင်လေးရဲ့စကားလုံးတွေက မှန်ကန်လွန်းလှပါသည်။ သို့သော် တစ်ဖက်သတ်ဆန်လွန်းလှနေပြန်ပါ၏။ သူမရဲ့ခံစားချက်ကို မငဲ့ကွက်ဘဲ ပြောချင်ရာသာ ပြောလာသောကောင်လေးကို သူမစိတ်ဆိုးသွားမိပေမယ့် မဆိုးရက်ပြန်ပါ။

ဒါကြောင့် ထပ်မံထွက်ပေါ်လာမယ့်စကားလုံးတွေကို မကြားဝံ့တော့၍ ခန်းမထဲမှ အပြေးတစ်ပိုင်း ထွက်ခဲ့ပါတော့သည်။ ဒီအချိန်မှာ တမ်းတမိတာက သူမကို အမြဲတမ်းနှစ်သိမ့်ဖျောင်းဖျပေးခဲ့တဲ့ မိုင်ဆောင်ရဲ့ အကြင်နာမျက်ဝန်းတစ်စုံပါပဲ။ သို့သော်လည်း မိုင်ဆောင်က သူမကို ကျောခိုင်းသွားခဲ့ပြီလေ။

''မင်းက အဲ့ဒီလိုပြောလိုက်တော့ သူက အစ်မပို့ ဝမ်းနည်းသွားပြီထင်တယ်''

ဟု ဆရီရဲ့နောက်ကျောလေးကိုကြည့်ပြီး လေဆန်က ပြောလိုက်ပါသည်။

''ညီက အငယ်ပါ။ ဒါပေမဲ့ မမကိုစိုးရိမ်တယ်။ ချွန်က ကောင်းတဲ့လူပါ''

''ဒါကြောင့် သဘောတူနေတာပေါ့''

''အစ်ကိုမိုင်ဆောင်က ဘယ်လိုလူမျိုးလဲဆိုတာ ညီမသိဘူး။ ဒါပေမဲ့ ချွန်နဲ့ဆန်ကိုတော့ ကောင်းကောင်းအလွတ်ရပါတယ်''

''ဆရီကို ဥပမာ, ချွန်မဟုတ်ဘဲနဲ့ ငါနဲ့ဆိုရင်ရော''

''ဗျာ!''

ကောင်လေး အမှန်တကယ်အံ့သြသွားရတာပါ။ ဒါအမှန်ပဲလား။ နောက်နေတာလားဟု သံသယနှင့် ဆန်ရဲ့မျက်ဝန်းမှာ အဖြေရှာနေမိလိုက်သည်။ ဆန်ရဲ့မျက်ဝန်းက တည်ကြည်ပြီး ခိုင်မာနေတာမို့ တကယ်ပဲ အတွေးရကြပ်သွားရပါသည်။

''ဆန်''

''အမှန်တော့ ဆရီကို ငါလည်းကြိုက်တာပဲ။ ဒါပေမဲ့ စိတ်မပူပါနဲ့။ ချွန်က ငါ့သူငယ်ချင်းပါ။ ဘာမဟုတ်တဲ့ ဒီကိစ္စလေးနဲ့ကတော့ နှစ်တွေအများကြီးခင်မင်လာကြတဲ့သံယောဇဉ်ကို မဖြတ်ပစ်ပါဘူး။ ချွန်ရဲ့မျက်လုံးထဲမှာ အချစ်ကလွဲရင် ဘာမှမမြင်နိုင်တော့တာကိုသိပါတယ်။ ချွန်က ဆရီကို တကယ်မြတ်မြတ်နိုးနိုးနဲ့ချစ်နေတာပါ။ နို့မဟုတ်ရင် ဆရီရဲ့ဘဝကို သူချိုးပြီးနေပြီ။ ချွန်ကိုက ခန့်မှန်းရလွယ်ကူပါတယ်။ မိုင်ဆောင်ကသာ. . .''

''အဲ့ဒီအကြောင်းကြီးကို ချွန်သိရဲ့လား,ဆန်''

ထိုအခါမှာတော့ လေဆန်က အဝေးသို့ ရှည်ရှည်မျှော်မျှော်ကြီး ငေးကြည့်လိုက်ပြီး. . .

''ချွန်က မိထွေးတွေကိုဆို သိပ်မုန်းတာ။ ငါတို့မေမေကို မိထွေးအဖြစ် မမြင်စေချင်ဘူး။ တမင်တကာ ထိန်ချန်ထားတာပါ။ ပြောမပြတတ်ဘူး။ ချွန်သိစရာလည်း မလိုအပ်ဖူးထင်လို့ပါ။ ဒါက မိသားစုကိစ္စပဲ''

''ညီတို့ အစ်ကိုမိုင်ဆောင်အပေါ် မတရားဘူးလို့ခံစားနေတယ်''

''တရားတယ်၊ မတရားဘူးဆိုတာကို အခုချိန်မှာ မတွေးချင်ဘူး။ မေမေဟာ ငါတို့မေမေပဲ။ အမြဲတမ်း ဒီလိုပဲတွေးထားချင်တယ်။ တခြား





အကြောင်းအရာကိုတွေးမိလိုက်ရင် ရင်ထဲမှာခံရဆိုးလွန်းလို့''

''ဒါပေမဲ့. . . မေမေဝမ်းနည်းနေတယ်,ဆန်''

''ခဏပါပဲ။ ငါတို့အရင်လိုပြန်နေကြရင် သူပြန်ပျော်လာမှာပါ''

''ဆန်, အစ်ကိုမိုင်ဆောင်ကို ထပ်စဉ်းစားဖို့မပြောလိုက်ဘူးလား''

''ကောင်လေး. . . ဒီတစ်ခုလေးကတော့ ငါ့ကိုအတ္တကြီးခွင့်ပေးပါ။ အတ္တကြီးချင်တယ်။ မိုင်ဆောင်က သူညပဲ။ သူညမှာပဲ နေရတာကိစ္စမရှိဘူး။ ငါတို့ရှေ့က ရာပြည့်ကိန်းကြီးပျောက်သွားရင် ငါတို့ ဘယ်လိုဆက်ရှင်သန်ကြမှာလဲ။ အကယ်၍ အိမ်ကို မိုင်ဆောင်ရောက်လာခဲ့ရင် သားအရင်းမဟုတ်တဲ့ မင်းနဲ့ငါက ဘာဖြစ်သွားမလဲ။ တစ်သက်လုံးသနားစရာမိဘမဲ့ကျောင်းမှာနေလာခဲ့ရတဲ့ သားအရင်းက ဘာဖြစ်လာမလဲ။ အဲ့ဒီအချိန် အဲ့ဒီအခြေအနေကို မြင်ကြည့်လိုက်။ မင်းခံစားနိုင်လို့လား''

ဟု လေဆန်က အကွက်ကျကျဖြင့် ပြောလိုက်ပြန်တော့လည်း ကောင်လေးခမျာ ငြိမ်ကျသွားရပြန်ပါသည်။

♣ ♣ ♣



## အခန်း ( ၄၅ )

''ဆရီရောင်အိုင်ဆိုတာ. . . မင်းလား''

ဟူသောအသံရင့်ရင့်ကြောင့် ပန်းပင်တွေ မြေဆွနေတဲ့ ဆရီက မော့ကြည့်လိုက်စဉ်မှာ အနီရင့်ရောင်သန်းနေသော မျက်နှာတစ်ခုနှင့် အမျိုးသမီးကြီးကိုတွေ့လိုက်ရပါသည်။ သူမသိသလောက်တော့ သူမရဲ့ အသိထဲမှာ ထိုမျက်နှာမျိုးမရှိတာ လုံးဝသေချာလှပါသည်။

''ဟုတ်ပါတယ်ရှင်''

''မဆိုးပါဘူး။ ရုပ်ရည်တင်မကဘူး၊ မျက်လုံးနဲ့ အသံအနေအထား ကအစ တစ်ဖက်လူ ကြွေလောက်စရာလေးပဲ''

ထိုအမျိုးသမီးရဲ့စကားလုံးများကို ရုတ်တရက်မို့ သူမနားမလည်ပါ။

''မင်းက ကချင်မလေးနော်''

အောက်တန်းကျလှသောမျက်ဝန်းမျိုးနှင့် သူ့ကိုရင့်ရင့်ကြီးကြည့်

ကာ ပြောလာပြန်ပါသည်။

''မင်းက သိပ်အစွမ်းထက်ပါလား။ ခေါင်ကိုမှ အပိုင်ကိုင်လိုက်နိုင်တာကိုး''

''အန်တီ ဘာတွေပြောနေတာလဲ''

''မင်းကို ချွန်က ဒေါ်အိမ်နူးအကြောင်း ပြောမပြဘူးလား''

ချွန်ဆိုသောအမည်နာမကြောင့် ရုတ်တရက် ဒေါသဖြစ်သွားရကာ. . .

''ချွန်နဲ့ဆရီကြားမှာ အဲ့လောက်ရင်းနှီးမှုကြီး ရှိမနေကြဘူး''

''မင်းက အဲ့ဒီလိုပဲ ရင်းနှီးမှုမရှိတဲ့ယောကျ်ားလေးနောက် ညအိပ်ညနေ လိုက်နေကျလား''

''ဒေါ်အိမ်နူး''

ထိုသို့ခေါ်သံကြီးက ဟိန်း၍စီးမိုးသွားရပါသည်။ ဒေါ်အိမ်နူးမှာ လန့်သွားရကာ နောက်ပြန်လှည့်ကြည့်လိုက်တော့ မီးဝင်းဝင်းတောက်နေသည့်မျက်ဝန်းများနှင့် ချွန်ကိုတွေ့လိုက်ရပါသည်။

''ခင်ဗျား ဘာကိစ္စနဲ့ဒီကိုလာတာလဲဆိုတာ ကျွန်တော်သိဖို့မလိုတဲ့အတွက် ထပ်ပြီးစစ်မနေတော့ဘူး။ ခင်ဗျား သိထားပါ။ ကျွန်တော့်ကိစ္စတွေက ခင်ဗျားနဲ့မဆိုင်ဘူး။ ခင်ဗျား ဝင်မပါနဲ့''

''ချွန်. . . မင်းနဲ့ငါက တစ်အိမ်ထဲမှာ အတူတူနေကြတာ၊ ဘာကြောင့် မဆိုင်ရမှာလဲ။ အမြင်မတော်တာရှိရင်တော့ ငါကိုယ်တိုင် ဝင်ပါသင့်ရင်လည်း ပါရမှာပဲ''

''ခင်ဗျား ဖဲရှုံးထားလို့ ငွေလိုပြန်ပြီလား''

''ငါက စေတနာနဲ့ဝင်ပြောနေတာ''

''ခင်ဗျားရဲ့စေတနာက ပိုက်ဆံပဲမဟုတ်လား။ ရတယ်။ အိမ်ပြန်တော့။ အိမ်ရောက်မှပေးမယ်။ ခင်ဗျားသိထား. . . ဒေါ်အိမ်နူး။ ဒါကျွန်တော်ဆိုတဲ့ ချွန်လက်ထပ်မယ့်မိန်းကလေးပဲ၊ ခင်ဗျားရဲ့အသုံးအနှုန်းတွေကို ပြင်ဆင်ပြောဆိုပါ။ ခင်ဗျားပြန်တော့။ နောက်လည်း ဒီကိုလာ





စရာမလိုဘူး။ ခင်ဗျားကြောင့် သူစိတ်အနှောင့်အယှက်ဖြစ်ရရင် ကျွန်တော့်အဆိုးမဆိုနဲ့။ အိမ်တစ်ခုလုံး ဘက်ဖိုးနဲ့ကုတ်ဖြိုပစ်မယ်။ သဘောပေါက်တယ်နော်''

ဟု မျက်လုံးရိုင်းရိုင်းများနှင့် ထိုအမျိုးသမီးကိုပြောနေသောချွန်ကို သူမ,မမြင်ဖူးသူတစ်ယောက်လို စိုက်ကြည့်နေလိုက်ပါသည်။ ထိုအမျိုးသမီးက ချွန်ကိုတော့ နည်းနည်းလန့်ရပုံပေါ်သည်။ ဘာတစ်ခွန်းမှ ဆက်မဆိုတော့ဘဲ မကျေမနပ်ပုံလေးနှင့် ပြန်သွားခဲ့ပါသည်။ ချွန်က ဘာကောင်လဲဆိုတာတော့ သူမနည်းနည်းသိချင်မိပါသည်။

''ဆောရီးပဲ ဆရီ။ မင်းစိတ်အနှောင့်အယှက်ဖြစ်သွားသလား''

''ငါက သူစွပ်စွဲသွားသလို မိန်းမ,မဟုတ်ဘူးဆိုတာ နင်သိရင်ပြီးတာပဲ''

''ဆောရီး. . . ဆရီ၊ ငါ့ကြောင့်ပါ။ ဒါပေမဲ့ စိတ်ထဲမှာ မထားပါနဲ့။ ငါ့မိထွေးက အမြဲဒီလိုပဲမို့ပါ''

''မိထွေး''

''လောကမှာ မိငွေးတွေအားလုံးက ဒီလိုပါပဲ။ ပုံပြင်ထဲမှာရော အပြင်မှာရော၊ ပြဇာတ်ထဲမှာရော အကုန်အတူတူကြီးပါပဲ၊ ကိုယ့်ရင်ကဖြစ်တဲ့သားလောက်တော့ ဘယ်သူ့ကိုမှ မပိုနိုင်ကြပါဘူး''

''အန်တီဒေါ်ထွေးထွေးလုံဟာ နင်ပြောသလို မိထွေးမျိုးသာဆိုသိပ်ကောင်းမှာပဲ။ အဲ့ဒါဆို မိုင်ဆောင် အဝေးကြီးကို ထွက်ပြေးနေဖို့မလိုတော့ဘူး''

''ဘာ. . . ဘယ်လို၊ မင်းဘာပြောလိုက်တယ်,ဆရီ၊ မိုင်ဆောင်က ဘာကြောင့် အဝေးကိုထွက်သွားတယ်''

''လေဆန်ကသာ ကိုယ်ချင်းစာစိတ်မွေးခဲ့ရင် မိုင်ဆောင် အဲ့ဒီလောက်ကြေကွဲရမှာမဟုတ်ဘူး။ နင်တို့လိုပြည့်စုံတဲ့လူတွေဟာ အဲ့လိုပဲ အတ္တသိပ်ကြီးကြတာ၊ တစ်ရက်လေး၊ တစ်စက္ကန့်လေးတောင် ကြည်နူးမှုမပေးခဲ့တဲ့အမေရင်းကိုလည်း ငါသိပ်အံ့ဩမိတယ်''

"ဘာ. . . ဘယ်လို"

ဆရီရဲ့အမှတ်တမဲ့စကားလုံးများက သူ့ကိုအံ့ဩရှုပ်ထွေးမှုတွေ အများကြီးပေးစွမ်းလိုက်ပါသည်။

♣ ♣ ♣



## အခန်း ( ၄၆ )

"မေမေ. . . တစ်ပတ်လောက် တရားရိပ်သာဝင်မလို့"

ဟူသောစကားက သောက်လက်စကော်ဖီကို လည်ချောင်းဝမှာ ရပ်တန့်သွားစေပါသည်။

"သားငယ်လည်း စာမေးပွဲပြီးပြီဆိုတော့ အခုအလုပ်လေးတွေလည်း ပါးတုန်းမို့"

"မရှင်းပြပါနဲ့လား မေမေ။ မေမေ အဲ့ဒီလိုဖြေရှင်းချက်ပေးနေရင် အမှန်တရားကိုဖုံးကွယ်နေသလိုကြီးမို့ သားရင်ထဲမှာ ခံရဆိုးလို့ပါ"

"အဲ့လိုမဟုတ်ပါဘူး သားရယ်"

"စိတ်တွေ ကစဉ့်ကလျားဖြစ်နေလို့၊ ပင်ပန်းလွန်းလို့ တည်ငြိမ်အောင်၊ ခံစားရတာ သက်သာအောင် ခဏတာတရားရိပ်မှာ ခိုဝင်ဦးမယ်လို့အမှန်အတိုင်းပြောရင်လည်း ကျွန်တော်တို့က သားတွေပါ။ မေမေက အမေပါ။ ဘာဖြစ်ဦးမှာလဲ။ အဲ့ဒီလိုအမှန်တိုင်းပြောခဲ့ရင်ပဲ စိတ်

ထဲမှာ ခံရတာ သက်သာဦးမယ်။ မေမေ, မိုင်ဆောင်ကိုလွမ်းနေတာလား။ မိုင်ဆောင်အပေါ် တာဝန်မကျေဘူးလို့ခံစားနေရတာလား။ မိုင်ဆောင် အခုလိုထွက်သွားတာ သားရဲ့ရင့်သည်းမှုကြောင့်လို့ မေမေထင်နေတာမဟုတ်လား။ ပွင့်ပွင့်လင်းလင်းပြောလိုက်ပါမေမေ''

''သားရယ်''

''ပြောပါ မေမေ။ သား အခုပဲ မိုင်ဆောင်ကိုလိုက်ခေါ်ပေးရမှာလား။ ပွင့်ပွင့်လင်းလင်းပြောလိုက်ပါ။ မင်းရှိုင်းလို့ ငါ့သားက အခုလို အဝေးကြီးထွက်ပြေးသွားရတာပါလို့ စွပ်စွဲလိုက်စမ်းပါမေမေ။ မင်းထွက်သွားပါလို့ပြောလိုက်စမ်းပါမေမေ။ မေမေခံစားနေရတယ်မဟုတ်လား။ ခံစားနေရတာပါလို့ ရဲရဲကြီးပြောလိုက်စမ်းပါ မေမေ။ သားရင်ထဲမှာ အခုချိန်ထိ အမေရင်းလိုပဲသတ်မှတ်ထားတုန်းပါ။ မင်းရှိုင်းတယ်ဆိုပြီး လေးငါးချက်လောက် ထရိုက်လိုက်ပါ။ ငယ်ငယ်တုန်းကလို ရိုက်နှက်ဆုံးမလိုက်ပါမေမေ။ မေမေ အဲ့ဒီလိုကြီးဖြစ်နေတာ သားရင်ထဲမှာ ပိုပြီးခံရခက်တယ်။ ည,ညတွေဆိုလည်း မအိပ်ဘဲ ဘယ်အချိန်ထိနေဦးမှာလဲ။ အမြဲတမ်း လမင်းကိုကြည့်ပြီးမှ တိတ်တိတ်ကလေးပဲ ကျိတ်ငိုနေတော့မှာလား။ တစ်ခုခုကို ရဲရဲကြီးလုပ်ပစ်လိုက်ပါမေမေ။ လေဆန်ကသားပါ။ မိထွေးဆိုတာကိုသိပ်မုန်းနေတဲ့ချွန်ကိုတောင် မေမေက မိထွေးပါလို့မပြောရက်ခဲ့ဘူး။ ချွန်ရဲ့အမြင်မှာ မေမေက လေဆန်နဲ့ လေတံခွန်တို့ရဲ့အမေရင်းပဲဖြစ်စေချင်တယ်။ မေမေ့ကို သူများမုန်းမှာကိုမလိုလားခဲ့ဘူး။ မိုင်ဆောင် စိတ်နာသွားမှာကို ပိုပြီးမှမလိုလားခဲ့ဘူး။ ဒါပေမဲ့ မေမေ့ကိုအဆုံးရှုံးမခံနိုင်ခဲ့ဘူး။ သားရင်ထဲမှာလည်း အက်ကြောင်းကြီးနဲ့ပါမေမေ။ သားဘယ်လိုလုပ်ရမှာလဲ။ ပြော. . . မေမေပြော''

ပြောရင်းဖြင့် တလိမ့်လိမ့်စီးကျလာသော မျက်ရည်ဥကြီးများကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်ပါသည်။ သူ့ကိုမမြင်ဖူးသူတစ်ယောက်လို ငေးကြည့်နေသော ကောင်လေးကိုလည်းကောင်း၊ ဝေခွဲမရနိုင်အောင် မျက်ရည်တွေပြည့်အိုင်နေခဲ့သောမေမေ့ကိုလည်းကောင်း





သူထပ်မကြည့်နိုင်တော့၍ ဘေးမှာချထားသော လွယ်အိတ်ကိုဆွဲကာ ပြေးထွက်ခဲ့မိတော့၏၊ သို့သော် မထင်မှတ်ပါဘဲ အိမ်ဝင်ဝမှာ ငူငူကြီးရပ်နေခဲ့သောချွန်ကိုတွေ့လိုက်ရချိန်တွင်မူ သူ့ရင်ထဲ ခံရခက်သွားရပြန်သည်။ ချွန်ကိုပြောဖို့စကားလုံးကိုလည်း ရှာမရနိုင်ခဲ့သလို ချွန့်မျက်လုံးများကိုလည်း မကြည့်နိုင်တော့၍ ချွန့်ကိုကျော်ဖြတ်ကာ ပြေးထွက်ခဲ့ပြန်တော့၏။ ဆူညံသောဆိုင်ကယ်စက်သံနှင့်အတူ. . .

''သား''

''မခေါ်ပါနဲ့ အန်တီ။ သူစိတ်ပြေသွားရင် ပြန်လာခဲ့လိမ့်မယ်။ ခဏလောက်လွှတ်ထားပေးလိုက်ပါ။ ပေါက်ကွဲပြီး ငြိမ်ကျသွားရမှာပဲ''

''အန်တီဘာမှမပြောနိုင်တော့ပါဘူး,သားရယ်''

''အန်တီ, မိုင်ဆောင်ကိုပြန်မခေါ်ပါနဲ့။ လေဆန်ကိုလည်း ခင်သလို၊ မိုင်ဆောင်ကလည်း သိပ်ခင်ရတဲ့သူငယ်ချင်းပါပဲ။ မိုင်ဆောင်ကလည်း သိပ်အေးချမ်းတဲ့လူဖြစ်သလို၊ လေဆန်ကလည်း ဒေါသဆိုတာမသိတဲ့လူပါ''

''အန်တီ မှားတာပါ။ အန်တီကပဲ မှားတာပါကွယ်။ အန်တီမှားခဲ့တာပါ''

အမြဲတမ်းတက်တက်ကြွကြွနှင့် မျက်နှာပေးလှလှသာ နေတတ်သော ဒေါ်ထွေးထွေးလှိုင်၏ ချုံးချုံးကျအပြုအမူနှင့် ဖြေမဆည်နိုင် ခံစားနေရသော ထိုမျက်ရည်များကြောင့် သူ့စိတ်ထဲ မွန်းကြပ်နေရပါသည်။ ကောင်လေးကတော့ ကော်ဖီပိုင်းမှာ ငူငူကြီးထိုင်နေလျက်သားပင်။ ငိုနေတဲ့ဒေါ်ထွေးထွေးလှိုင်ကိုပဲ အားပေးဖျောင်းဖျရမှာလား။ လေဆန့်နောက်ပဲလိုက်ပြီး အဖော်ပြုပေးရမလားဆိုတာ သူကိုယ်တိုင်လည်း မဆုံးဖြတ်နိုင်တော့။

♣ ♣ ♣



## အခန်း ( ၄၇ )

"ချွန်. . . ချွန်. . . ရှိလား"

ဟူသောအသံစာစာနှင့်အတူ ဝင်လာသော ဆည်းဆာပျိုကြောင့် ဂစ်တာခေါက်နေသောချွန်မှာ စိတ်ညစ်သွားရပါသည်။

"ဟယ်တော့. . . သမီးက ဆည်းဆာပျိုမဟုတ်လား"

"အန်တီက မှတ်မိသားပဲ"

"ဒီလောက်လှတဲ့မိန်းကလေးကို အန်တီက မမှတ်မိရင် ညံ့လို့ပေါ့"

"အန်တီလည်း တစ်နေ့ထက်တစ်နေ့ လှလှလာတယ်"

"Thank you ပါရှင်"

"ချွန်ရော. . . အန်တီ"

"စောစောကပဲ ဂစ်တာသံကြားလိုက်ပါတယ်။ ဒန်းပေါ်မှာ ရှိလိမ့်မယ်"

"အဲ့ဒါဆိုရင် ပျို့သွားလိုက်ဦးမယ်နော်"

"အိုကေ. . . အိုကေ"

ကြားနေရသောအသံများကြောင့် သူပို၍ စိတ်ရှုပ်သွားရပါသည်။

"ဟိတ်"

ဟုခေါ်သံနှင့်အတူ သူ့အနားသို့ ဆည်းဆာပျိုရောက်လာပြီဆိုတာ သိလိုက်ပါသည်။

"ဘာလို့လာတာလဲ"

"ကြိုဆိုပွဲကြီးကလည်း မလှလိုက်တာ။ ဒယ်ဒီကိုတောင် မနှုတ်ဆက်ရသေးဘူး။ နင့်ဆီတန်းလာခဲ့တာ"

"ငါက ဝမ်းသာရမှာလား"

"နင် ဝမ်းမသာဘူးဆိုတာ ငါသိပါတယ်။ ငါကသာ ခင်ရတာ။ နင်က ငါ့ကိုဆို သိပ်စိမ်းတာပဲ"

"နင်ဘာအလုပ်မှမရှိဘူးလား ဆည်းဆာပျို"

"ငါက ဘာအလုပ်,လုပ်ရမှာလဲ"

"ဟာ. . . မိန်းကလေးပဲ စန္ဒရားတီးတာတို့၊ သန့်ရှင်းရေးလုပ်တာတို့ဆို ပိုမကောင်းဘူးလား"

"မလုပ်ချင်ပါဘူး။ အဲ့ဒါမျိုးတွေ ငါပျင်းတယ်"

"အဲ့! သိပြီ။ သတို့သမီးအရံရော"

"ဟဲ့. . . အားတိုင်းအရံချည်းသာ ဝင်လုပ်နေရင်တော့ ရိုက်ထုတ်ခံရမှာသေချာတယ်"

"လုပ်တော့ လုပ်ချင်တယ်ပေါ့"

"နင်က အမှုစစ်ရဲလား"

"ရဲမဟုတ်ပေမယ့် သတို့သားတော့ လုပ်တော့မှာပါ။ အဲ့တော့မင်း. . . သတို့သမီး, မပြောသေးပါဘူးကွာ။ ယတြာကျေကုန်မှာစိုးလို့"

ဟူသော ပြုံးတုံးတုံးလေးပြောလာသည့် ချွန်ရဲ့စကားလုံးများကို သူမရင်ခုန်ချင်သွားပါ၏။ ဆက်ပြောစမ်းပါ. . . ချွန်ရယ်။ ကြားချင်နေ





လို့ပါဟု ရင်ထဲက အထပ်ထပ်ထပ်တောင်းဆိုနေပေမယ့် ပြုံးဖြီးဖြီးလေးလုပ်နေတဲ့ချွန့်မျက်နှာကြောင့် သူမမှာ မျှော်လင့်တကြီးနှင့် ရင်ခုန်လိုက်ရတာ အမောပါပဲ။ နားထဲမှာတော့ ဘွားဘွားပြောခဲ့ဖူးတဲ့ မြေးချွေးမတော်ရမယ်ဆိုတာကြီးကိုသာ အထပ်ထပ်ကြားယောင်နေမိပြီး ပီတိဖြာဝေနေရပါသည်။

"ဟော့. . . စကားအိုး, ဘယ်လိုဖြစ်သွားရတာလဲ။ ငြိမ်လှချည်လား"

ဟုပြောလိုက်တော့မှ စိတ်ကူးကမ္ဘာထဲ ရှက်လွင့်နေခဲ့သော သူမရဲ့စိတ်က ပစ္စုပ္ပန်သို့ရောက်လာခဲ့ရပါသည်။

"နင့်ရဲ့သတို့သမီးဆိုတာကို စဉ်းစားမိလို့ပါ"

"ဟား. . . ဟား. . . အရမ်းကိုလှတာ။ ဂါဝန်အဖြူရောင်လေးနဲ့ ငါ့လက်ကို အဲ့ဒီလိုချိတ်လိုက်ရင် ပိုပြီးပြည့်စုံသွားလိမ့်မယ်"

သူမ ထိုစကားများကို ရင်ခုန်ချင်နေမိပါသည်။

"အဲ့ဒီသတို့သမီးကို နင်အရမ်းချစ်မှာပေါ့နော်"

"ဒါပေါ့ ရင်ထဲမှာမဆန့်အောင်ကို ချစ်တာ"

"သူ့ကို ဘာဖြစ်လို့ ရည်စားမတော်သေးတာလဲ"

"မလိုပါဘူးဟာ။ သတို့သမီးလို့တောင် ကန့်ထားပြီးမှတော့ ရည်းစားဆိုတာမျိုးက ပါးပါးလေးပါ"

"ငါမြင်ဖူးချင်လိုက်တာ"

"အချိန်တန်တော့မြင်ရမှာပေါ့"

"ငါ မှန်ဆောင်ထားရမလားဟင်"

"မှန်"

"အင်းလေ"

"နင်က ရောက်လေရာအရပ်တိုင်း မှန်ကြည့်နေကျပဲ။ ဆောင်ဖို့လိုသေးလို့လား"

သူမ ပြုံးလိုက်မိပါသည်။ သူမစကားရဲ့အဓိပ္ပာယ်ကို ချွန်သဘော

မပေါက်လိုက်ဘူးထင်ပါရဲ့။ သူမကတော့ ကိုယ့်အတွေးနှင့်ကိုယ်မို့ ပြုံးပြုံးကြီး လုပ်နေခဲ့ပါသည်။ ထို့အတူ ချွန်ကလည်း ကိုယ့်အတွေးနဲ့ကိုယ်မို့ ပြည့်တည်တည်လေး ကျေနပ်နေရပါသည်။ ထိုသို့ပြည့်တည်တည်အပြုံး နုနုလေးနှင့် သိပ်လိုက်ဖက်ပါသောချွန်ကို ငေးနေရလျှင်ပဲ သူမအတွက် ဘာမှမလိုအပ်တော့သလိုလိုနှင့် အရာရာပြည့်စုံပြီးဖြစ်သွားရပါသည်။

♣ ♣ ♣



## အခန်း ( ၄၈ )

"ဟော့. . . လေဆန်။ မတွေ့တာ တော်တော်ကြာသွားပြီပဲ"

ဟူသောနှုတ်ဆက်စကားကြောင့်. . .

"ဩော်. . . ဆည်းဆာပျို"

ဆည်းဆာပျိုနှင့်မထင်မှတ်ပါဘဲ ရှမ်းခေါက်ဆွဲဆိုင်မှာ တိုက်တိုက်ဆိုင်ဆိုင်ဆုံဖြစ်ကြခြင်း ဖြစ်ပါသည်။

"ချွန်ဆီကနေတော့ ကြားနေရပါတယ်။ ဆည်းဆာပျိုရဲ့အကြောင်းပေါ့"

"ကောင်းတာမှပါရဲ့လား"

"သူ မင်းကိုခင်ပုံရပါတယ် ဆည်းဆာပျို"

"ပျိုကလည်း ချွန်ဆီကကြားရလွန်းလို့ လေဆန်ဆိုတာနဲ့ လေတံခွန်ဆိုတာကို အတိုင်းထက်အလွန် ရင်းနှီးပြီးသားပါ"

"တော်တော်တိုက်ဆိုင်ကြတာပဲ"

''ဖျိုတောင် အံ့ဩသွားတာ။ မထင်မှတ်ဘဲ ရန်ကုန်မှာဆုံကြတော့ ချွန်ရောဟုတ်ရဲ့လားလို့ အံ့ဩသွားတယ်။ ဘွားဘွားနဲ့ဖျိုက သိပ်ခင်ကြတာ။ ချွန်က ဘွားဘွားကိုတော်တော်ပစ်ပယ်ထားတာပဲ။ ဘွားဘွားဆီက မကြာခဏဆိုသလို သူ့မြေးအကြောင်းကို ကြားဖူးခဲ့ပေမယ့် ချွန်ဖြစ်လိမ့်မယ်လို့ လုံးဝထင်မထားခဲ့ဘူး''

''ချွန့်သတင်းကိုရော ကြားပြီးပြီလား''

''ဘာကိုလဲ''

''သူ မကြာခင် မင်္ဂလာဆောင်တော့မယ်လို့''

''ဩော်. . . ဒါလား''

သူမမျက်နှာမှာ ရှက်ဝဲဝဲလေးဖြစ်သွားရပါသည်။ ဘာကြောင့်များ သူမထက်အရင် လေဆန်က သိနေရသလဲပေါ့။ သို့သော် မတင်မကျ တအုံနွေးနွေးဖြစ်နေသောစိတ်ကြောင့်. . .

''သူ၊ သတို့သမီးလို့တော့ ပြောဖူးပါတယ်။ ဘယ်သူဆိုတာ လေဆန်ကိုပြောပြဖူးလားဟင်''

''ပြောပြဖို့တောင်မလိုဘူး. . . သူ အသည်းအသန်ကြွေနေတာ လောကမှာ ဆရီရောင်အိုင်တစ်ယောက်တည်းရှိတယ်''

''ဆရီရောင်အိုင်''

ထိုနာမည်က သူမလောကကို ပြောင်းဆန်သွားစေပါသည်။

''မင်းသိပါတယ် ဆည်းဆာပျို။ မင်းနဲ့တောင် ကွိုင်ခဲ့ကြသေးတာပဲ''

စားပွဲပေါ်တင်ထားသော သောက်ရေခွက်ကိုကိုင်ကာ မော့ချပစ်ပေမယ့် သူမလက်က တုန်ယင်နေခဲ့ပါသည်။ ရေကို ဂွပ်ခနဲမြည်အောင် တစ်ကျိုက်တည်း မော့ချပစ်ပေမယ့် သူမရင်ထဲမှာ အေးမြမသွားခဲ့ပါ။ သတို့သမီးဆိုသူမှ သူမပါပဲလို့ တစ်ထစ်ချယုံကြည်ထားခဲ့ပြီးမှ မဟုတ်ပါဘူးဆိုတာ ရုတ်တရက်မမျှော်လင့်ဘဲ သိလိုက်ရ၍ မောဟိုက်သွားမိသလို ပါးပြင်ကို လက်ဖျံနှင့်အရိုက်ခံလိုက်ရသည့်နှယ် စပ်ဖြီးဖြီးကြီး ထူပူသွားရ





ပါသည်။

သူမပါးစပ်ထဲ ဝင်လုလုအစာကို နှုတ်ခမ်းဖျားရောက်မှ ရိုက်ချပစ်လိုက်ရသည့် သိပ်ဗိုက်ဆာနေသူတစ်ယောက်နှယ် ပြင်းမှုရှကြီးခံစားမိပါ၏။ ရုတ်တရက်ပြောင်းလဲသွားသော ဆည်းဆာပျိုရဲ့မျက်နှာ[illegible]းကို လေဆန်မှာ နားမလည်နိုင်ဖြစ်သွားရပါသည်။ ဘာကြောင့်လဲဆိုတဲ့ အကြောင်းရင်းကို ထင်တစ်လုံးတည်းနှင့် မဆုံးဖြတ်ချင်တာကြောင့် မေ့မေ့ပျောက်ပျောက်ပင် ထားပစ်လိုက်ပါသည်။

သူ အိမ်ကိုလည်း မပြန်ချင်သေးတာကြောင့် ဆိုင်ကယ်တစ်စီးနှင့် မြို့ထဲလှည့်လည်ကာ တစ်လမ်းဝင်တစ်လမ်းထွက် ရောက်တတ်ရာရာ မောင်းနေမိပါသည်။ ဘာကြောင့်ရယ်ဆိုတာ တိတိကျကျမရှိပေမယ့် သူ့ရင်ထဲမှာ နေမထိထိုင်မသာနှင့် နေရဆိုးနေပါသည်။ ဒါကြောင့်ပင် နောက်ဆုံးမှာ M2 သို့သာ ရောက်လာခဲ့ပြန်ပါသည်။

ခန်းမကြီးမှာ လူရှင်းနေတာကြောင့် ထောင့်အကျဆုံးခုံကို စိတ်ကြိုက်ရွေးပြီး ကျူတံကိုကိုင်လိုက်စဉ်မှာ ဝေါခနဲဆိုင်ကယ်ထိုးရပ်သံကို ကြားလိုက်ရပါသည်။ ချွန်ပဲဆိုတာ အတတ်သိနေပေမယ့် ကျူလုံးများကို ရောက်တတ်ရာရာထိုးချနေမိပါသည်။

''မင်းလက်က ဘယ်လိုဖြစ်နေတာလဲ လေဆန်''

သူပြန်မဖြေပါ။ ဆက်လက်၍ ကစဉ့်ကလျားထိုးချဆဲ။

''ဘယ်ပျောက်နေတာလဲ။ မင်းကို ငါရှာတာ နှံ့နေပြီ။ မင်းအိမ်ကိုတောင် ရောက်ခဲ့သေးတယ်။ မင်းမေမေက ဘုရားခန်းထဲမှာ တရားထိုင်နေတယ်။ ငါမနှောင့်ယှက်ချင်တာနဲ့ တိတ်တိတ်လေး လှည့်ထွက်လာခဲ့တာ''

''မင်းရင်ထဲမှာ မေမေ့ကိုမုန်းနေတယ်မဟုတ်လား။ ပွင့်ပွင့်လင်းလင်းပြောလိုက်ပါ။ မေမေ့ကိုအထင်သေးတယ်လို့၊ သားအရင်းကို ရက်ရက်စက်စက်စွန့်ပစ်ပြီး တခြားလူကို ရင်ထဲမှာ နွေးနွေးထွေးထွေးထားတယ်။ ပြီးတော့ သူက မိထွေး၊ မင်းသိပ်ခင်ပါတယ်ဆိုတဲ့ကောင်ရဲ့

အမေရင်းမဟုတ်ဘူး။ ပြီးတော့ မင်းသိပ်ခင်ပါတယ်ဆိုတဲ့သူငယ်ချင်းကို လူမမယ်အရွယ်တည်းက စွန့်ပစ်သွားခဲ့တဲ့အမေ။ ဒါတွေကို မင်းသိပ် မုန်းတယ်မဟုတ်လား''

''မင်း အဲ့ဒီလိုပြောလိုက်ရတော့ စိတ်ထဲပေါ့သွားသလား။ မင်း စိတ်ထဲ ပေါ့သွားမယ်ဆိုရင် ဆက်ပြောကွာ။ ငါနားထောင်နေမယ်''

''မင်း, မေမေ့ကိုမုန်းနေတယ်မဟုတ်လား''

''မင်းကြားချင်တဲ့စကားကို ငါသိပါတယ်။ ဒါပေမဲ့ မင်းကို ငါ မလိမ်ချင်ဘူး။ မိုင်ဆောင်ကြောင့် မုန်းတယ်။ မင်းကြောင့် ချစ်တယ်။ ကောင်လေးကြောင့် ကျေးဇူးတင်တယ်။ အန်တီ့ကို ငါခင်တယ်။ ဒါ့ထက် အပြင်ပိုပြီး ငါ့မှာပြောစရာမရှိဘူး လေဆန်''

''မင်းအဖြေကို ငါမကြိုက်ပေမယ့် ကျေနပ်ပါတယ်''

''ငါတို့နှစ်ယောက်က အဲ့လိုကြီးကျတော့ တကယ့်ပုဂ္ဂိုလ်တွေလို ပဲ။ မလန်းဘူးကွာ. . . ငါလန်းနေချင်တယ်''

''ငါခံစားရတယ်,ချွန်။ မိုင်ဆောင်ကြောင့်''

''ဖော့ထားလိုက်ပါကွာ။ မင်း အိုသွားရလိမ့်မယ်။ မင်းနဲ့ငါပြိုင် မလား''

''ငါ စိတ်မပါဘူး''

''ငါ, ဆရီကိုလက်ထပ်တော့မယ်လို့ အိမ်မှာကြေညာလိုက်ပြီ''

''မင်းဖားသားကြီး ဘာခြွေသလဲ''

''အသိပေးရုံသက်သက်ဆို မင်းသဘော ဘာညာနဲ့ တာဝန်မဲ့ စကားအပြင် ဘာရှိဦးမှာလဲ''

''မင်းတကယ်ဆုံးဖြတ်လိုက်ပြီးပေါ့''

''အရင်တည်းက ဆုံးဖြတ်ပြီးသားပါ။ အချိန်ကိုစောင့်နေတာ''

''ငါ ဆည်းဆာပျိုနဲ့တွေ့သေးတယ်''

''ဩော်, ဒီငရှုပ်မ ဒီမှာ ဘာကြောင့်လာပျော်နေသလဲမသိဘူး။ ကေန္တ ငါ့မင်္ဂလာဆောင်မှာ အရံလုပ်မလို့ထင်တယ်''





''ဆည်းဆာပျိုကိုကြည့်ရတာ တစ်မျိုးပဲ''

''ဘာလဲ''

''မင်းနဲ့ဆရီအကြောင်းကို မသိဘူးနဲ့တူတယ်။ မင်းမပြောဖူးဘူး လား''

''ပြောနေဖို့မှမလိုတာ။ အဲ့ဒီအကန့်ကို သိရလောက်တဲ့ထိ သူနဲ့ ငါက မကျွမ်းဘူး''

''သူ မင်းကိုယိုင်နေလိမ့်မယ်လို့ မင်းမထင်ဘူးလား''

''ဆည်းဆာပျိုက ဆရီ့လို အမြင့်ကြီးမဟုတ်ပေမယ့် လန်းပါ တယ်။ ကိုယ့်ကိုယ်ကိုအထင်မကြီးပါဘူးကွာ''

''ကောင်းပါတယ်။ ဒါနဲ့ မင်း ဘာဆက်လုပ်မယ် စိတ်ကူးထား သလဲ''

''ဆရီကို လက်ထပ်ခွင့်တောင်းမယ်''

''အဲ့ဒီအဖြေကို မင်းသိနေတာပဲ''

''သူလက်ခံသည်ဖြစ်စေ၊ မခံသည်ဖြစ်စေ သူ့သိက္ခာအတွက် ရော၊ ငါ့အချစ်အတွက်ပါပေါင်းပြီး ငါ သူ့ကိုရအောင် လက်ထပ်မှာပါ။ သူ့ကိုတခြားတစ်ယောက်နဲ့ဆိုရင် ငါဘယ်လိုနှလုံးသားနဲ့မှ ကြည့်နိုင်မှာ မဟုတ်ဘူး။ သူငါ့ကိုပြန်ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ ငါနဲ့ပဲရှိရ မယ်။ ငါ့ကို သူငြင်းမယ်ဆိုတာ ငါကြိုသိပြီးသားပါ။ ဒါပေမဲ့ ငါ, ချစ်သူကို လက်ထပ်ခွင့်တောင်းရတဲ့ပီတိမျိုး ခံစားဖူးချင်သေးတယ်။ ရင်ခုန်ကြည့် ချင်သေးတယ်''

''တစ်ခါတစ်ရံမှာ ငါ မင်းကိုအားကျတယ်,ချွန်''

''ဘာမှအားကျစရာမရှိဘူး''

''အချစ်အပေါ် ခံယူချက်လေ။ ငါလည်း မင်းလိုချစ်ပစ်လိုက် ချင်တယ်''

''ဟော့ကောင်''

''စိတ်မပူပါနဲ့ကွာ။ ဆရီ့ကိုပြောတာ မဟုတ်ပါဘူး''

"မင်း ဆည်းဆာပျိုကို ကြိုက်လိုက်ပါလား။ ငါ အောင်သွယ်ပေး မယ်လေ"

"ဆည်းဆာပျိုက ငါ့ကိုမကြိုက်ဘဲ မင်းကိုကြိုက်တာပါဆိုရင် မင်းကရော ပြန်ကြိုက်မှာမို့လား"

"အာ"

"အဲ့လိုပဲ အချစ်ဆိုတာ ဖန်တီးပြင်ဆင်လို့မှမရတာ"

ဟုပြောလိုက်တဲ့လေဆန်ရဲ့အသံမှာ နိုင်မာလွန်းလှပါသည်။

♣ ♣ ♣



## အခန်း ( ၄၉ )

စန္ဒရားသံလွင့်ပျံ့နေသောခန်းမကြီးထဲ ဆည်းဆာပျိုက တစ်လှမ်း ချင်းဝင်လာခဲ့ရပေမယ့်လည်း ခြေလှမ်းတွေက သိပ်နိုင်မာမှုမရှိပါ။ စင် ပေါ်မှာ အေးချမ်းစွာ စန္ဒရားတီးနေတဲ့ ဆရီရောင်အိုင်ရဲ့ပုံရိပ်က သူမ နှလုံးသားကိုနှိပ်စက်လှပါပြီ။ မာယာသိပ်များလွန်းတဲ့ ဆရီရောင်အိုင် ကို ရင်ထဲသိပ်မုန်းမိနေပါသော်လည်း အခုလိုတွေ့လိုက်ရတဲ့အချိန်မှာ တော့ သူမစိတ်ထဲ ဒွိဟဖြစ်သွားရပါသည်။ သို့သော်. . .

"ဒါက မင်္ဂလာတေးသွားလား"

ဟူသောမောက်မာရင့်သည်းတဲ့အသံက ခန်းမတစ်ခုလုံးကိုဟိန်း ၍ ညံထွက်လာခဲ့ပါသည်။ ထိုအသံကြောင့် ခလုတ်များပေါ် ပြေးလွှားလှုပ် ရှားနေခဲ့သော ဆရီရဲ့လက်ချောင်းလေးများမှာ ရပ်တန့်သွားခဲ့ရပါသည်။ အသံလာရာဆီသို့ ဆရီလှမ်းကြည့်လိုက်တော့ သူမကိုမုန်းတီးစွာကြည့် နေသောအမျိုးသမီးတစ်ယောက်ကို မမျှော်လင့်ဘဲတွေ့လိုက်ရပါသည်။

သူမ သိတာပေါ့။ မှတ်မိနေတာပေါ့။ ဥပမာ အခုလိုမျက်လုံးမျိုးကို သူမ သိပ်မှတ်မိနေတာပေါ့။

"လိုအင်ဆန္ဒပြည့်ဝသူတွေမှာတော့ အေးချမ်းသာယာပြီး စည်ဝေဝပြောနေတာပဲ၊ နှလုံးသားကိုဆွဲထုတ်ခံရတဲ့သူတွေကျတော့ ခန္ဓာတစ်ခုလုံးပူလောင်ပြီး ဆောက်တည်ရာမဲ့နေရတယ်။ လောကကြီးက တော်တော်မတရားတာဘဲ"

ထိုစကားများကို သူမနားမလည်ပါ။ ဘယ်သူက အေးချမ်းနေပြီး ဘယ်သူက ပူလောင်နေတာလဲ။ ရုတ်တရက်မို့ သဘောမပေါက်နိုင်ဖြစ်သွားရပါသည်။ ထိုအမျိုးသမီး သူမဆီလာတာ ကောင်းသောအကြောင်းအချက်နှင့် လာတာမဟုတ်မှန်း ထိုမိန်းကလေး၏မျက်ဝန်းတွေကြောင့် သိနေပါသော်လည်း ထိုစကားက ဘာအဓိပ္ပာယ်လဲ။ ရုတ်တရက်ဘာသာပြန်မရနိုင်ပါ။

"စေ့စပ်တယ်ဆိုတဲ့အကြောင်းအရာကို နင်သိသလား ဆရီရောင်အိုင်"

ထိုစကားကို သူမ ပို၍နားမလည်ပါ။

"နင့်မို့ မဆင်မခြင်နဲ့ ပစ်မှားရက်တယ်"

"ရှင့်စကားတွေက တစ်ဆိတ်တော့ လွန်လာပြီထင်တယ်"

"ချွန်က စေ့စပ်ထားတဲ့လူရှိပါတယ်ဆိုတာ ရှင်သိရဲ့လား"

"ကျွန်မ ချွန်ကိုစိတ်မဝင်စားဘူး"

"အဲ့ဒီလိုဆိုရင် ရှင်လိုက်ပတ်သက်နေစရာ မလိုဘူးဘဲ"

"ဘာ!"

"ပြောတော လေတစ်လုံးမိုးတစ်လုံးနဲ့၊ ဒီပုံနဲ့ပဲ ရှင်, ချွန့်ကိုဆွယ်ထားတာမဟုတ်လား"

"ရှင့်စကားတွေဟာ တရားနည်းလမ်းမှကျရဲ့လားဆိုတာ ရှင်မဆန်းစစ်ဘူးနဲ့ထင်တယ်"

"ရှင်နောက်ဆုတ်လိုက်ပါ ဆရီရောင်အိုင်"





"ပထမတော့ ကျွန်မမှာ ရှေ့တိုးဖို့အစီအစဉ်မရှိပါဘူး"

"နောင်လည်း ဒီအစီအစဉ်မျိုး မရှိစေရဘူး။ ချွန်ဟာ ဆည်းဆာပျို့အတွက်ပဲ၊ ချွန့်ကိုနားမလည်ဘဲနဲ့တော့ ဘယ်တော့မှမရဘူး။ ပြီးတော့ ချွန်နဲ့ရှင်က တန်လည်းမတန်ဘူး"

"ဘာ!"

"ချွန်တို့က မျိုးရိုးသန့်၊ ဘိုးဘွားစဉ်ဆက်ချမ်းသာတယ်။ ရှင့်လို ဘယ်ကမှန်းမသိ မိဘမဲ့ဘုရားကျောင်းမှာ ကပ်နေရတဲ့လူနဲ့ လားလားမှမတန်ဘူး။ ရှင်နဲ့ချွန်က အဆင့်အတန်းချင်းရော၊ ဂုဏ်ဒြပ်ချင်းရော ဘာမှမအပ်စပ်ဘူး။ ရှင့်အဆင့်ရှင်သိပါ ဆရီရောင်အိုင်။ ဆွမ်းဆန်ထဲ ကြွက်ချေးနှောနေရင် အဲ့ဒီကြွက်ချေးဟာ ပက်ပက်စက်စက်အပယ်ခံရမှာပဲ။ ရှင် နောက်မှနောင်တရပြီး ဝမ်းနည်းနေရမှာစိုးလို့ ပျို့က စေတနာနဲ့ သတိပေးတာနော်"

"ကျေးဇူးတင်ပါတယ် ဆည်းဆာပျို့။ တအားကို ကျေးဇူးတင်တာပါ"

ခနဲ့လိုက်တဲ့သူမအသံကလည်း ပီပီပြင်ပြင်ကြီးဖြစ်နေသလို ခနဲ့ပြုံးပြုံးနေတဲ့ ဆည်းဆာပျို့ရဲ့အပြုံးကလည်း လှောင်ပြောင်သရော်မှုများစွာက အတိုင်းသားထင်ဟပ်နေရပါသည်။

"ထပ်ပြီးပြောပြထားရဦးမယ်။ ရှင် နောင်တတရားတွေကြားမှာ မနေချင်ပါဘူးဆိုရင် အစောကြီးတည်းက ဝေးဝေးက ရှောင်နေလိုက်ပါ"

"ရှင့်စကားက ဘာအဓိပ္ပာယ်လဲ"

"ရှင်းပါတယ် ဆရီရောင်အိုင်။ ဘာဖြစ်လို့လဲဆိုတော့ ချွန်နဲ့ စေ့စပ်ထားတဲ့ ချွန့်ရဲ့သတို့သမီးလောင်း ဂုဏ်ပကာသနကို ရှင်ဘယ်လိုမှ လိုက်မမီလိုက်လို့ဘဲ။ အဖေက ဆရာဝန်မျိုးရိုး၊ အမေက ဘိုးဘွားစဉ်ဆက် ချမ်းသာလာတာ။ အဲ့လောက်ဆို ရှင့်အဆင့်နဲ့နှိုင်းယှဉ်မိမှာပါ"

ထိုအခါမှာမှ သူမ နည်းနည်းသဘောပေါက်စပြုလာရပါ၏။

"ချွန်က ချမ်းသာလို့ ဒီလိုဘဝမျိုးက ရုန်းထွက်ချင်လို့ တွယ်ကပ်

နေပါတယ်ဆိုလည်း သေသေချာချာလေးတော့ စုံစမ်းသင့်တယ်။ သူမှာ အနှောင်အဖွဲ့မှလွတ်ကင်းရဲ့လားဆိုတာ''

''ရှင် ဘာကိုဆိုလိုတာလဲ''

''ရှင့်ရဲ့စီမံကိန်းကိုပြောင်းရွှေ့လိုက်ပါ ဆရီရောင်အိုင်။ အကယ်၍ ရှင်သာ ရှေ့ဆက်တိုးလာခဲ့မယ်ဆိုရင် ငါငြိမ်နေမှာမဟုတ်ဘူး။ ဖာရိသာနဲ့ပြောရလိမ့်မယ်''

''အဲ့ဒီလိုအကြပ်ကိုင်နေတဲ့ရှင့်စကားတွေကို နားခါးလှပေမယ့် ရှင့်ကိုရွံ့ပစ်ချင်လှပေမယ့် ဆရီရောင်အိုင်က အဲ့လိုရှုပ်ထွေးတဲ့အလုပ်မျိုး မလုပ်တတ်ပါဘူး။ ရှင် ကောင်းကောင်းမစုံစမ်းခဲ့ဘူးနဲ့တူတယ်''

''ဘာလဲ။ ရှင့်မှာလည်း. . .''

''အဲ့ဒီလောက်အညှာလွယ်တဲ့မိန်းကလေးတွေထဲမှာ ဆရီရောင်အိုင် မပါဘူး အမျိုးသမီး။ ရှင့်လူကိုသာ ရှင်ကောင်းကောင်းထိန်းလိုက်ပါ။ ကျွန်မမှာ ရှင့်လူရဲ့ကမ်းလှမ်းချက်ကိုခေါင်းညိတ်ဖို့ အစီအစဉ်မရှိပါဘူး။ ကျွန်မ,ရှင့်လူကိုစိတ်လည်းမဝင်စားတော့ လက်ထပ်ဖို့ဆိုဝေးရော။ ရှင်က ရှင့်လူကို ကောင်းကောင်းထိန်းနိုင်မယ်ဆိုရင် ကျွန်မစိတ်ချမ်းသာပျော်ရွှင်ရပါလိမ့်မယ်''

''မင်းစကားလုံးတွေက အဲ့လောက်ထိ ရင့်ထော်နေတာ မင်းက ဘာမို့လဲ ဆရီရောင်အိုင်''

''ရှင်ပြောသလိုပဲ၊ ကျွန်မတို့က မိဘမဲ့ဘုရားကျောင်းမှာ ကပ်နေရတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ရှင်သိထားပါ။ အဲ့ဒီမိဘမဲ့တွေမှာ မိဘရှိပြီး ချမ်းသာနေကြသူတွေထက် ပိုပြီးသိက္ခာရှိပါတယ်ဆိုတာ ရှင်မှတ်ထားပါ။ မိဘမရှိပေမယ့် မာနရှိတယ်။ ရှင့်စကားအတွက် ရှင်တစ်နေ့ နောင်တရစေရမယ် ဆည်းဆာပျို။ ရှင့်စကားတွေကို ကျွန်မအသည်းထဲထိ နာတယ်။ ဘဝတစ်ခုလုံးစာအတွက် နာတယ်။ မင်းက ဘာမို့လဲ ဆိုတဲ့စကားလုံးက ကျွန်မမာနကို ထိုးဆွလိုက်သလိုပဲ။ ရှင်မှတ်ထား ဆည်းဆာပျို။ ဆရီရောင်အိုင်မှာလည်း စိတ်နဲ့ပဲဆိုတာ''





''မင်းရဲ့အရေးမပါတဲ့ အဲ့ဒီစိတ်ကလေးကိုတော့ ငါလိုမိန်းမက ဂရုစိုက်နေရမှာလား''

''ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးလွန်းနေတယ် ဆည်းဆာပျို။ ရှင်ကလည်း ဆည်ပေါ်က ငါးပါ။ မိဘတွေရဲ့ခနကြောင့်သာမဟုတ်ခဲ့ရင် ရှင်က ကျွန်မလောက်မှ အဆင့်မရှိတဲ့လူဘဲ''

''ဘာ!''

ဆည်းဆာပျိုရဲ့ဒေါသက အထွတ်အထိပ်သို့ ရုတ်ချည်းရောက်ရှိသွားရပါသည်။ စိတ်ထဲမှာ ခံပြင်းမိသွားတာပါ။ ဒီဘာမှမဟုတ်တဲ့ မိန်းကလေးရဲ့အပြောကို ပက်ပက်စက်စက်ခံလိုက်ရလို့ပါ။ သူမဘဝမှာ ဒီလောက်ခါးသက်မှုမျိုး တစ်ခါမှမကြုံခဲ့ရဖူးပါ။ အရာရာကို လိုတရနေသည့်မိန်းကလေးမို့ ဒီမိဘမဲ့အိမ်ဖော်အဆင့်မျှသာရှိသော မိန်းကလေးကို စိမ်းစိမ်းကြီးကြည့်ပြီး ညာဘက်လက်ကို လေထဲမြှောက်ပစ်လိုက်သည်တွင်. . .

''ဆည်းဆာပျို''

''ဖြန်း! ''

ဟိန်းပြီးထွက်ပေါ်လာသောအသံက သိပ်နောက်ကျသွားခဲ့ပါပြီ။

''မင်း. . . ဒါဘာလုပ်တာလဲ''

သူက အမျိုးသမီးနှစ်ယောက်ကြားမှာ တည့်တည့်ကြီးရပ်ကာ မီးဝင်းဝင်းတောက်နေသောမျက်လုံးရိုင်းများနှင့် ဆည်းဆာပျိုကိုမမှိတ်မသုန်စိုက်ကြည့်ကာ ဆရီရောင်အိုင်ရဲ့ပါးကိုရိုက်လိုက်သော ဆည်းဆာပျိုရဲ့ညာဘက်လက်ကောက်ဝတ်ကို ဆတ်ခနဲ ကြမ်းကြမ်းကြီးဆွဲကိုင်လိုက်ပါသည်။

''ချွန်. . . နင်''

သို့သော် သူမရဲ့ခန္ဓာကိုယ်နွဲ့နွဲ့လေးမှာ တွန်းလွှတ်ခြင်းခံလိုက်ရပါပြီ။

''ချွန်''

"ဆောရီးပဲ ဆည်းဆာပျို။ ငါလူကြည့်မှားသွားတယ်။ နင့်ဥာဏ်ဒါအကုန်ပဲလား ဆည်းဆာပျို။ မှတ်ထား. . . ဆည်းဆာပျို။ ချွန်ဆိုတဲ့ငါက ဘယ်တော့မှမယုတ်မာဘူး။ နင် ဘာဖြစ်လို့ အဲ့လိုမဟုတ်တာတွေ လိုက်ပြောရတာလဲ။ နင့်သိက္ခာတွေက မြောင်းပုပ်ထဲမှာဆိုတာနင်မတွေးဘူးလား"

"အဲ့ဒါတွေ ငါမသိဘူး ချွန်၊ နင့်ကို ငါချစ်တယ်။ နင်လည်း ငါ့ကိုချစ်တယ်"

"မင်းရူးနေပြီ. . . ဆည်းဆာပျို"

"ငါ့ကို ဒီကောင်မရှေ့မှာ အရှက်မခွဲနဲ့ ချွန်။ နင်နဲ့ငါက မကြာခင် လက်ထပ်ကြတော့မှာပဲ"

"ငါလက်ထပ်တော့မယ်ဆိုတာမှန်တယ်။ ဒါပေမဲ့ နင် မဟုတ်ဘူး။ ဆရီရောင်အိုင်ပဲ။ အခု ငါ ဆရီ့ကိုလက်ထပ်ခွင့်တောင်းမလို့လာတာ။ သူ ငါ့ကိုလက်မခံ. . ."

"ငါလက်ခံပါတယ် ချွန်"

ရုတ်တရက်ကြားဖြတ်ထွက်ပေါ်လာသော ဆရီရောင်အိုင်ရဲ့အသံမှာတော့ ချွန်ရော၊ ဆည်းဆာပျိုပါ မှင်တက်စွာငြိမ်ကျသွားရပါသည်။

"ဆရီ"

"ဘာလဲ. . . ငါနောက်နေတယ်ထင်လို့လား"

"ဆရီ"

"မယုံရင် ဒီမှာ ငါလက်ကမ်းပေးတယ်။ ဆွဲပြီးထွက်ပြေးလိုက်တော့"

"ဆရီ"

သူ့ရင်ထဲဝမ်းသာလုံးဆို့သွား၍ ဘာမှထပ်မပြောနိုင်တော့ဘဲ ရွှမ်းစိုစိုမျက်ဝန်းနက်တွေနှင့်သာ ရှင်သာစွာစိုက်ကြည့်ပြီး ပါမစ်ရသူတစ်ဦးနှယ် ဆရီရဲ့လက်ကိုဆုပ်ကိုင်လိုက်ပါသည်။ ဒါကို ငြင်းဆန်ခြင်းမပြုတဲ့အတွက် သူ့အိပ်မက်များမက်နေရှေ့သလားဟူသောသံသယနှင့်အတူ





မယုံရခက်ယုံရခက်မျက်ဝန်းမျိုးနှင့် သူမမျက်နှာလှလှကို ဝိုဝိုကြွားကြွားကြီး ငေးကြည့်လိုက်ပြန်သည်။ သူမရဲ့မျက်ဝန်းအစိမ့်ပွာယ်များက မှန်းဆရ ခဲယဥ်းလှသော်လည်း သူမပခုံးလေးကို ကြင်နာစွာဖက်ကာ ဆည်းဆာပျိုကိုကျောခိုင်းပစ်လိုက်သည့်တွင်. . .

"ချွန်. . . နင်အညာခံနေရပြီ။ နင့်ကို သူပြုစားနေပြီ။ နင့်ကို သူတကယ်မချစ်ဘူး။ ချွန် နင်မှားမယ်နော်"

"ရတယ်. . . ဆည်းဆာပျို၊ ကိစ္စမရှိဘူး။ ကြာလာရင်တော့ သူငါ့ကိုချစ်သွားမှာပါ။ အခု သူ, ငါ့ကိုမချစ်ဘူးဆိုတာသိတယ်။ ဒါပေမဲ့ငါခဏလေးဖြစ်ဖြစ် အိပ်မက်မက်ချင်တယ်။ သူ့ကိုခဏလေးဖြစ်ဖြစ် ချစ်ရရင်လည်း ငါကျေနပ်တယ်"

"ချွန်. . . နင်ရူးနေပြီ။ သူပြုစားသမျှ နင်ခံနေရပြီ။ သူ ငါ့ကိုရွဲ့ပြီး ငါ့အရှေ့မှာ နင့်ကိုလက်ခံပြလိုက်တာ၊ အဲ့ဒီနည်းနဲ့ငါ့မာန၊ ငါ့သိက္ခာကိုနှိပ်ချနေတာ။ အဲ့ဒါ နင်က ဓားစာခံဖြစ်နေတယ်။ နင့်အချစ်တွေကိုအဲ့ဒီမိန်းမက အသုံးချပစ်တာ နင်သိရဲ့လား"

"သိတယ်၊ အရမ်းသိနေတယ်။ ငါက အဲ့လိုအသုံးချခံချင်နေတာ။ ငါခဏလေးဖြစ်ဖြစ် သာယာကြည်နူးချင်တယ်။ နင်မနှောင့်ယှက်ပါနဲ့ ဆည်းဆာပျို။ ဆရီ. . . သွားရအောင်လေ"

ဟု နူးညံ့သိမ်မွေ့စွာဆိုလိုက်တဲ့ချွန်ရဲ့စကားလုံးများက သူမရင်ထဲကို စူးနစ်စွာ နာကျင်သွားစေရပါသည်။ ဆရီရောင်အိုင်ပခုံးကိုဖက်ပြီးကမ္ဘာ့အပျော်ရွှင်ဆုံးလူသားတစ်ယောက်လို ထွက်ခွာသွားသော ထိုကျောပြင်နှစ်ခုက သူမနှလုံးသားကိုနှိပ်စက်လှပါသည်။ လုပ်ရက်လိုက်တာ၊ ရက်စက်လိုက်တာဟုပင် ရင်ထဲမှာ စွဲစွဲမြဲမြဲပြောနေမိပါ၏။ သူမရဲ့နှုတ်ခမ်းတစ်လွှာမှာ တုန်ယင်နေပြီး မျက်ဝန်းများမှာ ဖြူဖျော့နေရပါသည်။ သူမရင်ထဲမှာလည်း ရင်ခုန်သံတွေက နိမ့်လိုက်၊ မြင့်လိုက်နှင့်စည်းချက်က မှန်ကန်မှုမရှိလှ။ ဒီလိုအချိန်မှာ သူမဘာလုပ်ရမလဲဆိုတာကို စဉ်းစားမရနိုင်တော့သည်ထိ ရင်ထဲမှာ ခန်းခြောက်နေရပါသည်။

သို့သော် နောက်ဆုံးမှာတော့ သူမတစ်စုံတစ်ခုကို ဖျတ်ခနဲသတိရမိလိုက်ပါသည်။ ထိုအတွေးနှင့်အတူ ထရပ်လိုက်စဉ်မှာတော့ သူမ၏နှုတ်ခမ်းပါးတစ်လွှာမှာ အကောက်ကျစ်ဆုံး ပြုံးလိုက်မိပါတော့သည်။

♣ ♣ ♣



## အခန်း ( ၂၀ )

ဆရီ့အတွက် အဝတ်အထည်တွေဝယ်ပြီး အပြန်မှာ မမျှော်လင့်ဘဲ တွေ့လိုက်ရသည့် မီးခိုးရောင်ကားကြီးကြောင့် သူ့ရင်ထဲ ဆူပွက်သွားရပါသည်။ သူ အိမ်ထဲဝင်လိုက်တော့ သူထင်ထားသည့်အတိုင်းပါပဲ။ ဆရီ့ကို မျက်ရည်တွေအရွဲသားနှင့်တွေ့လိုက်ရပါသည်။

"ဆရီ"

သူ့ရင်ထဲ နာသွားရပေမယ့်လည်း ဖခင်နှင့် မိထွေးတော်ကို ဘယ်လိုမှမတုံ့ပြန်ပါ။

"မင်း အိမ်ပြန်လိုက်ခဲ့ပါ ငါ့သား"

"ငါ့သား"

ထူးခြားတဲ့အသုံးအနှုန်းကြောင့် သူ့နားထဲ သိပ်အဆင်မပြေလှပါ။

"မင်းကို ဖေဖေ, သူနဲ့လုံးဝသဘောမတူနိုင်ဘူး"

"ကျွန်တော် သိသလောက်တော့ အဲ့ဒါတွေကိုရော၊ ကျွန်တော့်ကိုပါ ဖေဖေစိတ်မဝင်စားပါဘူး။ ဒါ ဘယ်သူ့ပယောဂလဲ"

"ဟော့! မင်း၊ ဘာမှ နူးကိုအထင်လွဲစရာမလိုဘူး။ မင်းမဖြစ်သင့်တာမဖြစ်ရအောင် ဖေးမရမှာပဲ"

"ဖေးမရမယ်ဟုတ်လား"

"ဒီလိုမိန်းကလေးမျိုးနဲ့ မင်းကို ငါမပေးစားဘူး"

"ဒီလိုမိန်းကလေးမျိုးဟုတ်လား. . . ဆရီက ဘာဖြစ်နေလို့လဲ။ ဆည်းဆာပျိုက ဘာချွန်တွန်းပို့လိုက်ပြန်ပြီလား။ ဒါမှမဟုတ် မြင့်မြတ်လွန်းတဲ့ ဒေါ်အိမ်နူးရဲ့အကွက်ထဲ မျှောသွားတာလား။ အခု ကျွန်တော်အိမ်ထောင်ကျသွားပြီဆိုတော့၊ ဘာလဲ. . . အမွေတွေအားလုံးကိုလွှဲပေးရမှာကြောက်နေပြီလား"

"ဘာ!"

"ကျွန်တော့်ကိုကြိုက်သလောက်ပြော။ အားလုံးကို သည်းခံခဲ့တယ်။ ဥပေက္ခာပြုတယ်။ ဒါပေမဲ့ နေတတ်သလိုနေလာခဲ့တာ နှစ်တွေလည်း များခဲ့ပါပြီ။ အခုမှ ကိုယ့်ကိုယ်ကို ဖေဖေလို့နာမ်စားသုံးတယ်။ စိမ်းစိမ်းကြီးမို့ ကြားရတဲ့လူတွေ သိပ်အဆင်မပြေဘူး။ ဒါပေမဲ့ ရတယ်။ လိုတဲ့အချိန် လိုသလိုအသုံးပြုတာကိုး။ အမွေတွေမပေးချင်လို့ သဘောမတူဘူးအကြောင်းပြုပြီး အဖေကိုယ်တိုင် လာတားနေတာတော့ သိပ်ကိုလွန်တယ်ဖေဖေ။ သိပ်ကိုဆိုးဝါးလွန်းတယ်။ ရင်ထဲက နာတယ်။ အခုလိုအချိန်မှာ ဒေါ်အိမ်နူးက လာတားနေတယ်ဆိုရင်တောင် ချွန်ဆိုတဲ့ကျွန်တော်က ဖြေနိုင်ပါသေးတယ်။ အဖေဗျာ. . ."

သူပြောရင်းပင် မျက်ရည်ကြည်တို့ ဝေ့တက်လာရသလို ဖခင်လုပ်သူမှာလည်း ထူးဆန်းတဲ့စကားများကြောင့် မှင်တက်နေရပါ၏။

"ဆည်းဆာပျို၊ ဒီနာမည်ရဲ့အဓိပ္ပာယ်ကို ဖေဖေသိလား။ မိုင်ဆောင်၊ စက္ကူဖြူလိုဖြူစင်စေချင်လို့။ ဆရီရောင်အိုင်၊ ကြာခြေလေးနဲ့လှပတဲ့မိန်းမလှလေးတဲ့။ လေဆန်၊ လေကိုဆန်ပြီး ပြန်တက်စေတဲ့အဓိပ္ပာယ်





တဲ့။ လေတံခွန်၊ တံခွန်ယံထက်မှာ မြင့်မားစေချင်လို့။ ချွန်၊ဒီနာမည်ကို ဘယ်သူပေးခဲ့တာလဲ။ ဘာအဓိပ္ပာယ်နဲ့လဲ။ ဖြေလေ၊ ဖေဖေမဖြေနိုင်ပါဘူး။ မဖြေနိုင်ပါဘူးဗျာ။ ဘယ်ဖြေနိုင်မလဲ။ ကျွန်တော့်ကိုမှ ရင်ထဲမှာမရှိဘဲ။ ဖေဖေ့ရဲ့ကမ္ဘာက ဒေါ်အိမ်နူးကြောင့် မှောင်မိုက်နေပြီ။ ဖေဖေက အဖေပါဗျာ။ ကျွန်တော့်တို့လိုသားသမီးတွေက ဘာပြောနိုင်ဦးမှာလဲ။ ဒါပေမဲ့ ဖေဖေ တခြားကိစ္စတွေမှာ ကြိုက်သလို ဥပေက္ခာပြုခဲ့ပြီး အခုမှဘာလို့ အဖေဖြစ်ချင်နေရတာလဲ"

"ဟော့ကောင်. . . မင်း"

"ထိုးလိုက်ပါဖေဖေ။ ပါးရိုးတစ်ဖက်စုတ်ပြတ်သွားသည်ထိ ထိုးပစ်လိုက်ပါ။ ကျွန်တော်က သားပါ။ ဒါပေမဲ့ စကားတွေကုန်သွားအောင်တော့ ပြောမယ်။ ချွန်ကလည်း သားသမီးဆိုတဲ့လူသားပါပဲ။ နွေးထွေးမှု ပျော်ရွှင်ချမ်းမြေ့မှုတွေ သူများတွေလိုပဲ လိုချင်တာပဲ။ ဒါပေမဲ့ ချွန်ရလိုက်တာက သိပ်ကိုစုတ်ပြတ်လွန်းတယ်။ ချွန်ဆိုတာ အရိုင်းအစိုင်းလေးတဲ့။ ရိုင်းရင်လည်း ရိုင်းမှာပေါ့။ သွန်သင်ဆုံးမမဲ့လူမှ ရှိမနေခဲ့တာကိုး"

"ဟော့ကောင်၊ မင်း ငါ့ကိုအဲ့လောက်ထိပဲ သူစိမ်းတွေး တွေးနေပြီလား"

"သူစိမ်းတွေ ဖြစ်ခဲ့ရတာပါ။ ဖေဖေ စဉ်းစားလိုက်ပါ။ သိလာလိမ့်မယ်။ အဖေဆိုတာမျိုးကိုသာ မလိုလားရင် ကျွန်တော် ရန်ကုန်မှာကြီးခဲ့တာ ကြာခဲ့ပြီကော။ ဒါပေမဲ့ ဖေဖေ့ရဲ့တုံ့ပြန်မှုက ပြင်းထန်လွန်းလို့ ဟော့ဒီရင်ဘတ်ထဲမှာ စုတ်ပြတ်နေပြီ"

သူပြောရင်းပင် မျက်ရည်တစ်ပေါက်က တုတ်ခနဲပြုတ်ကျလာခဲ့ပါသည်။ သူက သူမတွေ့မြင်မှာစိုးနေကြောက်နေသည်ထင်ပါရဲ့။ အမြန်ဆုံးဖယ်ရှားလိုက်ပြီး အခန်းဝတွင်ရပ်ကြည့်နေခဲ့သော ဆရီရောင်အိုင်ရဲ့လက်ကို ဖတ်ခနဲလှမ်းဆွဲကာ ကသောကမျောပြေးထွက်ပြီး သူ့ဆိုင်ကယ်ကြီးကို ဆောင့်နှိုးပစ်လိုက်သည်။

ဆရို့ရင်ထဲ ထိသွားရပါသည်။ ချွန်ရဲ့ရင်ထဲမှာ ဒီလိုလေးနက်တဲ့ နိုင်မာမှုကြီးက ရှိမနေနိုင်ဘူးလို့ ထင်ထားခဲ့တာ။ အခုတော့ မမျှော်လင့်ဘဲ ကြားလိုက်ရတဲ့ ဘဝအစိတ်အပိုင်းများကြောင့် သူမ, ချွန့်ကိုကြင်နာမိသွားပါသည်။

တစ်ဆက်တည်းမှာ သူမ နားလည်သွားမိပါသည်။ ဘဝတိုင်းဟာ အခက်အခဲတွေကိုယ်စီနဲ့ ကြပ်တည်းနေကြပါသလားဟု။ သူမ၊ ချွန့်ကိုဖေးမချင်လာမိသည်။ ချွန်ရဲ့မျက်ဝန်းမှမျက်ရည်တွေကို သူမသိတာပေါ့။ လူတွေမြင်မှာစိုးကြောက်နေတဲ့ ထိုမျက်ရည်စက်တွေကို သူမ သုတ်မပေးတတ်ပါ။ သို့သော်လည်း သူမရဲ့ဖောင်းကားသွယ်လျနေသော လက်ချောင်းလေးများက သူ့ရဲ့ဖူးကြွနေသောရင်အုံကျယ်ကြီးကို သိုင်းဖက်ပစ်လိုက် ပါသည်။

''ကျေးဇူးတင်ပါတယ် ဆရိုရောင်အိုင်''

''အခု ရှင်ဘယ်သွားနေတာလဲ''

''မင်းကို ငါနဲ့သဘောမတူပါဘူးလို့ပြောမယ့်လူ မရှိတဲ့နေရာကိုပေါ့''

''ကျွန်မတို့ပြန်ကြရင် ကောင်းလိမ့်မယ်''

''ငါ မင်းကိုတာဝန်ယူပါတယ်။ အကယ်၍ မင်းမာနအတွက် ငါ့ကိုအသုံးချမယ်ဆိုလည်း အဆုံးထိအသုံးချလိုက်ပါ။ ငါက ဒါကိုပဲ ကျေနပ်နေတဲ့လူပါ။ ငါက အချစ်မရဖူးတဲ့လူပါ ဆရို၊ ဒါပေမဲ့ အချစ်ကိုတော့ ပိုင်ဆိုင်ချင်တယ်။ နင့်ရင်ထဲမှာ ဘယ်သူရှိသလဲဆိုတာသိပါတယ်။ ဒါပေမဲ့ တစ်နေ့နေ့မှာ ငါ အစားထိုးဝင်ရောက်နိုင်အောင် ကြိုးစားမှာပါ။ အဲ့ဒီအချိန်မှာ လောကကြီးမှာ ငါရှိနေသည်ဖြစ်စေ၊ မရှိတော့ဘူးဖြစ်စေ မင်းရဲ့စိတ်ကိုရတယ်ဆိုရင်ပဲ ငါကျေနပ်ပါပြီ ဆရို''

''ချွန်''

''ဘာလဲ မင်းစိတ်မကောင်းဖြစ်သွားတာလား။ ငါလည်း ငါ့ကိုယ်ငါအံ့သြမိတယ်။ တခြားလူတစ်ယောက်ကို အဲ့ဒီလောက်ထိကြီး ချစ်





သွားလိမ့်မယ်လို့ ငါဘယ်တုန်းကမှ မတွေးဖူးဘူး။ မင်းအပေါ် ငါတရားချင်မှ တရားလိမ့်မယ်။ ဒါပေမဲ့ အဲ့ဒါလည်း မင်းကိုသိပ်ချစ်နေလို့ပဲလို့ နားလည်ပေးပါ,ဆရို၊ အခုချိန်မှာ ပြောင်းလဲလာခဲ့မယ့် မိဘမေတ္တာလည်း ငါမလိုချင် မရှုးသွပ်တော့ပါဘူး။ မင်းချစ်လာမယ့်နေ့ကိုပဲ ငါအတာမ်းတဆုံးပဲ။ အကယ်၍. . . မင်းသာ ငါ့ကိုချစ်လာခဲ့မယ်ဆိုရင် တစ်နှစ်ဂ ၇။ ဆယ်နှစ်လား ငါအကြာကြီးစောင့်နိုင်ပါတယ် ဆရို''

ထိုစကားများကြောင့် သူ့ဝမ်းဗိုက်ကိုသိုင်းဖက်ထားခဲ့သော သူမလက်များ ပြေလျော့သွားရပါသည်။

''ငါမင်းကိုချစ်မိတော့ စိတ်ကူးယဉ်မိတယ် ဆရို၊ မင်းက ဂါဝန်ဖြူလေးဝတ်ပြီး ငါ့လက်ကိုချိတ်ပြီး ပရိသတ်ကြားထဲ ပြုံးပြနေတယ်။ အဲ့ဒီအချိန်ကို ငါအလိုအပ်ဆုံးပဲ။ ငါ့ကိုခွင့်ပြုနိုင်မလား''

''ရှင့်ကိုလက်ထပ်ဖြစ်မှာပါ,ချွန်''

သူမပြောလိုက်တဲ့စကားသံက ကွဲအက်ခြောက်သွေ့လွန်းလှပါသည်။

♣ ♣ ♣



## အခန်း ( ၂၁ )

"ကျွန်မတို့ မပြန်သေးဘူးလား,ချွန်"

ဟု ချွန်၏သိုင်းဖက်ထားခြင်းခံနေတဲ့ဆရီက ချွန်ရဲ့ရင်ခွင်ထဲမှ ပြောလာပါသည်။

"မပြန်ချင်တော့တာတော့အမှန်ပဲ။ ငါ့ဘဝတစ်ခုလုံးနဲ့ ပြောနိုင်တယ်။ ဒီအချိန်တွေဟာ အပျော်ရွှင်ရဆုံးပဲ၊ ကျေးဇူးတင်ပါတယ်,ဆရီ၊ အခုချိန်မှာ ငါသေသွားခဲ့မယ်ဆိုရင်တောင် ငါကျေနပ်ပြီ"

"ရှင် ဘာတွေပြောနေတာလဲ,ချွန်"

"မင်းကိုအရမ်းချစ်တယ်,ဆရီ"

"ကျွန်မတို့ပြန်မှဖြစ်လိမ့်မယ်။ ကျွန်မ ရုတ်တရက်ပျောက်သွားလို့ ဖာရ်သာတို့၊ စစ္စာတို့စိတ်ပူရလိမ့်မယ်။ ကျွန်မတို့ ဒီနေရာကိုရောက်နေတာ သုံးရက်နဲ့ လေးညရှိသွားပြီ"

ထိုအခါမှာတော့ ဆရီ့ကို သူက ပြည်တည်တည်လေးကြည့်လိုက်

ကာ ဆရီရဲ့ပါးပြင်ကို ရွှတ်ခနဲငုံ့မွှေးလိုက်ပြန်ပါသည်။ ထိုအနမ်းအတွက် ဆရီ၏ရင်ထဲမှာ ခံစားချက်မဲ့လွန်းလှပါသည်။ သို့သော်လည်း အရင်က လောက်ကြီးတော့ ချွန့်ကိုမမုန်းမိတော့ပါ။

"ငါ့မိန်းမက မပြန်ရတော့မှာ စိတ်ပူနေတယ်ထင်တယ်"

ထိုအသုံးအနှုန်းကြောင့် သူမမျက်နှာမှာ ပူထူသွားပါသော်လည်း မသိယောင်ပြုနေလိုက်ပါသည်။

"မပူပါနဲ့။ လေဆန်ကို ဖုန်းကြိုဆက်ပြီးပြီ။ ဒီနေ့ပြန်လာမယ်လို့။ သူ ငါတို့အတွက် အိမ်တစ်လုံးစီမံထားပေးတယ်"

"ကျေးဇူးတင်ပါတယ်, ချွန်"

"နိုး. . . နိုး. . . အဲ့ဒီစကားတွေ မပြောရဘူး။ ကဲ. . . အခုပဲ ဝါးရွက်ဖျင်တဲကိုသိမ်းလိုက်မယ်"

ဟုဆိုကာ ဖစ်ကလေးကိုဆွဲဖွင့်လိုက်တော့ အေးမြတဲ့ရာသီဥတု က ရုတ်ချည်းဝင်ရောက်လာခဲ့ပါသည်။

"သာယာပေမယ့် တိတ်ဆိတ်နေတော့ ကြောက်စရာကြီးပဲ။ ရှင် ဒီအငူလေးကို ဘယ်လိုလုပ်သိသလဲ"

"ငါသိပ်ကြိုက်တာလေ. . . ဒီကို လေဆန်နဲ့လာနေကျပေါ့။ အောက်ကိုငုံ့မကြည့်နဲ့နော်။ ရေဝတီမြစ်ထဲ ပြုတ်ကျသွားမယ်။ ငါက ရေမကူးတတ်ဘူး။ မင်းကျသွားရင် ငါသေသွားမယ်"

"လေအရမ်းတိုက်တာပဲနော်။ ချမ်းလာပြီ"

ဟု သူမက တဖြူးဖြူးတိုက်နေသောလေများကို လက်ဝါးလေး ဖြန့်ကာ ပြောလိုက်လျှင် သူက ပြုံးသွားပြီး သူ့ရဲ့အပေါ်ဝတ်ဂျာကင်ကို ချွတ်ကာ သူမကိုယ်ပေါ် လွှမ်းတင်ပေးလိုက်သည်။

"ရှင်ရော မချမ်းဘူးလား"

"မင်းကို အဲ့ဒီလိုဖက်ထားခွင့်ရနေတယ်ဆိုရင် ပူသလားအေး သလား ငါမသိတော့ဘူး"

ဟုဆိုကာ သူမရဲ့မျက်နှာလှလှကိုငေးနေလိုက်ပြန်သည်။





"ဒီနေရာဟာ ငါ့ဘဝရဲ့မှတ်တိုင်ပဲ။ အကယ်၍ ငါသေသွားခဲ့မယ် ဆိုရင် ဒီနေရာမှာပဲ သေသွားချင်တယ်"

"ရှင် ဘာတွေပြောနေတာလဲ"

"မင်းစိတ်ပူသွားတယ်ထင်တယ်။ ဝမ်းသာလိုက်တာ"

ဟုပြောပြီး ပြုံးဝင့်လိုက်တဲ့ ချွန်ရဲ့အပြုံးက တင့်တယ်လှပါသည်။

"နောင်တစ်ချိန် ငါတို့ကလေးရရင် မိုင်ဆောင်ကို ဆုတောင်း ခိုင်းရအောင်နော်"

"ချွန်"

"မိုင်ဆောင် ဆုတောင်းပေးရင် ကလေးကျန်းမာမယ်၊ ဘဝ သာ ယာမယ်။ မိုင်ဆောင်က အေးချမ်းတဲ့လူပဲ။ အဲ့ဒီအေးချမ်းမှုက ကလေး ကို ကူးစက်ခံရမယ်။ အနာဂတ်က ပျော်စရာကြီးပဲနော်"

ဩော်. . . ချွန်ရယ်ဟု သူမရင်ထဲ ကရုဏာဖြစ်သွားမိတာတော့ အမှန်ပါပဲ။

♣ ♣ ♣



## အခန်း ( ၁၂ )

ခရီးရောက်မဆိုက်၊ ဆက်တီမှာထိုင်ကာ အနားယူနေတုန်း အိမ်ထဲဝင်လာတဲ့ဆိုင်ကယ်စက်သံကြောင့် သူပြုံးလိုက်မိပါသည်။ လေဆန်အပြင် ဘယ်သူရှိဦးမှာလဲ။ သို့သော် လေတံခွန်ပါ ပါလာ၍ သူက ပြုံးလိုက်မိရုံရှိသေး၊ သူ့ပါးတစ်ဖက်မှာ ပူခနဲဖြစ်သွားရပါသည်။ မှန်ပါသည်။ လေတံခွန်ရဲ့လက်သီးတစ်ချက်ပါ။

''တစ်ချက်တည်း, တော်ပြီလား''

ဟုပြုံးတုံးတုံးအပြောတွင်မှ လေတံခွန်ရော၊ လေဆန်ရော သူပါ သုံးပွင့်ဆိုင် ပြုံးဖြစ်သွားကြပါသည်။

''ချွန်. . . တော်တော်ဆိုးတယ်''

''ငါ့ကိုကြည့်စမ်း။ မင်းတို့ဆီကအပျော်တွေ ကူးစက်သွားစေရမယ်''

''ညီ. . . မျက်နှာပူတယ်''

"ဟ. . . လေဆန်၊ မင်းညီကို ဆက်ထိန်းဦးနော်။ မဟုတ်တာတွေ တွေးတတ်လာပြီ"

ဟု ချွန်က ရှတ်နောက်နောက်အပြောမှာတော့ ကောင်လေးရဲ့ လက်သီးဆုပ်လေးများက ဒေါသမပါဘဲ ချွန်ရဲ့လက်မောင်းသားပေါ် ကျရောက်သွားရပါသည်။

"မမရော"

"ဘုရားကျောင်း ဝင်ဦးမယ်ဆိုလို့ ပို့ထားခဲ့တယ်"

"မမကိုသေချာမစောင့်ရှောက်လို့တော့ ညီ့လက်ချက်နဲ့ ချွန်သေမယ်"

"အပြင်းထန်ဆုံး မြိမ်းခြောက်မှုကြီးပဲ၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၅၀၀ နဲ့ သိမ်းပိုက်ထားပြီးမှတော့ ဒီမြိမ်းခြောက်မှုက ချွန့်အတွက် ပါးပါးလေးပါ"

"လူမှန်းသူမှန်းမသိအောင်ကို ပျော်ခဲ့ရဲ့လား"

"ပျော်တာပေါ့ကွ။ ခွေးလိုဝက်လိုကိုပျော်တာ"

"မင်းတို့ ဘယ်နေရာမှာ သွားနိုနေကြတာလဲ"

"အငူလေ. . . အဲ့ဒီမှာ"

"နေတော့ရော"

"ရွက်ဖျင်တဲထဲမှာ"

"အားလား. . . အားကျချင်စရာကြီးပဲ"

"အငူဆိုတာ ဘယ်လိုနေရာမျိုးလဲ,ဆန်"

"မင်းကို တစ်နေ့တော့ လိုက်ပို့မယ်"

"သာယာသလား"

"သာယာတာပေါ့။ အငူက အကြီးကြီးပဲ။ မြစ်ပြင်ကျယ်ဘက်ကို ထိုးထွက်နေတာ"

"အရမ်းလှမှာပဲနော်၊ ဘယ်လိုရှာတွေ့ထားတာလဲ"

"ဒီလိုပဲ လျှောက်သွားရင်းနဲ့တွေ့လိုက်တာ။ အဲ့ဒါနဲ့ ကြိုက်လို့





မှတ်ထားတာ"

"ညီလည်း ရောက်ချင်တယ်"

"ဒါနဲ့ ချွန်, မင်း ဘယ်လိုအစီအစဉ်မျိုး ထပ်ဆွဲထားသလဲ"

"လောလောဆယ် အခမ်းနားဆုံးမင်္ဂလာပွဲဖြစ်အောင် စီမံရမယ်"

"ဘယ်လိုဆောင်မှာလဲ"

"ကချင်မလေးကိုယူထားမှတော့ ဖာရ်သာတွေဆီက ကတိသစ္စာခံပြီး ဆောင်မှာပေါ့ကွ"

"အဲ့ဒီအကြောင်းကို မင်း ဖာရ်သာကိုပြောပြီးပြီလား"

"ဒီအိမ်ကိုစီမံပြင်ဆင်ပြီးမှ သွားကြိုရင်း ပြောဖြစ်မလားလို့"

"ဟ. . . မင်းတောင် လူကြီးပီသလာပြီပဲ"

"မင်းရော ငါ့လိုပဲ မိန်းမယူတော့မလို့လား"

"သူခိုးရှေ့ရ တပြုံပြုံနဲ့မလုပ်နဲ့နော်၊ ဆွဲထိုးမှာဗျ"

ဟုပြောလိုက်သော လေဆန်ရဲ့စကားများက ဒေါသကင်းလှပါသည်။ ထိုစဉ်မှာ ထပ်မံကြားလိုက်ရတဲ့ကားစက်သံကြောင့်. . .

"ဆည်းဆာပျို ထင်တယ်"

"သူက ဘယ်လိုလုပ်ရောက်လာရတာလဲ"

"သူကလည်း မင်းရဲ့ဘော်ဘော်ပဲလေ။ အသိမ်းအဆည်းမှာ ကူဖော်လောင်ဖက်ဖြစ်တာပေါ့ကွ"

"သြော်, ဒီလိုကိုး"

"ဘာတွေ ဒီလိုလုပ်နေကြတာလဲ"

"သြော်, ကွက်တိပဲ၊ ဆည်းဆာပျိုပါလား။ အနံ့ခံကောင်းလှချည်လား"

"ဆရီရောင်အိုင်ရော"

"နင်ပျော်နေသလား,ချွန်"

"နင် ငါ့ပါပါကြီးကို ချွန်တွန်းပို့လိုက်တာမဟုတ်လား"

"အမှန်အတိုင်းပြောရမှာလား။ လိမ်ရမှာလား"

"မင်းတို့ဘာတွေပြောနေကြတာလဲ,ချွန်။ ငါတို့နားမလည်အောင်ပါဘဲ"

"ဒါပေမဲ့ နင့်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဆရီ, ငါ့ကိုမမုန်းတော့ဘူးပေါ့"

ဟုကျေကျေနပ်နပ်ကြီးပြောပစ်လိုက်သည်တွင် ခုတ်ရာတခြား ရှရာတခြားဖြစ်သွားခဲ့ရတာမို့ ဆည်းဆာပျိုရင်ထဲ မကျေနပ်မှုကြီးက အလုံးလိုက်တက်လာခဲ့ရပါသည်။

"ဆရီရောင်အိုင်ရော"

"ဘာကြောင့် သူ့ကိုခဏခဏမေးနေရတာလဲ"

"ဩော်, အင်း. . . အဲ. . . နင်တို့က ယောက်ျားလေးတွေပဲ။ ဒါကြောင့်ပါ"

"ဩော်, ဟုတ်သားပဲ။ ဒါဆိုခဏစောင့်နော်။ ငါ, ဆရီကိုသွားကြိုလိုက်ဦးမယ်။ ဆရီက ဘုရားကျောင်းမှာ"

"ငါသွားကြိုပေးမယ်လေ"

"ရပါတယ်။ ငါ့ဟာငါပဲသွားမယ်"

"ဖြစ်နေလိုက်တာကွာ။ သူက မင်းရဲ့မိန်းမဖြစ်နေပြီပဲ။ ဘယ်မှထွက်မပြေးဘူး။ ရတယ်. . . ဆည်းဆာပျို။ မင်းပဲသွားကြိုလိုက်"

ဟု လေဆန်ကကြားထဲက ဝင်ပြောကာမှ ချွန်မှာ အောင့်သက်သက်ကြီးနှင့် ပြန်ထိုင်နေလိုက်ရသလို ဆည်းဆာပျိုကလည်း ထွက်သွားခဲ့ပါသည်။ အဲ့ဒီအချိန်တုန်းက ဆည်းဆာပျို ပြုံးသွားခဲ့တဲ့ နောက်ဆုံးအပြုံးကို သူတို့သတိပြုမိခဲ့မယ်ဆိုရင် သိပ်ကောင်းသွားလိမ့်မည်။

သို့သော်. . .

♣ ♣ ♣



## အခန်း ( ၂၃ )

"မိုင်ဆောင်ဆီက ဖုန်းလာရင် ပြောပေးပါ ဖာရ်သာ"

ဟုသာနောက်ဆုံးပြောပြီး အိတ်ကလေးကိုဆွဲကာ ဗိမာန်တော်ထဲ တစ်လှမ်းချင်းဝင်လာမိပါသည်။ တိတ်ဆိတ်ခြင်းနှင့်အတူ စင်ပေါ်မှာ မားမားကြီးရှိနေခဲ့သော ပီယာနိုကိုငေးမောနေမိပါသည်။ သူမရင်ထဲမှာ လေးလံထိုင်းမှိုင်းနေမိပါသည်။ ဒါကြောင့်ပင် အဝတ်အိတ်ကိုဘေးမှာချပြီး ခုံပေါ်ထိုင်ကာ ဆုတောင်းနေမိပါသည်။

ထိုစဉ် တရှပ်ရှပ်ဖိနပ်သံနှင့်အတူ ဝင်လာသောခြေလှမ်းများက သူမရဲ့တစ်ဖက်ခုံမှာ ရပ်တန့်သွားရသည်။ သူမက မျက်စိဖွင့်ကြည့်လိုက်တော့ ဘွားခနဲမြင်လိုက်ရတဲ့ ဆည်းဆာပျိုရဲ့မျက်နှာကြောင့် ပို၍စိတ်ထဲရှုပ်ထွေးသွားရပါသည်။

"ပျို့ကိုမြင်လိုက်ရလို့ ရှင့်ရဲ့ပျော်ရွှင်မှုတွေ လွင့်စင်ကုန်တာလား ဆရီရောင်အိုင်"

သို့သော် ဆရိုက ဘာမှဆက်မပြောတော့ဘဲ ခေါင်းပေါ်လွှမ်းတင်ထားသော မြူပဝါဖြူကိုဆွဲဖယ်ကာ အိတ်ကိုဆွဲပြီးထွက်မည်အပြု. . .

''လူတကာနှလုံးသားထဲမှာ မျက်ရည်တွေ ဘယ်လောက်ပဲရှိရှိ ရှင်ပျော်နေရရင် ကျေနပ်တာပဲလား ဆရိုရောင်အိုင်''

ထိုစကားကြောင့် လှမ်းနေသောခြေလှမ်းတွေတောင် ရပ်တန့်သွားရပါသည်။

''လောကမှာရှင်မသိသေးတဲ့ ဆန်းပြားမှုတွေ အများကြီးရှိနေသေးတယ် ဆရိုရောင်အိုင်။ ချွန်က. . . ဒီကမ္ဘာမှာ မင်းကိုအချစ်ဆုံးပါမင်းနဲ့နေရတာ အပျော်ရွှင်ဆုံးပါ။ တစ်သက်တာအတွက် ကျေနပ်ပါတယ်။ မင်္ဂလာဆောင်မယ် အစရှိသဖြင့်ပြောမှာပေါ့''

သူမ အံ့ဩသွားရပါသည်။ ချွန် ဒါတွေပြောတာ ဆည်းဆာပျို ဘယ်လိုသိသလဲပေါ့။

''ရှင်အံ့ဩသွားသလား။ မအံ့ဩပါနဲ့။ စကားဆိုတာ ပါးစပ်ဖျားမှာပဲ ရှိတာပါ''

''ရှင်ဘာကိုဆိုလိုတာလဲ''

''ကေန္တ, ချွန်က အဲ့လိုပဲ ရှင့်ကိုပြောလိုက်ပြန်ပြီထင်တယ်''

''ပြောလိုက်ပြန်ပြီထင်တယ်. . . ဒါက ဘာလဲ''

''ပျို့ကိုလည်း အဲ့ဒီလိုပြောဖူးလို့ပေါ့''

''ဘာ. . . ဘယ်လို''

သူမ တကယ်အံ့ဩသွားရတာပါ။

''လောကလူသားအားလုံးဟာ မိမိလို မရိုးသားကြဘူးဆိုတဲ့ဆိုရိုးစကားကိုကြားဖူးမှာပါ။ ဒါယောကျ်ားတွေပြောသမျှကိုယုံလွယ်တဲ့ ပျို့တို့မိန်းမသားတွေရဲ့အပြစ်ပဲပေါ့''

''လိုရင်းကိုပြောပါ. . . ဆည်းဆာပျို''

''လိုရင်းကိုပြောရရင်တော့ ပျိုလည်း ရှင့်လိုပဲ ချွန်,လိမ်တာခံခဲ့ရဖူးတယ်''





''ဘာ!''

သူမဦးခေါင်းတစ်ခုလုံးမှာ မီးဟုန်းဟုန်းတောက်လောင်သွားရပါသည်။

''ရှင်တို့ပြောမထွက်ခဲ့ပေမယ့် အခုတော့ပြောရတော့မယ်။ ဘဝတူတွေဖြစ်လာလို့ပါ''

''ဘာ. . . ဘာရယ်''

''ပျို့မှာလည်း ချွန်ရဲ့ကိုယ်ဝန်သုံးလကို လွယ်ထားရတယ်''

''ဘာ!''

သူမနားထဲ မိုးကြိုးပစ်သံတွေသာ ဆက်လျက်ကြားနေရပါသည်။ ထိုအသံက သူမကမ္ဘာကိုသိမ့်သိမ့်တုန်သွားစေခဲ့တာပါ။

''တကယ်တော့ ချွန်က အပြောသာဖြစ်ပြီး လူပွေလူရှုပ်ကြီးပါ။ ဒါကြောင့် ပျိုက ရှင့်ကို အတန်တန်သတိပေးခဲ့တာပေါ့။ ပျိုက ချွန့်ကို သိပ်ချစ်မိနေခဲ့တော့ ချွန်သိက္ခာကျသွားမှာစိုးလို့ အဲ့ဒီလိုကြီးပြောမထွက်ခဲ့ဘူး။ ဒါပေမဲ့ အခုအခြေအနေအရတော့ မပြောမဖြစ်တော့လို့ပါ။ ပျို့မှာ ချွန့်ရင်သွေးရှိနေပြီမို့ ဆရိုရောင်အိုင်ကို နောက်ဆုတ်ပေးစေချင်ပါတယ်။ နို့မဟုတ်ရင် ပျို့မိဘတွေကို ပျို ဘယ်လိုမျက်နှာပြရမှန်းမသိတော့ပါဘူး။ ဟင့်. . . ဟင့်. . . ဟင့်''

ပြောနေရင်း ရှုံ့ပွဲချငိုကြွေးလာသော ဆည်းဆာပျိုကြောင့် ဆရိုရောင်အိုင်ရဲ့ရင်ထဲ နင့်သည်းနေအောင် ခံစားရပါသည်။ တစ်ခဏအတွင်းမှာလည်း သိပ်ဟန်ဆောင်ကောင်းခဲ့တဲ့ချွန်ကိုလည်း ခါးသက်သွားမိပါသည်။ ရက်စက်လေခြင်းဟူသောနာကြည်းမှုက ရင်တစ်ခုလုံး ပြည့်အိုင်သွားရပါသည်။

''ဆောရီး. . . ဆည်းဆာပျို။ ရှင့်စေတနာကို ငါစော်ကားခဲ့ဖူးတယ်''

''ရပါတယ်။ ဘာမှ ရှင်မသိခဲ့လို့ဘဲ''

''ရှင်ဘာမှမပူပါနဲ့။ ရှင့်ကို ချွန်လက်ထပ်စေရပါမယ်။ ကိုယ်ဝန်

ကို မဖျက်လိုက်နဲ့နော်။ အဲ့ဒါ သိပ်ကြီးလေးတဲ့အပြစ်ပဲ။ ရှင် ကောင်းကောင်းပြန်နော်။ ရှင့်ဆီ မကြာခင် ချွန်ပြန်ရောက်လာစေရမယ်''

''ဟုတ်ရဲ့လား. . . ဆရီရယ်''

''ငါ့ကိုယုံပါ''

ဟူသောခိုင်မာတဲ့စကားသံမှာတော့ ပါးပြင်က မျက်ရည်တုတွေကို ဆည်းဆာပျိုက ကပိုကရိုသုတ်ကာ ထလိုက်ပါသည်။ ဒီအချိန်မှာ လှစ်ခနဲပြုံးမိသွားတဲ့ဆည်းဆာပျို၏အပြုံးကိုမူ ဆရီရောင်အိုင်က မတွေ့လိုက်ရပါ။ ကျောခိုင်းပြီး လေးတွဲ့စွာပြန်သွားခဲ့တဲ့ ဆည်းဆာပျိုရဲ့နောက်ကျောက သူမရဲ့ဆုံးဖြတ်ချက်ကိုခိုင်မာစေပါသည်။ သူမရင်ထဲမှာ ချွန်ကို နင့်နင့်သည်းသည်းကြီးမုန်းမိသွားရပါသည်။ ထိုအမုန်းတရားက ခါးသက်လွန်းတာကြောင့် သူမရဲ့အသားလေးများ တဆတ်ဆတ်တုန်သည်ထိ နာကြည်းမိသွားပါသည်။

♣ ♣ ♣



## အခန်း ( ၂၄ )

မိုးက ချုပ်စပြုလာပြီး သွားခေါ်တဲ့လူရော၊ အခေါ်ခံရတဲ့လူပါ ပေါ်မလာကြသဖြင့် ချွန့်မှာ ဖင်တကြွကြွနှင့် ဖြစ်နေရပါသည်။ ဒါကို လေဆန်က လှမ်းလှမ်းနောက်နေပါသေးသည်။ သို့သော် မိုးချုပ်သွားချိန်မှာတော့ စိတ်ပူနေမိတာကြောင့် သူတို့နှစ်ယောက် ကောင်လေးကို အိမ်စောင့်ထားခဲ့ပြီး ထွက်လာခဲ့ကြပါသည်။ သို့သော် ဘုရားကျောင်းရောက်တော့ ဆရီရောင်အိုင်ကို ဗိမာန်တော်ထဲမှာ ငုတ်တုတ်ကြီးတွေ့လိုက်ရပါသည်။

''ဆရီ''

''ရှင် ဘာကြောင့်လိုက်လာတာလဲ''

ရင့်သည်းလှတဲ့ထိုအသံကြောင့် သူရော၊ လေဆန်ပါ အံ့သြသွားရပါသည်။

''ဆရီ''

"မခေါ်နဲ့။ မကြားချင်ဘူး"

သူ့ရင်ထဲ နင့်သွားရပါသည်။ စောစောကပဲ သူနဲ့အဆင်တပြေရှိနေခဲ့ကြပြီးမှ။ သူ အံ့လည်းအံ့သြသွားပြီး မယုံနိုင်လည်းဖြစ်သွားရကာ ရင်ထဲမှာ မွန်းကြပ်သွားရပါသည်။

"ရှင့်လိုလူတစ်ယောက်ဆီမှာ အလိမ်မိသွားတဲ့ ကိုယ့်ကိုယ်ကိုလည်း စိတ်နာတယ်၊ ယုံလွယ်လွန်းတဲ့စိတ်ကိုလည်း ဒဏ်ပေးချင်တယ်"

"ဆရီ. . . မင်းဘာတွေပြောနေတာလဲ"

"ရှင်လာတာမှားနေပြီ၊ အမှန်က ရှင့်, ဆည်းဆာပျိုဆီသွားရမှာ"

"ဆည်းဆာပျိုဟုတ်လား။ မင်းဘာတွေပြောနေတာလဲ"

"မကိုင်နဲ့၊ ငါ့အသားကိုမထိနဲ့။ ရွံတယ်၊ မုန်းတယ်။ ရှင့်လိုလူကိုသိပ်မုန်းတယ်။ ကိုယ့်ကိစ္စကိုယ်ပြုခဲ့သမျှကို တာဝန်မယူတဲ့ယောက်ျားမျိုးကိုမုန်းတယ်"

"ဆရီ. . . မင်းဘာတွေပြောနေတာလဲ"

"အိပ်ချင်ယောင်ဆောင်နေတဲ့လူဟာ နိုးရအခက်ဆုံးပဲ"

"ဘာတွေကို ငါက တာဝန်မဲ့နေလို့လဲ။ ငါ မင်းကိုလက်ထပ်မှာလေ။ အဲ့ဒီထိတောင် မနည်းကြိုးစားခဲ့ရတာ"

"မကြားချင်ဘူး။ မကြားချင်ဘူး"

"မင်းကို ကိုယ်သိပ်ချစ်တယ်လေ"

"မကြားချင်ဘူး။ သွား. . . ရှင်,ဆည်းဆာပျိုဆီသွားပါ။ သွား။ ရှင့်ကိုမုန်းတယ်။ ရှင်ထွက်သွား။ ရှင့်ကိုမမြင်ချင်ဘူး။ လူလိမ်လူညာ။ မုန်းတယ်"

"ဆရီ"

"မခေါ်နဲ့။ ဆည်းဆာပျိုကိုလက်ထပ်ပြီးမှခေါ်။ အခု လာမခေါ်နဲ့။ ရှင်သွားတော့. . . သွားပါ"

"မသွားနိုင်ဘူး. . . ဆရီ"

"ရှင့်ကို ကျွန်မ ဒီ့ထက်ပိုမမုန်းခင် ရှင်သွားတော့"





ထိုအခါမှာတော့ လေဆန်က ကြားထဲကမနေသာတော့ဘဲ. . .

"သွားလိုက်ပါ,ချွန်။ အခုချိန်မှာ မင်းဘာပြောပြော ရမှာမဟုတ်ဘူး။ သူသိပ်ဒေါသဖြစ်နေတယ်"

"တောက်!"

ငိုယိုနေခဲ့သောဆရီကို သူကြည့်ပြီး ချာခနဲလှည့်ထွက်ခဲ့ပါသည်။ ဘုမသိဘမသိနှင့် သူက ဗလိုင်းကြီးမို့ အောင့်သက်သက်ကြီးရယ်ပါ။ အကြောင်းအရင်းကိုလည်း မသိရ၊ ထိုစကားတွေက ဘာကိုရည်ညွှန်းနေတာလဲဆိုတာကိုလည်းမသိရဘဲ ရောက်ရောက်ချင်း မောင်းထုတ်ခံရတာမို့ သူနာတင်းသွားမိပါသည်။ သို့သော်လည်း သူ၊ ဆရီကိုသိပ်ချစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် သိပ်ချစ်နေခဲ့မိပါသည်။

♣ ♣ ♣



## အခန်း ( ၂၅ )

ဆရီကို စိတ်ပြေလက်ပျောက် လေဆန်က အိမ်မှာခေါ်ထားခဲ့သည်။ လေတံခွန်နဲ့အတူ တစ်အိမ်တည်းနေရလို့လားတော့မသိ။ ဆရီရဲ့မျက်နှာက ပြုံးရွှင်လို့နေခဲ့ပါသည်။ အခုတော့ အိမ်တစ်အိမ်လုံးမှာ သူတို့သုံးယောက်နဲ့ ဒေါ်သိုးကလွဲ၍ မေမေက ရှိမနေခဲ့ပါ။ သူ့သားအရင်း မိုင်ခေဆာင် ထွက်သွားပြီးတည်းက တရားရိပ်သာသာလျှင် အိမ်ဖြစ်ခဲ့ရသည့်မေမေကြောင့် အသည်းနာရပါသော်လည်း သူလည်း အသက်ကြီးပြီပဲဆိုတဲ့အသိကြောင့်တော့ ဖြေသာပါသည်။

ပြုံးရွှင်ပြီးကောင်လေးနှင့်အတူ အိမ်သန့်ရှင်းရေးလုပ်နေသောဆရီကို သူကြည့်ပြီး ပီတိဖြစ်ရပါသည်။ သိပ်ချစ်ဖို့ကောင်းတဲ့ဆရီရဲ့ရင်ထဲမှာ ဘာတွေဖြစ်ပေါ်နေခဲ့တာလဲဆိုတာ သူသိချင်မိပါသည်။ ဒါကြောင့်ပင် ဒန်းပေါ်မှာ စိတ်အေးလက်အေးထိုင်ကာ အဝေးကိုငေးကြည့်နေသောဆရီနား ကပ်လာခဲ့ပါသည်။

''ဆရီ''

''ဩော်. . . လေဆန်၊ လာ,ထိုင်လေ''

ဟုပြောတော့မှ ဆရီရဲ့ဘေးမှာ သူဝင်ထိုင်လိုက်ပါသည်။

''နင်ပျော်ရဲ့လား''

''ပျော်ပါတယ်၊ ငါ့မောင်လေးရှိနေတာပဲ။ နင့်ကိုလည်း ကျေးဇူးတင်ပါတယ်''

သူ တစ်ခုခုကိုမေးချင်လှပါသော်လည်း မေးခွန်းက ပါးစပ်ဖျားမှ ထွက်ကျမလာခဲ့ပါ။

''နင့်မှာ တစ်ခုခုပြောစရာရှိပုံရတယ်''

''အင်း. . . ရှိတော့ရှိတယ်''

''နင်ပြောမထွက်တဲ့စကားလုံးဆိုကတည်းက ငါရိပ်မိပါတယ်''

ဟူသောအသံက အားမာန်နည်းလှပါသည်။

''ချွန်ဟာ ဘယ်လိုလူမျိုးလဲ လေဆန်''

''ငါ့သူငယ်ချင်းပဲ။ အကျင့်ကတော့ ငါနဲ့နည်းနည်းတူမှာပေါ့''

''နင်ရော ချွန်လိုလူပွေလူရှုပ်ပဲလား''

''ဟမ်. . . ဘာလဲ''

''ငါသိသလောက်တော့ ယောကျ်ားဆိုတာ တာဝန်ယူနိုင်မယ်တဲ့။ ငါက တာဝန်မဲ့တဲ့ယောကျ်ားဆို သိပ်မုန်းတယ် လေဆန်''

''ဘာကိုဆိုလိုတာလဲ''

''ငါနဲ့ပတ်သက်ခဲ့တဲ့လူဟာ ငါမုန်းတဲ့စရိုက်တွေနဲ့ ပြည့်နှက်နေတယ်''

''ဟမ်း''

''အမှန်က သူ၊ ဆည်းဆာပျိုကိုလက်ထပ်သင့်တာပါ''

''ဆည်းဆာပျိုကို''

''နင် သူ့ကိုတိုက်တွန်းပေးပါလား။ ငါတို့မိန်းကလေးတွေဆိုတာ အရှက်နဲ့လူလုပ်တာပါ။ ဆည်းဆာပျိုနဲ့ချွန်က ရိုးမှမရိုးကြတာ''





အခုမှ သူနည်းနည်းသဘောပေါက်လာခဲ့ရပါသည်။

''နင်အထင်လွဲနေပြီထင်တယ် ဆရီ''

''မိန်းကလေးတစ်ယောက်ဟာ အရှက်သိက္ခာမဲ့လှတဲ့ ကိုယ်ရဲ့အတွင်းရေးကိစ္စကို တကယ်အရေးမကြုံဘဲ ဖွင့်မပြောပြတတ်ကြဘူး''

''နင့်စကားက ဘာလဲဆိုတာမသိပေမယ့် နင်, ချွန်ကိုယုံပေးပါ ဆရီ။ ချွန်က နင့်ကိုသိပ်ချစ်တာ''

''ငါယုံပေးခဲ့ပြီးပါပြီ၊ အဲ့ဒီလောက်ဆို တော်လောက်ပြီပေါ့။ ငါက မိဘမရှိဘူး လေဆန်။ အဲ့ဒီလိုနေလာရတဲ့အရသာကို နင့်ထက် ငါက ပိုသိတယ်။ သူတို့ရဲ့ကလေးကို ငါတို့လိုအဖြစ်မခံနိုင်ဘူး''

''သူတို့ရဲ့ကလေး. . . ဟုတ်လား''

''ဆောရီး, ဆည်းဆာပျိုရဲ့သိက္ခာကို ငါချသလိုဖြစ်သွားတယ်''

''မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး။ ချွန်က အဲ့ဒီလိုလူမဟုတ်ဘူး''

''မြင့်မြတ်တဲ့လူကလည်း သရဖူမပါသလို၊ ယုတ်ညံ့တဲ့လူကလည်း ချိုထွက်နေတာမှမဟုတ်တာ''

''မဟုတ်ဘူး. . . ဆရီ နင်လွဲနေပြီ။ တစ်ခုခုက အကြီးအကျယ်ကြီးကို လွဲနေပါပြီ။ နင်ယုံပါ. . . ဆရီ၊ ချွန်က အဲ့ဒီလိုလူမျိုးလုံးဝမဟုတ်ဘူး။ ငါ့ဘဝနဲ့ ငါအာမခံရဲတယ်''

''ငါလည်း အဲ့ဒီလိုပဲဖြစ်စေချင်တာပဲ။ ငါက သူ့ရဲ့ဟန်ဆောင်မှုတွေအောက်မှာ လဲပြိုခဲ့ရတဲ့လူပါလေဆန်။ ငါ့ဘဝ၊ ငါ့အရှက်၊ ငါ့သိက္ခာအားလုံးပဲ။ ငါ့ရင်ထဲကိုလည်း နင်မြင်ကြည့်လိုက်ပါ။ ဘယ်လောက်ထိကြပ်ညှပ်နေမလဲလို့။ ငါလည်းဝမ်းနည်းတာပါပဲ။ ဒါပေမဲ့ ငါ့ထက် ဆည်းဆာပျိုက ပိုဆိုးတယ်။ ငါတို့လိုမိဘမဲ့တဲ့အဖြစ်မျိုးနဲ့ မိုင်ဆောင်လို ခံစားချက်မျိုး နောက်ထပ်ပေါ်မလာစေချင်ဘူး လေဆန်။ ငါလည်း ဝမ်းနည်း နာကျင်ပြီး နောင်တရ,ရတာပါပဲ''

ဟုဆိုလာသော ဆရီရဲ့ပါးပြင်ပေါ်သို့ မျက်ရည်ဥကြီးများက အတားအဆီးမဲ့ ပြုတ်ကျလာခဲ့ရပါသည်။ ထိုမျက်ရည်များကြောင့် သူ့

ရင်ထဲမှာ မချိအောင်ခံစားရပါသည်။ သူကလည်း တိတ်တိတ်လေးချစ်နေမိတဲ့လူကို။

"မငိုပါနဲ့ ဆရီရယ်။ ငါက နင်ပြုံးနေတာကိုပဲမြင်ချင်တာ"

ဟုဆိုလိုက်တော့ သူ့ပခုံးကိုမှီလာပြီး ဝမ်းပန်းတနည်းငိုချပစ်လိုက်တဲ့ဆရီကြောင့် ဆရီရဲ့ပခုံးတစ်ဖက်ကို ခပ်ဖွဖွလေး ဆုပ်ကိုင်ပေးထားမိပါသည်။ သို့သော်. . .

"ငါသိသွားပြီ. . . ဆရီရောင်အိုင်"

နောက်နားလေးမှ ရုတ်တရက်ထွက်ပေါ်လာသောအသံကြောင့်

"ဟင်! ချွန်"

"ပွင့်ပွင့်လင်းလင်းပြောလိုက်ပါ"

"မဟုတ်ဘူး ချွန်။ မင်းအထင်လွဲနေပြီ"

"မလွဲပါဘူး. . . လေဆန်။ ငါ မင်းကိုသိပ်ခင်ခဲ့တယ်။ ဒါပေမဲ့ နောက်ကျောကိုဓားနဲ့ပစ်ထိုးမယ့်လူက မင်းမှန်း ငါတကယ်ထင်မထားခဲ့ဘူး။ လူတွေရဲ့နှလုံးသားဟာ အနာကျင်ရဆုံးအချိန်ကို မင်းသိသလား"

ချွန်ရဲ့အပြုံးက ကြောက်စရာကောင်းနေပါသည်။ သို့သော် လေဆန်မှာ ရှင်းပြနေဖို့စကားလုံးက ရှားပါးရပါ၏။

"ချစ်သူက သစ္စာဖောက်သွားတဲ့အချိန်နဲ့ အခင်ရဆုံးလူက နှိပ်စက်သွားတဲ့အချိန်ပဲ"

"မဟုတ်ဘူး ချွန်။ ငါရှင်းပြ. . ."

"မရှင်းပြပါနဲ့. . . လေဆန်။ ငါနားမထောင်နိုင်တော့ဘူး။ မိန်းမမာယာတဲ့ တော်တော်ကြောက်စရာကောင်းပါလား။ ငါ့ကိုမလိုအပ်ရင် ရိုးရိုးသားသားနင်လို့ရပါတယ် ဆရီ။ တခြားလူကိုတော့ ဆွဲမထည့်ပါနဲ့"

ချွန်ရဲ့မျက်ဝန်းတွေက အရောင်အဆင်းကင်းမဲ့လွန်းလှသည်။ ထိုမျက်ဝန်းမျိုးကို လေဆန် ဘယ်တုန်းကမှ မတွေ့ခဲ့ဖူး၍ လန့်နေမိပါသည်။

"ငါနှုတ်ဆက်ခဲ့ပါတယ် ဆရီ။ မင်းကိုသိပ်ချစ်တယ်"





ဟု ဆရီရဲ့မျက်နှာကို ရီဝေရွှမ်းစိုစွာစိုက်ကြည့်ပြီး ချာခနဲလှည့်ထွက်သွားဘာမို့ လေဆန့်ရင်ထဲ ပူလောင်သွားရပါသည်။

"ချွန်. . . ချွန်"

"ခွပ်!"

လိုက်ဆွဲလိုက်ပေးမယ့် ပြင်းရှရှလက်သီးချက်ကိုသာ ခံယူခဲ့ရပါသည်။ ဆိုင်ကယ်ကိုဆောင့်နှိုးပြီး အရှိန်ပြင်းပြင်းမောင်းထွက်သွားသော ချွန်ကြောင့် သူစိတ်ပူသွားရပါသည်။

ဒါကြောင့်ပင် သူကလည်း ဆိုင်ကယ်ကို ခပ်ပြင်းပြင်းနှိုးပြီး ချွန်နောက်ထပ်ကြပ်မကွာလိုက်ခဲ့ပေမယ့် သိပ်ရှုပ်ထွေးလှတဲ့လမ်းဆုံမှာတော့ သူရောက်တတ်ရာရာဖြစ်သွားရပါသည်။

ဒီနားလေးတင် ချွန်ရဲ့ဆိုင်ကယ်က ဘယ်ချိုးကွေ့သွားမှန်းမသိ။ ဒါကြောင့်ပင် မြို့ထဲတစ်လျှောက် ရောက်တတ်ရာရာ ရှာဖွေနေမိပါသည်။ ဘယ်မှာမှရှာဖွေမရတဲ့အဆုံးမှာတော့ သူ့ခေါင်းထဲ နေရာတစ်ခုကို မြင်မိလိုက်ပါတော့သည်။

♣ ♣ ♣



## အခန်း ( ၂၆ )

သူရောက်သွားသောအချိန်မှာ ညနေစောင်းနေပြီမို့ လေရူးကကြွလာပါသည်။ သူစိတ်အေးသွားရပါသည်။ ဘာကြောင့်လဲဆိုတော့ အငူစွန်းမှာ ရပ်နေသောချွန်ကိုတွေ့လိုက်ရလို့ပါ။

''မင်း ဘာကြောင့်လိုက်လာတာလဲ လေဆန်''

''ငါ မင်းကိုရှင်းပြမလို့ ချွန်''

''ငါ့ကိုရှင်းပြရလောက်တဲ့ထိ ရှုပ်ထွေးနေပြီလား''

''အဲ့ဒါကို မင်းမှားနေတာပါ''

''ငါ မင်းကိုသိပ်ခင်တယ် လေဆန်။ ငါ တစ်သက်လုံး ခင်သွားချင်တယ်။ သစ္စာမရှိတဲ့လူအဖြစ် မင်းကိုမခံစားချင်ဘူး။ ဆရိုကိုလည်းချစ်တယ်။ အရမ်းကိုချစ်တယ်။ ငါ့ရင်ထဲမှာချစ်တဲ့အကြောင်းအရာကိုပဲ သိမ်းထားချင်တယ်။ အမုန်းတွေက ဒီရင်ဘတ်ထဲမှာ ပြည့်ကျပ်လွန်းလို့ ငါအမုန်းတွေကို နာကျင်တယ်။ ဒါပေမဲ့ ငါ့ဆီကိုရောက်လာတာက အမုန်း

တွေနဲ့ ဥပေက္ခာပြုမှုတွေချည်းပဲ။ ငါဟာ လောကမှာ ရှင်သန်ဖို့မသင့်တော့တဲ့လူပါ။ ဒီနေရာက ငါ့ကိုခဏတာပျော်ရွှင်မှုလေးဖြစ်ဖြစ် ပေးစွမ်းခဲ့ပါသေးတယ်။ ငါစိတ်ကူးယဉ်ခဲ့မိတယ် လေဆန်။ ဒါပေမဲ့ စိတ်ကူးဆိုတာ အတွေးထဲမှာပဲ လှပတာပါ။ လောကကြီးက ပေးလိုက်တဲ့လက်ဆောင်က ငါ့အတွက်တော့ အနက်ရောင်တွေချည်းပဲ။ ငါသိသွားပြီ လေဆန်။ ငါနားလည်သွားပြီ။ ဒေါ်အိမ်နူးကလည်း ငါရှင်သန်မှာကိုကြောက်နေတယ်။ ငါ့ရဲ့ရှင်သန်ခြင်းက မင်းအတွက် ခလုတ်ဖြစ်နေသလိုဆရီအတွက် မျက်ရည်တွေဖြစ်နေရတယ်။ မင်းတို့ကောင်းကောင်းနေရစ်ပါ လေဆန်''

ဟုဆိုကာ နောက်ဆုတ်နောက်ဆုတ်နှင့် အငူစွန်းဆီသို့တစ်လှမ်းချင်းသွားနေသောချွန်ကြောင့် လေဆန်မှာ ပြာဝေသွားရပါသည်။

''ချွန်. . . မဟုတ်ဘူး''

''ငါ့နားမလာနဲ့. . . လေဆန်။ မလာခဲ့နဲ့။ ဒီနေရာလေးမှာပဲ ငါပျော်တယ်။ ငါ ဒီမှာပဲနေတော့မယ်။ မင်းကိုအခင်ဆုံးသူငယ်ချင်းအဖြစ် ဆရီကို အချစ်ဆုံးလူအဖြစ်သတ်မှတ်ချင်တယ်။ မင်းတို့ကို ဆက်ပြီးမမုန်းချင်တော့ဘူး။ မမုန်းချင်ဘူး ဆရီ။ ဆရီ. . . မင်းကိုငါသိပ်ချစ်တယ် ဆရီ''

''ချွန်. . . ချွန်''

သို့သော် သူ့အသံက မမီလိုက်တော့ပါ။

''ချွန်''

အော်သံက တောင်နံရံတစ်လျှောက် ဟိန်းပြီး ထွက်လာခဲ့ရပါသည်။

♣ ♣ ♣



## အခန်း ( ၂၅ )

အနက်ရောင်ဝတ်စုံကို အထက်အောက်ဆင်တူဝတ်ဆင်ထားတဲ့လူက တောင်နံရံကြီးကိုငေး၍ အသက်ကိုမှန်မှန်ရှူသွင်းနေသလို။ ခုံတန်းရှည်လေးပေါ် ကလေးငယ်နှင့်ထိုင်နေသော အမျိုးသမီးကလည်း တောင်နံရံကိုငေးမျှော်ကြည့်နေခဲ့ပါသည်။ သို့သော် အငူစွန်းလေးပေါ် ဒူးထောက်ထိုင်နေခဲ့တဲ့လူရွယ်ကတော့ မျက်ရည်ဥကြီးများက ဖြေမဆည်နိုင်။

''သူ့ရဲ့မျက်လုံးတွေကို ငါအခုချိန်ထိ မေ့လို့မရဘူး။ မင်းနဲ့ ချွန်ကို ငါလေ. . . ငါ. . . ငါသိပ်မိုက်ပါတယ်''

လေတိုးသံကြားမှာ မသဲမကွဲလေး ထွက်ပေါ်လာရပါသည်။

''ကျန်ရှိပြီး. . . ဆက်လက်အသက်ရှင်နေကြမယ့်လူတွေက အကောင်းဆုံးနေကြဖို့ပဲအရေးကြီးပါတယ်။ တို့တစ်တွေအားလုံး ကောင်းအောင် နေကြပါစို့။ ထိထိရှရှကြီး မခံစားပါနဲ့ လေဆန်။ ကိစ္စက ပြီး

သွားခဲ့ပြီပဲ။ ပြန်ပြင်လို့မှမရတော့တာ။ အခုချိန်မှာ ငါမျှော်လင့်တာက မင်းတို့မိသားစုသုံးယောက် တစ်စိတ်တစ်ဝမ်းတည်း ပျော်ရွှင်မှုတွေ ဆင့်ကဲရရှိဖို့ပါ။ ကလေးကိုအကောင်းဆုံးစောင့်ရှောက်စေချင်တယ်''

''ချွန်ဖြစ်ချင်ခဲ့တဲ့ ဆန္ဒတစ်ခုရှိတယ် မိုင်ဆောင်။ သူ့ကလေးကို နင် ဆုမွန်ကောင်းတောင်းပေးဖို့ပါ''

ဟုပြောလိုက်တဲ့ ဆရီရဲ့အသံက အဖျားခတ် တုန်ယင်သွားရပါသည်။ မိုင်ဆောင်. . . ရင်ထဲမှာလည်း ထိရှကြေကွဲသွားရသည်။ သူ့ကို ပြုံးကြောင်ကြောင်လေးကြည့်နေခဲ့သောကလေးကိုသာ ကရုဏာမျက်ဝန်းများနှင့်ငေးနေမိပါ၏။

ပြီးနောက် ကလေး၏ခေါင်းပေါ်သို့လက်ကို ဖွဖွလေးတင်လိုက်ပြီး မျက်လုံးကိုပိတ်ကာ ဆုတောင်းလိုက်သည်။ သူ မျက်လုံးပွင့်လာတော့ ကလေးငယ်က သူ့ကိုပြုံးပြီးကြည့်နေခဲ့ပါသည်။ သူ ကလေးငယ်ရဲ့ပါးကို ခပ်ဖွဖွလေးတို့ထိလိုက်ပြီး. . .

''ကလေး. . . ဖာရိသာကိုခွင့်ပြုဦးနော်''

ဟု သူက ညင်သာစွာပြောလိုက်သည်တွင် ခေါင်းညိတ်လာသော ကလေးငယ်ကြောင့် သိပ်ခင်ရပါသောသူငယ်ချင်းနှစ်ယောက်ကို သိမ်းကျုံးကြည့်ကာ. . .

''မင်းတို့မိသားစုသာယာစေဖို့ ငါအမြဲဆန္ဒပြုပါမယ်''

ဟုဆိုကာ ထိုပုဂ္ဂိုလ်လေးများကိုကျောခိုင်းလိုက်သည်တွင် တောင်လေက ဟူးခနဲကျီစယ်သွားရပါတော့သည်။

ရသတို့နှင့်ပြည့်စုံပါစေ

မယ်ခိုင်



# မယ်ခိုင်

## ထွက်ပြီးစာအုပ်များ

ချစ်သူ့ပေဖူးလွှာ
ရည်းစားဦးကျိန်စာ
[illegible] ချုန်းမိုး
သဲမုန်တိုင်းရဲ့နှလုံးသားစိန်ခေါ်သံ
အိုအေစစ်ကိုရှာဖွေကြသူများ
နှလုံးသားတွန်သံ
ဆူးမဲ့နှင်းဆီ
အဖြူရောင်သက်တံ
မိဖုရားလားကေရီ
ကြယ်တစ်ပွင့်နှင့်တွေ့ဆုံခြင်း
ပန့်ခ်ချစ်သူ
ကဇျာလွှတ်ပွဲတော်
ပထမ မဟုတ်သော ပထမလူ
တောသူလေး
မြူနှင်းလိုလေလိုတိမ်လို
ယခုလထုတ် (၂၀၁၀ စက်တင်ဘာလ)
ပေါက်ပန်းပမာ